www.dhammaransi.com

# တဒင်္ဂကုသိုလ်၏ ကောင်းကျိုးရလဒ်များ

တက္ကသိုလ်သျှင်သီရိ [ဓမ္မာစရိယ၊ ဘီအေ]



www.dhammaransi.com

၂၄၃၀၇

# တဒင်္ဂ
# ကုသိုလ်၏
# ကောင်းကျိုးရလဒ်များ

တက္ကသိုလ် [illegible] ဓမ္မာစရိယ၊ ဘီအေ၊

စာစဉ် (၁)



ပိုးဝင်းစာပေ

တိုက် ၃၄၊ အခန်း (၈)၊ ဝေဠုဝန်အိမ်ရာစခန်း၊
စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း- ၃၃၆၉၄

www.dhammaransi.com

စာမူခွင့်ပြုချက် — ၇/၉၄(၅)
မျက်နှာဖုံးခွင့်ပြုချက် — (၄၀/၉၄) (၇)
ပထမအကြိမ် — ၁၉၉၄-ဩဂုတ်လ

အုပ်ရေ ၁၀၀၀

တန်ဖိုး ၇၅-ကျပ်

မျက်နှာဖုံးဒီဇိုင်း ဆရာကျော်

[ ထုတ်ဝေသူ ]

ဦးမြသန်း၊ (၀၁၀၅၀)
အသိုင်းအဝိုင်းစာပေ
၇၅၊ သမာဓိလမ်း၊ ဇွဲစုံရပ်၊ ကမ္ဘာအေး
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

[ အတွင်းနှင့် မျက်နှာဖုံးပုံနှိပ်သူ ]

ဦးသန်းဝင်း (၀၄၆၀၂)
ကျော်ပုံနှိပ်တိုက်၊
အမှတ် ၂၃၉၊
၄၃-ရပ်ကွက်၊ ခေမာသီလမ်း၊
မြောက်ဥက္ကလာပ၊ ရန်ကုန်။

www.dhammaransi.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ | ဿ |

အခန်း (၁)

| | | |
|---|---|---|
| ၂။ | တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီးဟောကြားသော သပ္ပုရိသဓမ္မ ၇ ပါး | ၁ |

အခန်း (၂)

| | | |
|---|---|---|
| ၃။ | ဗုဒ္ဓဟောကြား အလှူသဘောတရားများ | ၁၂ |
| | အလှူ၏သဘော | ၁၂ |
| | အလှူ၏တရားကိုယ် | ၁၂ |
| | အလှူ၏လက္ခဏာ | ၁၃ |
| | အလှူပြုလုပ်ခြင်း၏ အကြောင်းရင်း (၇) ချက် | ၁၃ |
| | တစ်နည်း၊ အလှူပြုလုပ်ခြင်း၏ အကြောင်းရင်း (၈) ချက် | ၁၄ |
| | ပေးလှူနည်း ၄ ပါးသွယ် | ၁၄ |

www.dhammaransi.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| | တစ်နည်း၊ လှူနည်း ရှစ်သွယ် | ၁၄ |
| | အလှူဖြစ်စေကြောင်းများ | ၁၅ |
| | အလှူမဖြစ်စေကြောင်းများ | ၁၅ |
| | အလှူပေးသူ၏ မျက်မှောက်အကျိုးများ | ၁၅ |
| | အလှူ၏ မျက်မှောက်အကျိုးပေးရခြင်း အကြောင်းများ | ၁၆ |
| | အလှူ၏ အကျိုးကြီးရခြင်းအကြောင်းများ | ၁၆ |
| | ပေးလှူသူတို့၏ ဆုတောင်းနှင့် ဘာဝပဋိသန္ဓေ အကျိုးပေး | ၁၆ |
| | အလှူခံပုဂ္ဂိုလ်၌ ရှိရမည့် အရည်အချင်း | ၁၇ |
| | အလှူပေးပုဂ္ဂိုလ်၌ ရှိရမည့် စိတ်နေသဘောထား | ၁၇ |
| | အလှူနှလုံးသွင်းမှုနှင့် ရောက်ရမည့်ဘုံများ | ၁၇ |
| | အလှူငါးမျိုးနှင့် ရရှိအကျိုး | ၁၈ |
| | အလှူကွဲပြားမှုအကျိုး ခြားနားမှု | ၂၀ |
| | အချိန်အခါလှူငါးမျိုးနှင့်အကျိုး | ၂၀ |
| | အလှူခံတစ်ကျိပ်လေးနှင့် ပေးလှူအကျိုး | ၂၁ |
| | အလှူတကာ့အလှူတွင် အမြတ်ဆုံးအလှူ | ၂၂ |
| | အလှူ၏မျက်မှောက် တမလွန်အကျိုး | ၂၄ |
| | ပေးကမ်းစွန့်ကြဲမှုရှိသူ-မရှိသူတို့၏ ခြားနားချက် | ၂၆ |

www.dhammaransi.com


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အခန်း (၃)** | |
| ၄။ ဒါနဝေါဟာရအမည်အမျိုးမျိုးနှင့်ဒါနဆိုင်ရာသိမှတ်ဖွယ်များ | |
| ဒါနဝေါဟာရအမည်အမျိုးမျိုး | ၂၉ |
| ပိဋကတ်အဆိုလာ အလှူဥပမာများ | ၄၁ |
| လှူရန်၌ ဆင်ခြင်ရန် စိတ်ထားများ | ၄၄ |
| လားရာဂတိမြဲသော အလှူဒါန | ၄၇ |
| ဆုတောင်း၍လှူပါ | ၄၈ |
| ဒါနကြောင့် နောင်အခါရမည့် ပဋိသန္ဓေဘဝသစ် | ၅၂ |
| အလှူအတွက် အခက်လေးဖြာ | ၅၃ |
| အလှူ့ဟန့်တား အကြောင်းတရားများ | ၅၅ |
| သဒ္ဓါတရား | ၅၆ |
| ဒါန၏ အာနိသင်ကြီးကြောင်း | ၅၈ |
| ဘုရားဟော သက္ကစ္စဒါန အကျိုးကြီးမြတ်ပုံ-နည်းပုံ | ၆၂ |
| ဒါန၏ အကျိုးအဆင့်ဆင့် | ၆၆ |
| ဒါနအရာ၌ ကံကို ယုံကြည်မှု | ၆၇ |
| ဇောအသီးသီးတို့၏ အကျိုးပေးပုံ | ၆၉ |
| ဒါနပြုသူ မပြုသူတို့ ကွာခြားပုံ | ၇၂ |

www.dhammaransi.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| | စေတနာသုံးတန် အကျိုးပေးမှန်ကန် | ၇၄ |
| | သုံးတန်စေတနာ ပျက်ပြယ်ပါလျှင် | ၇၆ |
| | ဟိတ်ကုသိုလ် ဖြစ်အောင်ပြုပါ | ၇၇ |
| | ကံနှင့် အလှူဒါန | ၈၀ |
| | ကံ၏ အစွမ်းသတ္တိ | ၈၁ |
| | ထင်ရှားသော ကံများ | ၈၂ |
| | ကံတို့၏ အကျိုးပေးရာ နယ်အပိုင်းအခြား | ၈၂ |


## အခန်း (၄)


| | | |
|---|---|---|
| ၅။ | ဒိဋ္ဌဓမ္မ မျက်မှောက်ဘဝ အကျိုးရသူများ | ၈၄ |
| | ပန်းဝတ်ပုဆိုး အလှူရှင်၏ ဘဝကောင်းကျိုး | ၈၄ |
| | နောက်ဆုံးယာမ် ဆုံးဖြတ်ချက်၏ အောင်ပွဲရလဒ် | ၈၇ |
| | မုဆိုး၏ တစ်ခဏ ဆွမ်းကုသိုလ် လှူရကျိုး | ၉၃ |
| | အာဂန္တုကာ စာရေးတံ ဆွမ်းအလှူရှင် မဟာဒုက်၏ ကောင်းကျိုး | ၉၅ |
| | တဒင်္ဂဒါန ရွှေတုံးရွှေခဲ တွေ့ရ | ၁၀၅ |
| | ကာကဝလိယတို့၏ တဒင်္ဂ ဆုံးဖြတ်လှူကျိုး၏ ကောင်းကျိုးရလဒ်များ | ၁၂၅ |

www.dhammaransi.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဣစ္ဆာသယ ထမင်းအိုးရှင် မိသားစု | ၁၃၃ |
| | နတ်သုဒ္ဓါ ရှစ်ပွဲပေါ်သော နှံပဲပင်စောင့်နတ်ကြီး | ၁၃၆ |
| | ဆံပင်ဖြတ်၍ ဆွမ်းကပ်ခဲ့သူ၏ ကောင်းမှုအကျိုး | ၁၃၈ |
| | ဒိဋ္ဌအကျိုးပေး ပန်းတော်ဆက်လေး မောင်သုမန | ၁၄၃ |
| | သမီးကို စွန့်၍ လှူရသော ဆွမ်းတစ်နပ် | ၁၅၂ |


## အခန်း (၅)


| | | |
|---|---|---|
| ၆။ | ဒုတိယဘဝ လက်ငင်းအကျိုးရသူများ | |
| | ရှင်မောဂ္ဂလာန်ကို လှူလိုက်ရသော မုန့်ဆွမ်း | ၁၆၅ |
| | တဒင်္ဂလှူလိုက်ရသော မုယောမုန့် ကောင်းမှုကုသိုလ် | ၁၆၈ |
| | အသက်စွန့်၍ လှူခဲ့ရသော ရေတစ်ပေါက်ကုသိုလ် | ၁၇၀ |
| | တဒင်္ဂလှူလိုက်ရသော နှမ်းလက်တစ်ခုပ် | ၁၇၈ |
| | ထမင်းချိုးကလေး ကောင်းမှု၏ ကောင်းကျိုးရလဒ် | ၁၈၀ |
| | တဒင်္ဂ ရှိခိုးရုံမျှ၏ ကောင်းကျိုးရလဒ် | ၁၈၅ |

www.dhammaransi.com




| | |
|---|---|
| နွားလားကြီး ဒတ္တ၏ တဒင်္ဂ နှလုံးသွင်းတောင်းမှု | ၁၈၈ |
| တဒင်္ဂကုသိုလ်စေတနာ၏ ကောင်းကျိုးရလဒ် | ၁၉၂ |
| အသက်စွန့်၍ လှူလိုက်ရသော သရက်သီး | ၁၉၇ |
| ဆွမ်းတစ်နပ်အလှူ | ၂၀၀ |
| တဒင်္ဂ သရဏဂုံတည်ဆောက်သူ၏ ကောင်းမှုကုသိုလ် | ၂၀၂ |
| တဒင်္ဂ ကြည်ညိုခွင့် ရသူ | ၂၀၇ |
| အာဂန္တုက ရေလှူအကျိုး၏ ကောင်းကျိုးချမ်းသာ | ၂၁၆ |
| အာဂန္တုက တဒင်္ဂအလှူ၏ ကောင်းကျိုး | ၂၁၈ |
| လမ်းတံတား တည်ဆောက်သူ၏ ကောင်းကျိုး | ၂၂၀ |
| စာရေးတံ အလှူအကျိုး တောင့်တတိုင်း ပြည့်ဖြိုး ထမင်းတစ်နပ် ဟင်းတစ်ဖတ်ဖြင့် | ၂၂၁ |
| တဒင်္ဂ စေတနာ၏ ကောင်းကျိုး | ၂၂၈ |
| အာဂန္တုက ရဟန်းအား လှူဒါန်းရအကျိုး | ၂၂၉ |


## အခန်း (၆)


၇။ လှူဖွယ်အမျိုးမျိုးနှင့် အကျိုးများ

(ပထမ ဝိသုဒ္ဓါရုံ ရွှေကျောင်းသာသနာပိုင် ဆရာတော်ဘုရားကြီး)

| | |
|---|---|
| ဆွမ်းလှူရကျိုး(၅)ပါး-(၁၀)ပါး | ၂၃၀ |
| ယာဂုလှူရကျိုး(၁၀)ပါး | ၂၃၂ |
| အခိုးထုံနံ့ လှူရကျိုး(၁၀)ပါး | ၂၃၂ |

www.dhammaransi.com

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ကရားရေဘူး လှူရကျိုး(၁၀)ပါး | ၂၃၃ |
| ဆေးလှူရကျိုး(၁၀)ပါး | ၂၃၃ |
| သစ်သီး၊ ကောက်ဦး လှူရကျိုး(၈)ပါး | ၂၃၃ |
| သင်္ကန်းလှူရကျိုး(၈)ပါး | ၂၃၄ |
| ကျောင်းလှူရကျိုး(၈)ပါး | ၂၃၄ |
| ထီးလှူရကျိုး(၈)ပါး | ၂၃၄ |
| ပဲ့ခွပ်-သင်တုံး လှူရကျိုး(၈)ပါး | ၂၃၅ |
| ဓားလှူရကျိုး(၈)ပါး | ၂၃၅ |
| ယပ်ခပ်လှူရကျိုး(၈)ပါး | ၂၃၅ |
| မျက်စဉ်းလှူရကျိုး(၈)ပါး | ၂၃၅ |
| ရေလှူရကျိုး(၇)ပါး | ၂၃၆ |
| ခါးပန်းလှူရကျိုး(၆)ပါး | ၂၃၆ |
| တောင်ဝှေးလှူရကျိုး(၆)ပါး | ၂၃၆ |
| မွေးညှပ်လှူရကျိုး(၆)ပါး | ၂၃၇ |
| နှာနှပ်တံ လှူရကျိုး(၆)ပါး | ၂၃၇ |
| ဘုံလျှို လှူရကျိုး(၆)ပါး | ၂၃၇ |
| ဓားငယ်လှူရကျိုး(၅)ပါး | ၂၃၇ |
| ရေစစ်လှူရကျိုး(၅)ပါး | ၂၃၈ |
| ထောပတ်ဆီကြည် လှူရကျိုး | ၂၃၈ |
| အပ်လှူရကျိုး(၅)ပါး | ၂၃၈ |
| သပိတ်လှူရကျိုး(၅)ပါး | ၂၃၈ |
| ခြေသုတ်လှူရကျိုး(၅)ပါး | ၂၃၉ |
| အာယောဂပတ် လှူရကျိုး(၅)ပါး | ၂၃၉ |
| လက်သုတ်ပဝါလှူရကျိုး(၅)ပါး | ၂၃၉ |
| ပလ္လင်လှူရကျိုး(၅)ပါး | ၂၃၉ |
| ခေါင်းအုံးလှူရကျိုး(၅)ပါး | ၂၄၀ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| နယ်ဆီ လှူရကျိုး(၅)ပါး | ၂၄၀ |
| ဆီထောပတ်လှူရကျိုး(၅)ပါး | ၂၄၀ |
| ဒန်ပူ လှူရကျိုး(၅)ပါး | ၂၄၀ |
| ပျားရည် လှူရကျိုး(၄)ပါး | ၂၄၁ |
| ဟင်းလျာ လှူရကျိုး(၃)ပါး | ၂၄၁ |
| အပ်အိမ်လှူရကျိုး(၃)ပါး | ၂၄၁ |
| အိုးခွက်လှူရကျိုး(၃)ပါး | ၂၄၁ |
| ဆွမ်းစားခွက် လှူရကျိုး(၃)ပါး | ၂၄၂ |
| မှီအုံး လှူရကျိုး(၃)ပါး | ၂၄၂ |
| သံကောက်အိမ် လှူရကျိုး(၂)ပါး | ၂၄၂ |
| ခြေဆေးအင်ပျဉ် လှူရကျိုး(၂)ပါး | ၂၄၂ |
| ဖိနပ်သုံးပါး၊ ခြေနင်း(၁)ပါးလှူရကျိုး | ၂၄၃ |
| နို့ဓမ်းလှူရကျိုး | ၂၄၃ |

**********

www.dhammaransi.com

# အမှာစာ

ဆရာရေ-အလှူအကျိုး ဒိဋ္ဌ အကျိုးပေးတယ် ဆိုတာ ကျွန်တော် ယုံသွားပြီဆရာ၊ ကျွန်တော်လေ- မမျှော်လင့်ဘဲနဲ့ ကွမ်လို့ ဆရာတော်ကြီးကို ဖူးလိုက်ရတယ်၊ ပထမတော့ သာမန်ကာ လျှံကာပဲ၊ ဆရာတော်ကြီးကို မြင်လိုက်ရတော့ လှူလိုတဲ့ဘဒ္ဓါစိတ်က တဖွားဖွား ပေါ်လာတယ်၊ အိတ်ကပ်ထဲ ကြည့်တော့ အပြန် ခရီးစရိတ်ပဲ ရှိတော့တယ်၊ သဒ္ဓါစိတ်က တားမရတော့ ဖြစ်ချင်တာဖြစ် ဆိုပြီး ပါလာသမျှ အကုန် လှူလိုက်တယ်၊ လှူပြီးတော့လဲ ဝမ်းသာတဲ့ စိတ်က တသိမ့်သိမ့်ပါပဲဆရာ၊ ဘယ်လို နှိုင်းယှဉ်ပြောရမှန်းတောင် မသိပါဘူး။ ဆရာတော်ကြီး ဖူးပြီး လှူပြီး ပြန်အထွက်မှာ အမှတ်မထင်ဘဲ သူငယ်ချင်း ကားနဲ့တွေ့တယ်ဆရာ၊ သူကလဲ ဒီလာဖို့အစီအစဉ် မရှိဘူး၊ ဒီနားရောက်မှ ဆရာတော်ကြီးကို ဖူးချင်တဲ့ စိတ်က ပေါ်လာလို့ တမင်တကာ လှည့်လာပြီး ဖူးတာတဲ့၊ ကဲ-တိုက်ဆိုင်မှုကတော့ အံ့သြစရာပါပဲ ဆရာ၊ ခရီးစရိတ် မရှိတဲ့ ကျွန်တော်ဟာ သူငယ်ချင်း ကားနဲ့ ချောချောမောမော ပြန်ရောက်ခဲ့ရတယ်၊ အဲဒီ ရောက်တဲ့ ညပဲ ယခင်က လုပ်ငန်းရပ်ထားတဲ့ ကျွန်တော့်အလုပ်ကို အော်ဒါ ပေးသူနှစ်ဦး ရောက်လာပြီး လုပ်လိုက်ရတဲ့ အလုပ် ယခုမြင်တဲ့ အတိုင်းပါပဲ ဆရာ....။

ဖိနပ်လုပ်ငန်းရှင် မိတ်ဆွေတစ်ဦးက စာရေးသူကို ကွမ်လို့ ဆရာတော်ကြီးကို သဒ္ဓါစိတ်ဖြင့် လှူလိုက်ရသော ကုသိုလ် အကျိုး

www.dhammaransi.com



ကြောင့် သူ့ဘဝ စီးပွားများစွာ တိုးတက်လာပုံကို အားပါးတရ ပြောပြသည်။

တဖက် ဖြစ်ပေါ်လာသော သဒ္ဓါစိတ် အပေါ်မှာ အောင် အောင်မြင်မြင် လှူဒါန်းနိုင်လိုက်သည့်အတွက် ခံစားရသော ဒိဋ္ဌဓမ္မ အကျိုးသည် ယခု ပစ္စုပ္ပန်တွင်မဟုတ် ရှေးရှေး အတိတ် ဘုရား လက်ထက်က ပုဏ္ဏား၊ သူဌေး၊ ကာကဝလိယ သူဌေး အဖြစ်အပျက် တို့က ထင်ရှားသော သမိုင်းမှတ်တိုင်များ ဖြစ်ကြပါသည်။

ဒါနဟာ နိဗ္ဗာန်ရဲ့ အခြေခံလမ်းကြောင်းပဲ၊ ဒါနရှိမှ ဒါန တော ဘောဂဝါ ဆိုသည့်အတိုင်း စည်းစိမ်ဥစ္စာ ပြည့်စုံမယ်၊ စားဝတ်နေရေး ပြည့်စုံမှ လူဟာ သီလဘာဝနာတို့ကို ကြောင့် ကြမဲ့ ကြိုးစား အားထုတ်နိုင်ကြမယ်၊ စီးပွား မပြည့်စုံတဲ့ လူဟာ စိတ်က သီလဘာဝနာ လုပ်လိုပေမယ့် စားဝတ်နေရေးမပြည့်စုံမှု ကြောင့် အချိန် မပေးနိုင်လို့၊ အလုပ်မအားလပ်လို့ သီလဘာဝနာ တရား အားမထုတ်နိုင်ကြဘူး၊ ဒါကြောင့် မိမိတို့ရဲ့ ကြီးပွားရေး၊ စီးပွားရေး အဆင်ပြေမှုများ ရှိကြရလေအောင် နမော လေးချက် စီးပွားတက် ဆိုသည့်အတိုင်း ပုတီး သမထဘာဝနာ အရင်းပွား သောအားဖြင့် ပုတီး (၃)ပတ် စိပ်ပါ၊ ပြီးမှ တရား ဆက်လက် ထိုင်ပါ။

စာရေးသူ တရား သွားထိုင်သော ကျောင်းမှ ဆရာတော် ဦးပညာက ဤသို့ ဟောပြောပြီး ကျွန်တော်တို့ကို တရားထိုင်ခိုင်း သည်။ မည်သူမဆို သူ့ထံမှာ တရားလာထိုင်သူ မှန်သမျှ လောကီ ရေးရာကိစ္စ အဆင်ပြေအောင် ဆိုပြီး ပုတီး အရင်စိပ် ခိုင်းသည်။ ပြီးမှ တစ်နာရီခွဲ တရားထိုင်ခိုင်းသည်။ ဆရာတော်၏အယူအဆမှာ လောက လူသားအားလုံးသည် စားဝတ်နေရေး ပြည့်စုံရေးအတွက် နေ့စဉ်တဝူဝ ရုန်းကန်လှုပ်ရှားနေကြရသည်။ သို့အတွက် လောဘ၊

www.dhammaransi.com



ဒေါသ၊ မောဟတွေများပြီး သံသရာဝယ် အဖုံဖုံကျင်လည်နေကြ ရကုန်သည်။

လောဘ၊ ဒေါသ၊ မောဟ ကင်းရာ နိဗ္ဗာန် မဂ်ဖိုလ် မျက်မှောက်ပြုဖို့ ဆိုသည်မှာ သီလ ကျင့်သုံး ဆောက်တည်ပြီး သမထ ဝိပဿနာတရား အားထုတ်ကြပါမှသာ ဖြစ်နိုင်ပေမည်။ ထိုတရား အားထုတ်နိုင်ကြဖို့ အဓိက အခြေခံအကြောင်းသည် စားဝတ်နေ ရေးပြည့်စုံဖို့ ဖြစ်သည်၊ သံသရာအဆက်ဆက်မှာ ကျင်လည်ရသမျှ စားဝတ် နေရေး ပြည့်စုံဖို့ဟူသည် ယခုကတည်းက အခြေခံ ဒါနမှုကို ဆောက်တည်ကြမှ ဖြစ်မည်။

ထိုဒါနသည် သဒ္ဓါ စေတသိက်ကလေး ကြည်လင် သန့်ရှင်း ထက်သန်ခြင်းလည်း ရှိမည်၊ အလှူခံပုဂ္ဂိုလ်ကလည်း သီလဝန္တ နှယ် ဝင် အရိယာ သူတော်စင် ဖြစ်မည် ဆိုက တမလွန်တွင် မဆောင့်၊ ပစ္စုပ္ပန်တွင်ပင် အကျိုးပေးသည်။

ဗုဒ္ဓဘာသာဝင်တို့သည် များသောအားဖြင့် ဒါနကို တမလွန်ဘဝ ကောင်းစားရေး အကျိုးဟု ယုံကြည်ယူဆသူက များပါသည်။ လူတို့၏ တဒင်္ဂ၊ တစ်စက္ကန့် ဆုံးဖြတ်ချက်အပေါ်၌ ဖြစ်ပေါ်လာသော ကံ, ကံ၏ စေတနာ အကျိုးသည် အံ့မခန်း ရှိပါသည်။ ထို အကျိုးကျေးဇူးတရား၏ သဘောကို ဗုဒ္ဓဘာသာ အပါအဝင် လူသားအားလုံး သိထားသင့်ပါသည်။

သို့အတွက် စာရေးသူသည် မဂ်ဖိုလ် နိဗ္ဗာန်၏ အခြေခံ မူလ ဘူတ တံတားသဖွယ်၊ လှေကားသဖွယ်ဖြစ်သော ဒါန၏သဘော၊ ဒါန၏အကျိုး၊ လူသား၏ တဒင်္ဂ ဆုံးဖြတ်ချက်၊ စေတနာသဒ္ဓါ တရား အကြောင်းတို့ကို သိရှိ သဘောပေါက် နားလည်နိုင်စေရန် ဤ တစ်မိနစ်၊ တစ်စက္ကန့် ဆုံးဖြတ်ချက်၏ ကောင်းကျိုး ရလဒ်များ စာအုပ်ကို ရေးသား ထုတ်ဝေလိုက်ရပါသည်။

www.dhammaransi.com

(ဃ) အမှာစာ

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ရေးသားရန် တိုက်တွန်းနှိုးဆော်သော မမွမိတ်ဆွေများအား လည်းကောင်း၊ ထုတ်ဝေသူအား လည်းကောင်း၊ စာမူကို ဇိုင်းဝန်းကူညီ ရေးသားပေးသော သမီးလှတ် မခင်သူဇာအား လည်းကောင်း ကျေးဇူးတင်ကြောင်း မှတ်တမ်းပြုအပ်ပါသည်။

တက္ကသိုလ်သျှင်သီရိ
ဓမ္မာစရိယ၊ ဘီ·အေ

ဦးကိုကိုမြိုင်
အမှတ်-စ/၅၅၊ သုနန္ဒာ(၃)လမ်း၊
(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့။

www.dhammaransi.com

# မြတ်သည့် ဒါန ပေးလှူကြ

အဂ္ဂသ္မိံ ဒါနံ ဒဒတံ၊ အဂ္ဂံ ပုညံ ပဝဍ္ဎတိ
အဂ္ဂံ အာယု စ ဝဏ္ဏော စ၊ ယသော ကိတ္တိ သုခံ ဗလံ။

"မြင့်မြတ်သော ရတနာသုံးပါး၌ လှူဖွယ်ဝတ္ထုကို လှူဒါန်း ပူဇော်သူတို့အား"

- မြတ်သော ကုသိုလ်တရားသည် လည်းကောင်း
- မြတ်သောအသက်
- မြတ်သောအဆင်း
- မြတ်သောအခြံအရံ
- မြတ်သောအကျော်အစော
- မြတ်သောချမ်းသာနှင့်

ကိုယ်အား ဉာဏ်အား စွမ်းပကားတို့သည် တိုးပွား၏။

(အံ ၂-၃၀)

www.dhammaransi.com

## နေ့ရော ညပါ အမြဲတမ်း ကုသိုလ်တိုးပွားနေသော ထာဝရ ကုသိုလ်များ

| | | |
|---|---|---|
| အာရာမရောပါ | = | စားပင် သောက်ပင် ဥယျာဉ်စိုက်ပျိုး လှူခြင်း၊ |
| ဝနရောပန | = | အရိပ်ရ အပင်ကြီးများ စိုက်ပျိုး လှူခြင်း၊ |
| သေတုကာရကာ | = | လမ်းတံတား တည်ဆောက်လှူခြင်း၊ |
| ပပ | = | ရေအိုးစင်တည်၍ လှူခြင်း၊ |
| ဥဒပါန | = | ရေတွင်း ရေကန် တူးခြင်း၊ |
| ဥပဿယ | = | ဇရပ်၊ တန်ဆောင်း၊ ကျောင်းဆောက်၍ လှူခြင်း။ |

(ဝနရောပသုတ်၊ သဂါထာဝဂ္ဂသံယုတ္တ ၃၀-၃၁)

www.dhammaransi.com

## ဝဋ္ဋနှင့်ကြုံ ပေးကမ်း လှူဒါန်းရခြင်း၏ အကျိုးအာနိသင်များ

- သူတော်ကောင်းတို့ တရားသို့ အစဉ်လိုက်၍ အလှူပေးသော သူကို လူအများတို့ ချစ်ခင်ကြသည်။
- ကိုယ်နှုတ်နှလုံးကို စောင့်သုံးလျက် မြင့်မြတ်သော အကျင့်ကို ကျင့်ကြကုန်သော သူတော်ကောင်းတို့သည် ထိုပေးလှူသူတို့ ထံသို့ အခါခပ်သိမ်း ချဉ်းကပ်ကြကုန်၏။
- ထိုသူတော်ကောင်းတို့သည် ပေးလှူတတ်သော သူတို့အား ဆင်းရဲဒုက္ခ အလုံးစုံကို ဖျက်ဆီးတတ်သော မြင့်မြတ်သော တရားတော်ကို ဟောကြားကုန်၏။
- ထိုသူသည် ဤလောက၌ ယင်းတရားကို သိ၍ အာသဝေါ ကင်းလျှင် ပရိနိဗ္ဗာန် ပြုရလေသည်။

(အင်္ဂုတ္တိုရ် ပါဠိတော်၊ပဉ္စကနိပါတ်၊ သုမနဝဂ်၊ ဒါနာနိသံသ သုတ် - ၃၄)

www.dhammaransi.com

# အခန်း (၁)

''တိပိဋကဓရ မင်းကွန်း ဆရာတော် ဟောကြားသော သပ္ပုရိသ ဒါနတရား''

- ဒါနကောင်းမှု မှုကြီးငါးချက်နှင့် အညီပြုပြီး ဘဝခရီး ချမ်းချမ်းသာသာ သွားနိုင်ပြီး နိဗ္ဗာန်ဝင်နိုင်ရန်၊
- ကောင်းမှုမင်္ဂလာဖြစ်ရန် ဤသပ္ပုရိသ ဒါနသုတ်ကို ဟော ကြားတော်မူခြင်း ဖြစ်သည်။
- ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော် ထောက်လှမ်းရေး မိသားစု၊ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော် ပွဲတွင် နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့၊ အကျိုးတော် ဆောင်ချုပ် ဆရာတော်၏ အနုမောဒနာတရား-

(ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော် ထောက်လှမ်းရေး မိသားစု၊ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ ကျင်းပသည့် (၁၃၅၄-ခုနှစ်၊ ဝါဆိုလဆန်း (၁၃)ရက်၊ (၁၂-၇-၉၂) တနင်္ဂနွေနေ့၊နံနက် ၉-နာရီခွဲတွင် ရန်ကုန်မြို့၊ ကမ္ဘာအေး ကုန်းမြေရှိ ဆွမ်းစားကျောင်း၌ ကျင်းပရာတွင် နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့၊ အကျိုးတော်ဆောင်ချုပ်၊ တိပိဋကဓရ ဓမ္မ ဘဏ္ဍာဂါရိက အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဘွဲ့ရ မင်းကွန်းဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဟောကြားတော်မူသည့် အနုမောဒနာ တရားတော်)

www.dhammaransi.com

## ၂ တက္ကသိုလ် သျှင်သီရိ

ယနေ့ ကောဇာသက္ကရာဇ် ၁၃၅၄–ခုနှစ်၊ သာသနာသက္ကရာဇ် ၂၅၃၆–ခုနှစ်၊ ဝါဆိုလဆန်း (၁၃)ရက်နေ့ နံနက်ခင်းအချိန် ကမ္ဘာအေး ဆွမ်းစားကျောင်း ဧည့်ခံခန်းမဆောင်၌ ကျင်းပအပ်သော တပ်မတော်ထောက်လှမ်းရေး၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူ လှူဒါန်းပွဲမှာ သပ္ပုရိသဒါနသုတ်ကို သုတ္တန်တစ်ခုနာယူမှတ်သား ငမ်းမြောက်ရပါမယ်၊ မြတ်စွာဘုရားက ကိုယ်တော်တိုင် သပ္ပုရိသဒါန မူကြီး ငါးပါးနှင့် ကျင့်သုံးခဲ့လို့ သံသရာမှာ သူထက် ထူးချွန် သာလွန်မြင့်မြတ်တဲ့ အကျိုးငါးပါး ခံစားရရှိတော်မူပါတယ်၊ ကိုယ်တော်တို့ရဲ့ မျက်မှောက်သာဝက၊ ကိုယ်တော်ရဲ့နှောင်းသာဝကများလဲပဲ ကိုယ်တော်ရဲ့ ဩဝါဒအတိုင်း ဒါနကောင်းမှုပြုကြလိမ့်မယ်၊ အဲဒီလိုပြုတဲ့အခါ ကိုယ်တော်ပြုတဲ့ ဒါနကောင်းမှုမူကြီးငါးချက်နှင့် အညီပြုပြီး ဘဝခရီး ချမ်းချမ်းသာသာသွားပြီးတော့ နိဗ္ဗာန်ဝင်နိုင်ကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ဖို့ရန်အတွက် ဤသပ္ပုရိသ သုတ်တော်ကို ဟောတော်မူခြင်း ဖြစ်ပါတယ်။

"ပဉ္စမာနိ ဘိက္ခဝေ သပ္ပုရိသ ဒါနာနိ"

ရဟန်းတို့ ဘုရားအလောင်း သူတော်ကောင်းကြီးများရဲ့ ဒါန ကောင်းမှုကုသိုလ် မူကြီးငါးချက်ရှိတယ်။

ကတမာနိပဉ္စ-ငါးချက် ဘာတွေ ဘာတွေလဲ။

(၁) သဒ္ဓါယဒါနံဒေတိ –သဒ္ဓါဒါန ရတနာသုံးပါးရဲ့၊ ဂုဏ်၊ ကံနဲ့ ကံရဲ့အကျိုးကို ယုံကြည်၍ လှူခြင်း။

(၂) သက္ကစ္စံဒါနံဒေတိ –သက္ကစ္စဒါန-လှူဖွယ်ဝတ္ထုကို သပ်သပ်ရပ်ရပ် အလှူခံပုဂ္ဂိုလ်ကို ရိုရိုသေသေ ပြု၍ လှူခြင်း။

www.dhammaransi.com



(၃) **ကာလေနဒါနံဒေတိ**–ကာလဒါန- အခါကိုသိ၍ လှူခြင်း၊ နံနက်အခါသည် ခဲဖွယ်ဘောဇဉ် လှူရမည့် အချိန်မျိုး၊ မွန်းလွဲအခါသည် အဖျော်ယမကာများ လှူရမည့်အချိန်၊ ဝါဆိုဦးမှာ ဝါဆိုသင်္ကန်း လှူရမည့် အချိန်၊ သီတင်းကျွတ်လျှင် ကထိန်သင်္ကန်း လှူဒါန်းရမည့်အချိန် အဲဒီလို အချိန်ကိုသိပြီး လှူတာကို ကာလဒါန လို့ခေါ်တယ်။

(၄) **အနုဂ္ဂဟိတစိတ္တော ဒါနံဒေတိ** –အနုဂ္ဂဟိတဒါန-လှူဖွယ်ဝတ္ထုပေါ်မှာ တွယ်တာတဲ့စိတ်မရှိဘဲ လွတ်ကျွတ် စွန့်ကြဲတဲ့ မုတ္တစာဂ ရှေ့သွားပြုပြီး လှူဒါန်းခြင်း။

(၅) **အတ္တာနဉ္စ ပရဉ္စ အနုဂ္ဂဟစ္စဒါနံဒေတိ**–အနုပဟစ္စဒါန-မိမိ သူတစ်ပါးနှစ်ဦးသားကို မထိပါးမူ၍ လှူခြင်း။

ဘုရားအလောင်းများ ကျင့်သုံးတဲ့ အလှူဒါနမှုကြီးငါးချက် မာတိကာ ခင်းခဲ့ပါတယ်၊ မကျဉ်းမကျယ် အဓိပ္ပာယ်နားလည်ရအောင်....

(၁) **သဒ္ဓါဒါန**-သာသနာတွင်းမှာ ရတနာသုံးပါးရဲ့ ဂုဏ်ကို ယုံကြည်၍ သဒ္ဓါတရား၊ သာသနာပြင်ပမှာ ကံနဲ့ ကံ၏အကျိုးကို သာ ယုံကြည်တဲ့ သဒ္ဓါတရား၊ ဤသဒ္ဓါတရားနှစ်ပါး ရှေ့သွားပြုပြီးတော့ လှူခြင်းဟာ သဒ္ဓါဒါန ဖြစ်ပါတယ်။

မိမိတို့သည် သာသနာတွင်းကလူဖြစ်တဲ့ ပုဂ္ဂိုလ်တွေမိမိ ရတနာသုံးပါးရဲ့ ဂုဏ်ကိုလည်း ယုံကြည်တဲ့ သဒ္ဓါတရား၊ ဩကပ္ပနာ

www.dhammaransi.com



သဒ္ဒါ-ကံ ကံ၏အကျိုးကို ယုံကြည်တဲ့ သဒ္ဒါတရား၊ ဓိသဒ္ဒါတရား နှစ်ပုံ စွယ်စုံထားပြီးတော့ မိမိတို့လှူတဲ့ မိမိတို့ရဲ့ အလှူသည် အမြဲတမ်း သဒ္ဒါဒါန သပ္ပုရိသဒါန မူကြီးနဲ့ ကိုက်ညီနေပါတယ်။

(၂) သက္ကစ္စဒါန-လှူလိုက်တယ်ဆိုရင် ဘယ်လိုနည်းနဲ့မှ ဓာပျစ်ကညစ် မလှူဘူး၊ သပ်သပ်ရပ်ရပ်ပြုပြီးမှ လှူဖွယ်ဝတ္ထုကို သပ်သပ်ရပ်ရပ် ကြည်ညိုဖွယ်ဖြစ်အောင်ထား၊ အလှူခံပုဂ္ဂိုလ်တွေကို မြင့်တဲ့ မြတ်တဲ့နေရာမှာထားပြီးတော့မှ လှူဖွယ်ဝတ္ထုကို သပ်သပ်ရပ်ရပ်ပြု၊ အလှူခံပုဂ္ဂိုလ်ကို အရိုအသေပြုပြီးမှ လှူတာချည်းပဲ ဖြစ်တယ်၊ ဒါကြောင့် မိမိတို့ရဲ့ အလှူသည် သက္ကစ္စဒါန အောင်အောင်မြင်မြင် ဖြစ်ပါတယ်။

(၃) ကာလဒါန-ယခုဝါဆိုသင်္ကန်းလှူဒါန်းခြင်းသည် အခါကိုသိပြီး ဤအချိန်က ဝါဆိုသင်္ကန်း လှူဒါန်းရမည့်အချိန်ပဲလို့ အဲဒီလိုသိပြီးလှူတဲ့ ကာလဒါန စစ်စစ် ကေန်ဖြစ်ပါတယ်။

(၄) အနုဂ္ဂဟိတဒါန-မိမိတို့သည် လှူဖွယ်ဝတ္ထုပေါ်မှာ တွယ်တာငြိကပ်တဲ့စိတ်မရှိဘဲ မုတ္တစာဂ စေတနာရွှေ့သွားပြုပြီးမှ လှူတာဖြစ်လို့ အနုဂ္ဂဟိတဒါနလည်းပဲ သပ္ပုရိသဒါန မူကြီးနဲ့ ကိုက်ညီနေပါတယ်။

(၅) အနုပဟစ္စဒါန-မိမိကိုလည်း မထိပါး၊ သူတစ်ပါးကိုလည်း မထိပါးဘဲနဲ့ လှူတယ်ဆိုတဲ့ နေရာမှာ ထိပါးပြီး လှူတယ်ဆိုတာ ဘယ်လိုဟာကို ခေါ်တုံး၊ လောကီရေးမှာ၊ လူမှုရေး စီးပွားရေးဟူ အရေး အပြိုင်အဆိုင် ရှိရတယ်။

ဒီလိုရှိမှလဲ သူ့နောက်မကျအောင် ကြိုးစားဖြစ်တယ်၊ အဲဒီလိုကုသိုလ်ကောင်းမှုရေးကျတော့ အဲဒီလောကီရေးဟာ ဂယက်ရိုက်ပြီးတော့ လိုက်လာတတ်တယ်၊ ဘယ်လိုလဲ ဥပမာ-မောင်ဖြူနဲ့ လူမှုရေး၊ စီးပွားရေး၊ ပညာရေးပြိုင်ဘက်ဖြစ်တဲ့ အလှူရှင် မောင်နီ၊ ငါနဲ့ စီးပွားရေးပြိုင်ဘက် မောင်ဖြူ ငါလို လှူနိုင်သေးလား၊ ငါနဲ့ လူမှု

www.dhammaransi.com



ရေးပြိုင်ဘက် မောင်ဖြူ ငါ့လိုလှူနိုင်သေးလား၊ ငါနဲ့ ပညာရေး ပြိုင်ဘက် မောင်ဖြူ ငါ့လို လှူနိုင်သေးလားဆိုတဲ့ ဒီစိတ်မျိုးကိုထား ရင် မိမိကိုယ်ကိုတော့ မြှောက်ပင့်တဲ့ အတ္တုက္ကံသနလောဘနဲ့ ထိပါး ခြင်း ဖြစ်တယ်၊ ဟိုဘက် မောင်ဖြူကိုတော့ ပရဝမ္ဘန ဒေါသနဲ့ ထိပါးတာ ဖြစ်တယ်၊ အဲဒီလို အလှူမျိုး မလှူနဲ့၊ ဘုရားအလောင်း ကြီးများ ဒါနကောင်းမှု ကုသိုလ်ပြုတယ်ဆိုရင်....

ဣဒံ မေ ပုညံ သဗ္ဗညုတညာဏဿ ပစ္စယော ဟောတု၊

ဗောဓိယာ ပစ္စယော ဟောတု ဣဒံ မေ ပုညံ မင်္ဂလံ။

ငါရဲ့ ယနေ့ ယခုပြုရသော ကုသိုလ်ကောင်းမှုသည် သဗ္ဗညုတ ညာဏ်အတွက် သမ္မာသမ္ဗောဓိညာဏ်ရဲ့ အထောက်အပံ့ ဖြစ်ပါစေ။

အဲဒီလို ဝိဝဋ္ဋဆုတောင်း၊ အဲ့ဒီလိုတောင်းပြီးမှ လှူတယ်၊ မိမိကိုလည်း မထိပါးဘူး၊ သူ့ကိုလဲ မထိပါးပါဘူး၊ အဲဒါကို မိမိ တို့လဲပဲ ကိုယ်စီကိုယ်ငှ ဘုရားဆုပန်တဲ့ အမျိုးသားရှိတယ်၊ ပစ္စေက ဗုဒ္ဓါဆုပန်တဲ့ အမျိုးသား ရှိတယ်၊ သာဝကဗောဓိဆုပန်တဲ့ အမျိုး သား ရှိတယ်။

ငါရဲ့ ယနေ့ယခုပြုရတဲ့ကုသိုလ်ကောင်းမှုသည် သမ္မာသမ္ဗောဓိ ညာဏ်ရဲ့ အထောက်အပံ့ဖြစ်ပါစေ၊ သာဝကဗောဓိညာဏ်ရဲ့ အထောက် အပံ့ ဖြစ်ပါစေလို့၊ အဲဒီလို စိတ်ထဲမှာ ဆုတောင်းပြီးတော့ လှူရင်၊ ဒါ မိမိကိုယ်လဲ မထိပါးဘူး၊ သူ့ကိုလဲ မထိပါးတဲ့ အနုပဟစ္စဒါန ဖြစ်တယ်၊ အဲဒီလို တစ်ခါ မြတ်စွာဘုရားက အကျိုးတရားကို–

"သဒ္ဓါယခေါပနဘိက္ခဝေ ဒါနံဒတွာ၊ ယတ္ထယတ္ထ- တဿ ဒါနဿ ဝိပါကော နိဗ္ဗတ္တတိ၊ အဍ္ဎောစဟောတိ မဟဒ္ဓနော၊ မဟာဘောဂေါ ပဟုတဇာတရူပရဇတော ပဟုတစိတ္တူပကရဏော" အင်္ဂုတ္တိုရ်၊ပဥ္စကသပ္ပုရိသသုတ် ပဟုတဓနဓညော– စသည်ဖြင့် ဒါန ကောင်းမှုပြုတဲ့အခါ မှာ ပါဠိလို တပ်လိုက်ရင်–

www.dhammaransi.com



- သဒ္ဒါဒါန
- သက္ကစ္စဒါန
- ကာလဒါန
- အနုဂ္ဂဟိတဒါန
- အနုပဟစ္စဒါန။

ဒီလို အတန်းငါးစုထွက်လာတယ်၊ ဗမာလို ပြောလို့ရှိရင်—

(၁) သဒ္ဒါတရား ရှေ့သွားပြု၍ လှူခြင်း (တစ်တန်း)

(၂) လှူဖွယ်ဝတ္ထု သပ်သပ်ရပ်ရပ်ပြု၊ အလှူခံ ပုဂ္ဂိုလ်ကို အရိုအသေပြု၍ လှူခြင်းဒါန (နှစ်တန်း)

(၃) အခါကိုသိ၍ လှူခြင်း

(၄) မစွန့်မငြိ လှူခြင်း

(၅) မထိမပါး လှူခြင်း

ဒီ စာငါးတန်း ထွက်လာတယ်၊ အဲဒီ ငါးတန်းမှာ လှူခြင်း၊ လှူခြင်း၊ လှူခြင်းဆိုတဲ့ နောက်နှစ်လုံး၊ နောက်ပုဒ်၊ နောက်စကားက ယခုလို လှူတဲ့အခါမှာ ဖြစ်တဲ့ မုဉ္စစေတနာကို ဆိုလိုတယ်၊ သူတို့ဟာ လှူခြင်းမှာ အသံလည်း တူတယ်၊ သူ့ကြောင့် ဘယ်လို အကျိုးပေးတယ်၊ စီးပွားဥစ္စာ ပေါများတဲ့ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူဌေး သူကြွယ်မျိုးမှာ သွားပြီးတော့ ဖြစ်ရတယ်၊ စီးပွား ဥစ္စာ ပေါများအောင် အကျိုးပေးလိုက်တာပဲ။ သူ့ တာဝန်အရ အဲဒီ ရှေ့တန်းက ပါတဲ့ သဒ္ဒါကြည်ညိုတဲ့ စကား၊ ရိုသေလှစွာ ဆိုတဲ့ စကား၊ အခါကိုသိ ဆိုတဲ့စကား၊ မစွန့်ငြိဆိုတဲ့စကား၊ မထိမပါး ဆိုတဲ့စကားက ငါးခုစလုံးဟာ တစ်ခုနဲ့ တစ်ခု မတူဘူး၊ ထူးခြားတယ်၊ ထူးခြားသလိုပဲ အဲဒီ ငါးခုကြောင့် အကျိုးငါးပါး ထူး

www.dhammaransi.com



ထူးခြားခြား ရရှိခဲ့တယ်၊ သဒ္ဓါကြည်ညိုရဲ့ လှူခြင်းမှာ လှူတဲ့ဒါန ကြောင့် စီးပွားဥစ္စာ ပေါများတဲ့ မင်း၊ ပုဏ္ဏား၊ သူဌေး အမျိုးကြီး သုံးပါးမှာ သွားပြီးတော့ လူဖြစ်ရတယ်။

သဒ္ဓါတရားကြောင့် ထူးပြီး ဘာအကျိုးပေးတုံး "အဘိရူ-ပေါစဟောတိ ဒဿနိယောပါသာဒိကော၊ ပရမာယ ဝဏ္ဏပေါက္ခရ တာယ သမန္နာဂတော"

သဒ္ဓါတရားကြောင့် ရုပ်ရည်အဆင်းဟာ တင့်တယ်လှပပါ တယ်။ ဘယ်လောက်ကြာကြာ ကြည့်ကြည့် မငြီးငွေ့ဘူး။

"ဒဿနိယော ပရမာယ ဝဏ္ဏ ပေါက္ခရတာယ သမန္နာဂ-တော" အင်မတန် မွန်မြတ်တဲ့ အဆင်းရဲ့ တင့်တယ်ခြင်းနဲ့ ပြည့်စုံ တယ်၊ အရပ်ပြော ပြောရရင် ဥပဓိသမ္ပတ္တိနဲ့ပြည့်စုံတယ်၊ အဲဒီတော့ သဒ္ဓါကြောင့် ဥပဓိသမ္ပတ္တိ ကောင်းကျိုးထူး ရတယ်။

ဥပဓိသမ္ပတ္တိ ဘာလုပ်ဖို့လဲ ကိုယ်တော်၊ ဥပဓိဝိပ္ပတ္တိ ဖြစ်ရင် လူ့စကား ရှိတယ်၊ အရုပ်ဆိုး ခိုးနိုးနိုး၊ ကိစ္စတစ်ခု မကောင်းတဲ့ အမှုပေါ်ရင် အရုပ်ဆိုးတဲ့လူဆို အထင်လွဲခံရတယ်။ အဲဒီလို သဘော ရှိတယ်၊ မိမိက ဥပဓိသမ္ပတ္တိနဲ့ ပြည့်စုံနေတော့ အဲဒီလို ကိစ္စမျိုးမှာ လည်းပဲ အထင်လွဲ မခံရဘူး၊ ပြီးတော့ ဒီဥပဓိသမ္ပတ္တိနှင့် ပြည့်စုံလို့ ရှိရင် မိမိမှာရှိတဲ့ ကုသိုလ်ကံတွေလည်းပဲ ကောင်းကျိုးကို ပေးဖို့ အခွင့်ရပြီးတော့ တစ်သက်လုံး ကောင်းကျိုးနဲ့ ချမ်းချမ်းသာသာ ဘဝခရီးသွားရတယ်၊ ဒါကြောင့် အကျဉ်းချုပ် မှတ်ရင်=

"သဒ္ဓါကြည်ရှင်၊ လှူဒါန်းလျှင်၊ ဆင်းပြင် ရုပ်ရည် လှ"

ဘုန်းကြီးတို့ကြည့်ရင် ဗုဒ္ဓဘာသာဝင် သူတော်စင်တွေဟာ အများအားဖြင့် ရုပ်ရည်အဆင်းဟာ အင်မတန် တင့်တယ်ကြတာ ပဲ၊ လွန်ခဲ့တဲ့ ဘဝက သဒ္ဓါဒါန အောင်အောင်မြင်မြင် ပြုခဲ့လို့ပဲ၊ ယခုပစ္စုပ္ပန်မှာလဲပဲ ဗုဒ္ဓဘာသာတွေဟာ သဒ္ဓါဒါနကို ပြုနေဆဲပဲ၊ ဒါကြောင့်-

www.dhammaransi.com



"သဒ္ဓါကြည်ရှင်၊ လှူဒါန်းလျှင်၊ ဆင်းပြင်ရုပ်ရည်လှ ရမည့်အကျိုး မိမိတို့ နားလည်ထားပါ"

(၂) သက္ကစ္စဒါန-ဒါနကြောင့် ဥစ္စာစီးပွားပေါများတဲ့ မင်း၊ ပုဏ္ဏား၊ သူဌေး အမျိုးကြီး သုံးပါးမှာ ဖြစ်ပြီးတော့ သက္ကစ္စ လှူဖွယ်ဝတ္ထု သပ်သပ်ရပ်ရပ် အလှူခံ ပုဂ္ဂိုလ်ကို အရိုအသေပြုတဲ့အတွက်-

"ယေပိဿ ဟောန္တိ ပုတ္တာတိဝါ၊ ဒါရာတိဝါ ဒါသာတိဝါ ပေဿာတိဝါ ကမ္မကရာတိဝါ၊ တေပိသုဿူ- သန္တိ၊ သောတံဩဒဟန္တိ၊ အညာစိတ္တံဥပဋ္ဌပေန္တိ"

(သပ္ပုရိသဒါနသုတ္တံ၊ အင်္ဂုတ္တရပဉ္စကနိပါတ)

သက္ကစ္စကြောင့် ဒါနက အကျိုးပေးလို့ မိမိမှာရှိနေတဲ့ သမီး သား၊ ဇနီးမယား၊ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ၊ အလုပ်သမား၊ အစေအပါးတွေ ကြူနွယ်ဝန်းရံခြံပြီးတော့ နေတယ်၊ မိမိရဲ့ သက္ကစ္စ ပါနေတဲ့အတွက် အဲဒီ ပိမိရဲ့ အခြွေအရံက မိမိပြောတဲ့ စကားကို လည်း လက်အုပ်ကလေးချီပြီး "ဟုတ်ပါ့ခင်ဗျား၊ မှန်ပါ့ခင်ဗျား" နဲ့ ရိုရိုသေသေ နာယူကြတယ်၊ အရပ်ပြောပြောရင် မိမိရဲ့ ပရိသတ် အပေါ်မှာ သြဇာညောင်းတယ်။

သြဇာညောင်းတော့ ဘာဖြစ်လိုလဲ၊ ကိုယ့်ထက် သြဇာ ညောင်းတော့ နောက်ထပ် အကုသိုလ်မလိုဘူး၊ မိမိရဲ့ ပရိသတ်ကို လဲ မိမိရဲ့ မေတ္တာတိုး၍ တိုး၍ ဖြစ်တယ်၊ အဲဒါကြောင့်-

"ရိုသေလှူငြား သူ့စကား၊ အများနာယူရ"

အိမ်ထောင်စုတစ်ခုကို ကြည့်လိုက်ရင် အမျိုးသမီးက သက္ကစ္စ ဒါနပါရင် အမျိုးသမီးက သြဇာညောင်းတယ်၊ အမျိုးသားက သက္ကစ္စဒါနပါရင် အမျိုးသားက သြဇာညောင်းတယ်၊ အမျိုး သမီးရော၊ အမျိုးသားရော သက္ကစ္စပါကြရင် နှစ်ယောက်စလုံး သြဇာ

www.dhammaransi.com



ညောင်းတယ်၊ အမျိုးသမီးရော၊ အမျိုးသားရော သဏ္ဍာန်ဒါနမပါ ကြရင် ဒါနကြောင့်တော့ အခြေအရံ ပရိသတ်တွေ ပေါပါတယ်၊ သို့သော် ကိုယ့်ပရိသတ်အပေါ်မှာ ဩဇာမညောင်းဘူး၊ ဒါဟာ ဗုဒ္ဓဗေဒင်လို့ ဆိုနိုင်တယ်ပေါ့။

ဒါကြောင့် သဏ္ဍာန်ဒါန မိမိတို့ပြုကြတယ်၊ ရှိသေလှူကြွား၊ သူ့စကား၊ အများနာယူရ အချုပ်မှတ်ယူရမယ်။

ဒါန၊ အခါကိုသိ၍ လှူတဲ့အတွက် လှူတဲ့ဒါနကြောင့် ဥစ္စာ စီးပွား ပေါများတဲ့ မင်း၊ ပုဏ္ဏား၊ သူဌေး အမျိုးကြီးသုံးပါးမှာ သွားဖြစ်တယ်၊ အခါကိုသိတဲ့အတွက် ဒါနဟာလည်းပဲ အခါသိပြီး အကျိုးပေးတယ်၊ ဘယ်လိုတုံး–

"ကာလာဂတာ စဿ အတ္ထာ ပစုရာ ဟောန္တိ"

အဿ၊ ထိုကာလ ဒါန သမားအား။ ကာလာဂတာ၊ အခါ အလျောက် ရောက်ဆိုက်ကုန်သော။ အတ္ထာ၊ ကောင်းကျိုးတို့သည်။ ပစုရာ၊ ဖွံ့ဖွံ့ဖြိုးဖြိုး မိုးရွာချသကဲ့သို့ ပေါများကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အချိန်အလိုက် အကျိုးပေးတယ်ဆိုတာဟာ လူ့ဘဝမှာ အရွယ်သုံးပါးရှိတယ်၊ ပထမအရွယ် မွေးသည်မှ (၃၃)နှစ်လေးလ၊ မဇ္ဈိမအရွယ်၊ အလယ်ပိုင်း (၃၃)နှစ်လေးလ၊ မဇ္ဈိမအရွယ် နောက် ပိုင်း(၃၃)နှစ်လေးလ အဲဒီလို အရွယ်သုံးပါးမှာ ကောင်းကောင်း စားနိုင်တယ်၊ ကောင်းကောင်း ဝတ်နိုင်တယ်၊ ကောင်းတဲ့ ယာဉ် ရထားသုံးနိုင်တယ် ဆိုတာ၊ ပထမအရွယ်၊ မဇ္ဈိမအရွယ် အဲဒီအရွယ် နှစ်ပါးမှာ ကောင်းတာကိုသုံးနိုင်တယ်၊ အဲဒီလို ကောင်းကောင်း သုံးနိုင်တဲ့ ပထမ၊ မဇ္ဈိမအရွယ်မှာ ကောင်းသောအစာကို စားရ တယ်၊ ကောင်းသောအဝတ်ကို ဝတ်ရတယ်၊ ကောင်းတဲ့ ယာဉ် ရထားကို စီးရတယ်၊ ကောင်းသောအဆင်း၊ အသံ၊ အရသာ၊ အတွေ့အထိကို မြင်ရ၊ ကြားရ၊ နံရ၊ စားရ၊ တွေ့ထိရတယ်၊ အဲဒါ

www.dhammaransi.com



ကြောင့် ဒီကာလ ဒါနကြောင့် အကျိုးရပုံ၊ အခါသိသဖြင့်၊ လှူတို့လှူ၍၊ ချိန်လင့်ကောင်းကျိုးရလို့၊ အချုပ် ဒီလို မှတ်ရပါမယ်။

(၄) မစွန်းမငြိ လှူခြင်းဆိုတဲ့ အနုဂ္ဂဟိတဒါနမှာ လှူတဲ့ ဒါန၊ စေတနာကြောင့် ဥစ္စာစီးပွား ပေါမျာ:တဲ့ မင်း၊ မှူးကြား၊ သူဌေး၊ သူကြွယ် ဖြစ်ရတယ်၊ မစွန်းမငြိ လှူတဲ့အတွက်—

"မစွန်းငြိကောင်း၊ လှူတိုနှောင်း၊ အကောင်း သုံးဆောင်ရ"

မစွန်းမငြိ လှူတဲ့အတွက် ကောင်းသော အဝတ်ကို ဝတ်ရတယ်၊ ကောင်းသောအစားကို စားရတယ်၊ ကောင်းသော ယာဥ်ရထားကိုစီးရတယ်၊ အချို့ကျတော့ ဘုရားလက်ထက်က အာဂန္တုက သူဌေးတို့ကျတော့ ကောင်းတဲ့အဝတ်ကို မဝတ်နိုင်ဘူး၊ ဟောဒီ အနုဂ္ဂဟိတဒါနမပါတော့ အင်မတန်ကြမ်းတဲ့ အဝတ်ကို ဝတ်ရ တယ်၊ကောင်းတဲ့အစာကို မစားနိုင်ဘူး၊ အင်မတန်ကြမ်းတဲ့ အစား ကို စားရတယ်၊ ကောင်းတဲ့ ယာဥ်ရထားကို မစီးနိုင်ဘူး၊ တကယ် လည်း ရထားအို၊ ရထားလုံးလေးနဲ့ တစ်သက်လုံး နေသွားရတယ်၊ အဲ—မိမိက အနုဂ္ဂဟိတဒါန မစွန်းမငြိ လှူတဲ့အလှူမျိုး မဟုတ်လို့ သူပေးတဲ့အကျိုးက၊ အဲ—ယခု၊ မိမိတို့သည် လှူတဲ့ ဝတ္ထုပေါ်မှာ တွယ်တာငြိကပ်တဲ့ စိတ်မရှိဘဲ လှူတာဖြစ်တော့ ဒါနကြောင့်ရတဲ့ ကောင်းသောအဝတ်၊ ကောင်းသောအစား၊ ကောင်းသော ယာဥ် ရထား၊ ကောင်းသောအဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ များကို မြင်ရ၊ ကြားရ၊ နံရ၊ စားရ၊ လျက်ရ၊ တွေ့ထိရပြီးတော့ မှ နိဗ္ဗာန်ဝင် စံရတယ်၊ ဗုဒ္ဓဘာသာ ဖြစ်ရတဲ့ အကျိုးကို ဒီလိုပဲ ကြည့်ပါ၊ မစွန်းငြိကောင်း၊ လှူတိုရှောင်း၊ အကောင်းသုံးဆောင်ရ။

(၅) မထိမပါးလှူတဲ့ အနုပဟစ္စဒါန၊ မထိမပါးလှူတော့ ဘာဖြစ်တုံးဆိုတော့ "နစသာ ကူတောစီဘောဂါနံ" ဥပသာ တော အဂတ္တတိ အဂ္ဂိတောဝါ၊ ဥဒကတောဝါ၊ ရာဇာတောဝါ၊ စောရတောဝါ၊ အပ္ပိယတောဝါ၊ ဒါယာဒတော"တဲ့၊ မထိမပါး

www.dhammaransi.com



လူတဲ့ပုဂ္ဂိုလ်ရဲ့ စည်းစိမ်ဥစ္စာကို ဘယ်ရေ၊ ဘယ်မီး၊ ဘယ်မင်း၊ ဘယ်သူခိုး၊ ဘယ်အမွေခံဆိုးမှ အန္တရာယ်မပြုနိုင်ဘူး၊ မိမိရဲ့ စည်းစိမ်ဥစ္စာကို ဘယ်လိုပဲ ရေဘေးရောက်ရောက်၊ ရေမတိုက်လွှမ်းနိုင်ဘူး၊ ဘယ်လို မီးဘေးရောက်ရောက် မီးမလောင်နိုင်ဘူး၊ ပြီးတော့ မကောင်းတဲ့ မင်းဘေး မရောက်နိုင်ဘူး။ နောက်ပြီး လူဆိုး၊သူခိုး၊ ဓားပြဘေး မရောက်နိုင်ဘူး၊ ပြီးတော့ အမွေခံဆိုးဘေး မရောက်နိုင်ဘူး၊ ဒါ အင်မတန် အရေးကြီးတယ်၊ ဒါကြောင့် မိမိတို့လူတဲ့ အခါမှာ မိမိ သူတစ်ပါး နှစ်ဦးသား မထိပါးဘဲ၊ ဝိဝဋ္ဋဗောဓိဉာဏ်ရဲ့ အထောက်အပံ့ ဖြစ်ပါစေလို့ အဲဒီလိုလှူရင် အလှူကြောင့်ရတဲ့ စည်းစိမ်ကို ရေ၊ မီး၊ မင်း၊ သူခိုး၊ အမွေခံဆိုး အန္တရာယ် လုံးဝ မစွန်းငြိဘဲ ကင်းလွတ်တယ်။ ဒါကြောင့် မထိမပါး လှူတဲ့ငြားမှု၊ ထိုသည့်သူ၏ ပြောထူများပြား၊ စည်းစိမ်အား၊ ငါးပါးရန်မခ" လို့ အတိုချုပ် မှတ်ရမယ်။ "သပ္ပုရိသ၊ ဒါနငါးချက်၊ အကျိုးဆက်၊ နှုတ်ထက်ဆောင်ကုန်ကြ" လို့ အကျဉ်းချုပ်မှတ်ပြီးတော့ မိမိတို့ရဲ့ သပ္ပုရိသ ဒါနအတွက် ဘုရားအလောင်း သူတော်ကောင်းကြီးများစံရာ၊ ခေမာသီဝ အမတကြငှန်း၊ နိဗ္ဗာန်နန်းကို၊ မပင်မပန်း၊ ချမ်းသာလွယ်ကူသော အကျင့်ပဋိပတ်၊ လျင်မြန်တဲ့ ဝိပဿနာ အသိဉာဏ်၊ ရည်သန် တောင့်တအပ်တဲ့ မဂ်ဉာဏ်လေးရပ်တို့ဖြင့်၊ အရဟတ္တဖိုလ်ပေါက်၊ လျင်မြန်ထုတ်ချောက်၊ ရရောက်တဲ့ကိုယ် ဖြစ်ပါလိုကုန်၏လို့၊ယခု ဝိဝဋ္ဋဆု တောင်းကြကုန်ရာသတည်း။ ။

www.dhammaransi.com

# အခန်း (၂)

## ဗုဒ္ဓဟောကြား အလှူသဘောတရားများ

### အလှူ၏ သဘော

အလှူဟူသည်....

- နတ်ပြည်၏ စောင်းတန်းလှေကား ဖြစ်သည်
- မြတ်သော ရိက္ခာထုပ်ဖြစ်သည်
- ခရီးဖြောင့်လည်း ဖြစ်သည်
- မြတ်သောမဂ်ဖိုလ်နိဗ္ဗာန်၏ အကြောင်းဖြစ်သည်
- အစီးရခြင်းကို ဖြစ်စေတတ်၏
- စည်းစိမ်ချမ်းသာကို ပေးတတ်၏
- ချမ်းသာကို ပွားစေတတ်၏
- မိမိကိုယ်ကို စောင့်မတတ်၏
- မယဉ်ကျေးမှုကို ယဉ်ကျေးစေတတ်၏
- အလုံးစုံသော အကျိုးကို ပြီးစေတတ်၏
- ညောင်စေ့လောက်လှူပေမယ့် ညောင်ပင်ကြီးလောက် အကျိုးရစေ၏
- အမြတ်မဂ်လာတစ်ပါးဖြစ်၏။

### အလှူ၏ တရားကိုယ်

- စေတနာစေတသိက်ကို အလှူ (ဒါန) ဟု ခေါ်သည်
- စေတနာနှင့်ယှဉ်သော အလောဘစေတသိက်သည် အလှူဖြစ်သည်

www.dhammaransi.com



- ဆုံမ်းသက်နိုးစသော လူဖွယ်ဝတ္ထုတို့ကိုလည်း အလှူဟု ခေါ်သည်
- သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ (ကောင်းသော စကား၊ကောင်းသောအလုပ်၊ ကောင်းသော အသက်မွေးမှု)

တို့သည်လည်း အလှူမည်၏။

**အလှူ၏လက္ခဏာ**

ပေးအပ်သော အရာဟူသမျှနှင့် ပေးခြင်းဟူသမျှတို့သည် အလှူချည်းပင် ဖြစ်ပါသည်။ ယင်းအလှူသည်....

- လွှတ်လပ်စွာ စွန့်ကြဲခြင်းလက္ခဏာရှိ၏
- လှူဖွယ်ဝတ္ထုတို့၌ တွယ်တာကပ်ငြိတတ်သော လောဘကို ဖျက်ဆီးခြင်းကိစ္စရသရှိ၏
- အပြစ်ကင်းခြင်း သမ္ပတ္တိရသရှိ၏။

**အလှူပြုလုပ်ရခြင်း၏အကြောင်းရင်း (၇) ချက်**

- မိမိထံသို့ အလှူခံပုဂ္ဂိုလ်ရောက်လာသောကြောင့် ပေးလှူခြင်း
- အကဲ့ရဲ့ခံရမည့်ဘေး၊ အပါယ်ဘေးမှကြောက်၍ ပေးလှူခြင်း
- ရှေးက သူက ပေးခဲ့ဖူး၍ ယခု ကိုယ်က ပြန်၍ပေးလှူခြင်း
- နောင်အခါ ငါအား ရလိမ့်မည်ဟူ၍ ပေးလှူခြင်း
- ပေးလှူမှုသည် ကောင်းမြတ်၏၊ သူတော်ကောင်းတို့ ချီးမွမ်းအပ်၏ဟုသိ၍ ပေးလှူခြင်း
- ငါသည် ချက်ပြုတ်တတ်သည်၊ မချက်ပြုတ်တတ်သူကို ပေးလှူသင့်သည်ဟု နှလုံးသွင်း၍ ပေးလှူခြင်း
- သမထဝိပဿနာ အဆင်တန်ဆာအခြံအရံအဖြစ်ပေးလှူခြင်း။ (ဤခုနစ်ပါးတွင်နောက်ဆုံးအလှူသည်အမြတ်ဆုံးဖြစ်သည်)

www.dhammaransi.com



**တစ်နည်း အလှူပြုလုပ်ရခြင်း၏ အကြောင်းရင်း (၈) ချက်**

- မြတ်နိုးချစ်ခင်လို၍ ပေးလှူခြင်း
- မလွှဲသာသည်အတွက် စေတနာမပါဘဲ လျင်စွာပေးလှူခြင်း
- အကြောင်းအကျိုးမစစ်ဘဲ မိုက်မဲတွေဝေစွာဖြင့် ပေးလှူခြင်း
- အများကဲ့ရဲ့မည့်ဘေး၊ အပါယ်ဘေး၊ အလှူခံသူ၏ ရန်ဘေးကို ကြောက်လန့်၍ ပေးလှူခြင်း
- မိဘဘိုးဘွား အဆက်အနွယ်ကို ထိန်းလို၍ ပေးလှူခြင်း
- နတ်ပြည်ရောက်ရန် ရည်ရွယ်ပြီး ပေးလှူခြင်း
- စိတ်နှစ်သက်ရွှင်လန်းမှုကိုရည်၍ ပေးလှူခြင်း
- သမထ ဝိပဿနာအတွက်အထောက်အကူဖြစ်ရန်ပေးလှူခြင်း။

**ပေးလှူနည်း ငါးသွယ်**

- လှူဖွယ်ဝတ္ထုကို စင်ကြယ် ကောင်းမွန်အောင်ပြုပြင်၍ လှူခြင်း
- လှူဖွယ်ဝတ္ထု၊ အလှူခံပုဂ္ဂိုလ်ကို စိတ်ထဲမှာ အလေးအမြတ်ထား၍ လှူခြင်း
- ဘဝမှ လွတ်မြောက်ရေးကို ရည်ရွယ်ပြီး ပေးလှူခြင်း
- ဉာဏ်ကိုရှေ့သွားပြု၍ ပေးလှူခြင်း
- မိမိကိုယ်တိုင် မိမိလက်ဖြင့် ပေးလှူခြင်း။

**တစ်နည်း လှူနည်း ရှစ်သွယ်**

- လှူဖွယ်ဝတ္ထုကို သန့်ရှင်းစင်ကြယ် တင့်တယ်လှပအောင် ပြုပြင်၍ ပေးလှူခြင်း
- မွန်မြတ်သော လှူဖွယ်ဝတ္ထုကို ပေးလှူခြင်း
- သင့်တော်လျောက်ပတ်သောအခါ၌ ပေးလှူခြင်း
- အလှူခံနှင့်အပ်စပ်သော ပစ္စည်းကိုသာ ပေးလှူခြင်း
- အလှူခံပုဂ္ဂိုလ်၊ အလှူပစ္စည်းတို့ကို ရွေးချယ်စိစစ်ပြီး ပေးလှူခြင်း

www.dhammaransi.com



- မိမိစွမ်းနိုင်သမျှ ပေးလှူခြင်း
- လှူဒါန်းနေစဉ် စိတ်ကြည်လင်မှုရှိစွာ ပေးလှူခြင်း
- လှူဒါန်းပြီးနောက် ဝမ်းမြောက်ဝမ်းသာစိတ် ထားနိုင်ခြင်း။

**အလှူဖြစ်စေကြောင်းများ**

- လှူဖွယ်ဝတ္ထုကလည်း ရှိနေသည်
- အလှူခံပုဂ္ဂိုလ်တလည်း ဆိုက်ရောက်နေသည်
- သဒ္ဓါတရားကလည်း ရှိသည်
- ဤတွင် သဒ္ဓါတရားသည် ရှိခဲ့ဖြစ်ခဲသည်။

**အလှူမဖြစ်စေကြောင်းများ**

- ရှေးရှေးဘဝ ရှေးရှေးကာလတို့၌ အလေ့အထမရှိခြင်း
- ကိုယ်ပိုင်ပစ္စည်း ဝတ္ထုက နည်းပါးနေသေးခြင်း
- ကိုယ်ပိုင်ဝတ္ထုပစ္စည်းက မလှူရက်နိုင်လောက်အောင် ကောင်းမွန်နေခြင်း
- ကိုယ်ပိုင် ဝတ္ထုပစ္စည်း ကုန်ခန်းသွားမည်ကို စိုးရွံ့နေခြင်း။

**အလှူပေးသူ၏မျက်မှောက်အကျိုးများ**

- ပေးလှူသူကို လူအပေါင်းက ချစ်ခင် မြတ်နိုးသည်၊ စောင့်ရှောက်ကြသည်
- ပေးလှူသူထံ သူတော်ကောင်းတို့ ချဉ်းကပ်သည်၊ အလှူခံသည်၊ ဦးစွာ တရားဟောသည်
- ပေးလှူသူ၏ ကောင်းသတင်း ကျော်စောပျံ့နှံ့သည်
- မင်းပရိသတ်အလယ်သို့ ရဲရဲဝံ့ဝံ့ မျက်နှာရွှင်ပျစွာ ဝင်ရသည်
- သေသည်၏ နောက်ကာလ နတ်ပြည်ရောက်ရသည်။

www.dhammaransi.com



## အလှူ၏ မျက်မှောက်အကျိုးပေးရခြင်း အကြောင်းများ

- လှူဖွယ် ပစ္စည်းများက တရားသဖြင့် ရှာဖွေ ရရှိထားသော ပစ္စည်းဖြစ်ခြင်း
- စေတနာ သုံးတန် ပြဋ္ဌာန်း၍ လှူခြင်း
- အလှူခံပုဂ္ဂိုလ်က ဘုရား၊ ရဟန္တာ၊ အနာဂါမ်ပုဂ္ဂိုလ် ဖြစ်ခြင်း
- အလှူခံပုဂ္ဂိုလ်က နိရောဓသမာပတ်မှ ထကာစ ဖြစ်ခြင်း။

## အလှူ၏အကျိုးကြီးရခြင်း အကြောင်းများ

- ပေးလှူ သူသည် သီလရှိခြင်း
- အလှူခံပုဂ္ဂိုလ်က သီလအကျင့် ကောင်းခြင်း
- လှူဖွယ်ဝတ္ထုက စင်ကြယ်ခြင်း
- စေတနာ သုံးတန် ပြဋ္ဌာန်းလှူခြင်း
- ကံ-ကံ၏ အကျိုးကို ယုံကြည်၍ လှူခြင်း။

## ပေးလှူသူတို့၏ ဆုတောင်းနှင့် ဘဝပဋိသန္ဓေ အကျိုးပေး

- ကြွယ်ဝချမ်းသာသူကို မြင်၍ ထိုသူကဲ့သို့ဖြစ်ရန် ဆုတောင်းပြီး အလှူပေးသော သူသည် သီလနှင့် ပြည့်စုံက ဆုတောင်းသည့်အတိုင်း နောင်ဘဝ၌ လူချမ်းသာ ဖြစ်ရသည်
- နတ်ပြည် ခြောက်ထပ်ရှိ နတ်တို့၏ ချမ်းသာမှု၊ ဘုန်းတန်ခိုးကြီးမှုကို သိ၍ ဆုတောင်းပြီး အလှူပေး သူသည် သီလနှင့် ပြည့်စုံက ဆုတောင်းသည့် အတိုင်း နတ်ပြည် အဆင့်ဆင့်သို့ ရောက်ရသည်
- ဗြဟ္မာတို့၏ အသက်ရှည်မှု စသည်ကို ဖြစ်၍ ဆုတောင်းပြီး အလှူပေး သူသည် သီလနှင့် ပြည့်စုံပြီး သမထ ဝိပဿနာ အကျင့်ကိုကျင့်၍ ရူပဈာန် စသည့်ဈာန်တစ်မျိုးမျိုး ရသည် ရှိသော် သေသည်နောက် ဆုတောင်းသည့်အတိုင်း နောက်ဘဝ ဗြဟ္မာဖြစ်ရသည်။

www.dhammaransi.com



## အလှူခံပုဂ္ဂိုလ်၌ ရှိရမည့် အရည်အချင်း အခြေအနေ

- အလှူခံ ပုဂ္ဂိုလ်သည် ရာဂကင်းသူ ဖြစ်ခြင်း၊ ရာဂ ကင်းရန် အားထုတ်နေသူ ဖြစ်ခြင်း
- ဒေါသကင်းပြီးသူ ဖြစ်ခြင်း၊ ဒေါသကင်းရန် အားထုတ်နေသူ ဖြစ်ခြင်း
- မောဟ ကင်းပြီးသူ ဖြစ်ခြင်း၊ မောဟကင်းရန် အားထုတ်နေသူ ဖြစ်ခြင်း။

## အလှူပေးပုဂ္ဂိုလ်၌ ရှိရမည့် စိတ်နေသဘောထား

- မလှူမီ ရှေးအဖို့က ကြိုတင်၍ ဝမ်းမြောက်သော စိတ်စေတနာ ရှိနေရမည်
- လှူဆဲခဏ၌လည်း ဝမ်းမြောက်သော စိတ်စေတနာ ရှိနေရမည်
- လှူပြီးနောက်လည်း ဝမ်းမြောက်သော စိတ်စေတနာ ရှိနေရမည်။

## အလှူနှလုံးသွင်းမှုနှင့် ရောက်ရဘုံများ

- အလှူ၏ အကျိုးသည် တမလွန်ဘဝရောက်လျှင် သုံးဆောင်ခံစားရမည်ဟု နှလုံးသွင်း၍ လှူသော သူသည် သေသည်နောက်ကာလဝယ် စတုမဟာရာဇ်ဘုံသို့ ရောက်ရသည်
- အလှူပေးခြင်းသည် ကောင်းမွန်လှ၏ဟု နှလုံးသွင်း၍ ပေးလှူသောသူသည် သေသည်နောက်ဝယ် တာဝတိံသာဘုံသို့ ရောက်ရသည်
- မိဘ ဘိုးဘွားတို့၏ ဂုဏ်သိက္ခာ မကျစေခြင်းငှာ အတုယူ၍ လိုက်လှူရန် နှလုံးသွင်း၍ လှူသော သူသည် သေသည်နောက်ဝယ် ယာမာနတ်ဘုံသို့ ရောက်ရသည်

www.dhammaransi.com



- ငါသည် ချက်ပြုတ်တတ်သည်၊ ရဟန်းသံဃာတို့သည် မချက်ပြုတ်ကုန်၊ ချက်ပြုတ်သူသည် မချက်ပြုတ်သူကို မပေးလှူဘဲ နေရန် မသင့်ဟု နှလုံးသွင်း၍ ပေးလှူသူသည် သေသည် နောက်ဝယ် ဟာရုံထိတာနတ်ပြည်သို့ ရောက်ရသည်
- ရှေးက အဋ္ဌက စသော ရသေ့တို့၏ ကြီးမားသော ယာဇ် ပူဇော်မှု ဖြစ်သကဲ့သို့ ငါ၏ လှူဒါန်းခွဲဝေမှုသည် ဖြင့်လိမ့်မည်ဟု နှလုံးသွင်း၍ ပေးလှူသောသူသည် နိမ္မာနရတိနတ်ပြည်သို့ ရောက်ရသည်
- အလှူကို ပေးလှူသော ငါ၏ စိတ်သည် ကြည်လင်၏၊ နှစ်သက် ဝမ်းမြောက်မှု ဖြစ်ရ၏ဟု နှလုံးသွင်း၍ ပေးလှူသောသူသည် ပရနိမ္မိတ ဝသဝတ္တိဘုံသို့ ရောက်ရသည်။

(ဒါနဝတ္ထု)

## အလှူ(၅)မျိုးနှင့် ရရှိအကျိုး

- ကံ-ကံ၏အကျိုးကို ယုံကြည်၍ သဒ္ဓါ တရားဖြင့် ပေးလှူခြင်း (သဒ္ဓဒါန)
ထိုသူသည် ထိုထိုဘုံဘဝ၌....
  - ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာ၏
  - များသော အသုံးအဆောင်ရှိ၏
  - ရှုချင်စဖွယ်ရှိ၏
  - စိတ်ကြည်လင်ဖွယ်ရှိ၏
  - လွန်ကဲသော အဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏။
- လှူဖွယ်ဝတ္ထုကို စင်ကြယ်စွာပြုပြင်၍ ကောင်းစွာလှူခြင်း(သက္ကစ္စဒါန)
ထိုသူသည် ထိုထိုဘုံဘဝ၌....
  - ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာ၏

www.dhammaransi.com



- များသော အသုံးအဆောင်ရှိ၏
- သားမယား၊ ကျေးကျွန်၊ အခြွေအရံတို့ မိမိ၏ စကားကို နားထောင်၏
- သိနားလည်ရန် စိတ်ကိုဖြစ်စေ၏။

- သင့်တင့်လျောက်ပတ်သော အခါ၌ လှူခြင်း (ကာလဒါန)

ထိုသူသည် ထိုထိုဘဝ၌....
- ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာ၏
- များသော အသုံးအဆောင်ရှိ၏
- အခါအားလျော်စွာ ရောက်လာသော အကျိုးတရားတို့ များ ကုန်၏
- လိုအပ်သော အချိန်ကာလဝယ် လိုအပ်သော အကျိုးတရား များတို့ ရရှိ၏။

- အလှူခံပုဂ္ဂိုလ်အား ချီးမြှောက်လို၍ လှူခြင်း(အနုဂ္ဂဟဒါန)

ထိုသူသည် ထိုထိုဘဝ၌....
- ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာသည်
- များသော အသုံးအဆောင်ရှိသည်
- ရရှိအပ်သော စည်းစိမ်ပေါ်၌ သုံးဆောင်လိုစိတ် ရှိသည်
- သုံးလည်း သုံးဆောင်ရသည်။

- မိမိဂုဏ်ကိုလည်းကောင်း သူတစ်ပါးဂုဏ်ကိုလည်းကောင်းအစွန်း အဖြို အထိအခိုက်မရှိဘဲ လှူခြင်း(အနုပဃာတဒါန)

ထိုသူသည် ထိုထိုဘဝတို့၌....
- ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာ၏
- များသော အသုံးအဆောင်ရှိ၏
- မိမိဥစ္စာကို ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်
- အမွေခံ သားသမီးဆိုး မဖျက်ဆီးနိုင်။

www.dhammaransi.com



## အလှူကွဲပြားမှု အကျိုးခြားနားမှု

- ကံ-ကံ၏ အကျိုးကို ယုံကြည်သော်လည်း သဒ္ဓါတရား မရှိ၊ ကွဲရဲလွတ်ရုံမျှ လှူသူသည်၊ ဖြစ်လေရာ ဘုံဘဝဝယ် စည်းစိမ်ဥစ္စာ ရှိသော်လည်း ရုပ်ဆင်းအင်္ဂါ မပြည့်မစုံ ရှိတတ်သည်။
- လှူဖွယ်ဝတ္ထုကို စင်ကြယ်ကောင်းမွန်စွာ မစီမံဘဲ ဖြစ်ကတတ်ဆန်း လှူသောသူသည် ဖြစ်လေရာဘုံဘဝဝယ် ဥစ္စာစည်းစိမ် ရှိသော်လည်း သားမယား၊ ကျေးကျွန်၊ ခြွေရံတို့အပေါ်၌ သြဇာ မညောင်းပေ။
- အချိန်အခါမဟုတ်ဘဲ လှူဒါန်းသောသူသည် ဖြစ်လေရာဘုံဘဝဝယ် စည်းစိမ်ဥစ္စာရှိသော်လည်း မွန်မြတ်သော အသုံးအဆောင်တို့ကို သုံးဆောင်လိုစိတ်မရှိ၊ မသုံးဆောင်ရဘဲ ရှိသည်၊ အညံ့စားတို့ကိုသာ သုံးဆောင်ရသည်။
- မိမိဂုဏ်နှင့် သူတစ်ပါးဂုဏ်ကို ငြိစွန်းပြီးလှူသော သူသည် စည်းစိမ်ဥစ္စာရှိသော်လည်း ရန်သူမျိုးငါးပါးနှင့် သားသမီးဆိုးတို့ နှိပ်စက်ဖျက်ဆီးနိုင်သည်။

## အချိန်အခါလှူငါးမျိုးနှင့် အကျိုး

ကာလဒါနခေါ် အချိန်အခါအလှူ(၅)မျိုး ဟူသည်မှာ....

- ဧည့်သည်အာဂန္တုအား ပေးလှူခြင်း
- ခရီးသွားအား ပေးလှူခြင်း
- မကျန်းမာသူကို ပေးလှူခြင်း
- ငတ်မွတ်သူအား ပေးလှူခြင်း
- ကောက်ဦး သစ်ဦး တို့ကို သီလရှိသူအား ပေးလှူခြင်း။

ထိုက်သော ဒါနအလှူ၏ အကျိုးသည်—

- ပြန့်ပြော၏

www.dhammaransi.com



- အကျိုးကြီး၏
- တမလွန် ဆောက်တည်ရာဖြစ်၏။

ထိုအလှူတို့ကို ဝိုင်းဝန်းဆောင်ရွက်ကြသော သူတို့သည်လည်း ထပ်တူအကျိုး ရကြသည်။

အလှူခံတစ်ကျိပ်လေးနှင့် ပေးလှူအကျိုး

၁။ တိရစ္ဆာန်
၂။ သီလမရှိသော ပုထုဇဉ်
၃။ သီလရှိသော လူပုထုဇဉ်
၄။ သာသနာပ စျာန်ရရသေ့
၅။ သောတာပတ္တိမဂ်
၆။ သောတာပတ္တိဖိုလ်
၇။ သကဒါဂါမိမဂ်
၈။ သကဒါဂါမိဖိုလ်
၉။ အနာဂါမိမဂ်
၁၀။ အနာဂါမိဖိုလ်
၁၁။ အရဟတ္တမဂ်
၁၂။ အရဟတ္တဖိုလ်
၁၃။ ပစ္စေကဗုဒ္ဓါ
၁၄။ ဘုရားရှင်

၁။ တိရစ္ဆာန်တို့အား တစ်နပ်စာကျွေးမွေးခြင်းသည် ဘဝတစ်ရာ၌

- အသက်ရှည်ခြင်း
- အဆင်းလှခြင်း
- ခွန်အားကြီးခြင်း
- ချမ်းသာကြီးခြင်း
- ဉာဏ်ပညာကြီးခြင်း အကျိုးတို့ကို ခံစားရသည်။

၂။ သီလမရှိသော ပုထုဇဉ်တို့ကို တစ်နပ်စာကျွေးလျှင် ဘဝတစ်ထောင်

၃။ သီလရှိသော ပုထုဇဉ်တို့ကို တစ်နပ်စာကျွေးလျှင် ဘဝတစ်သိန်း

၄။ သာသနာပ စျာန်ရ ရသေ့ကို တစ်နပ်စာကျွေးလျှင် ဘဝကုဋေတစ်သိန်း

www.dhammaransi.com



၅။ သရဏဂုံ သီလရှိသော လူသာမဏေစသောသောတာပတ္တိမဂ်ထိ ပုဂ္ဂိုလ်တို့ကို တစ်နပ်စာကျွေးလျှင် ဘ၁၀ အသင်္ချေ

၆။ ဤမှအထက် ဘုရားရှင်တိုင်အောင် တစ်နပ်စာကျွေးလျှင် အသင်္ချေဆင့်ကာဆင့်ကာကောင်းကျိုးငါးပါး ခံစားရရှိ၏။

### အလှူတကာအလှူတွင် အမြတ်ဆုံးအလှူ

ဗုဒ္ဓသည် (၁၅) ဝါမြောက်ကို ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ ဝါဆိုတော်မူပြီးနောက် သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ကြွတော်မူသည်။

ထိုအချိန်တွင် နတ်အပေါင်းတို့သည် အညီအညွတ်စည်းဝေးကြပြီးနောက် အောက်ပါပြဿနာလေးရပ်ကို ဆွေးနွေးကြသည်။

- အလှူအပေါင်းတို့တွင် အဘယ်အလှူသည် အမြတ်ဆုံးဖြစ်သနည်း
- အရသာအပေါင်းတို့တွင် အဘယ်အရသာသည် အမြတ်ဆုံးဖြစ်သနည်း
- မွေ့လျော်ခြင်းအပေါင်းတို့တွင် အဘယ်မွေ့လျော်မှုသည် အမြင့်ဆုံးဖြစ်သနည်း
- တဏှာ၏ကုန်ဆုံးခြင်းဖြစ်သော အရဟတ္တဖိုလ်သည်သာလျှင် အဘယ်ကြောင့် အမြတ်ဆုံးဟု ဆိုအပ်ပါသနည်း

ထိုပြဿနာကို မည်သည့်နတ်တန်ခိုးကြီးသူမှ မဖြေကြားနိုင်ချေ။ စကြဝဠာတစ်တိုက်လုံး၌ (၁၂) ကြာမျှ လှည့်လည်အဖြေရှာသော်လည်း အစွမ်းအစမျှ အဖြေမရပေ။

ထိုအခါ စတုမဟာရာဇ်နတ် မင်းကြီးက နတ်သားအပေါင်းတို့အား အကျိုးအကြောင်း မေးသည်။ နတ်သားအပေါင်းတို့က ပြဿနာကို ပြောပြရာ နတ်မင်းကြီးတို့လည်း မဖြေကြားနိုင်ပြန်ချေ။

www.dhammaransi.com



နတ်မင်းကြီးတို့က သိကြားမင်းကို တစ်ဆင့် မေးကြပြန်သည်။ သိကြားမင်းလည်း ပြဿနာအဖြေကို မကြံတတ်သောကြောင့် ဇေတဝန်ကျောင်းတော်ရှိ ဘုရားထံသို့ သွားရောက်လျှောက်ထားကြသည်။

ထိုအခါ ဘုရားရှင်က....

- အလှူခပ်သိမ်းတို့တွင် တရားအလှူသည် အမြတ်ဆုံး
- အရသာခပ်သိမ်းတို့တွင် တရားအရသာသည် အမြတ်ဆုံး
- မွေ့လျော်ခြင်းခပ်သိမ်းတို့တွင် တရားနှင့် မွေ့လျော်ခြင်းသည် အမြတ်ဆုံး
- တဏှာကုန်ခြင်းအဆုံး၌ဖြစ်သော အရဟတ္တဖိုလ်သည်ကား ခပ်သိမ်းသော ဝဋ္ဋဒုက္ခ၏ကုန်ငြိမ်းခြင်းသို့ ရောက်စေတတ်သောကြောင့် စကန်အမြတ်ဆုံးဖြစ်သည်ဟု ဟောတော်မူသည်။[၁]

ဒါနအရာတွင် ဓမ္မဒါနကသာ သာလွန်သည်။

စကြဝဠာ အပြည့်အကြားမရှိ နေထိုင်ကြသော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ် အလှူခံပုဂ္ဂိုလ်အား သပိတ်လုံးတိုင်း အပြည့်ထည့်၍ မွန်မြတ်သောဆွမ်းကို ထည့်လှူရသော အလှူထက်လည်းကောင်း....

- သပိတ်လုံးတိုင်း အပြည့်ထည့်၍ လှူရသော ယောပတ်ဆီစသည် ဆေးအလှူထက်လည်းကောင်း၊

---

၁။ သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ
တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

www.dhammaransi.com



- မဟာဝိရခေါ် ကျောင်းတိုက်ကြီးပေါင်း သိန်းသောင်းများစွာ လှူသည်ထက်လည်းကောင်း၊
- လောဟပါသာဒပြာသာဒ်နှင့်တူသော ပြာသာဒ်ပေါင်း သိန်းပေါင်းများစွာကို ဆောက်လုပ်လှူဒါန်းသည် ထက်လည်းကောင်း၊
- အနာထပိဏ်သူဌေးလှူအပ်သော ကျောင်းတိုက်တို့ထက်လည်းကောင်း၊ တရားအလှူ (ဓမ္မဒါန) ကသာ သာလွန်၍ ချီးမွမ်းအပ်ပေသည်။

## အလှူ၏မျက်မှောက် တမလွန်အကျိုး

အခါတစ်ပါး၌ မြတ်စွာဘုရားရှင်သည် ဝေသာလီပြည်၊ မဟာဝုန်တောဝယ် ပြာသာဒ်ကျောင်း၌ သီတင်းသုံး နေထိုင်တော်မူသည်။

ထိုအခါတွင် သီဟမည်သော စစ်သူကြီးသည် ဘုရားရှင်တံချဉ်းကပ်လာပြီးနောက် ဘုရားရှင်ကို ရိုသေစွာ ရှိခိုးပြီး သင့်လျော်ပတ်သောနေရာ၌ ထိုင်နေသည်။

"မြတ်စွာဘုရား.... လောက၌ လှူဒါန်းပေးကမ်းမှုပြုသူအား မျက်မှောက်ဘဝ၌ ကိုယ်တိုင်တွေ့ကြုံ ခံစားရသော အကျိုးကျေးဇူးများ ရှိပါသလား ဘုရား၊ ထိုအကျိုးကျေးဇူးရှိက ဟောကြားပေးတော်မူပါ....ဘုရား"

"စစ်သူကြီး.... မျက်မှောက်ဘဝ၌ ကိုယ်တွေ့မျက်မြင် ခံစားအပ်သော လှူဒါန်းပေးကမ်းမှု၏ အကျိုးကို သိစေခြင်းငှာ ဟောပြောနိုင်စွမ်းရှိပါသည်၊ စစ်သူကြီး ပေးကမ်းစွန့်ကြဲမှုကို ပြုလုပ်သူ အလှူရှင်၌....

- လူအပေါင်းတို့သည် ချစ်ခင်ကြခြင်း၊ အလှူရှင်၏ ကိုယ်စိတ်နှစ်ပါးကို ချမ်းသာစေခြင်း၊

www.dhammaransi.com



- လူအပေါင်းတို့သည် ထိုအလှူရှင်ထံသို့ သက်ဝင်ဆည်းကပ်ကြခြင်း၊
- အလှူရှင်၏ ကောင်းမြတ်သော ဂုဏ်သတင်းသည် ပျံ့နှံ့ကျော်စောခြင်း၊
- ထိုအလှူရှင်သည် မင်းပရိသတ်၊ ပုဏ္ဏား၊ သူကြွယ်၊ ရဟန်းပရိသတ်တို့၏အလယ် ဝင်ရောက်ရာ၌ ကြောက်ရွံ့တုန်လှုပ်မှုမရှိ ရဲရဲဝံ့ဝံ့ မျက်နှာအမူအရာနှင့် ရှင်ပျ ကြည်လင်စွာ ဝင်ရခြင်းဟူသော အကျိုးလေးပါး ရရှိပါသည်။

"သီဟစစ်သူကြီး၊ ထိုမှတစ်ပါး အလှူရှင်သည် သေသည့်နောက်ဝယ် ကောင်းမှုရှိသူတို့ လားရောက်ရာ ဖြစ်သော နတ်ပြည်သို့ ရောက်ရတယ်၊ ဤကား တမလွန်ကောင်းကျိုးဖြစ်ပါတယ်"

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်သည် ဘုရားရှင် ဟောကြားတော်မူသော မျက်မှောက်အကျိုးလေးပါး၌ ယုံကြည်ခြင်းဖြင့် ဘုရားရှင်အား ဆည်းကပ်သည် မဟုတ်ပါ၊ တပည့်တော်သည် ထိုမျက်မှောက် အကျိုးလေးပါးကို သိပါသည်၊ ယခုအခါ တပည့်တော်သည် ထိုအကျိုးလေးပါးနှင့် ပြည့်စုံပါသည်"

အလှူရှင်သည် သေသည့်နောက်ဝယ် ကောင်းမှုပြုသူတို့ လားရောက်ရာဖြစ်သော နတ်ပြည်ရောက်ရသည်ဟူ ဘုရားရှင် ဟောကြားသော တမလွန်အကျိုးကို မသိပါ၊ ထိုတမလွန် အကျိုးကို ဟောတော်မူသော အရာ၌သာလျှင် ဘုရားရှင်အား ယုံကြည်ခြင်းဖြင့် ဆည်းကပ်ကိုးကွယ်ပါသည်။

www.dhammaransi.com



"သီဟစစ်သူကြီး၊ ဤအကြောင်းသည် သင်လျှောက်ထားသည့်အတိုင်း မှန်၏၊ ပေးကမ်းလှူဒါန်းသူ အလှူရှင်သည် သေသည်မှ အခြားမဲ့ဖြစ်သော နောင်ဘဝ၌ ကောင်းမှုရှိသူတို့ လားရောက်ရာဖြစ်သော နတ်ပြည်သို့ ရောက်ရပေသည်"

(အင်္ဂုတ္တိုရ် ပဉ္စကနိပါတ၊ ပထမပဏ္ဏာသက၊ သုမနဝဂ်၊ သီဟသေနာပတိသုတ်)

## ပေးကမ်းစွန့်ကြဲမှုရှိသူ၊ မရှိသူတို့၏ ခြားနားချက်

ကောသလမင်းကြီး၏ သမီးတော် သုမန မင်းသမီးသည် အခြွေအရံမင်းသမီး ငါးရာတို့နှင့်အတူ ရထားငါးရာဖြင့် သွားပြီး ဘုရားရှင်ထံသို့ ချဉ်းကပ်ကြသည်။

သုမနမင်းသမီးသည် ဘုရားရှင်ကို ရိုသေစွာရှိခိုး၍၊ သင့်တင့်လျောက်ပတ်၍ အပြစ်ကင်းသော နေရာ၌ ထိုင်ကာ ဘုရားရှင်ကို မေးခွန်းများ မေးလေသည်။

"မြတ်စွာဘုရား.... လောက၌ သဒ္ဓါ၊ သီလ၊ ပညာတရားတူမျှသော အမျိုးသားနှစ်ယောက်ရှိပါသည်၊ ထိုနှစ်ယောက်တွင် တစ်ယောက်သည် ပေးကမ်းစွန့်ကြဲတတ်ပါသည်၊ တစ်ယောက်မှာ မပေးကမ်း မစွန့်ကြဲတတ်ပါ၊ ထိုသူတို့သည် သေလွန်ပြီးနောက် ကောင်းမှုကုသိုလ် ပြုသူတို့ လားရာ နတ်ပြည်သို့ ရောက်ကြပါသည်။

"ထိုလူနှစ်ယောက်တို့သည် နတ်ပြည်၌ တစ်ဦးနှင့် တစ်ဦး ထူးခြားမှုများ ရှိပါသလော၊ သို့မဟုတ် နတ်အဖြစ်ရရှိအပ်သော အကျိုးကျေးဇူးများသည် အတူတူပင် ဖြစ်ကြပါသလော ဘုရား"

www.dhammaransi.com



"သုမနမင်းသမီး.... ထိုသူနှစ်ယောက်သည် ထူးခြားကွဲပြားပါသည်၊ နတ်ပြည်၌ဖြစ်တချင်း အတူတူ ပေးကမ်းစွန့်ကြဲသောသူသည် မပေးကမ်း မစွန့်ကြဲသူထက် နတ်၌ဖြစ်သောအသက်၊ အဆင်း၊ ချမ်းသာခြင်း၊ အခြံအရံအစိုးရခြင်း၊ (ဩဇာအာဏာရှိခြင်း)ဟူသော အကျိုးငါးပါး လွန်ကဲပေသည်"

"မြတ်စွာဘုရား.... ထိုသူနှစ်ယောက် နတ်ပြည်မှ စုတေ၍ အကယ်၍ လူ့ပြည်ပြန်ရောက်ကြသည်ရှိသော် လူအဖြစ်ရရှိကြသော အကျိုးကျေးဇူးများသည် အတူတူပင် ဖြစ်ကြပါ သလော ဘုရား"

"သုမနမင်းသမီး... ထိုသူနှစ်ယောက် လူ့ပြည်၌ ပြန်ဖြစ်ကြသော် အကျိုးပေး မတူကြပါ၊ ပေးကမ်းစွန့်ကြဲသူသည် မပေးကမ်း မစွန့်ကြဲသူထက် အသက်၊ အဆင်း၊ ချမ်းသာခြင်း၊ အခြံအရံအစိုးရခြင်း၊ ဩဇာအာဏာ ရှိခြင်းဟူသော အကျိုးငါးပါး လွန်ကဲပါသည်"

"မြတ်စွာဘုရား.... ထိုသူနှစ်ယောက်တို့သည် အိမ်ရာ မထူထောင်ဘဲ ရဟန်းပြုကြရာ၌၊ ထိုအခါ ထိုသူတို့၏ ရဟန်းအဖြစ်၌ ရအပ်သောအကျိုးကျေးဇူးများသည်လည်း အတူတူပင် ဖြစ်ပါသလား ဘုရား"

"သုမနမင်းသမီး....ထိုသူနှစ်ယောက် ရဟန်းဖြစ်သော်လည်း ထူးခြားရာ၏၊ ပေးကမ်းစွန့်ကြဲခြင်း ရှိခဲ့သောရဟန်းသည် မပေးကမ်း မစွန့်ကြဲသော ရဟန်းထက် အရှင်ဘုရား အလှူခံတော်မူပါဟု လျှောက်ထား တောင်းပန်၍ လှူဒါန်းအပ်သော သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ဟူသော ပစ္စည်းလေးပါးတို့၏ လိုလေသေးမရှိ ပြည့်စုံခြင်း၊ အရှင်ဘုရား၊ အလှူခံတော်မူပါဟု မတောင်းပန် မလျှောက်ထားသော်

www.dhammaransi.com



လည်း ပစ္စည်းလေးပါးအတွက် မချို့ငဲ့၊ အမြဲပြည့်စုံနေခြင်း၊ အတူနေ သီတင်းသုံးဖော်တို့၏ နှစ်သက်ဖွယ်ရှိသော ကိုယ်နှုတ်၊ စိတ်အမူအရာတို့နှင့်သာ တွေ့ကြုံရခြင်း၊ သီတင်းသုံးဖော်တို့သည် ထိုရဟန်း ကိုယ်စိတ်နှင့်ပါး ချမ်းသာစေရန်အတွက် ဂရုတစိုက် နေထိုင်ပေးခြင်းဟူသော ဤအကျိုးငါးမျိုးတို့ဖြင့် လွန်ကဲ မြင့်မြတ်ပေသည်''

''မြတ်စွာဘုရား.... ဘုရားရှင်၏ တရားတော်သည် အံ့ချီးဖွယ်ကောင်းလှပါသည်၊ မဖြစ်ဖူးမြဲ ထူးကဲ မြင့်မြတ်လှပါသည်၊ ပေးကမ်းစွန့်ကြဲမှုဟူသော ကုသိုလ်ကို ပြုလုပ်သင့်ပါသည်၊ ကုသိုလ်သည် နတ်ပြည်၌သော်လည်းကောင်း၊ လူ့ပြည်၌သော် လည်းကောင်း၊ ရဟန်းဖြစ်၍သော် လည်းကောင်း အလွန်ပင် ကျေးဇူးများလှပါသည် ဘုရား''

သုမနမင်းသမီးသည် ဤသို့လျှောက်ထားပြီး ဘုရားရှင်ထံမှ ခွဲခွာသွားလေသည်။

(အင်္ဂုတ္တိုရ် ပဉ္စကနိပါတ၊ ပထမပဏ္ဏာသက၊ သုမနဝဂ်၊ သုမနသုတ်)

www.dhammaransi.com

# အခန်း (၃)

## ဒါနဝေါဟာရ အမည်အမျိုးမျိုးနှင့် ဒါနဆိုင်ရာ သိမှတ်ဖွယ်ရာများ

ဒါနဝေါဟာရ အမည်အမျိုးမျိုး

- အာမိသဒါန-ဆွမ်းစသော လှူဖွယ်ဝတ္ထုတို့ကို ပေးလှူသော ဒါန (ပစ္စယဒါနဟုလည်း ခေါ်၏)။
- ဓမ္မဒါန-တရားဟောခြင်း၊ စာပေပို့ချခြင်း၊ စာအုပ်စာတမ်း လှူခြင်း စသော တရားဓမ္မတို့ကို ပေးလှူခြင်း။
- အဇ္ဈတ္တိကဒါန-ကိုယ်တွင်းဆိုင်ရာ အသက်ခန္ဓာ အင်္ဂါကြီးငယ်တို့ကို ပေးလှူခြင်း။
- ဗာဟိရဒါန-အပဖြစ်သော ဝတ္ထုပစ္စည်းတို့ကိုပေးလှူခြင်း။
- ဝတ္ထုဒါန-ပစ္စည်းဝတ္ထုတို့ကို ပေးလှူခြင်း။
- အဘယဒါန-အသက်စည်းစိမ် ဘေးမဲ့ပေးလှူခြင်း။
- ဝဋ္ဋနိဿိတဒါန-ဝဋ်ဆင်းရဲဖြစ်သော လောကီ စည်းစိမ်ကို တောင့်တ၍ ပေးလှူခြင်း။
- ဝိဝဋ္ဋနိဿိတဒါန-ဝဋ်ဆင်းရဲကင်းရာ နိဗ္ဗာန်ကို တောင့်တ၍ ပေးလှူခြင်း။
- သာဝဇ္ဇဒါန-သားငါးစသောသတ္တဝါတို့ကိုသတ်၍ အပြစ်နှင့်တကွ ဖြစ်စေကာ ပေးလှူခြင်း။
- အနဝဇ္ဇဒါန-သားငါး စသော သတ္တဝါတို့ကို သတ်ခြင်းကင်း၍ အပြစ်မရှိသောအားဖြင့် ပေးလှူခြင်း။

www.dhammaransi.com



- သာဟတ္ထိကဒါန-ကိုယ်တိုင်ကိုယ်ကျ မိမိလက်ဖြင့် ကိုယ်တွယ် ပေးလှူခြင်း။
- အာဏတ္တိကဒါန-သူတစ်ပါးကိုစေခိုင်း၍ ပေးလှူခြင်း။
- သက္ကစ္စဒါန–လှူဖွယ် ဝတ္ထုကို ကောင်းမွန်စွာ ပြုပြင်၍ ရိုရို သေသေ ပေးလှူခြင်း။
- အသက္ကစ္စဒါန–လှူဖွယ်ဝတ္ထုကို ကောင်းမွန်စွာ မပြုလုပ်ဘဲ မရိုမသေ ပေးလှူခြင်း။
- ဉာဏသမ္ပယုတ္တဒါန–ကံ ကံ၏အကျိုးကိုသိမြင်သောဉာဏ်ဖြင့် ပေးလှူခြင်း။
- ဉာဏဝိပ္ပယုတ္တဒါန–ကံ ကံ၏အကျိုးကိုမသိဘဲ သူတစ်ပါးကို အတုအပလိုက်၍ ပေးလှူခြင်း။
- အသင်္ခါရိကဒါန–သူတစ်ပါးတိုက်တွန်း၍ ပေးလှူခြင်း။
- သသင်္ခါရိကဒါန–သူတစ်ပါးတိုက်တွန်းခြင်းမရှိဘဲ ပေးလှူခြင်း။
- သောမနဿဒါန–စိတ်နေရွှင်လန်းချမ်းသာစွာပေးလှူခြင်း။
- ဥပေက္ခာဒါန–ဝမ်းလည်းမသာ ဝမ်းလည်းမနည်းဘဲ ပေးလှူခြင်း။
- ဓမ္မိယဒါန-တရားသဖြင့် ရှာဖွေရရှိသော ပစ္စည်း ဝတ္ထုကို ပေးလှူခြင်း။
- အဓမ္မိယဒါန–ခိုးဝှက်တိုက်ခိုက်၍ ရရှိသော ပစ္စည်း ဝတ္ထုကို ပေးလှူခြင်း။
- ဒါသဒါန–လောကီချမ်းသာစုကိုတောင့်တ၍ ပေးလှူခြင်း။
- ဘုဇိဿဒါန–လောကုတ္တရာချမ်းသာကို တောင့်တ၍ ပေးလှူခြင်း။
- သပရိဝါရဒါန– အခြံအရံနှင့်တကွ ပေးလှူခြင်း။
- အပရိဝါရဒါန– အခြံအရံမပါဘဲ လှူဖွယ်ပစ္စည်း တစ်ခုတည်း သက်သက်ပေးလှူခြင်း။

www.dhammaransi.com



ထာဝရဒါန၊ နေရာအမြဲတည်နေမည့် ကျောင်းကန်ဘုရား၊ စေတီပုထိုး စသည်တို့ကို ပေးလှူခြင်း။

အထာဝရဒါန၊ ခေတ္တခဏမျှသာ သုံးဆောင်ရသောပစ္စည်း ဝတ္ထုတို့ကို ပေးလှူခြင်း။

နိဗဒ္ဓဒါန၊ နေ့စဉ်မပြတ် အမြဲပေးလှူခြင်း။

အနိဗဒ္ဓဒါန၊ နေ့စဉ် မဟုတ်ဘဲ တတ်နိုင်သည့် အခါ ပေးလှူခြင်း။

ပရာမဋ္ဌဒါန၊ တဏှာဒိဋ္ဌိတို့ ကပ်ရောက်၍ ပေးလှူခြင်း။

အပရာမဋ္ဌဒါန၊ တဏှာဒိဋ္ဌိ မကပ်ရောက်ဘဲ ပေးလှူခြင်း။

ဥစ္ဆိဋ္ဌဒါန၊ အကြွင်း အကျန် အညံ့ အဖျင်း မဟုတ်သော ပစ္စည်းဝတ္ထုကို ပေးလှူခြင်း။

အနုစ္ဆိဋ္ဌဒါန၊ အကြွင်း အကျန် အညံ့ အဖျင်း မဟုတ်သော ပစ္စည်းဝတ္ထုကို ပေးလှူခြင်း။

သဇီဝဒါန၊ မိမိ အသက်ထင်ရှားရှိစဉ် ပေးလှူခြင်း။

အစ္စယဒါန၊ သေပြီးသည့်နောက်အခါကို ရည်မှန်း၍ ပေးလှူခြင်း။

ပုဂ္ဂလိကဒါန၊ ပုဂ္ဂိုလ် တစ်ဦးနှစ်ဦး စသည်အား ပိုင်းခြား၍ ပေးလှူခြင်း။

သံဃိကဒါန၊ သံဃာတော်ကို ရည်မှန်း၍ ပေးလှူခြင်း။

ကာလဒါန၊ အချိန်အခါကိုလိုက်၍ (အချိန်အခါကိုကြည့်၍) ပေးလှူခြင်း။

အကာလဒါန၊ အချိန်အခါကို ရွေးချယ်ခြင်း မရှိဘဲ ပေးလှူခြင်း။

ပစ္စက္ခဒါန၊ မျက်မြင်ကိုယ်တွေ့ ပေးလှူခြင်း။

အပစ္စက္ခဒါန၊ မျက်ကွယ်ရာ၌(မျက်ကွယ်ပြု၍)ပေးလှူခြင်း။

သဒိသဒါန၊ တစ်ဦးနှင့် တစ်ဦး တန်းတူ ရည်တူပြု၍ ပေးလှူခြင်း။

www.dhammaransi.com



အသဒိသဒါန၊ တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင် သူနိုင် ကိုယ်နိုင် ပေးလှူခြင်း။

ဟီနဒါန၊ ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသတို့ကို အညံ့စားထား၍ ပေးလှူခြင်း။

မဇ္ဈိမဒါန၊ ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသတို့ကို အလတ်စား ထား၍ ပေးလှူခြင်း။

ပဏီတဒါန၊ ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသတို့ကို အမြင့်မြတ်စား ထား၍ ပေးလှူခြင်း။

ဒါနဒါသ၊ မိမိသုံးဆောင်သော ပစ္စည်းထက် ယုတ်ညံ့သော ပစ္စည်းကို ပေးလှူခြင်း။

ဒါနသဟာယ၊ မိမိ သုံးဆောင်သော ပစ္စည်းနှင့် တန်းတူ ရည်တူ ပစ္စည်းကို ပေးလှူခြင်း။

ဒါနသာမိ၊ မိမိသုံးဆောင်သောပစ္စည်းထက် မြင့်မြတ်သော ပစ္စည်းကို ပေးလှူခြင်း။

ဒုက္ကရဒါန၊ မတွန့်မဆုတ် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား သူတစ်ပါး တို့ ပြုနိုင်ခဲသော ပစ္စည်းကို ပေးလှူခြင်း။

မဟာဒါန၊ အကြီးအကျယ် အံ့ဖွယ်လောက်အောင် ပေး လှူခြင်း။

သာမညဒါန၊ ခယဉ်းသည်လည်း မဟုတ်၊ ကြီးကျယ်သည် လည်း မဟုတ်ဘဲ ပေးလှူခြင်း။

မုဝဒါန၊ ကြံ့ခိုင်တည့်မတ်စွာ စိတ်ကိုဆောက်တည်၍ အမြဲ ထာဝရ ပေးလှူခြင်း။

အနုကုလဒါန၊ မျိုးရိုးစဉ်ဆက် ပေးလှူခြင်း။

ဝိစိနနဒါန၊ အလှူခံ ပုဂ္ဂိုလ်အား ရွေးချယ် စိစစ်၍ ပေး လှူခြင်း။

အဝိစိနနဒါန၊ အလှူခံပုဂ္ဂိုလ်ကိုမရွေးချယ်ဘဲပေးလှူခြင်း။

အဿုမုခဒါန၊ သူတစ်ပါး မျက်ရည်ကျအောင် လုယက်၍ ရလာသော ပစ္စည်းကို ပေးလှူခြင်း။

www.dhammaransi.com



အနုံသုမုခဒါန၊ သူတစ်ပါး မျက်ရည်မကျဘဲ တရားသဖြင့် ရသော ပစ္စည်းကို ပေးလှူခြင်း။

သဒက္ခဒါန၊ တုတ်-လှံတံတို့ဖြင့် ခြိမ်းခြောက်၍ပေးလှူခြင်း။

အဒက္ခဒါန၊ တုတ်-လှံတံတို့ဖြင့်မခြိမ်းခြောက်ဘဲပေးလှူခြင်း။

စိတ္တိကတဒါန၊ အမြတ်တနိုး စိတ်ပါလက်ပါ အံ့ဩဖွယ်ဖြစ်အောင် စီမံ၍ ပေးလှူခြင်း။

အစိတ္တိကတဒါန၊ အမြတ်တနိုးမဟုတ် စိတ်ပါလက်ပါမဟုတ်ဘဲ ပေးလှူခြင်း။

အနုပဝိဒ္ဓဒါန၊ စွန့်ပစ်ထားသော စားကြွင်းစားကျန်ကဲ့သို့ သဘောမထားဘဲ ပေးလှူခြင်း။

အပဝိဒ္ဓဒါန၊ စွန့်ပစ်ထားသော စားကြွင်း စားကျန်ကဲ့သို့ သဘောထားကာ လွှင့်ပစ်သလို ပေးလှူခြင်း။

အာဂမနဒိဋ္ဌိဒါန၊ ကံ-ကံ၏ အကျိုး ငါ့ထံ ရောက်လိမ့်မည်ဟု ယုံကြည်ကာ ပေးလှူခြင်း။

မနာဂမဒိဋ္ဌိဒါန၊ ကံ-ကံ၏ အကျိုး ငါ့ထံ ရောက်လိမ့်မည်မဟုတ်ဟု ကံ-ကံ၏ အကျိုးကို မယုံကြည်ဘဲ ပေးလှူခြင်း။

ပဏီတဒါန၊ မွန်မြတ်သောပစ္စည်းကို ပေးလှူခြင်း။

သုခဒါန၊ ယုတ်ညံ့ခေါင်းပါးသောပစ္စည်းကိုပေးလှူခြင်း။

သုခုမဒါန၊ နူးညံ့ပျော့ပျောင်းသော အဝတ်အထည်အခင်း စသည်တို့ကို ပေးလှူခြင်း။

သာမညဒါန၊ နေ့စဉ်အလှူဝတ်မပျက်စေခြင်းငှာ စောင့်ရှောက်သောအားဖြင့် ပေးလှူခြင်း။

ပဒါနဒါန၊ ဥပုသ်နေ့စသော အခါကြီးနေ့ကြီးများ၌ ပေးလှူခြင်းအစဉ်အဆက်မဟုတ်ဘဲ ကိုယ်တိုင်စထွင်၍ ပေးလှူခြင်း။

အာယာစိကဒါန၊ အလှူခံပုဂ္ဂိုလ်က မတောင်းခံဘဲ မိမိကိုယ်တိုင် အလှူခံပုဂ္ဂိုလ်၏ အလိုသိ၍ ပေးလှူခြင်း။

ယာစိတဒါန၊ အလှူခံပုဂ္ဂိုလ်က တောင်းခံသဖြင့် အလှူခံပုဂ္ဂိုလ်အလိုရှိသော ပစ္စည်းကို ပေးလှူခြင်း။

www.dhammaransi.com



မုတ္တစာဂဒါန၊ လှူဖွယ်ပစ္စည်းကို မတွန့်တိုဘဲ ပေးလှူခြင်း။

အမုတ္တစာဂဒါန၊ မလွတ်မကျွတ် တွန့်ဆုတ်တွန့်ဆုတ်ပေးလှူခြင်း။

ပရိယတ္တဒါန၊ လှူဖွယ်ဝတ္ထုထဲတွင် မိမိမစွမ်းနိုင်သော ဝတ္ထုကို ပေးလှူခြင်း။

အပရိယတ္တဒါန၊ လှူဖွယ်ဝတ္ထုထဲတွင် မိမိစွမ်းနိုင်သော ဝတ္ထုကို ပေးလှူခြင်း။

ပစ္စုပကာသန္နိဿိတဒါန၊ မိမိအား တစ်ဖန်ကျေးဇူးပြုမှုကို လိုလား၍ ပေးလှူခြင်း။

နပစ္စုပကာရသန္နိဿိတဒါန၊ မိမိအား တစ်ဖန်ကျေးဇူးပြုမှုကို မလိုလားဘဲ ပေးလှူခြင်း။

ပရူပဃာတာဝဟဒါန၊ သူတစ်ပါးကို ညှဉ်းဆဲနှိပ်စက်ခြင်းကို ဖြစ်စေတတ်သော လက်နက် အဆိပ်စသည့်တို့ကို ပေးလှူခြင်း။

နပရူပဃာတာဝဟဒါန၊ သူတစ်ပါးတို့အား မနှိပ်စက် မညှဉ်းဆဲတတ်သော သင့်လျော်သော ပစ္စည်းကို ပေးလှူခြင်း။

ကိဋ္ဌနဒါန၊ အကျိုးမဲ့ခြင်း၊ မေ့လျော့ပေါ့ဆစေခြင်းကို ဖြစ်စေသော ကစားဖွယ်ရာပစ္စည်းတို့ကို ပေးလှူခြင်း။

အကိဋ္ဌနဒါန၊ မြူးထူးပျော်ပါး ကစားရာ မဟုတ်သော ပစ္စည်းတို့ကို ပေးလှူခြင်း။

အသပ္ပါယဒါန၊ မလျော်ကန် မသင့်မြတ်သော ပစ္စည်းကို ပေးလှူခြင်း။

သပ္ပါယဒါန၊ လျော်ကန်သင့်မြတ်သော ပစ္စည်းကို ပေးလှူခြင်း။

ပမာဏရဟိတဒါန၊ အတိုင်းအရှည်ကိုမသိဘဲ ဖောဖောသီသီ အလွန်အကျွံ ပေးလှူခြင်း။

ပမာဏယုတ္တဒါန၊ အတိုင်းအရှည်ကို ချင့်ချိန်၍ ပေးလှူခြင်း။

မနုဉ္ဉဝိတဒါန၊ အလှူခံပုဂ္ဂိုလ်နှင့် လျော်ကန်ကိုက်ညီသော ပစ္စည်းကို ပေးလှူခြင်း။

www.dhammaransi.com



အနုနနုဇ္ဇဝိတဒါန၊ အလှူခံပုဂ္ဂိုလ်နှင့် မကိုက်ညီ မလျော်ကန်သော ပစ္စည်းကို ပေးလှူခြင်း။

ပိဋ္ဌအဇာနနဒါန၊ သူတစ်ပါးကို မညှဥ်းဆဲ မနှိပ်စက်ဘဲ ပေးလှူခြင်း။

ပိဋ္ဌဇနနဒါန၊ သူတစ်ပါးကို ညှဥ်းဆဲနှိပ်စက်၍ ပေးလှူခြင်း။

ဖလကခီဒါန၊ သမ္မောဓိ ဆုမှ တစ်ပါးသော အကျိုးကို တောင့်တ၍ ပေးလှူခြင်း။

အဖလကခီဒါန၊ တစ်ပါးသောဆုကို မတောင့်တဘဲ သမ္မောဓိဆုကိုသာ ဘောင့်တ၍ ပေးလှူခြင်း။

လာဘသက္ကာရသိလောကသန္နိဿိတဒါန၊ လာဘ်လာဘ အကျော်အစောကို လိုလားတောင့်တ၍ ပေးလှူခြင်း။

နလာဘသက္ကာရသန္နိဿိတဒါန၊ လာဘ်လာဘ အကျော်အစောကို မလိုလားဘဲ ပေးလှူခြင်း။

ဥဒ္ဒိဿဒါန၊ ပြိတ္တာတို့ကိုရည်မှန်း၍ ပေးလှူခြင်း။

အနုဒ္ဒိဿဒါန၊ ပြိတ္တာတို့ကို မရည်မှန်းဘဲ ပေးလှူခြင်း။

ပူဇာဒါန၊ မိမိထက်မြင့်မြတ်သော ပုဂ္ဂိုလ်အား ပူဇော်သောအားဖြင့် ပေးလှူခြင်း။

အနုဂ္ဂဟဒါန၊ မိမိအောက်ယုတ်သောပုဂ္ဂိုလ်အား ချီးမြှောက်သောအားဖြင့် ပေးလှူခြင်း။

နိစ္စဒါန၊ အမြဲမပြတ် ဝတ်တည်၍ ပေးလှူခြင်း။

အနိစ္စဒါန၊ အစဥ်အမြဲမဟုတ်ဘဲ ရံဖန်ရံခါ ပေးလှူခြင်း။

ဇာနဒါန၊ ဒါန၏အကျိုးကို ဉာဏ်ဖြင့် ပိုင်ပိုင်သိ၍ ပေးလှူခြင်း။

အဇာနဒါန၊ ဒါန၏ အကျိုးကို ဉာဏ်ဖြင့်မသိဘဲ ပေးလှူခြင်း။

ဓမ္မဒါန၊ တရားနှင့်လျော်ညီသော လှူဖွယ်ပစ္စည်းကို ပေးလှူခြင်း။

www.dhammaransi.com



အာမိသဒါန၊ တရားနှင့် မလျော်ညီသော လှူဖွယ်ပစ္စည်းကို ပေးလှူခြင်း။

ဓမ္မိကဒါန၊ တရားနှင့်အညီ ရည်မှန်းရာဖြစ်သော ပုဂ္ဂိုလ် သံဃာ စေတီတို့အား ပေးလှူခြင်း။

အဓမ္မိကဒါန၊ တရားနှင့်မညီ ရည်မှန်းရင်းမှ ပြောင်းလွှဲ၍ ပေးလှူခြင်း။

အဂ္ဂဒါန၊ အဦးအဖျား အမွန်အမြတ်ထား၍ ပေးလှူခြင်း။

ဥစ္ဆိဋ္ဌဒါန၊ အဦးအဖျားမဟုတ်ဘဲ စားကြွင်းစားကျန်ကို ပေးလှူခြင်း။

သြဇဒါန၊ သြဇာရှိသော ထောပတ်ဆီဦးစသည်ကို ပေးလှူခြင်း။

ပါနဒါန၊ အဖျော်ရည်ယမကာများကို ပေးလှူခြင်း။

ဇီဝိတဒါန၊ သတ္တဝါတို့အား အသက်ဘေးမှလွတ်၍ ဇီဝိတဒါနပြု ပေးလှူခြင်း။

သံဃနိဒ္ဒသံဃဒါန၊ သံဃာအားလှူရန် ရည်မှန်းထားသော ပစ္စည်းကို သံဃာအား ပေးလှူခြင်း။

စေတိယနိဒ္ဒစေတိယဒါန၊ စေတီအားလှူရန် ရည်မှန်းထားသော ပစ္စည်းကို စေတီအား ပေးလှူခြင်း။

ပုဂ္ဂလနိဒ္ဒပုဂ္ဂလဒါန၊ ပုဂ္ဂိုလ်အားလှူရန် ရည်မှန်းထားသော ပစ္စည်းကို ပုဂ္ဂိုလ်အား ပေးလှူခြင်း။

စီဝရဒါန၊ အဝတ်သင်္ကန်းတို့ကို ပေးလှူခြင်း။

ပိဏ္ဍပါတဒါန၊ ဆွမ်းခဲဖွယ် ဘောဇဉ် စားသောက်ဖွယ်ရာ တို့ကို ပေးလှူခြင်း။

သေနာသနဒါန၊ ကျောင်း အိပ်ရာ နေရာ၊ ထိုင်စရာအခင်း တို့ကို ပေးလှူခြင်း။

ဘေသဇ္ဇဒါန၊ ဆေး၊ ဆေးပစ္စည်းတို့ကို ပေးလှူခြင်း။

အာဂန္တုကဒါန၊ အာဂန္တုရဟန်းအား ပေးလှူခြင်း။

www.dhammaransi.com



ဂမိကဒါန၊ ခရီးသွားရဟန်းတို့အား ပေးလှူခြင်း။

ဂိလာနဒါန၊ မကျန်းမမာ ဖျားနာနေသော ရဟန်းအား ပေးလှူခြင်း။

ဒုဗ္ဘိက္ခဒါန၊ ငတ်မွတ်ခေါင်းပါး အစာရှားပါးချိန်၌ ပေးလှူခြင်း။

နဝသဿဖလဒါန၊ ကောက်ဦး သစ်သီးတို့ကို ဦးဦးဖျားဖျားပေးလှူခြင်း။

မဇ္ဇဒါန၊ မူးယစ်စေတတ်သော သေရည်သေရက် စသည်ကို ပေးလှူခြင်း။

သမဇ္ဇဒါန၊ ပွဲလမ်းသဘင်၊ ရေဒီယို၊ ကက်ဆက်၊ တီဗွီစသည်တို့ကို ပေးလှူခြင်း။

ဣတ္ထိဒါန၊ အလိုရှိသူများ သွားလာရန် ပြည့်တန်ဆာမများကို ငှားကာ ပေးလှူခြင်း။

ဥသဘဒါန၊ နွားမများရှိရာသို့ နွားသိုးကို အလိုရှိသလို မြူးထူးရန် လွှတ်ထား၍ ပေးလှူခြင်း။

စိတ္တကမ္မဒါန၊ မသင့်လျော်သော မဖွယ်မရာ မိန်းမယောကျ်ားပုံတို့ကို ပေးလှူခြင်း။

ရူပဒါန၊ အဆင်းလှပ တင့်တယ်သော အဝတ်အထည်တို့ကို ပေးလှူခြင်း။

သဒ္ဒဒါန၊ အသံကို ပေးလှူခြင်း။

ဂန္ဓဒါန၊ အမွှေးနံ့သာတိုင်တို့ကို ပေးလှူခြင်း။

ရသဒါန၊ အရသာရှိသော စားဖွယ် သောက်ဖွယ်များကို ပေးလှူခြင်း။

ဖောဋ္ဌဗ္ဗဒါန၊ ညောင်စောင်း အိပ်ရာ စသည်တို့ကို ပေးလှူခြင်း။

အာရာမရောပနဒါန၊ ပန်းအရာမ်၊ သစ်သီးအရာမ် စိုက်ပျိုး၍ ပေးလှူခြင်း။

www.dhammaransi.com



ဝန်ရောပနဒါန၊ အလိုအလျောက် ပေါက်ရောက်နေသော သစ်ဝါးအရာမ်ကို ပိုင်းခြား၍ဖြစ်စေ၊ အရိပ်ကောင်းသောသစ်ပင် စိုက်ပျိုး၍ ဖြစ်စေ ပေးလှူခြင်း။

သေတုကာကဒါန၊ တံတားလမ်းများခင်း၍ ပေးလှူခြင်း။

ပပါဒါန၊ ရေအိုး၊ ရေစင် ဆောက်လုပ်၍ ပေးလှူခြင်း။

ဥဒပါနဒါန၊ ရေတွင်း၊ ရေကန်၊ ရေမြောင်း၊ တူး၍ ပေးလှူခြင်း။

ဥပဿယဒါန၊ ဇရပ်တန်ဆောင်း ဂူကျောင်းဆောက်၍ ပေးလှူခြင်း။

အာသဇ္ဇဒါန၊ မိမိထံ အလှူခံရောက်လာ၍ ချက်ချင်းအရေးတယူ ပေးလှူခြင်း။

ဘယာဒါန၊ ကဲ့ရဲ့ ခံရမည်၊ အပါယ် ကျရောက် မည်ကို ကြောက်၍ပေးလှူခြင်း။

အဒါသိမေဒါန၊ မိမိအား ပေးလှူဖူးသူအား ကျေးဇူးဆပ်သောအားဖြင့် ပေးလှူခြင်း။

ဒဿတိမေဒါန၊ မိမိကပေးလှူလိုက်လျှင် မိမိအားလည်း ပြန်ပေးလိမ့်မည်ဟု ယူဆကာ ပေးလှူခြင်း။

သာဟုဒါန၊ လှူဒါန်းခြင်းသည် ဘုရားစသော သူတော်ကောင်းတို့ ချီးမွမ်းသည်၊ ကောင်းမွန်သော အလုပ်ဖြစ်သည်ဟု သိမြင်ကာ ပေးလှူခြင်း။

အဒါတုံနာရဟာမိဒါန၊ ချက်ပြုတ်၍စားနေသူက မချက်ပြုတ်ဘဲ စားနေသူအား ပေးလှူခြင်း။

သဂ္ဂလောကပတ္တနာဒါန၊ သေပြီးသည့်နောက် နတ်ပြည်သို့ သွားရောက်မည်ဟု နှလုံးသွင်း၍ ပေးလှူခြင်း။

စိတ္တပသာဒဒါန၊ ဒါနပြုက စိတ်ကြည်လင် ချမ်းသာမည်ဟု နှလုံးသွင်း၍ ပေးလှူခြင်း။

စိတ္တလင်္ကာရဒါန၊ သမထ ဝိပဿနာ၌ စိတ်တည်ကြည်စေရန် အခြံအရံအဖြစ် ပေးလှူခြင်း။

www.dhammaransi.com



သုစိဒါန၊ သန့်ရှင်းစင်ကြယ် တင့်တယ်သော ပစ္စည်းကို ပေးလှူခြင်း။

ပဏီတဒါန၊ မွန်မြတ်သော အရသာရှိသော ပစ္စည်းကိုပေး လှူခြင်း။

ကပ္ပိယဒါန၊ အလှူခံပုဂ္ဂိုလ်နှင့် အပ်စပ်သော ပစ္စည်းကို ပေးလှူခြင်း။

ဝိစေယျဒါန၊ အလှူခံပုဂ္ဂိုလ် လှူဖွယ်ပစ္စည်းကို ရွေးချယ်၍ ပေးလှူခြင်း။

အဘိဏှဒါန၊ စွမ်းနိုင်သမျှ တတ်အားသမျှ မပြတ်မလပ် ပေးလှူခြင်း။

စိတ္တပသာဒဒါန၊ ပေးလှူစဉ် စိတ်ကို ကြည်လင်စေ၍ ပေးလှူခြင်း။

အတ္တမနဒါန၊ ပေးလှူပြီးနောက် ဝမ်းမြောက်ဝမ်းသာ ဖြစ်အောင် ပေးလှူခြင်း။

သံဃပရိဏာတအညသံဃဒါန၊ အကြင်သံဃာအား လှူပါ မည်ဟု ရည်ရွယ်ထားပြီးမှ ထိုသံဃာအား မလှူဘဲ အခြားသံဃာ အား ပေးလှူခြင်း။

သံဃပရိဏာတစေတိယဒါန၊ သံဃာအားလှူမည်ဟုရည်ရွယ် ထားပြီးမှ စေတီအား ပေးလှူခြင်း။

သံဃပရိဏာတပုဂ္ဂလဒါန၊ သံဃာအား လှူမည်ဟု ရည်ရွယ် ထားပြီးမှ ပုဂ္ဂိုလ်အား ပေးလှူခြင်း။

စေတိယပရိဏာတအည စေတိယဒါန၊ အကြင် စေတီအား လှူမည်ဟုရည်ရွယ်ထားပြီးမှ ထိုစေတီအားမလှူဘဲ အခြားစေတီအား ပေးလှူခြင်း။

စေတိယပရိဏာတသံဃဒါန၊ စေတီအား လှူမည်ဟုရည်ရွယ် ထားပြီးမှ သံဃာအားပေးလှူခြင်း။

စေတိယပရိဏာတပုဂ္ဂလဒါန၊ စေတီအားလှူမည်ဟု ရည်ရွယ် ထားပြီးမှ ပုဂ္ဂိုလ်အားပေးလှူခြင်း။

www.dhammaransi.com



ပုဂ္ဂလပရိယာတအညပုဂ္ဂလဒါန၊ အကြင်ပုဂ္ဂိုလ်အားလှူမည်ဟု ရည်ရွယ်ထားပြီးမှ အခြားပုဂ္ဂိုလ်အား ပေးလှူခြင်း။

ပုဂ္ဂလပရိဏတသံဃဒါန၊ ပုဂ္ဂိုလ်အား လှူမည်ဟုရည်ရွယ်ထားပြီးမှ သံဃာအားပေးလှူခြင်း။

ပုဂ္ဂလပရိဏတစေတိယဒါန၊ ပုဂ္ဂိုလ်အား လှူမည်ဟု ရည်ရွယ်ထားပြီးမှ သံဃာအားပေးလှူခြင်း။

အန္နဒါန၊ ဆွမ်းဘောဇဉ် မုန့်ပဲသရေစာ စသည်တို့ကို ပေးလှူခြင်း။

ပါနဒါန၊ အဖျော်နှင့် အခြားသောက်ဖွယ်များကို ပေးလှူခြင်း။

ဝတ္ထဒါန၊ သက်နိုးစသော အဝတ်အထည်တို့ကိုပေးလှူခြင်း။

ယာနဒါန၊ မော်တော်ကား ဖိနပ်စသော ယာဉ်တို့ကိုပေးလှူခြင်း။

ဝိလေပနဒါန၊ အမွှေးနံ့သာ၊ နံ့သာတိုင်စသည်တို့ကို ပေးလှူခြင်း။

ဂန္ဓဒါန၊ နံ့သာတုံး၊ နံ့သာခဲ၊ စသည်တို့ကို ပေးလှူခြင်း။

မာလာဒါန၊ ပန်းအမျိုးမျိုးတို့ကိုပေးလှူခြင်း။

သေယျာဒါန၊ ညောင်စောင်း အင်းပျဉ်အိပ်ရာနေရာတို့ကို ပေးလှူခြင်း။

အာဝသထဒါန၊ ဇရပ်တန်ဆောင်းပြာသာဒ်ကျောင်းတို့ကို ပေးလှူခြင်း။

ပဒီပဒါန၊ ဆီမီးအလင်းရောင်၊ ဖယောင်းတိုင်၊ မီးသီး မီးချောင်းစသည်တို့ကို ပေးလှူခြင်း။

သတ္တဒါန၊ ဓား လှံ လေးမြား သေနတ်စသော လက်နက်များကို ပေးလှူခြင်း။

ဝိသဒါန၊ အဆိပ်တို့ကိုပေးလှူခြင်း။

သင်္ခလိကဒါန၊ ချည်နှောင်စရာ သံခြေကျင်း၊ လက်ထိပ် စသည်တို့ကို ပေးလှူခြင်း။

www.dhammaransi.com



ကုက္ကုရွသူကရဒါန၊ ကြက်ဝက်စသည်တို့ကို ပေးလှူခြင်း။

ကုလာကဋ္ဌဒါန၊ အလေးမမှန်သောချိန်၊ မပြည့်သောတင်းတောင်းစသည်တို့ကို ပေးလှူခြင်း။

ဆန္ဒာဒါန၊ အလှူခံပုဂ္ဂိုလ်အား ချစ်ခြင်းမေတ္တာဖြင့် ပေးလှူခြင်း။

ဒေါသာဒါန၊ မလွှဲမရှောင်သာ၍ အလှူခံပုဂ္ဂိုလ်အား မုန်းလျက်နှင့်ပင် ပေးလှူခြင်း။

မောဟာဒါန၊ အကောင်းအဆိုး အကြောင်းအကျိုးကိုမသိဘဲ မိုက်မဲတွေဝေသဖြင့် ပေးလှူခြင်း။

ဟာပေတုံနာရဟာမိဒါန၊ မိဘတိုးဘွား အလှူအနွယ်အဆက်ကို ထိန်းသိမ်းပေးလှူခြင်း။

သဒ္ဓါဒါန၊ အလှူ၏ အကျိုးကို ယုံကြည်၍ပေးလှူခြင်း။

အနုဂ္ဂဟိကစိတ္တဒါန၊ မစွဲမလမ်းပဲ လွတ်လွတ်စွန့်ကြဲလိုသောစိတ်၊ ချီးမြှောက်လိုသောစိတ်ဖြင့် ပေးလှူခြင်း။

### ပိဋကတ်အဆိုလာ အလှူဥပမာများ

အလှူ ဒါနသည် လူသားတို့၏ တက်လှမ်းရန် လှေကားသဖွယ် အခြေခံဖြစ်၍ အလှူဒါနနှင့်ပတ်သက်၍ ပုညကြိယာဝတ္ထုသုံးပါး၊ ပုညာဘိသင်္ခါရတရားသုံးပါး၊ သင်္ဂဟတရား လေးပါး၊ ရာဇဥပါယ်တရား လေးပါး၊ မင်းကျင့်တရား ဆယ်ပါး၊ ပါရမီ အကျဉ်း ဆယ်ပါး၊ အကျယ်သုံးဆယ်၊ မင်္ဂလာတရားသုံးဆယ့်ရှစ်ပါး၊ တရားအစုစုအသီးသီးတွင် တစ်ပါး အပါအဝင် အဖြစ် ဟောထား လမ်းညွှန်ခဲ့ပါသည်။

ထိုအလှူဒါနနှင့် ပတ်သက်၍ ယင်းသို့ အသီးသီး ပါသည့်အတိုင်း ဥပမာအမျိုးမျိုးတို့ဖြင့် နှိုင်းယှဉ်ပြီး ဟောပြောပြထားသည်ကိုလည်း တွေ့ရပါသည်။

- အလှူသည် သတ္တဝါတို့၏အားထားမှီခိုရာဖြစ်၍ သီဟာသနပလ္လင်ကြီးနှင့် တူ၏။

www.dhammaransi.com



- ဖြစ်လေရာ ဘဝတိုင်း ထောက်တည်ရာကို ရစေတတ်သော ကြောင့် မဟာပထဝီမြေကြီးနှင့် တူ၏။
- သတ္တဝါတို့ မြဲမြဲစွာ ကိုင်ထားအပ်သော တရား ဖြစ်သော ကြောင့် လက်ကိုင်ကြိုးတန်းနှင့် တူ၏။
- ဒုဂ္ဂတိဘယ ဆင်းရဲဒုက္ခ အမျိုးမျိုးမှ ထုတ်ဆယ် ကယ်တင် တတ်သော တရား ဖြစ်၍ လှေသင်္ဘောနှင့် တူ၏။
- လိုချင်တပ်မက်မှု လောဘ၊ နှမြော ဝန်တိုမှု မစ္ဆရိယ စသော ဆန့်ကျင်ဘက် ရန်သူဘေးမှ သက်သာရာကို ရစေတတ်သော တရား ဖြစ်သောကြောင့် စစ်မြေပြင်ရောက် စစ်သူရဲကောင်း နှင့် တူ၏။
- ဆင်းရဲနွမ်းပါးဥစ္စာရှားပါးခြင်း၏ဘေးရန်မှ စောင့်ရှောက် တတ်၊ ကာကွယ် ပေးတတ်သော တရား ဖြစ်ခြင်းကြောင့် ကောင်းစွာ တည်ဆောက်အပ်သော မင်းနေပြည်မြို့တော်နှင့် တူ၏။
- နှမြောဝန်တိုမှု မစ္ဆရိယ၊ မိမိ ပစ္စည်းကို တပ်မက်မှု လောဘ စသော စိတ်အညစ်အကြေးတို့ မလိမ်း မကပ်ငြိနိုင်သော တရား ဖြစ်သောကြောင့် ပဒုမ္မာကြာပန်းနှင့် တူ၏။
- ကိလေသာ လောင်စာ အမှိုက်တို့ကို လောင်မြိုက်စေတတ် သော တရားဖြစ်သောကြောင့် မီးနှင့် တူ၏။
- သဒ္ဓါနည်းပါး၍ မစ္ဆရိယ များသူကို ချဉ်းကပ်နိုင်ခဲသော တရား ဖြစ်သောကြောင့် အဆိပ်ထန်သော မြွေနှင့် တူ၏။
- ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝတို့၌ ကြောက်ရွံ့ဖွယ် ကင်း ရဲတင်းသော တရား ဖြစ်သောကြောင့် ခြင်္သေ့မင်းနှင့် တူ၏။
- အလှူပြုလုပ်သောသူသည် ယခုဘဝ၌ လိမ္မာယဉ်ကျေးသော ခြွေရံသင်းပင်းနှင့် ပြည့်စုံစေ၍ နောင် တမလွန်ဘဝ၌ သူ တစ်ပါးတို့ထက် ခွန်အားသာလွန်ကောင်းမွန်စေတတ်သော တရား ဖြစ်သောကြောင့် ဆင်ပြောင်ကြီးနှင့် တူ၏။

www.dhammaransi.com



- ခုရော နောင်ပါ နှစ်ဖြာသော ဘဝတို့၌ တိုးတက် ကြီးပွားကြောင်း၊ ကောင်းမြတ်သောမင်္ဂလာဟု ဘုရားရှင်တို့ သမုတ်အပ်သော တရား ဖြစ်သောကြောင့် ငွေတောင်အတူ ကိုယ်လုံး ဖြူသော နွားလားဥသဘနှင့် တူ၏။

- ဘေးရန်ထူပြောလှသော ဒုဂ္ဂတိဘဝမှ ဘေးရန် ကုန်ခန်းငြိမ်းချမ်းသာယာသော သုဂတိဘဝသို့ ပို့ဆောင်တတ်သော တရား ဖြစ်သောကြောင့် မြင်းပျံရတနာနှင့် တူ၏။

- အလှူရှင်၏ သိုမှီး သိမ်းဆည်းထားအပ်သော ဘဏ္ဍာထုပ်နှင့် တူ၏။

- ပေးကမ်းစွန့်ကြဲ လှူဒါန်းမှုသည် စစ်တိုက်ခြင်းနှင့် တူသည်။ လောကမှာ သေရမှာကြောက်ရွံ့သောသူသည် စစ်မတိုက်ဝံ့သကဲ့သို့ မိမိပစ္စည်း ကုန်ဆုံးမှာကို ကြောက်ရွံ့သောသူသည် မပေး မလှူနိုင်၊ အသက်ကို မငဲ့မကွက် သေချင်သေပါစေဟု ဆိုကာ စွန့်လွှတ်နိုင်မှသာ စစ်တိုက်နိုင်သကဲ့သို့ ပစ္စည်း ဥစ္စာ ကုန်လျှင်ကုန်ပါစေဟုဆိုကာ ပစ္စည်းဥစ္စာ၌ တွယ်တာကပ်ငြိမှု မရှိဘဲ အာလယ (အာသာဆန္ဒ)ပြတ်မှ ပေးလှူနိုင်ပါသည်။

- စစ်တိုက်ရာဝယ် စစ်သည် အနည်း အများသည် လိုရင်းပဓာနမဟုတ်ဘဲ ရဲစွမ်းသတ္တိ ရှိမရှိသာ လိုရင်း ပဓာန ဖြစ်သည်။ စစ်သည်အင်အား နည်းပါးသော်လည်း ရဲစွမ်းသတ္တိရှိလျှင် ရန်သူစစ်သည်အင်အားအများကို အနိုင်ရနိုင်သကဲ့သို့ ယုံကြည်မှု သဒ္ဓါစသည်တို့နှင့် ပြည့်စုံသော သူသည် အနည်းငယ်သော လှူဖွယ်ဝတ္ထုကို လှူသော်လည်း များသော နှမြောဝန်တိုမှု မစ္ဆရိယရန်သူကို နင်းချေနိုင်၏။

- သို့အတွက် ပေးလှူခြင်းသည် စစ်တိုက်ခြင်းနှင့်တူ၏။

- သံသရာခရီးသည်တိုင်း မဖြစ်မနေ ဆောင်သွားရမည့်တရား ဖြစ်သောကြောင့် ရိက္ခာထုပ်နှင့် တူ၏။

www.dhammaransi.com

# လှူရန်၌ ဆင်ခြင်ရန် ဓိတ်ထားများ

ပေးလှူမှု၏ အဟန့်အတား၊ အပိတ်အပင်၊ အနှောင့်အယှက် ဟူသမျှကို ကျော်လွှန်ကာ အလှူ အထမြောက်စေရန် နှလုံးသွင်း ဆင်ခြင်တတ်မှုသည် အလွန် အရေးကြီးလှပါသည်။ ဘုရားလောင်း အစရှိသော သူတော်ကောင်းတို့၏ နှလုံးသွင်း ဆင်ခြင်မှုကို အတုယူ လိုက်နာသင့်ပါသည်။

– ချမ်းသာ ကြွယ်ဝ-လိုတိုင်းရ စေရန်အတွက် ပစ္စည်း ဥစ္စာ အသုံးအဆောင် ဘဏ္ဍာများကို အလျှံတပြောင်ပြောင် မီး များ လောင်နေသော အိမ်ကြီးထဲမှ ဆွဲထုတ် ယူငင်သကဲ့သို့ အိုမှု၊ သေမှု စသော မီး(၁၁)ပါးတို့ တောက်လောင်ခံနေ ရသော လောကကြီးထဲမှ စွန့်ကြဲလှူဒါန်းမှုဖြင့် သံသရာရိက္ခာ ကုသိုလ်ထုပ်ကြီးကို ဆွဲထုတ်ယူငင်နိုင်ပေပြီဟု နှလုံးသွင်းကာ လှူဒါန်းရသည်။ *

– ပေးကမ်း စွန့်ကြဲ လှူဒါန်းမှုဖြင့် အရယူလိုက်သော ကုသိုလ် သည်သာ ချမ်းသာခြင်းအကျိုးကို ပေးနိုင်သည်။ မပေးလှူ မိသော ဥစ္စာ ပစ္စည်းတို့သည် ရန်သူမျိုး ငါးပါး နှိပ်စက် ဖျက်ဆီးလျှင် ပျက်စီး ဆုံးရှုံးတတ်သည်။ ကျန်ပစ္စည်းများ သည်လည်း၊ သေလျှင် စွန့်ပစ်သွားရမည်သာ ဖြစ်သည်ဟု ဉာဏ်ပညာဖြင့် ဆင်ခြင်၍ မသေခင်က ကြိုတင်၍ ပေးလှူရ မည်၊ သို့မှသာ ဝေဿန္တရာမင်းကြီးကဲ့သို့ နတ်ရွာသုဂတိသို့ လားရောက်ကြရမည်ဟု နှလုံးသွင်း၍ လှူဒါန်းရသည်။ *

– ဥစ္စာ-ရွှေ-ငွေ၊ လယ်ယာ-အိုးအိမ်-တိုက်တာ-ကျွန်ကျ ပိုင်ဆိုင် ကြပြီး ပစ္စည်းဥစ္စာတို့အပေါ်၌ ခင်မင်တွယ်တာနေကြသော သူတို့သည် အလှူဒါန ပြုလုပ်မိအောင် အောက်ပါအတိုင်း နှလုံးသွင်း ဆင်ခြင်သင့်သည်။

---

* သံ၊ ၁၊ ၂၉။

www.dhammaransi.com



- ငါလိုလား တောင့်တ တပ်မက်နေသော ပစ္စည်းတို့သည်–
  - ရန်သူမျိုးငါးပါးနှင့် ဆက်ဆံနေ၏၊
  - ငြင်းခုံခြင်း၏ အကြောင်း ဖြစ်၏၊
  - ခိုက်ရန်ပြုနိုင်၏၊
  - အနှစ်သာရမဲ့၏၊
  - ရရှိဖို့ အရေး၊ စောင့်ရှောက်ဖို့ အရေး၌ သူတစ်ပါးကို ညှဉ်းဆဲမှ ရမည်ဆိုလျှင် ညှဉ်းဆဲရခြင်း၏ အကြောင်း ဖြစ်၏၊
  - ယင်းပစ္စည်းများ ဆုံးရှုံး ပျက်စီးခဲ့သော် စိုးရိမ်ပူဆွေး ရခြင်းစသော ဆင်းရဲအမျိုးမျိုးနှင့် ကြုံတွေ့ရတတ်သည်။
  - ပစ္စည်း ဥစ္စာအပေါ် တပ်မက်မှုကြောင့် ဝန်တိုမှုရှိသူတို့ မှာ သေသော် အပါယ်သို့ လားရောက်နိုင်၏၊ ပြိတ္တာတို့
  - ဘောင်-ဥစ္စာဆောင်ဟု ဆိုရိုးစကား ရှိ၏၊
  - ကိုယ်ပိုင်တွေ့ ပစ္စည်းတို့သည် စင်စစ် အကျိုးမဲ့အမျိုးမျိုး သာ ဆောင်နိုင်ကုန်၏၊
  - ယင်း ပစ္စည်းတို့ကို စွန့်ကြဲပေးကမ်းမှုသည်သာ တစ်ခု တည်းသော ပစ္စုပ္ပန်သံသရာ ချမ်းသာကြောင်း အမှန် ဖြစ်သည်။

အလှူခံပုဂ္ဂိုလ်တို့ မိမိထံမှောက် ရောက်လာသည့်အခါ အကု သိုလ် မဖြစ်ဘဲ ကုသိုလ်တိုးပွား၍ အကျိုး များအောင် အလှူဒါန မြောက်အောင် ဆင်ခြင်တတ်ဖို့ အရေးကြီးလှပေသည်။

- အလှူခံပုဂ္ဂိုလ်တို့သည် လှူဖွယ်ဝတ္ထုကို ဘယ်အခါများ လာယူကြပါကုန်မည်နည်း၊
- ဘယ်ပုံ ဘယ်နည်း ငါသည် အလှူခံပုဂ္ဂိုလ်တို့ ချစ်မြတ်နိုး သူ ဖြစ်ရပါအံ့နည်း၊
- အဘယ်သို့လျှင် အလှူခံ ပုဂ္ဂိုလ် တို့က မဲတောင်း ရဘဲ အလိုက်သိစွာ ပေးလှူနိုင်ရပါအံ့နည်း၊

www.dhammaransi.com



- ပစ္စည်းဥစ္စာနှင့် အလှူခံပုဂ္ဂိုလ် ရှိပါလျက် မစွန့်မလှူခြင်းသည် ငါ့အဖို့ ကြီးစွာသော လှည့်စားမှုပင် ဖြစ်သည်။*

ဟု ဆင်ခြင်တတ်ရပေမည်။

ပေးကမ်းလှူဒါန်းရာ၌ အလှူခံပုဂ္ဂိုလ်သည် မိမိချစ်ခင်မြတ်နိုးကြည်ညို လေးစားအပ်သော ပုဂ္ဂိုလ်ဖြစ်လျှင်-

- ငါချစ်အပ်သောသူက ငါ့ကို တောင်းခံလာပေသည်ဟု ဝမ်းမြောက် ဝမ်းသာ ဖြစ်စေရမည်၊
- ထိုသို့မဟုတ် ချစ်လည်း မချစ်၊ မုန်းလည်း မမုန်းအပ်သော ပုဂ္ဂိုလ်ဖြစ်လျှင်-

"ငါ့ကိုတောင်းခံသောဤသူသည် ယခုစွန့်လွှတ်ခြင်းဖြင့် မိတ်ဆွေ ဖြစ်ရပေတော့မည် ဟု နှလုံးသွင်း ဆင်ခြင်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်စေရမည်"

သို့မဟုတ် ရန်သူဖြစ်သောပုဂ္ဂိုလ် တောင်းခံလာသော်-

"ငါ၏ ရန်သူသည် ငါ့ကို တောင်းခံလာပေသည်၊ ငါ့ကို တောင်းခံလာသော ဤရန်သူသည် ယခု ငါပေးလှူခြင်းဖြင့် ကောင်းမှုချ ချစ်ကျွမ်းဝင်သော ပုဂ္ဂိုလ်ဖြစ်ရပေတော့မည်ဟု နှလုံးသွင်း ဆင်ခြင်ရာ အထူးသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်စေရမည်"

ပေးလှူတတ်သူကို အလှူခံပုဂ္ဂိုလ်တို့က ချစ်မြတ်နိုးကြသည်၊ သို့အတွက် အာဘယ်ပုဂ္ဂိုလ် ရန်သူပုဂ္ဂိုလ်တို့၌ မေတ္တာရှေ့သွားရှိသော ကရုဏာကို ဖြစ်စေ၍ ပေးလှူကြရမည်။

လှူဖွယ်ဝတ္ထုလည်း ပြည့်စုံပြီး၊ အလှူခံ ပုဂ္ဂိုလ်သည် မိမိမျက်မှောက်၌ ထင်ရှား ဆိုက်ရောက်နေပါလျက် အချို့ပုဂ္ဂိုလ်မှာ ပေးလှူလိုစိတ် မဖြစ်ပေါ်ဘဲ ရှိတတ်သည်။ ယင်းသို့ဖြစ်သော်....

- ငါသည် ကောင်းမှုချ ရှေးဘဝက ပေးလှူခြင်း၌ အလေ့အထ မပြုလုပ်ခဲ့သည့်အတွက် ယခုအခါ ငါ့သန္တာန်မှာ

---

* စရိယ၊ ၅၊ ၂၀၄။

www.dhammaransi.com



> ပေးလှူလိုစိတ် ဖြစ်ပေါ်မလာခြင်း ဖြစ်သည်ဟု ဆုံးဖြတ်၍ နောက်နောင် ပေးလှူလိုစိတ် ဖြစ်ပေါ်လာအောင် ယနေ့မှစ၍ ငါပေးလှူတော့အံ့၊ ငါသည် ရှေးမဆွကပင် ကြိုတင်၍ ကိုယ်တိုင်ဝတ္ထုပစ္စည်းစုကို အလှူခံများအား စွန့်လှူထားအပ်ပြီ မဟုတ်ပါလော။

ဟု နှလုံးသွင်း ဆင်ခြင်၍ ပေးလှူဖြစ်အောင် ပေးလှူကြရမည်။

လှူဖွယ်ဝတ္ထုက ချို့တဲ့နည်းပါးနေပြန်လျှင်လည်း ပေးလှူစိတ်က မဖြစ်ပေါ်ဘဲ ရှိတတ်သည်၊ ယင်းသို့ဖြစ်ခဲ့သော်....

> "ငါသည် ရှေးဘဝများစွာက မပေးလှူခဲ့သည့်အတွက် ယခု ငါ့မှာ ဥစ္စာပစ္စည်း ချို့တဲ့ နွမ်းပါးရခြင်း ဖြစ်သည်၊ မရှိလို့မလှူ၊ မလှူလို့မရှိ ဖြစ်နေချေ တော့မည်၊ ထို့အတွက် ယခုအခါ ငါသည် နည်းသည်ဖြစ်စေ၊ ညံ့သည်ဖြစ်စေ၊ ရသမျှ လှူဖွယ်ဝတ္ထုဖြင့် ပေးလှူသင့်သည်။

ဟု ဆင်ခြင်၍ ပေးလှူရမည်။

## လားရာဂတိမြဲစေသော အလှူဒါန

ဆင်းရဲအပေါင်းမှ လွတ်ကင်း၍ လားရာဂတိ မြဲလိုသော် အောက်ပါအလှူတို့ကို လှူရပါသည်။

(၁) စာရေးတံမဲအလှူ
(၂) ဆယ်ငါးရက်တစ်ကြိမ် ပေးလှူသော ပက္ခိကဘတ်အလှူ
(၃) ဝါဆိုကျောင်းအလှူ
(၄) သင်္ကန်းအစရှိသော ပစ္စည်းအလှူ
(၅) ရေကန်အလှူ
(၆) ကျောင်းအလှူ

www.dhammaransi.com



ဤအလှူများကို လှူသောသူများသည် အမြဲမပြတ် နိဗ္ဗာန်အလှူကို ပြုရရောက်သောကြောင့် သောတာပန်နှင့်မခြား သဘောတူကြသည်၊ သောတာပန်ပမာ လားရာဂတိမြဲသော အကျိုးကို ရနိုင်သော အလှူဖြစ်၍ အထူးပြုလုပ် လှူသင့်သော အလှူများ ဖြစ်ကြပါသည်။ +

## ဆုတောင်း၍ လှူပါ

ထို့ပြင် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာဟူသော တရားငါးပါး တည်ရှိ၍ ဆုတောင်းမှုလည်း ရှိသောသူ၏ လားရာဂတိသည် မြဲ၏။ ဆုတောင်းမှုမရှိသော် အထက်ကောင်းကင်သို့ မြှောက်တင်ပစ်လွှင့်အပ်သော တုတ် လုံတံသည် အောက်မြေပြင်သို့ အဖျားပိုင်းဖြင့်ကျမည်၊ အလယ်ပိုင်းဖြင့်ကျမည်ဟု တိတိကျကျမှတ်သား၍ မရနိုင်သကဲ့သို့ လားရာဂတိ မမြဲနိုင်ခြင်း။

ထို့ကြောင့် ကုသိုလ်ကောင်းမှု တစ်ခုခုပြုခဲ့သော် သုဂတိဘုံ တစ်ခုခုကို ဆုတောင်း၍ ပြုသင့်ကြပေသည်။ ×

## (ဒါနအကျိုးတရားများ)

"လှည်း၌ တပ်အပ်သော နွားနောက်သို့ လှည်းဘီးပါသကဲ့သို့ မိမိပြုအပ်သော ကုသိုလ်ကံ၏ အစွမ်းသတ္တိသည် မိမိတို့၏သန္တာန်၌ အကြောင်းတိုက်ဆိုင် အခွင့်သင့်ရာ အချိန်ဝယ် အကျိုးပေးရန် အမြဲလိုက်နေတတ်ပါသည်။ ထိုစေတနာကံသည် ဥပါဒ်၊ ဌီ၊ ဘင် (ဖြစ်—တည်—ပျက်) အရ ချုပ်ပျောက် သွားသော်လည်း ထိုစေတနာကံ၏

---

\+ အံ၊ ၄—၃—၂၆၅
× မ၊ ၄၊ ၇—၁၀၄

www.dhammaransi.com



သတ္တိသည်ကား မိမိတို့ခန္ဓာအစဉ်ဝယ် လူသွားရာအရိပ်ပါသကဲ့သို့ အမြဲ လိုက်ပါနေပါသည်။

– လှူဒါန်းသောအခါ အလှူခံပုဂ္ဂိုလ်ကိုစားစေချင်၊ ကောင်းကောင်းမွန်မွန် ဝတ်စေချင်၊ နေစေချင်သော စေတနာသည် ဒါနမည်ပါသည်၊ ထိုဒါနကြောင့် ဖြစ်လေရာဘဝဝယ် ကောင်းကောင်းမွန်မွန် စားရ၊ ဝတ်ရ၊ နေထိုင်ရသော အကျိုးတရားများ ရရှိမည်မှာ သေချာလှပါသည်။

"မြတ်နိုးဖွယ်ရာ အရာဝတ္ထုကို လှူသောသူသည် မြတ်နိုးဖွယ်ရာ အရာဝတ္ထုကို ရရှိနိုင်၏"

"ဒါနသည် အလှူပေး၊ အလှူခံ နှစ်ဦးစလုံး၏ စိတ်ကို နူးညံ့ပျော့ပျောင်းအောင် ပြုနိုင်သည်"

"မလိမ္မာ မယဉ်ကျေးသူကို လိမ္မာ ယဉ်ကျေးစေနိုင်သည်၊ မိမိစကား နားမထောင်သူကိုလည်း နားထောင်စေနိုင်၏။" ၀

– အခြံအရံ၊ အပေါင်းအသင်း၊ ကျက်သရေ စည်းစိမ်ချမ်းသာတို့ကို ဖြည့်ဆည်းပေးစွမ်းနိုင်၏။

– တရားသဖြင့်ရသော ပစ္စည်းဝတ္ထုကို တရားထူးရသော ပုဂ္ဂိုလ်တို့အား ပေးလှူလျှင် ငရဲကြီးရှစ်ထပ်၊ ငရဲငယ် တစ်ဆယ့်ခြောက်ထပ်တို့ကို လွန်မြောက်၍ နတ်ပြည်သို့ လားရောက်နိုင်၏။

– လွန်ကဲထူးချွန် မွန်မြတ်သော လောကီစည်းစိမ်၊ လောကုတ္တရာ စည်းစိမ်အားလုံး တို့ကိုလည်း ဖြစ်ထွန်း ပေါ်ပေါက်စေနိုင်၏။ +

---

– ဒီ၊ ၅-၃-၂၂၇ + ဒီ၊ ဋီ၊ ၂-၆၁

www.dhammaransi.com



- သိကြွားမင်းစည်းစိမ်၊ ဗြဟ္မာမင်းစည်းစိမ်၊ မာရ်နတ်မင်းစည်းစိမ်၊ စကြာမင်းစည်းစိမ် စသော လောကီစည်းစိမ်၊ သာဝကပါရမီဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ အဘိသမ္ဗောဓိဉာဏ်ဟု ဆိုအပ်သော လောကုတ္တရာ စည်းစိမ်တို့ကို ပေးစွမ်းနိုင်၏။ ×

- (လူ့ပြည်၊ နတ်ပြည်သို့ လားရောက်နိုင်သည်မှာ ထင်ရှားသော်လည်း ဗြဟ္မာပြည်သို့မူကား ပေးလှူကာမျှဖြင့် မရောက်နိုင်၊သို့သော်ဒါနစေတနာသည်သမထဝိပဿနာ စိတ်၏ အခြံအရံ တန်ဆာဖြစ်၍ ပေးလှူပြီးနောက် ရန်ငြိုးဖွဲ့တတ်သော ရန်သူ၌သော်လည်း နူးညံ့သောစိတ်ဖြစ်ပေါ်လာပြီးလျှင် ဗြဟ္မဝိဟာရခေါ် ဗြဟ္မစိုရ်တရားတို့ကို ပွားများအားထုတ်ခဲ့ပါမူ ဗြဟ္မာပြည်သို့ လားရောက်စေနိုင်ပါသည်။)

- ဒါနသည်စျာန်၊ ဝိပဿနာ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ချမ်းသာကိုလည်း အားကြီးသော မှီရာအကြောင်း အထောက်အပံ့ ဥပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုပေးနိုင်သည်။

- သူတစ်ပါးကို နှိပ်စက်၍ မတရားသဖြင့် ရထားသော အသပြာ(၁၀)ကုဋေတန် အလှူသည် တောင်းရမ်း၍ ကောက်သင်းကောက် ရှာဖွေ၍ သားမယားကို ရှာဖွေ မွေးမြူသော ဆင်းရဲသား တစ်ယောက်၏ အသပြာ တစ်ကျပ်တန် အလှူ၏ ၂၅၆-ပုံ ပုံ၍ တစ်ပုံမျှမမီနိုင်၊ လှူဖွယ်ဝတ္ထုတန်ဖိုး နည်းသော်လည်း စင်ကြယ်၍ သဒ္ဓါထက်သန်က အကျိုးများစွာကြီးသောချမ်းသာကို ခံစားရသည်။

---

× ဒီ၊၄၊၂-၆၃

www.dhammaransi.com

## ဒါန၏ မျက်မှောက် အကျိုးတရား

ဘုရားရှင်သည် ဝေသာလီပြည် မဟာဝုန်တော၌ သီတင်းသုံးစဉ် သီဟစစ်သူကြီးက မေးလျှောက်လာ၍ ဒါန မျက်မှောက် အကျိုးတရားတို့ကို ဟောကြားတော်မူခဲ့ပါသည်။

အလှူလှူသော အလှူရှင်သည်-

- လူအများက မျက်နှာမြင်လျှင် ချစ်ခင်နှစ်သက်ခြင်း၊
- သူတော်ကောင်းတို့ ရှိခိုး ဆည်းကပ်လာခြင်း၊
- ဂုဏ်ကျေးဇူးသတင်း ပျံ့နှံ့ ကျော်ကြားခြင်း၊
- ပရိသတ် လေးပါး အလယ်၌ ရွံ့ရှာကင်း၍ ရဲတင်းစွာ ဝင်နိုင်ခြင်း၊
- သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့ လားရောက်ရခြင်း

ဟူသော အကျိုး(၅)ပါးကို ရရှိခံစားရသည်။+

ထို့ပြင်-

- ကိလေသာ ကင်းသော ရဟန္တာတို့၏ အချီးအမြှောက်ကို ဦးစွာ ခံယူရရှိခြင်း၊
- ရဟန္တာ အရှင်မြတ်တို့ ရှေးဦးစွာ ချဉ်းကပ်ခံရခြင်း၊
- လှူဖွယ်ဝတ္ထုကို ရှေးဦးစွာ လှူခွင့်ရခြင်း၊
- တရားတော်ကို ရှေးဦးစွာ နာခွင့်ရခြင်း၊
- ကောင်းသောဂုဏ်သတင်း ပျံ့သင်းကျော်ကြားရခြင်း၊
- ပရိသတ်လေးပါး အလယ်၌ တင့်တယ်ခြင်း၊
- သေသည်၏ အခြားမဲ့၌ နတ်ပြည်ရောက်ရခြင်း

ဟူသော အကျိုးထူးတို့ကို ခံစား ရရှိသည်။×

---

+ အံ-၂၊ ၄၃-၅ × အံ-၂၊ ၅၂-၉

www.dhammaransi.com

## ဒါနကြောင့် နောင်အခါရမည့် ပဋိသန္ဓေဘဝသစ်

အင်္ဂုတ္တိုရ် ဒါနဝဂ် ပဉ္စမသုတ်၌ ဒါနူပပတ္တိ (အလှူကြောင့် နောင်အခါရရှိမည့် ဘဝပဋိသန္ဓေ)တရား ရှစ်ပါးရှိကြောင်း ဘုရားရှင် ဟောကြားခဲ့ပါသည်။

ယင်းမှာ....

(၁) လူ့ပြည်၌ ကြွယ်ဝချမ်းသာသူများကိုမြင်၍ ထိုသူကဲ့သို့ ဖြစ်ရန် ဆုတောင်းမှုပြုကာ အလှူပေးသည်။ သီလဆောက်တည်သည်၊ သေလွန်သည်နောက် ဆုတောင်းသည့်အတိုင်း လူချမ်းသာ ဖြစ်ရသည်။

(၂) စတုမဟာရာဇ်နတ်များသည် တန်ခိုးစည်းစိမ်ချမ်းသာ ကြီးမားများပြားသည်ဟု ကြားသိရသဖြင့် ထိုစတုမဟာရာဇ်နတ်ပြည်၌ဖြစ်ရန် ဆုတောင်းမှုပြုကာ အလှူပေးသည်။ သီလဆောက်တည်သည်။ သေလွန်ပြီးသည်နောက် ဆုတောင်းသည့်အတိုင်း စတုမဟာရာဇ် နတ်ပြည်၌ ဖြစ်ရသည်။

(၃) တာဝတိံသာနတ်များသည် တန်ခိုးစည်းစိမ်ချမ်းသာ ကြီးမား များပြားသည်ဟု ကြားသိရသဖြင့် ထိုတာဝတိံသာနတ်ပြည်၌ဖြစ်ရန် ဆုတောင်းမှုပြုကာ အလှူပေးသည်၊ သီလဆောက်တည်သည်၊ သေလွန်ပြီးသည်နောက် ဆုတောင်းသည့်အတိုင်း တာဝတိံသာနတ်ပြည်၌ ဖြစ်ရသည်။

(၄) ယာမာနတ်များသည် တန်ခိုးစည်းစိမ်ချမ်းသာ ကြီးမားများပြားသည်ဟု ကြားသိရသဖြင့် ထိုယာမာနတ်ပြည်၌ ဖြစ်ရန် ဆုတောင်းမှုပြုကာ အလှူပေးသည်၊ သီလဆောက်တည်သည် သေလွန်ပြီးနောက် ဆုတောင်းသည့်အတိုင်း ယာမာနတ်ပြည်၌ ဖြစ်ရသည်။

(၅) တုသိတာနတ်များသည် တန်ခိုးစည်းစိမ်ချမ်းသာ ကြီးမားများပြားသည်ဟု ကြားသိရသဖြင့် ထိုတုသိတာနတ်ပြည်၌

www.dhammaransi.com



ဖြစ်ရန် ဆုတောင်းမှုပြုကာ အလှူပေးသည်၊ သီလဆောက်တည်သည်၊ သေလွန်ပြီးနောက် ဆုတောင်းသည့်အတိုင်း တုသိတာနတ်ပြည်၌ ဖြစ်ရသည်။

(၆) နိမ္မာနရတိနတ်များသည် တန်ခိုးစည်းစိမ်ချမ်းသာ ကြီးမားများပြားသည်ဟု ကြားသိရသဖြင့် ထိုနိမ္မာနရတိနတ်ပြည်၌ ဖြစ်ရန် ဆုတောင်းမှုပြုကာ အလှူပေးသည်၊ သီလဆောက်တည်သည်၊ သေလွန်ပြီးနောက် ဆုတောင်းသည့်အတိုင်း နိမ္မာနရတိဘုံ၌ ဖြစ်ရသည်။

(၇) ပရနိမ္မိတနတ်များသည် တန်ခိုးစည်းစိမ်ချမ်းသာ ကြီးမားများပြားသည်ဟု ကြားသိရသဖြင့် ထိုပရနိမ္မိတနတ်ပြည်၌ ဖြစ်ရန် ဆုတောင်းမှုပြုကာ အလှူပေးသည်၊ သီလဆောက်တည်သည်၊ သေလွန်ပြီးနောက် ဆုတောင်းသည့်အတိုင်း ထိုပရနိမ္မိတဝသဝတ္တိဘုံ၌ ဖြစ်ရသည်။

(၈) ဗြဟ္မာများသည် အသက်လည်းရှည်သည်၊ အဆင်းလည်းလှ၏၊ ချမ်းသာလည်းများ၏ဟု ကြားသိရသဖြင့် ထိုဗြဟ္မာပြည်၌ဖြစ်ရန် ဆုတောင်းမှုပြုကာ အလှူပေးသည်၊ သီလဆောက်တည်သည်၊ သေလွန်ပြီးနောက် ဆုတောင်းသည့်အတိုင်း ဗြဟ္မာပြည်၌ ဖြစ်ရသည်။

**မှတ်ချက်။** ဤအမှတ်(၈)၌ ဒါနသက်သက်ဖြင့်ပင် ဗြဟ္မာအဖြစ်ကို ရနိုင်သကဲ့သို့ ဟောထားသော်လည်း စစ်စစ်မှာ ဒါနသက်သက်ဖြင့်ကား ဗြဟ္မာအဖြစ်ကို မရနိုင်၊ နူးညံ့သောစိတ်ရှိသည်ဖြစ်၍ ဗြဟ္မဝိဟာရတရားကို ပွားများပြီးလျှင် ဗြဟ္မာဖြစ်နိုင်သည်ကို စွဲမြဲဟောကြားထားခြင်း ဖြစ်ပါသည်။

**အလှူအတွက် အခက်အလေးဖြာ**

ဒါနသည် ပုဂ္ဂိုလ်အဘန်းအစားမရွေး အလေးထား၍ ဖြည့်ကျင့်ရသောတရား ဖြစ်ပါသည်။ သံသရာ ခရီးတစ်လျှောက် ကျင်

www.dhammaransi.com



လည်ရမည့် သတ္တဝါမှန်သမျှ သံသရာခရီးရှည်လျှင် ရှည်သလောက် ဒါနရိက္ခာထုပ်ကြီးများ ပါသွားရန် လိုအပ်ပါသည်။ ဘုရားအလောင်းတော်ကြီးများပင်အရေးတကြီး ကျင့်ဆောင်ရမည့် ပါရမီအကျင့်တရားကို ဆင်ခြင်တော်မူကြရာ၌ ဒါနပါရမီကိုပင် ရှေးဦးစွာဖြည့်ဆည်းပါရမီဖြည့်ကြသည်ကို တွေ့ရပါသည်။

ဒါနသည် ဤမျှအရေးကြီးသော်လည်း မိမိပိုင်ပစ္စည်းကို စွန့်ကြဲလှူဒါန်းရမည်ဖြစ်ရာ အခက်အခဲများစွာ ရှိကြပါသည်။ သို့အတွက် ဒါနအတွက် အခက်အခဲလေးပါးကို ရှေးပညာရှိတို့က သတ်မှတ်တော်မူခဲ့ကြပါသည်။ ယင်းကို မန်လည်ဆရာတော်ဘုရားကြီးက....

''မိမိဥစ္စာ၊ နှစ်သက်စွာကို၊ သဒ္ဓါကြည်ဖြူ၊ ပေးအံ့ဟူ၍၊ လှူမည်ဝမ်းထဲ၊ ကြံမရဲရှင့်၊ ကြံခဲစွာဘိ၊ ကြံသည်ရှိလည်း၊ မငြိမနား၊ သဏ္ဍာန်အားဖြင့်၊ အသွားမတုံး၊ ထိလျှင်ဆုံးမျှ၊ သုံးဆယ့်သုံးတန်၊ လက်သစ်ပြန့်သည့်၊ သန်လျက်ဓားကို၊ ထင်ရှားပြတ်ပြတ်၊ မျိုသောထက်လျှင်၊ နှုတ်ထွက်ငါသည်၊ ပေးမည်မြွက်ခဲ၊ မြွက်ထပဲလျက်၊ ရဲရဲရက်ရက်၊ အပေးခက်ရှင့်၊ ဆက်ဆက်မုချ၊ ပေးပြီးမှလည်း၊ နောင်တမပူ၊ ခဲစွဟူ၏ဟု စပ်ဆိုခဲ့ပါသည်။ (မဃဒေဝလင်္ကာ၊ ပုတ္တောဝါဒ၊ ပိုဒ် ၂၀၅)

ယင်းလင်္ကာအရ အလှူဒါနနှင့်ပတ်သက်၍....

(၁) မိမိပိုင်မြတ်နိုးအပ်သောပစ္စည်းကို သဒ္ဓါကြည်ဖြူစွာ ပေးလှူအံ့ဟု စိတ်ထဲမှာ ကြံစည်ဖို့ရာ ခက်ခဲလှသည်။

(၂) စိတ်ထဲမှာ ကြံစည်လာသည့်အတိုင်း ပေးလှူအံ့ဟု နှုတ်ထွက်စကား ပြောဆိုနိုင်ဖို့သည် ၃၃ လက်သစ်ရှိသော သန်လျက်ကို မျိုရခြင်းထက် ခက်ခဲသည်။

(၃) နှုတ်ထွက်စကားပြောကြားနိုင်ဖို့ထက် ရက်ရက်ရောရော လက်တွေ့ပေးလှူနိုင်ဖို့က ပို၍ခက်ခဲသည်။

www.dhammaransi.com



(၄) ရက်ရက်ရောရော ပေးလှူပြီးနောက် နောင်တစ်ဖန် မပူပန် ဖို့က ပို၍ ခက်ခဲသည်။

အလှူဟန့်တား အကြောင်းတရားများ

လောကရှိ သတ္တဝါတိုင်းတွင် ပေးလှူလိုစိတ်ကို ဟန့်တားတတ်သော အကြောင်းတရားတို့သည် သံသရာအဆက်ဆက်က ထုနှင့်ထည်နှင့် ပါလာတတ်ပါသည်။

| | | | |
|---|---|---|---|
| ယင်းတို့ကား .... | လိုချင်တပ်မက်မှု | .... | လောဘ |
| | အမျက်ထွက်မှု | .... | ဒေါသ |
| | ပေးလှူခြင်းကို အကျိုး | | |
| | ရှိ-မရှိ မသိတွေဝေမှု | .... | မောဟ |
| | ငြူစူမှု | .... | ဣဿာ |
| | နှမြောဝန်တိုမှု | .... | မစ္ဆရိယ |
| | ထောင်လွှားတက်ကြွမှု .... | | မာန |

တို့ပင် ဖြစ်ပါသည်။

နှမြောဝန်တိုသူတို့သည် ပစ္စည်းဥစ္စာ များစွာရှိသော်လည်း မလှူရက်ကြ၊ နှမြောဝန်တိုသူတို့သည် သူတော်ကောင်းတို့၏ လှူပုံလှူနည်းကို အတုလိုက်၍ မလှူဒါန်းနိုင်ကြကုန်၊ ယင်းသို့ မလှူဒါန်းနိုင်ခြင်းသည် အလှူခံပုဂ္ဂိုလ်တို့အပေါ်၌ အမျက်ထွက်မုန်းတီးခြင်း၊ လှူဖွယ်ဝတ္ထု၌ တပ်မက်ခင်တွယ်ခြင်းတို့ကြောင့် ဖြစ်သည်။ ×

ထို့ပြင် ပေးလှူလိုက်လျှင် ကုန်သွားလိမ့်မည်၊ ငါနှင့်တကွ ငါ့မိသားစုတွေ စားရတော့မည် မဟုတ်ဟု နှမြောဝန်တိုမှု မစ္ဆေရ၊ မေ့လျော့မှု ပမာဒ ဟူသော အကြောင်း နှစ်ပါးကြောင့်လည်း ဖြစ်တတ်သည်။ *

---

× ဒီ-ဋ္ဌ-၁-၃၂၉၊ သံ၊ ၁၊ ၁၈-ဣတိဝုတ်၊ နှာ-၂၂၇။
* သံ၊ ၁။ ၁၇။

www.dhammaransi.com



ငတ်မည့်ဘေးကို ကြောက်၍ မလှူသောသူအား မကြာခင် အငတ်ဘေးသည် မိမိထံသို့ ရောက်လာတတ်ပေသည်။ နှမြောဝန်တိုမှု မစ္ဆရိယသည် စည်းစိမ်ဥစ္စာရခြင်း၏ အကြောင်းရင်းဖြစ်သော ပေးကမ်းစွန့်ကြဲ လှူဒါန်းမှုကို တားမြစ်တတ်သောကြောင့် ယင်း မစ္ဆရိယလောက် ယုတ်ညံ့သော အကြောင်းတရားသည် မရှိပေ။

အမှန်မှာ ငတ်မွတ်မှု ဘေးကို ကြောက်လန့်သော သူသည် နှမြောဝန်တိုမှု မစ္ဆရိယကို ပယ်ဖျောက်၍ လှူဒါန်း ပေးကမ်းရမည်သာ ဖြစ်သည်။

## သဒ္ဓါတရား

ဒါန၏ အာနိသင် ကြီးမြင့်ကြောင်း အင်္ဂါ (၅) ပါးတွင် "ကံ-ကံ၏ အကျိုးကို ယုံကြည်မှု သဒ္ဓါတရားရှိခြင်း" ဟူ၍ ပါရှိရာ ယုံကြည်မှုသဒ္ဓါတရားကို နားလည်သဘောပေါက်ရန် အရေးကြီး လှပေသည်။

သဒ္ဓါဟူသော စကားကို "ယုံကြည်ခြင်း" ဟု မြန်မာဘာသာ ပြန်ဆိုကြသည်။ သဒ္ဓါရင်းအတိုင်း အနက် ပြန်ဆိုရသော်....

"ကောင်းစွာ ဆောင်ထားတတ်သောတရား" ဟူ၍ အနက် ပြန်ဆိုရလေသည်။

အလွန် ကြည်လင်၍ အနည်ထိုင်နေသော ရေသည် လရိပ်၊ နေရိပ်အစရှိသည်ကို မိမိ၌ ဆောင်ထားနိုင်သကဲ့သို့ ဤသဒ္ဓါတရား မှာလည်း ကိလေသာမှု အညစ်အကြေး ကင်းစင်သဖြင့် မြတ်စွာ ဘုရား၏ ဂုဏ်တော် အစရှိသော အာရုံများကို မိမိ၌ ကောင်းစွာ ထားသကဲ့သို့ ဖြစ်သည်။

လောက ဥပမာအားဖြင့် လူတို့မှာ-

- လက် မရှိလျှင် ရတနာတို့ကို မြင်သော်လည်း မကောက်ယူနိုင်သကဲ့ လည်းကောင်း၊

www.dhammaransi.com



- ဥစ္စာ မရှိလျှင် အသုံးအဆောင်အမျိုးမျိုးကို မသုံးဆောင်နိုင် သကဲ့သို့ လည်းကောင်း၊
- မျိုးစေ့ မရှိလျှင် ကောက်ပဲ စသည် မပြည့်စုံနိုင် သကဲ့သို့ လည်းကောင်း-

ထို့အတူ သဒ္ဓါတရား မရှိလျှင် -

- ဒါန-သီလ-ဘာဝနာ အစရှိသော ကောင်းမှုရတနာတို့ကို မကောက်ယူနိုင်၊
- လူ့ နတ် ဗိမာန် စည်းစိမ်တို့ကို မရနိုင်၊ မပြည့်စုံနိုင်သော ကြောင့်-

ဤသဒ္ဓါတရားကို-
လက်နှင့် တူ၏ဟူ၍ လည်းကောင်း၊
ဥစ္စာနှင့် တူ၏ဟူ၍ လည်းကောင်း၊
မျိုးစေ့နှင့် တူ၏ဟူ၍ လည်းကောင်း-

ဘုရားရှင် ဟောကြားတော်မူသည်။

မိလိန္ဒပဉ္စာပါဠိတော် အဋ္ဌသာလိနီအဋ္ဌကထာ စသောကျမ်း ဂန်တို့၌ ဤ သဒ္ဓါတရားသည် စကြာမင်းကြီး၏ ပတ္တမြားရတနာ နှင့် တူကြောင်း လာရှိပါသည်။

စကြာမင်းကြီး၏ ပတ္တမြား ရတနာသည် မည်မျှလောက် နောက်ကျုနေသော ရေဖြစ်စေကာမူ ရေထဲသို့ထည့်လိုက်က ထိုရေ နောက်ကို လက်ငင်းခဏချင်း ကြည်လင်သွားစေနိုင်သကဲ့သို့ စိတ်၌ ရှိသော ကိလေသာ အညစ်အကြေး ဟူသမျှကို သဒ္ဓါတရားသည် လက်ငင်းခဏချင်း ပယ်ရှား၍ ကြည်လင်သွားစေနိုင်သည်။ သဒ္ဓါ တရားဖြစ်နေလျှင် သောက စသော ညစ်ညူးမှု တစ်စုံတစ်ရာ မဝင် နိုင်ဟု ဆိုပါသည်။

www.dhammaransi.com

## ဒါန၏ အာနိသင်ကြီးကြောင်း

ဒါန၏ အကျိုးကြီးသည်၊ အာနိသင်ကြီးသည်၊ ဒါန၏ အာနိသင်ကြီးမှုနှင့်ပတ်သက်၍ ဘုရားရှင်က အင်္ဂုတ္တရနိကာယ်၊ ဆက္ကနိပါတ်ဒေဝတာဝဂ်၊ဒါနသုတ်၌ ဝေဠုကဏ္ဍကီမြို့သူ နန္ဒမာတာ ဥပါသိကာ ဒါယိကာမက အဂ္ဂသာဝကနှစ်ပါး အမှူးရှိသော ရဟန်းသံဃာအား အင်္ဂါခြောက်ပါးရှိသော အလှူကြီး ပေးလှူနေသည်ကို ဘုရားရှင်သည် ဇေတဝန်ကျောင်းမှနေရင်း ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် မြင်တော်မူ၍ ရဟန်းတို့ကို ဟောကြားသည်မှာ....

''ချစ်သားတို့ ဝေဠုကဏ္ဍကီမြို့သူ နန္ဒမာတာဥပါသိကာမသည် သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့ အမှူးရှိသော ရဟန်းသံဃာအား....

- မလှူမီရှေးအဖို့၌ ကြိုတင်ဝမ်းမြောက်ခြင်း၊
- လှူဆဲအခါမှာ စိတ်စေတနာကောင်းစွာ ကြည်လင်ခြင်း၊
- လှူဒါန်းပြီးနောက် နှစ်သက်ဝမ်းမြောက်သောစိတ်ရှိခြင်း၊

  ဟူသော ဒါယကာဘက်က အင်္ဂါ (၃) ပါး။
- ရာဂကင်းပြီးသူ ဖြစ်ခြင်း၊(သို့မဟုတ်)ရာဂကင်းရန် ကျင့်ကြံအားထုတ်နေသူ ဖြစ်ခြင်း၊
- ဒေါသကင်းပြီးသူ ဖြစ်ခြင်း (သို့မဟုတ်) ဒေါသကင်းရန် ကျင့်ကြံအားထုတ်နေသူ ဖြစ်ခြင်း၊
- မောဟကင်းပြီးသူ ဖြစ်ခြင်း (သို့မဟုတ်) မောဟကင်းရန် ကျင့်ကြံအားထုတ်နေသူ ဖြစ်ခြင်း၊

ဟူသော အလှူခံပုဂ္ဂိုလ်၏ အင်္ဂါ (၃) ပါး။

ဤခြောက်ပါးနှင့် ပြည့်စုံသော အလှူကို လှူနေသည်။

ချစ်သားတို့ မဟာသမုဒ္ဒရာရေကို နှိုင်းယှဉ်ချင့်တွက်၍ မရ သကဲ့သို့ ဤအတူဤအင်္ဂါခြောက်ပါးနှင့်ပြည့်စုံသော အလှူ၏ အကျိုး

www.dhammaransi.com



ကိုလည်း နှိုင်းယှဉ်ရေတွက်၍မရနိုင်၊ စင်စစ်အားဖြင့် မဟာသမုဒ္ဒရာ ရှိသော ရေအစုကို မရေတွက်နိုင်သော ရေအစုဟု ခေါ်ရသကဲ့သို့ ထို့အတူ အင်္ဂါခြောက်ပါးနှင့်ပြည့်စုံသော အလှူကိုလည်း အတိုင်းမသိအောင် အကျိုးပေးခြင်းရှိသော အလှူဟူ၍သာ ခေါ်ဆိုရပေသည်ဟု ဟောတော်မူသည်။

ဘုရားရှင်၏ ဤဟောကြားချက်အရ အလှူပေးပုဂ္ဂိုလ်ဘက်က စေတနာသုံးတန် ထက်သန်ခြင်း၊ အလှူခံပုဂ္ဂိုလ်ဘက်မှ လောဘ၊ ဒေါသ၊ မောဟကင်းပြီးသူ ဖြစ်ခြင်း (သို့မဟုတ်) ကင်းငြိမ်းရန် ကျင့်ကြံနေသူ ဖြစ်ခြင်း၊ ဤအင်္ဂါခြောက်ပါးနှင့်ပြည့်စုံက ဒါန၏ အာနိသင်ကြီးကြောင်း ဖြစ်သည်။

ဤအင်္ဂါများ ယုတ်လျော့လျှင် ဒါန်အာနိသင် ဆုတ်ယုတ်သည်ဟု မှတ်ယူရပါသည်။

ထို့ပြင် ဒသကနိပါတ် မဟာဓမ္မပါလဇာတ်၌ ခမည်းတော် သုဓမ္မါဓိနေအလောင်းဖြစ်သော မဟာဓမ္မပါလပုဏ္ဏားကြီးကို ဒိသာပါမောက္ခဆရာကြီးက....

"သင်တို့ ဓမ္မပါလအမျိုး၌ အဘယ်ကြောင့် သက်တမ်းမပြည့်ဘဲ ငယ်ငယ်ရွယ်ရွယ် သူငယ်များကမသေကြပါသနည်း"ဟုမေးသည်

'ငါတို့သည် မလှူမီ ရှေးအဖို့ကလည်း ကောင်းစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါကုန်၏၊ လှူဆဲမှာလည်း နှစ်သက်ဝမ်းမြောက်သောစိတ် ရှိကြပါကုန်၏။ လှူပြီးသည့်နောက်မှာလည်း တွန့်တိုပူပန်ခြင်း မရှိကြပါကုန်။ ဤအကြောင်းသုံးရပ်ကြောင့် ငါတို့ ဓမ္မပါလအမျိုး၌ သက်တမ်းမပြည့်ဘဲ ငယ်ငယ်ရွယ်ရွယ်၌ မသေကြပါကုန်"ဟု ဖြေသည်.

ဤအဖြေစကားအရ စေတနာသုံးတန် ညီညွတ်ခြင်းသည် လက်ငင်း ဒိဋ္ဌအသက်ရှည်ခြင်းဟူသော အကျိုးပေးနိုင်သော အစွမ်းသတ္တိ အာနိသင်ရှိကြောင်း သိရပါသည်။

တစ်ဖန် အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ဓမ္မပဒအဋ္ဌကထာတို့၌ အောက်ပါ အင်္ဂါလေးပါးနှင့်ညီညွတ်သော အလှူဒါနသည် ပုဏ္ဏား

www.dhammaransi.com



သူဌေး၊ ကာကဝလိယသူဌေး၊ သုမန ပန်းသည်တို့၏ အလှူဒါနကဲ့သို့ ဤဘဝမှာပင် ကြီးစွာသော အကျိုးပေးနိုင်သည်ဟု ဆိုပါသည်။

- လှူဖွယ်ဝတ္ထုပစ္စည်းက တရားသဖြင့် ရှာမှီးအပ်သော ဓမ္မိယ လဒ္ဓ ဖြစ်ခြင်း၊
- သဒ္ဓါယရား ထက်ထက်သန်သန် စေတနာသုံးတန် ညီညွတ်၍ လှူခြင်း၊
- အလှူခံပုဂ္ဂိုလ်က ရဟန္တာ၊ သို့မဟုတ် အနာဂါမ်ပုဂ္ဂိုလ် ဖြစ်ခြင်း၊
- ထိုအလှူခံပုဂ္ဂိုလ်က နိရောဓသမာပတ်မှထပြီးစ ဖြစ်ခြင်း၊

ဤအင်္ဂါလေးပါးသည်လည်း ဒါနအာနိသင်ကြီးမြင့် ကြောင်း ဖြစ်ပါသည်။ ယင်းလေးပါးကို ဒါန၏ သမ္ပဒါလေးပါး ဟူ၍လည်း ဖွင့်ဆိုပြပါသည်။

ထို့ပြင် ဥပရိပဏ္ဏာသ ဒက္ခိဏာဝိဘင်္ဂသုတ်၌ အလှူ၏ စင်ကြယ်ခြင်း လေးပါးကို ဟောထားပါသည်။

(၁) အလှူခံပုဂ္ဂိုလ် မစင်ကြယ်သော်လည်း အလှူဒါယကာ စင်ကြယ်သော အလှူမျိုး။

- အလှူခံပုဂ္ဂိုလ်က သီလမရှိသော်လည်း အလှူဒါယကာက သီလရှိ၍ တရားသဖြင့် ရအပ်သော ဓမ္မိယလဒ္ဓပစ္စည်းကို စေတနာသုံးတန် ပြဋ္ဌာန်းပြီး ကံ-ကံ၏အကျိုးကို ယုံကြည် ခြင်းသဒ္ဓါတရား လက်ကိုင်ထား၍ လှူပါမူ ထိုအလှူသည် အလှူဒါယကာ၏ စင်ကြယ်ခြင်းကြောင့် အကျိုးကြီးနိုင် သည်။

(၂) အလှူဒါယကာ မစင်ကြယ်သော်လည်း အလှူခံက စင် ကြယ်သော အလှူမျိုး၊ သီလမရှိသော ဒါယကာစာ မတရားသဖြင့် ရအပ်သော ပစ္စည်းကို စေတနာသုံးတန် မထက်သန်၊ ကံ-ကံ၏အကျိုးကိုမယုံကြည်ဘဲ လှူစေကာမူ

www.dhammaransi.com



အလှူခံပုဂ္ဂိုလ်က သီလနှင့်ပြည့်စုံနေပါလျှင် ထိုအလှူသည် အလှူခံပုဂ္ဂိုလ်က စင်ကြယ်နေသောကြောင့် အကျိုးကြီး နိုင်သည်။

(၃) ဒါယကာကလည်း မစင်ကြယ်၊ အလှူခံကလည်း မစင် ကြယ်သော အလှူမျိုး၊ သီလမရှိသော ဒါယကာက သီလ မရှိသော အလှူခံပုဂ္ဂိုလ်ကို မတရားသဖြင့် ရအပ်သော ပစ္စည်းကိုစေတနာသုံးတန် မထက်သန်၊ ကံ-ကံ၏အကျိုး ကိုမယုံကြည်ဘဲ လှူဒါန်းလျှင် ထိုအလှူသည် လယ်မြေ ညံ့၌ မျိုးစေ့ညံ့ကို စိုက်ပျိုးဘိသကဲ့သို့ အကျိုးမကြီးမြင့် သော အလှူမျိုးဖြစ်သည်။

(၄) ဒါယကာကလည်း စင်ကြယ်၊ အလှူခံ ပုဂ္ဂိုလ် ကလည်း စင်ကြယ်သော အလှူမျိုး၊ သီလရှိသော အလှူခံအား သီလရှိသော ဒါယကာက ဓမ္မိယလဒ္ဓပစ္စည်းကို စေတနာ သုံးတန် ထက်ထက်သန်သန်နှင့် ကံ-ကံ၏အကျိုးကို ယုံ ကြည်၍ လှူဒါန်းပါလျှင် ထိုအလှူသည် လယ်ယာမြေ ကောင်း၌ မျိုးစေ့ကောင်းကို စိုက်ပျိုးသကဲ့သို့ အကျိုး ကြီးမြင့်သော အလှူမျိုး ဖြစ်ရသည်။

ဤအလှူစင်ကြယ်ခြင်းလေးပါးကိုထောက်ဆ၍အလှူအရာ၌—

— အလှူဒါယကာက သီလရှိ၍ ကောင်းမွသော ကိုယ်ကျင့် တရားနှင့် ပြည့်စုံသူ ဖြစ်ခြင်း၊

— အလှူခံပုဂ္ဂိုလ်ကလည်း ထို့အတူဖြစ်ခြင်း၊

— လှူဖွယ်ဝတ္ထုက ဓမ္မိယလဒ္ဓဖြစ်ခြင်း၊

— စေတနာသုံးတန် ထက်သန်ခြင်း၊

— ကံ-ကံ၏အကျိုးကို ယုံကြည်မှုသဒ္ဓါရှိခြင်း

ဤအင်္ဂါငါးပါးသည် အလှူ၏အာနိသင်ကြီးကြောင်းများ ဖြစ်ကြောင်း သိရပေသည်။

www.dhammaransi.com

## ဘုရားဟော သက္ကစ္စဒါန အကျိုး ကြီးမြတ်ပုံ-နည်းပုံ

မြတ်စွာဘုရားရှင်သည် သက္ကစ္စဒါန၏ အကျိုး ကြီးမြတ်ပုံနှင့် အသက္ကစ္စဒါန မရိုမသေလှူမှု၏ အကျိုးနည်းပုံတို့ကို အင်္ဂုတ္တိုရ် နဝ နိပါတ်၊ ပထမပဏ္ဏာသ သီဟနာဒဝဂ် ဒဿမသုတ်၌ ဟောထားခဲ့ သည်ကို တွေ့ရပါသည်။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်း၌ သီတင်းသုံးနေစဉ် ဖြစ်သည်။ တစ်နေ့ အနာထပိဏ် သူဌေးသည် ဘုရားရှင်ထံသို့ ရောက်လာပြီး ဘုရားရှင်ကို ရှိခိုးကာ သင့်တင့်ရာ အရပ်၌ နေသည်။

"သူဌေး၊ သင် အိမ်၌ အလှူကို ပေးလှူ၏လော"

"အရှင်ဘုရား၊ တပည့်တော် အိမ်၌ အလှူကို ပေးလှူပါ၏ ဘုရား၊ သို့သော်လည်း ပွန်းရည်နှင့် ကြမ်းတမ်းသောဆန်ကွဲထမင်း ကိုသာ လှူနိုင်ပါ၏ဘုရား"

"သူဌေး၊ ကြမ်းတမ်းသည်၊ မွန်မြတ်သည် ဖြစ်စေ အလှူကို ပေးလှူရာ၌-

- အလှူဝတ္ထု၊ အလှူခံပုဂ္ဂိုလ်တို့၌ ရိုသေခြင်းကို မပြုမူ၍ ပေး လှူအံ့၊
- အလှူခံပုဂ္ဂိုလ်၌ သနားစိတ်မထားမူ၍ ပေးလှူအံ့၊
- နှစ်လမြားသည်ဖြစ်၍လည်းကောင်း၊ စွန့်ပစ်အပ်သောဝတ္ထု ကဲ့သို့လည်းကောင်း ပေးလှူအံ့၊
- ကံ၏အကျိုးသည် ရောက်လာလတ္တံ့ဟု အယူမရှိသည်ဖြစ်၍ ပေးလှူအံ့၊

ထိုသူအား ထိုကုသိုလ်အကျိုးကြောင့် မြင့်မြတ်သော အမျိုး၌ ဖြစ်ရသည် မှန်သော်လည်း-

- မြင့်မြတ်သော ထမင်း အစာတို့ကို သုံးဆောင်ခြင်းငှာ စိတ် မညွတ်တတ်၊

www.dhammaransi.com



- မြင့်မြတ်သော အဝတ်တန်ဆာတို့ကို ဝတ်ဆင်ခြင်းငှာ စိတ်မညွတ်၊
- မြင့်မြတ်သော ယာဉ်တို့ကို သုံးဆောင်ခြင်းငှာ စိတ်မညွတ်၊
- မြင့်မြတ်သော ငါးပါး အာရုံတို့ကို သုံးဆောင်ခြင်းငှာ စိတ်မညွတ်၊

အလှူကို မရှိမသေပြုသောသူတို့အား သား သမီး၊ သားမယား၊ ကျွန်၊ အမှုလုပ်သူတို့သည် မိမိ၏စကားကိုနားမထောင်ကုန်။

- အကြွင်သူသည် ကြွမ်းတမ်းသည်ဖြစ်စေ၊ မွန်မြတ်သည် ဖြစ်စေ အလှူဝတ္ထု၊ အလှူခံ ပုဂ္ဂိုလ်တို့၌-
- ရှိသေခြင်းပြု၍ ပေးလှူအံ့၊
- အလှူခံပုဂ္ဂိုလ်ကို ပူဇော်၍ ပေးလှူအံ့၊
- မိမိလက်ဖြင့် ကိုယ်တိုင် ပေးလှူအံ့၊
- စွန့်ပစ်အပ်သော ဝတ္ထုကဲ့သို့ မပြုမူ၍ ပေးလှူအံ့၊
- ကံ-ကံ၏အကျိုးကို ယုံကြည်၍ ပေးလှူအံ့၊

ထိုသူအား မြင့်မြတ်သော အမျိုး၌ ဖြစ်ရပြီး မြင့်မြတ်သော ထမင်း အစားအစာတို့ကို သုံးဆောင်ခြင်းငှာ စိတ်ညွတ်၏။

- မြင့်မြတ်သော အဝတ်တို့ကို ဝတ်ဆင်ခြင်းငှာ စိတ်ညွတ်၏၊
- မြင့်မြတ်သော ယာဉ်ရထားတို့ကို သုံးဆောင်ခြင်းငှာ စိတ်ညွတ်၏၊
- မြင့်မြတ်သော အာရုံငါးပါးတို့ကို သုံးဆောင်ခြင်းငှာ စိတ်ညွတ်၏။

ထိုသက္ကစ္စဒါန(ရိုသေစွာအလှူ)ပြုသောသူအား သားသမီး သားမယား ကျွန် အမှုလုပ်သူ စသည်တို့သည် မိမိ၏ စကားကို နားထောင်လိုကြသည်။

သူဌေး၊ ရှေး၌ဖြစ်ခဲ့ဖူးသည်ကို ငါဟောကြားဦးမည်။

www.dhammaransi.com



ဝေလာမ မည်သော ပုဏ္ဏားသည် ရှိ၏။ ထိုပုဏ္ဏားသည်-

(၁) ငွေခွက်၊ ငွေပယင်း၊ ငွေပဲဖြင့် ပြည့်စုံကုန်သော ရှစ်သောင်း လေးထောင်ကုန်သော ငွေခွက်တို့ကို ပေးလှူ၏။

(၂) ရွှေခွက်၊ ရွှေပယင်း၊ ရွှေပဲဖြင့်ပြည့်စုံကုန်သော ရှစ်သောင်း လေးထောင်ကုန်သော ရွှေခွက်တို့ကို ပေးလှူ၏။

(၃) ရတနာ ခုနစ်ပါးတို့ဖြင့် ပြည့်စုံကုန်သော ရှစ်သောင်း လေးထောင်ကုန်သော ကြေးခွက်တို့ကို ပေးလှူ၏။

(၄) ရွှေတန်ဆာရှိကုန်သော၊ ရွှေတံခွန် ရှိကုန်သော၊ ရွှေကွန် ယက်တို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော ရှစ်သောင်း လေး ထောင်ကုန်သော ဆင်တို့ကို ပေးလှူ၏။

(၅) ခြင်္သေ့ရေတို့ဖြင့် ခြံရံအပ်ကုန်သော၊ ကျားရေတို့ဖြင့် ခြံရံ အပ်ကုန်သော၊ သစ်ရေတို့ဖြင့် ခြံရံအပ်ကုန်သော၊ ပဏ္ဍု ကမ္ဗလာတို့ဖြင့် ခြံရံအပ်ကုန်သော၊ ရွှေဖြင့် တန်ဆာဆင် ယင်အပ်ကုန်သော၊ ရွှေတံခွန် ဖြစ်ကုန်သော၊ ငွေကွန်ယက် တို့ဖြင့် ဖုံးလွှမ်းအပ်ကုန်သော ရှစ်သောင်း လေးထောင် ကုန်သော ရထားတို့ကို ပေးလှူ၏။

(၆) ဘွဲ့ဖြူ ပုဆိုးအခင်း ရှိကုန်သော ငွေဖြင့် ပြီးကုန်သော နို့ရည်ခံခွက်ရှိကုန်သော ရှစ်သောင်း လေးထောင် ကုန် သော နို့ညှစ်နွားမတို့ကို ပေးလှူ၏။

(၇) ပတ္တမြားနားတောင်းတန်ဆာ ရှိကုန်သော ရှစ်သောင်း လေးထောင်ကုန်သော သမီးကညာတို့ကို ပေးလှူ၏။

(၈) လက်လေးသစ်ထက် လွန်သော အမွေးရှိသော ကော် ဇောကြီးတို့ဖြင့် ခင်းအပ်ကုန်သော သားမွေး ဖြင့် ပြီးသော ဖြူသောအခင်းရှိကုန်သော ဝံပိုင်ရေတို့ဖြင့် ပြုအပ်သော မြတ်သောအခင်းရှိကုန်သော အထက်၌ ကြက်အပ်သော နီသော ဗိတာဝန်း ရှိကုန်သော ခေါင်းအုံး၊ ခြေအုံးအားဖြင့် နှစ်ပါးသော နီသော

www.dhammaransi.com



အုံးရှိကုန်သော ရှစ်သောင်းလေးထောင် ကုန်သော ပလ္လင်တို့ကို ပေးလှူ၏။

(၉) သိမ်မွေ့သော ခေါမတိုင်း၌ဖြစ်သော ပုဆိုးတို့ကိုလည်းကောင်း၊ သိမ်မွေ့သော ပိုးချည်ပုဆိုးတို့ကိုလည်းကောင်း၊ ရှစ်သောင်းလေးထောင် ကုန်သော ပုဆိုးလိပ်တို့ကိုလည်းကောင်း ပေးလှူ၏။

(၁၀) ထမင်းကိုလည်းကောင်း၊ အဖျော်ကိုလည်းကောင်း၊ ခဲဖွယ်ကိုလည်းကောင်း၊ ဘောဇဉ်ကိုလည်းကောင်း၊ လျက်ဖွယ်ကို လည်းကောင်း၊ သောက်ဖွယ်ကို လည်းကောင်း ပေးလှူခြင်း၌ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း၊ မြစ်ရေကဲ့သို့ ဝင်စီးခဲ့၏။

သူဌေး၊ ထိုဝေလာမ ပုဏ္ဏား၏ ခုနစ်နှစ်၊ ခုနစ်လပတ်လုံး ကြီးစွာသောအလှူကို ပေးလှူသော အခါ၊ ငါဘုရားမှ တစ်ပါးသော "အလာမ"အမည်ရှိသော ပုဏ္ဏားသည် ဖြစ်လိမ့်မယောင်တကား။ ငါဘုရားမှ တစ်ပါးသော "ဝေလာမ" အမည်ရှိသော ပုဏ္ဏားသည် ကြီးစွာသော အလှူဟုဆိုအပ်သော ထိုအလှူကို ပေးလိမ့်မယောင်တကား။ ဤသို့သော စိတ်အကြံသည် အသင်သူဌေးသား ဖြစ်ရာသည်သာတည်း။

သူဌေး၊ ဤငါဘုရားမှ တစ်ပါးသောသူသည် "ဝေလာမ" အမည်ရှိသော ပုဏ္ဏားဖြစ်၏၊ ကြီးစွာသောအလှူကို ပေးလှူခြင်းကို ပြု၏၊ ဤသို့ မမှတ်ယူအပ်ပေ။

ငါဘုရားရှင်သည် ထိုသို့ကြီးစွာသော အလှူကို ပေးလှူသောအခါ၌ "ဝေလာမ"အမည်ရှိသော ပုဏ္ဏားဖြစ်ခဲ့ဖူး၏။

သူဌေး၊ ထိုအလှူပေးရာ၌ တစ်စုံတစ်ယောက်သော မြတ်သောအလှူကို ခံယူထိုက်သောသူသည် မရှိခဲ့၊ တစ်စုံတစ်ယောက်သော ရဟန်းပုဏ္ဏားသည် ထိုအလှူကို မသုတ်သင်ခဲ့။

www.dhammaransi.com

## ဒါန၏အကျိုးအဆင့်ဆင့်

(၁) သူဌေး၊ "ဝေလာမ"ပုဏ္ဏားသည် ကြီးစွာသောအလှူကို ပေးလှူ၏၊ ထိုသို့ပေးလှူရာ၌ အကြင်သူ တစ်ယောက်သည် တစ်ယောက်သော (သောတာပတ္တိ) မဂ်ဉာဏ်နှင့် ပြည့်စုံသော သောတာပန်ပုဂ္ဂိုလ်ကို ကျွေးမွေးရာ၏၊ ထိုသူ၏ ဤတစ်ဦးသော သောတာပန်ပုဂ္ဂိုလ်ကို ကျွေးမွေးရခြင်းသည် ထို"ဝေလာမ"ပုဏ္ဏား၏ ၇-နှစ်၊ ၇-လ ပတ်လုံး ပေးလှူသော ကြီးစွာသော အလှူဒါနထက်၊ အထူးသဖြင့်မြတ်သော အကျိုးရှိ၏။

(၂) အကြင်သူသည် သောတာပန်ပုဂ္ဂိုလ်တစ်ရာကို ကျွေးမွေးရာ၏၊ အကြင်သူသည်ကား တစ်ဦးသော သကဒါဂါမိ ပုဂ္ဂိုလ်ကို ကျွေးမွေးရာ၏၊ ထိုသူ၏ သကဒါဂါမိတစ်ဦးကို ကျွေးမွေးရခြင်းသည် ထိုသူ၏ ဤသောတာပန်ပုဂ္ဂိုလ် တစ်ရာကို ကျွေးမွေးရခြင်းထက် အထူးသဖြင့် မြတ်သော အကျိုးရှိ၏။

(၃) အကြင်သူသည် သကဒါဂါမိပုဂ္ဂိုလ်တစ်ရာကို ကျွေးမွေး၏။ အကြင်သူသည်ကား တစ်ဦးသော အနာဂါမိ ပုဂ္ဂိုလ်ကို ကျွေးမွေး၏၊ ထိုသူ၏ အနာဂါမိပုဂ္ဂိုလ်တစ်ဦးကို ကျွေးမွေးရခြင်းသည် သကဒါဂါမိပုဂ္ဂိုလ်တစ်ရာကို ကျွေးမွေးရခြင်းထက် အထူးသဖြင့် မြတ်သော အကျိုးရှိ၏။

(၄) အကြင်သူသည် အနာဂါမိ ပုဂ္ဂိုလ်တစ်ရာကို ကျွေးမွေး၏၊ အကြင်သူသည်ကား တစ်ပါးသော ရဟန္တာပုဂ္ဂိုလ်ကို ကျွေးမွေး၏၊ ထိုသူ၏ ရဟန္တာ ပုဂ္ဂိုလ် တစ်ပါးကို ကျွေးမွေးရခြင်းသည် အနာဂါမိပုဂ္ဂိုလ်တစ်ရာကို ကျွေးမွေးရခြင်းထက် အထူးသဖြင့် မြတ်သောအကျိုးရှိ၏။

www.dhammaransi.com



(၅) ရဟန္တာပုဂ္ဂိုလ်တစ်ရာတို့ ကျွေးမွေး လှူဒါန်းရခြင်းထက် ပစ္စေကဗုဒ္ဓါ ဘုရားတစ်ပါးကို ကျွေးမွေး လှူဒါန်းရခြင်းသည် အထူးသဖြင့် မြတ်သောအကျိုးရှိ၏။

(၆) ပစ္စေကဗုဒ္ဓါ ဘုရားတစ်ရာကို လှူဒါန်းရခြင်းထက် သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားတစ်ပါးအား လှူဒါန်းရခြင်းသည် အထူးသဖြင့် မြတ်သောအကျိုးရှိ၏။

(၇) သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားတစ်ရာကို လှူဒါန်းရခြင်းထက် ဘုရားအမှူးရှိသော သံဃာအား ကျွေးမွေးလှူဒါန်းရခြင်းသည် အထူးသဖြင့် မြတ်သောအကျိုးရှိ၏။

(၈) ဘုရားအမှူးရှိသော သံဃာကို ကျွေးမွေးလှူဒါန်းရခြင်းထက် (စတုဒိသာသံဃာ)ကို ရည်စူး၍ ကျောင်းဆောက်လှူဒါန်းရခြင်းသည် အထူးသဖြင့် မြတ်သောအကျိုးရှိ၏။

## ဒါနအရာ၌ ကံကိုယုံကြည်မှု

ဒါနအရာ၌ ကံ-ကံ၏အကျိုးကို ယုံကြည်ရမည်ဟုဆိုရာ၌....

"ငါ ယခုလှူဒါန်းသဖြင့် ဥစ္စာ မည်ရွေ့မည်မျှ ကုန်သွားမည်၊ သို့သော် အချည်းနှီးကုန်သွားသည် မဟုတ်၊ ကုန်သွားသော ဥစ္စာထက် အဆပေါင်းများစွာ အဖိုးထိုက်တန်သော ဒါနကံ စေတနာတရား ငါ့မှာဖြစ်သည်။ ဥစ္စာကို ရန်သူမျိုးငါးပါးတို့ ဖျက်ဆီးနိုင်သော်လည်း ဒါနကံ စေတနာကို ဘယ်ရန်သူမျှ မဖျက်ဆီးနိုင်၊ ဤဒါနကံ စေတနာသာ သံသရာတစ်လျှောက် နိဗ္ဗာန်ရောက်အောင် ငါ့နောက်က လိုက်ပါလိမ့်မည်"

— ဟု စိတ်ကို ကြည်ကြည်လင်လင်ကြီး ထားနိုင်ခြင်းကိုပင် ကံကို ယုံကြည်ခြင်းဟု ခေါ်ပါသည်။

"ဤကံကြောင့် သံသရာတစ်လျှောက် ကောင်းကျိုးတရားတို့ကို ရနိုင်သည်။ တစ်စုံတစ်ရာ ယုံမှားဖွယ် မရှိ"

www.dhammaransi.com



— ဟု ကံ၏အကျိုးကို စဉ်းစားပြန်လျှင်လည်း အလွန်ကြည်လင်သော သဒ္ဓါ ပေါ်ပေါက်လာသည်ကို လက်တွေ့ဖြစ်လိမ့်မည်။ ဤသို့ ကံ၏အကျိုးကို စဉ်းစား၍ ကိုယ်တွေ့ဖြစ်သော အလွန်ကြည်လင်မှုသဒ္ဓါကို ကံ၏အကျိုးကို ယုံကြည်ခြင်းဟု ခေါ်ပါသည်။

ကံကိုဖြစ်စေ၊ ကံ၏အကျိုးကိုဖြစ်စေ အာရုံပြုကာ စိတ်၏ ကြည်လင်ခြင်းကား ထင်ရှားပေါ်ပေါက်၍ လာပါက ဒါန၏ အကျိုးတရားနှင့် အာနိသင်ကြီးမြင့်ကြောင်းတရားနှင့် ပြည့်စုံသည် ဟု မှတ်ယူရပါမည်။

ဒိဋ္ဌဓမ္မဝေဒနီယကံသည် ကာကဝလိယ၊ ပုဏ္ဏား၊ သုမနပန်းသည်ကိုကဲ့သို့ ကုသိုလ်ကံအရာ၌ ထင်ထင်ရှားရှား အကျိုးပေးသည်။ ဒေဝဒတ်၊ စိဉ္စမာန၊ သုပ္ပဗုဒ္ဓ၊ နန္ဒလုလင်၊ မောင်မစ္ဆရိတို့ကဲ့သို့ အကုသိုလ်အရာ၌ ထင်ထင်ရှားရှား အကျိုးပေးသည်။

ဤလောက၌ မကောင်းမှုဒုစရိုက်ပြု၍ အများကဲ့ရဲ့ခံရမှု၊ အစိုးရမင်းတို့က အပြစ်ပေးခံရမှုတို့သည် အကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံကျိုး ဖြစ်သည်။

ကောင်းမှုကုသိုလ်ပြု၍ လူအများ ချီးမွမ်းခံရမှု၊ အစိုးရမင်းတို့ ချီးမြှောက်ခံရမှုတို့သည် ကုသိုလ်ဒိဋ္ဌဓမ္မဝေဒနီယကံကျိုးများ ဖြစ်သည်။

ဘုရားကို ကြည်ညိုရုံမျှဖြင့် တာဝတိံသာတွင် နတ်သားဖြစ်ရသော မန္ဒကုဏ္ဍလီ၊ သရဏဂုံ မြဲရုံရှိတ်ရုံမျှဖြင့် နတ်သားဖြစ်ရသော ဆတ္တမာဏဝ စသည်တို့သည်ကား ဒုတိယဘဝအကျိုးပေးသူများ ဖြစ်ကြသည်။

ရှင်မောဂ္ဂလာန်မထေရ်အား ခိုးသားတို့ ရိုက်နှက်ခံရခြင်း စသည်တို့သည် အခွင့်သင့်၍ အကျိုးပေးသော တပရာပရိယ ဝေဒနီယကံအကျိုးများ ဖြစ်သည်။

www.dhammaransi.com

## ဇောအသီးသီးတို့၏ အကျိုးပေးပုံ

ဇော်အသီးသီးတို့၏ အကျိုးပေးပုံကို ပမာအားဖြင့် ပြဆိုရသော်....

လောကတွင် တစ်နှစ်တစ်ခါမျှသာ ကြီးပွား၍ အသီးအပွင့်ကိုဆောင်သော ကောက်ပဲစသော အပင်များ ရှိကြသည်။

- အလားတူ နှစ်နှစ်ကျော် နှစ်နှစ်ခန့်မျှအသက်ရှည်ပြီး အသီးအပွင့်ဆောင်သော သစ်ပင်တို့သည် ရှိကြ၏။
- အနှစ်များစွာ အသက်ရှည်သောသရက်၊ အင်ကြင်းပင်စသော အပင်ကြီးတို့သည်လည်း ရှိကြ၏။
- ထိုတွင် တစ်နှစ်မျှ အသက်ရှည်သော ကောက်ပဲပင်မျိုးသည် ပထမဇောနှင့် တူသည်။
- တစ်နှစ်ကျော် နှစ်နှစ် အသက်ရှည်သော အပင်မျိုးသည် သတ္တမဇောနှင့် တူသည်။
- သရက်၊ အင်ကြင်းစသော အပင်ကြီးမျိုးသည် အလယ်ဇောနှင့် တူသည်။

တစ်နှစ် တစ်မိုးမျှ အသက်ရှည်ကြကုန်သော မြက်မျိုး၊ ကောက်စပါးမျိုး၊ ပဲမျိုးတို့သည် အနှစ်သာရမရှိ၍ အားနည်းကြကုန်၏။ အရှည်မခံကြကုန်၊ တာရှည်စွာ မခံနိုင်၊ သို့တွက်လျှင် မြန်စွာကြီးပွားပြီးလျှင် မြန်စွာပွင့်သီးကြကုန်သည်။ လျင်မြန်စွာ မှည့်သီးပြီး အမြစ်နှင့်အတူ ပျက်စီးကြသည်။ နွေကာလတစ်ခုကို မကူးမကျော်နိုင်၊ နောက် မိုးတစ်ခုကို မှီအောင် မတည်နိုင်ကြ။

ဤတွင် သေသောကာလနှင့် နွေအခါ တူ၏။ နောက် မိုးတစ်ခုနှင့် ဒုတိယဘဝသစ်တူ၏။

တစ်နှစ်ကျော် နှစ်နှစ် အသက်ရှိကြသော သစ်ပင်ငယ်တို့သည် အတော်အတန် အနှစ်ရှိ၏။ အသားရှိကြ၏။ အတော်အတန် အနှစ်အသားရှိသောကြောင့် အတန်ကြာသောကာလဖြင့် တဖြည်းဖြည်း

www.dhammaransi.com



ကြီးပွားကြသည်။ ပဌမစိုက်ပျိုးသော မိုးတွင် ကြီးပွားကြ၏။ အပွင့်အသီးကား မဆောင်နိုင်သေး၊ နွေတစ်ခုကိုကျော်၍ ဒုတိယ မိုးကျမှ အပွင့်အသီးကို ဆောင်ကြသည်။ နောက်ထပ် နွေတစ်ခုကို မကူးကျော်နိုင်ဘဲ ပျက်စီးကြရသည်။

ဘရက်၊ အင်ကြင်းစသော အပင်ကြီးတို့ကား အနှစ်အသား များစွာ အားရှိကြသည်၊ အနှစ်ငါးဆယ် တစ်ရာထိသော်လည်း ကောင်း၊ ထိုထက်လွန်၍လည်းကောင်း တည်နိုင်၏။ နွေအဆင့်ဆင့် မိုးအဆင့်ဆင့်ကို ကျော်လွန်နိုင်၏။နှေးနှေးကြီးပွားကုန်၏။ ဆယ်နှစ် ဆယ့်ငါးနှစ် စသည်ကြာမြင့်မှ အသီးအပွင့်ကို ဆောင်ကုန်၏။

ထိုဥပမာတူစွာ ပဌမဇော စေတနာသည် အချင်းခပ်သိမ်း အသေဝနပစ္စည်းကို မရသောကြောင့် အားနည်းသည်၊ အနှစ် သာရ မရှိ။

ထို့ကြောင့် ဘဝသစ်ပဋိသန္ဓေသစ်တစ်ခုကို ထူထောင်ခြင်းငှာ မစွမ်းနိုင်၊ မရဏာသန္နဇောတစ်ခုကို လွန်မြောက်၍ ဒုတိယဘဝ၌ အကျိုးမပေးနိုင်ချေ၊ ဤဘဝ၌ပင် အကျိုးပေးရသည်၊ အကြောင်း အခွင့်သင့်မှ အကျိုးပေးနိုင်သည်။ အကြောင်း အခွင့် မသင့်လျှင် အကျိုးသုဉ်း ပျက်စီးသွားရသည်။

သတ္တမဇော စေတနာသည် အာသေဝနပစ္စည်းကို ရသော ကြောင့် ပဌမဇော စေတနာထက် အတော်အတန် အားရှိသည်။ ဖြည်းဖြည်းနှေးနှေး အကျိုးပေးသည်။ ဤပစ္စုပ္ပန်ဘဝ၌ အကျိုး မပေးနိုင်၊ ဒုတိယ ဘဝ၌သာ အကျိုးပေးရသည်။

အာသေဝနပစ္စည်းကို ရသည်ဆိုသော်လည်း ထက်မြက်သော အာသေဝနပစ္စည်းကို ရသည်မဟုတ်၊ အရှိန်အဟုန် စဲလုခါနီးဖြစ်၍ နုံ့သော ဆဋ္ဌမဇောမှ အာသေဝနပစ္စည်းကို ရသောကြောင့် မိမိ လည်း အားနည်း၏၊ အဆုံးသတ် အားနည်းစွာသော ဇောအရှိန် သေရာတွင် ဖြစ်သဖြင့် အားနည်း၏။ ထို့ကြောင့် ဒုတိယ ဘဝကို ကျော်လွန်၍ တတိယ ဘဝ၌ အကျိုးမပေးနိုင်ချေ။ ဒုတိယ ဘဝ အကျိုးမပေးတော့သော် အကျိုးပျက်သုဉ်း သွားတော့သည်။

www.dhammaransi.com



အလယ်ဇော (၅)ချက် စေတနာတို့သည်ကား အာသေဝန ပစ္စည်းကို ကောင်းစွာ ရသောကြောင့် အားကြီးကြသည်။ အနုစ် သာရပြည့်ဝသော သစ်ပင်ကြီးတို့ ကဲ့သို့ အကျိုးကို ရှည်ကြာမြင့်မှ ပေးနိုင်သည်။ တတိယဘဝမှ စ၍ အနာဂတ် သံသရာ၌ အမှတ်မရှိ သော ဘဝ၌ အကျိုးပေးနိုင်၏။ အရဟတ္တဖိုလ် ရောက်သည့်တိုင် အောင် အစဉ်လိုက်ကုန်သည်။ အရဟတ္တမဂ်ဖြင့် သတ်အပ်၍ အရ- ဟတ္တဖိုလ်သို့ ရောက်လျှင် အကျိုးမပေးနိုင်တော့ချေ။

လောကဉပမာအားဖြင့် ထပ်မံထင်ရှားစွာ ပြရသော် ဒိဋ္ဌဓမ္မ ဝေဒနိယကံကို သားမုဆိုးဥပမာဖြင့် သိအပ်သည်။ သားမုဆိုးသည် သားကောင်ကို မြင်လျှင် လေးကို ဆွဲငင်ပြီး မြားကို ပစ်လိုက်သည်။ သားကောင်ကို မြားမှန်၍ လဲကျသည် ရှိသော် ထိုသားကောင်ကို အရေ ခွာကာ အသားတို့ကို ယူပြီး သားမယားတို့ကို နှစ်သက်စေ ကာ သွားသကဲ့သို့ လည်းကောင်း။

အကယ်၍ ချွတ်လွဲသွားသော် သားကောင် ပြေးသွားသည့် နောက်သို့ ဆက်မလိုက်တော့ဘဲ မျက်နှာလွှဲ၍ သွားတတ်သကဲ့သို့ လည်းကောင်း မှတ်ရပါမည်။

ဤ ဥပမာတွင် မြားမချွတ်မလွဲ သားကောင်ကို ထိမှန်ခြင်း သည် ဒိဋ္ဌဓမ္မဝေဒနိယကံ၏ အကျိုးပေးလှည့်ရခြင်း ဖြစ်၍ မထိမှန် ခြင်းသည် အကျိုးမပေးတော့ခြင်း သဘော ဖြစ်သည်။

ဉပပဇ္ဇဝေဒနိယကံ (ဒုတိယဘဝ အကျိုးပေးသောကံ)တွင် ကုသိုလ်ဘက်၌ သမာပတ်ရှစ်ပါး—အကုသိုလ်ဘက်၌ ပဉ္စာနန္တရိယကံ အစွမ်းကို သိလင့်ပါသည်။

သမာပတ်ရှစ်ပါးကိုရယူသည် သမာပတ်တစ်ပါးကြောင့် ဗြဟ္မာပြည်၌ ဖြစ်ရသည်။

ပဉ္စာနန္တရိယကံကို ပြုသောသူသည် ကံတစ်ခုကြောင့် ငရဲ၌ဖြစ် ရသည်။ အပရာအပရိယဝေဒနိယကံသည် အနာဂတ်၌ အခွင့်ရသော အခါ အကျိုးပေးသောကံ ဖြစ်သည်။

www.dhammaransi.com

## ၄၂ တက္ကသိုလ် သျှင်သိရိ

ဥပမာ- ခွေးမှုဆိုးသည် သားကောင်ကို မြင်လျှင် ခွေးကို လွှတ်သည်။ ခွေးသည် သားကောင်နောက် လိုက်ပြီးလျှင် သားကောင်ကို မိရာအရပ်၌ ကိုတ်ဖြတ်သတ်သည်။

အပရာမရိယဝေဒနိယကံသည် ဤသဘောပင်၊ မိရာကံ အချိန်၌ အခွင့်သာလျှင် သာသလို အကျိုးပေးသည်။

### ဒါနပြုသူ မပြုသူတို့ ကွာခြားပုံ

အလှူပြုသူ အလှူရှင်သည် လူဖြစ်စေ၊ နတ်ဖြစ်စေ ဖြစ်လေရာ ဘဝတိုင်း၌ အလှူပြုသူ အလှူရှင်သည် အလှူမဲ့သူထက်....

- အသက်ရှည်ခြင်း၊
- အဆင်းလှခြင်း၊
- ကိုယ်စိတ်ချမ်းသာခြင်း၊
- အခြံအရံ အကျော်အစောများခြင်း၊
- အစိုးရခြင်း--

ဟူသော အကျိုးငါးပါးဖြင့် ထူးကဲသာလွန်ပါသည်။ အခြားကုသိုလ်ကြောင့် လူနတ်ဖြစ်ချင်းတူသော်လည်း အလှူပြုသူက သာ၍ လွန်မြင့်မြတ်သည်။

ပေးလှူသူနှင့် မပေးလှူသူတို့သည် သဒ္ဓါ၊ သီလ၊ ပညာ တူမျှကြသော်လည်း နတ် လူ ရဟန်းတို့ အဖြစ်၌ မတူကြဘဲ အလှူပြုသူက သာ အလှူမဲ့သူထက် အကျိုးငါးမျိုး ထူးကဲသာလွန်ပါသည်။

- နတ်ဖြစ်ခဲ့သော် နတ်၌ဖြစ်သော အသက်၊ အဆင်း၊ ချမ်းသာ၊ အခြံအရံ(အကျော်အစော)အစိုးရခြင်းဟူသော အကြောင်းငါးမျိုးဖြင့် ပေးလှူသူက မပေးလှူသူက သာ၍လွန်သည်။
- လူဖြစ်ခဲ့သော် အရှင်မဟာကဿပ၊ အရှင်ဗာကုလ၊ အရှင်အာနန္ဒာတို့ကဲ့သို့ အသက်ရှည်ခြင်း။

www.dhammaransi.com



- အရှင်မဟာကစ္စည်း၊ ဥပ္ပလဝဏ်ထေရီ၊ ခေမာထေရီ၊ ဇနပဒကလျာဏီတို့ကဲ့သို့ အသက်ရှည်ခြင်း။
- ရဋ္ဌပါလသတို့သား၊ သောဏသူဌေးသား၊ ယသသတို့သားတို့ကဲ့သို့ ချမ်းသာကြီးခြင်း။
- သီရိဓမ္မာသောကမင်းကြီးကဲ့သို့ အခြံအရံ အကျော်အစော များခြင်း၊ အစိုးရခြင်းဟူသော အကြောင်းငါးပါးဖြင့် သာလွန်သည်။
- ရဟန်းဖြစ်ခဲ့သော် ရှင်ဗာကုလ၊ ရှင်အာနန္ဒာ၊ ရှင်သီဝလိ စသည်တို့ကဲ့သို့ အလှူခံတော်မူပါဟု တောင်းပန်ခံရသည် ဖြစ်၍ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးကို သုံးဆောင်သည်ကများပြီး တောင်းပန်မခံရဘဲ သုံးဆောင်ရသည်က နည်းပါးခြင်း။
- ချစ်နှစ်သက်ဖွယ်လိုသော ကိုယ်၊ နှုတ်၊ စိတ်အမူအရာတို့ဖြင့် ပြောဆိုဆက်ဆံကြသော သီတင်းသုံးဖော်တို့နှင့်သာ အတူတကွ နေထိုင်ရခြင်းဟူသော ဤအကြောင်း (၅) မျိုးတို့ဖြင့် ပေးလှူသူက မပေးလှူသူထက် ထူးကဲသာလွန်သည်။
- ကဿပ ဘုရားရှင် လက်ထက်တော် အခါတုန်းက မိတ်ဆွေ ရဟန်းနှစ်ပါးရှိရာ တစ်ပါးက အလှူရှင်၊ တစ်ပါးက အလှူမဲ့ ဖြစ်ခဲ့ကြသည်။ နှစ်ပါးလုံးပင် သီလပြည့်စုံသဖြင့် ဂေါတမ ဘုရားရှင်လက်ထက်တွင်တိုင်အောင် လူပြည် နတ်ပြည် ကျင်လည်ရာဝယ် အလှူရှင်ကသာ အထက်တန်းကျခဲ့သည်။

နောက်ဆုံးဘဝတွင် ကောသလမင်း၏ နန်းတော်တွင် ထိုမိတ်ဆွေနှစ်ဦး တွေ့ဆုံကြပြန်ရာ အလှူရှင်က မင်းသား၊ အလှူမဲ့သူက အထိန်းတော်သားဖြစ်ပြီး တစ်ဦးက ထီးဖြူဆောင်းလျက် ရွှေပုခက်၊ တစ်ဦးက သစ်သားပုခက်စီးကာ ထိုကဲ့သို့ အရည်အချင်းကွာခြားမှုဖြင့် ကျွတ်တမ်းဝင်ခဲ့ရသည်။

www.dhammaransi.com

## စေတနာသုံးတန် အကျိုးပေးမှန်ကန်

''ပြုနည်းမှန်ကန်မှ အကျိုးပေး ထက်သန်နိုင်၏''

ဆိုစကားရှိသည့်အတိုင်း အလှူဒါနပြုရာ၀ယ် အလှူပေး ပုဂ္ဂိုလ်၏ အင်္ဂါသုံးတန်၊ အလှူခံပုဂ္ဂိုလ်၏ အင်္ဂါသုံးတန် ဤအင်္ဂါ ခြောက်တန် ပြည့်စုံပါမှ အလှူပြုနည်းမှန်ကန်သော အလှူဒါနဟု ခေါ်ဆိုအပ်ပေသည်။

အလှူလှူသော ဒါယကာတို့ဘက်၌ အလှူတစ်ခုပြုရာတွင် ပုဗ္ဗ၊ မုဥ္စ၊ အပရဟူသော စေတနာသုံးတန် မှန်ကန်ရသည်။

ပုဗ္ဗစေတနာ

မလှူမီ ရှေးအဖို့၌ လှူဖွယ်၀တ္ထုကို စုဆောင်းရှာဖွေရာ အခါမှစ၍....

''ငါသည် လောကီ လောကုတ္တရာများစွာသော စည်းစိမ် တို့၏ အကြောင်းဖြစ်သော ဘ၀စဉ်ဆက်လိုက်တတ်သော (အနုဂါမိက အလှူမျိုးကို လှူရတော့မည်)ဟု ၀မ်းမြောက် ခြင်း ကုသိုလ်စေတနာသည် ပုဗ္ဗစေတနာမည်၏။''

ဤပုဗ္ဗစေတနာအခိုက်၌ အလှူဒါနကို အကြောင်းပြု၍ အလှူဒါယကာဟု ထင်ရှားကျော်စောလိုသောစိတ်နှင့် မိမိလှူနိုင် ကြောင်း ကြွား၀ါလိုသောစိတ်များ မဖြစ်ပေါ်အောင် သတိပြုရ မည်။

လှူဖွယ်၀တ္ထုပစ္စည်းစုခိုက် အိမ်သားအချင်းချင်း၊ လုပ်ဖော် ကိုင်ဖက်အချင်းချင်း၊ မကျေမနပ်မှု ဒေါသစသော အကုသိုလ်များ မဖြစ်စေဘဲ အလှူအတွက် တစ်စုံတစ်ရာကြောင့် တွန့်တိုစိတ်ပျက် သော မလှူလို၀န်တိုမစ္ဆရိယစိတ်များ အချင်းမဖြစ်အောင် အရာရာ

www.dhammaransi.com



သတိနှင့် စောင့်ထိန်းလျက် လှူဖွယ်အရပ်ရပ်ကို ပျော်ရွှင်ဝမ်းမြောက်စွာ စီစဉ်နိုင်လျှင် ပုဗ္ဗစေတနာပြည့်စုံပြီဟု မှတ်ယူရပါမည်။

**မုဥ္စစေတနာ**

လှူဖွယ်ဝတ္ထု အစုစုကို အလှူခံပုဂ္ဂိုလ်၏ လက်ထဲသို့ထည့်၍ လှူဒါန်းဆဲအခိုက်ဝယ်....

"အနှစ်သာရမရှိသော ပစ္စည်းဥစ္စာမှ အနှစ်သာရရှိသော ကုသိုလ်မျိုးစေ့ကို ထုတ်ယူနေပါကကားဟု စိတ်ကြည်လင်ရွှင်ပျသောကုသိုလ်စေတနာသည် မုဥ္စစေတနာမည်ပါသည်"

ဤလှူခိုက်၌ အကုသိုလ်စိတ်များနှင့် အလှူခံပုဂ္ဂိုလ်အပေါ် တွယ်တာသော တဏှာလောဘစိတ်များ မဖြစ်ပေါ်စေဘဲ ယခုလှူဒါန်းလိုက်သည့်အတွက် မိမိကိစ္စကို ကူညီဆောင်ရွက်လိမ့်မည်ဟု လောကီအကျိုး တစ်စုံတစ်ရာကို မမျှော်လင့်ဘဲ ရက်ရက်ရောရော လှူဒါန်းနိုင်ပါလျှင် မုဥ္စစေတနာပြည့်စုံနေပြီဟု မှတ်ယူရပါမည်။

**အပရစေတနာ**

အလှူဒါနပြုပြီးနောက်....

"ငါသည် ပညာရှိတို့ ချီးမွမ်းအပ်သော လှူဒါန်းမှုကို အတုလိုက်၍ ပြုလုပ်ရပေပြီ၊ ကောင်းလေစွတကား အဖန်ဖန် အထပ်ထပ် အောက်မေ့ အမှတ်ရကာ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းသည် အပရစေတနာမည်၏။"

အလှူဒါနပြုပြီးနောက် ထိုအလှူဒါနကို သတိရတိုင်း ထပ်ကာထပ်ကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပြန်လျှင် အပရစေတနာတွေ ကုသိုလ်တွေ ထပ်မံတိုးပွား၏။

www.dhammaransi.com



ထိုသို့မဟုတ်ဘဲ အလှူပေးပြီးနောက် ပစ္စည်းပျက်ပြား၍ဖြစ်စေ၊ အလှူခံပုဂ္ဂိုလ်အပေါ် မကျေနပ်၍ဖြစ်စေ၊ လှူမိတာမှားလေစွဟု အပရစေတနာပျက်လျှင် ထိုအလှူနှင့်စပ်၍ မကျေနပ်မှု ဒေါသအကုသိုလ်တွေ ဖြစ်ပွားတတ်ပေသဖြင့် ထိုအဖြစ်မျိုးမှ လွတ်ကင်းအောင် သတိနှင့် ထိန်းသိမ်းရပေသည်။

## သုံးတန် စေတနာ ပျက်ပြယ်ပါလျှင်

အလှူဒါန ပြုကြသူတို့သည် မလှူမီ-လှူဆဲ-လှူပြီး သုံးဌာနတို့တွင် တစ်ပါးပါး၌ စေတနာ ပျက်ကွက် လှုပ်ရှားတတ်ကြသည်။ ထို စေတနာသုံးတန် မလှုပ်မယိုင် ကြံ့ခိုင်စွာ တည်တံ့ပါမှ အလှူဒါနသည် အကျိုးများပါသည်။ *

ထိုသို့ မဟုတ်ဘဲ မလှူမီ ရှေးအဖို့ ပုဗ္ဗစေတနာအခိုက် တွန့်တိုဆုတ်နစ်မှု မစ္ဆရိယ စသည်ဖြစ်သော ပုဗ္ဗစေတနာ ချို့တဲ့ ပျက်စီးပါက အရွယ်သုံးပါးတွင် ပထမအရွယ်၌ စီးပွားဥစ္စာ ချို့တဲ့နွမ်းပါးတတ်သည်။ ရုပ်လက္ခဏာအားဖြင့် မဟာကုသမင်း၊ ပဉ္စပါပီ တို့ကဲ့သို့ ချို့တဲ့ ပျက်စီးတတ်သည်။

လှူတုန်း-လှူဆဲ မုဉ္စစေတနာအခိုက်၌ အလှူအပေါ် တွန့်တိုဆုတ်နစ်ကာ မုဉ္စစေတနာ ချို့တဲ့ ပျက်စီးသော်—

- အင်္ဂါ ခြေ, လက် ချို့တဲ့ခြင်း၊
- ပျက်မဲ့သော အမျိုးအနွယ်၌ ဖြစ်ရခြင်း၊
- တန်ဆိုးမရှိန်အဝါ သေးနုတ်ခြင်း၊

စသော မကောင်းကျိုးများ ဖြစ်ပေါ်တတ်သည်။

ပေးလှူ ပြီးနောက် အပရ စေတနာ တွန့်တို ဆုတ်နစ်စိတ်မချမ်းမသာ ဖြစ်ခဲ့သော်—

---

* ဒီ၊ ဌ၊ စ–၂၆၇-၈။

www.dhammaransi.com



- လူဖြစ်လာ၍ ချမ်းသာကြွယ်ဝသော အမျိုး၌ ဖြစ်ရစေကာမူ ထူးထွေကောင်းမြတ် သာယာနှစ်သက်အပ်သော စားဖွယ်သောက်ဖွယ်၊ အဝတ်တန်ဆာ၊ အသုံးအဆောင်ဘဏ္ဍာတို့ကို သုံးဆောင် ခံစားလိုစိတ် မဖြစ်ပေါ်တတ်ခြင်း၊ သုံးဆောင် ခံစားလိုစိတ် မညွတ်ခြင်း၊
- သုံးဆောင် ခံစားနေသော်လည်း သုံးဆောင်ခံစားနေသော စည်းစိမ်ဥစ္စာများ ရုတ်တရက် ဆုတ်ယုတ်ပျက်စီးရခြင်း၊
- ရာထူးဂုဏ်သိန် အချခံရတတ်ခြင်း၊
- အိုမင်းသည့်အခါ ဆင်းရဲဒုက္ခအမျိုးမျိုး ခံစားရခြင်း-

စသော ဆိုးကျိုးများ ခံစားကြရသည်။

များသောအားဖြင့် အလှူရှင်တို့အား နောင်တ တစ်ဖန်ပြင်းစွာ ပူပန်မှု ဖြစ်ရခြင်းသည် အလှူခံပုဂ္ဂိုလ်ကြောင့် ဖြစ်ရတတ်သော သဘောရှိသည်။ အလှူပေးမည့် သူသည် ပညာရှင်တို့နှင့် တိုင်ပင်ဆွေးနွေးပြီးမှ ပေးလှူသင့်သည်၊ ပညာရှင်တို့နှင့် မတိုင်ပင်ဘဲ-မဆွေးနွေးဘဲ လှူဒါန်းမှုပြုလိုက်လျှင် နောင်အခါ၌ မှားလေစွဟု နောင်တ ရတတ်သည်။

သို့အတွက် အလှူပေးသောအခါ နောင်တတစ်ဖန် ပူပန်မှု မဖြစ်ရလေအောင် သီလ မရှိသော ဒုဿီလ အလှူခံပုဂ္ဂိုလ်တို့ကို မရည်မှန်း အာရုံမပြုဘဲ သီလရှိသော သီလဝန္တအလှူခံ ပုဂ္ဂိုလ်တို့ကိုသာ ရည်မှန်း အာရုံပြု၍ လှူဒါန်းရမည်။ သို့မှသာ စေတနာ တိုးပွား အကျိုးများပေမည်။

## ဟိတ်ကုသိုလ် ဖြစ်အောင် ပြုပါ

စွန့်ကြဲလှူဒါန်းမှုနှင့် ပင်သက်၍ ပုဗ္ဗ၊ မုဉ္စ၊ အပရစေတနာ သုံးတန်ကို သိသလို သာသနာတော်အတွင်း ပေးလှူရာ၌-

www.dhammaransi.com



ဒွိဟိတ်ကုသိုလ်၊

တိဟိတ်ကုသိုလ်၊

ဩမကကုသိုလ်၊

ဥက္ကဋ္ဌ ကုသိုလ်များ ဖြစ်ပုံကိုလည်း သိထားသင့်ပါသည်။ သို့မှသာ သာသနာတော်အတွင်း လျှုဒါန်းရကျိုး နပ်ပါမည်။

အဘိဓမ္မာသင်္ဂဟ၌လာသော အလောဘ၊ အဒေါသ၊ အမောဟ (ပညာစေတသိက် သုံးပါး) ကို ပါဠိလို ဟေတု၊ မြန်မာလို ဟိတ် ဟု ခေါ်သည်။

ဟေတုသဒ္ဒါသည် အခြေအမြစ် ဟူသော အနက်ကို ဟောသည်၊ သစ်ပင်၌ ရေသောက်မြစ်သည် သစ်ပင်တစ်ပင်လုံးကို ခိုင်မြဲစည်ကား ကြီးထွားအောင် ပြုသကဲ့သို့ အလောဘ-စသော ထိုဟိတ်တရားတို့သည် မိမိတို့နှင့် ယှဉ်ဖက် စိတ်ကို ခိုင်မြဲစည်ကား အကျိုးများအောင် ပြုတတ်ကြလေသည်။

ထို့ကြောင့် ကုသိုလ်စိတ်ကို အလောဘ၊ အဒေါသ ဟိတ် (၂) ပါးနှင့် ယှဉ်လျှင် ဒွိဟိတ်ကုသိုလ်စိတ်၊ အလောဘ၊ အဒေါသ အမောဟ ဟိတ် သုံးပါးနှင့် ယှဉ်လျှင် တိဟိတ်ကုသိုလ်စိတ်။

အမောဟဆိုသည်မှာ သမ္မာဒိဋ္ဌိ ဖြစ်သည်။ ကံ-ကံ၏အကျိုး ကောင်းရှိ၏ဟု ယုံကြည်သော ဉာဏ်ပညာသည်ပင် ကမ္မဿကတာဉာဏ် ဟု ခေါ်သည်။

တလေးသူငယ်များနှင့် ကံ-ကံ၏အကျိုးကို နားမလည်သော ပုဂ္ဂိုလ်များ ပစ္စည်းဝတ္ထု တစ်စုံတစ်ခုကို ပေးလှူရာ၌—

"ယခုပြုသော ပေးလှူမှုကုသိုလ်ကံသည် မိမိသန္တာန်မှာ အကျိုးပေးရန် သတ္တိ ရှိနေ၏။ ထိုကံကြောင့် နောင်အခါ အကျိုးခံစားရမည်ဟု သိသော အမောဟဟိတ် (ကမ္မဿကတာဉာဏ်) မပါ၊ အလောဘ၊ အဒေါသ ဟိတ် (၂) ပါးသာ ပါ၏။"

www.dhammaransi.com



ထို့ကြောင့် ထိုကုသိုလ်စိတ်မျိုးကို ဒွိဟိတ်ကုသိုလ်(ဉာဏ်မပါသော ကုသိုလ်) စိတ်ဟု ခေါ်သည်။

ယခုအခါ ဗုဒ္ဓဘာသာဝင်အများနှင့် အခြား ဘာသာဝင်တို့သည် ကံ-ကံ၏ အကျိုးကို နားမလည်ဘဲ သူများလှူလို့ လှူကြရသူတွေ များစွာ ရှိပေသည်။ ထိုသူများ၏ ကုသိုလ်စိတ်သည် ဒွိဟိတ်ကုသိုလ်ပင် ဖြစ်ပါသည်။

ပင်ကိုဉာဏ် ရှိသူ၊ တတ်သိ နားလည်သူ ဖြစ်သော်လည်း အမှတ်တမဲ့ ပေးကမ်းလှူဒါန်းပါကလည်း ဒွိဟိတ်ကုသိုလ်ပင် ဖြစ်ပါသည်။

အလောဘ၊ အဒေါသ၊ အမောဟ ဟိတ် သုံးပါးနှင့် ယှဉ်သော ကုသိုလ်စိတ်သည် တိဟိတ်ကုသိုလ် မည်၏။

ကုသိုလ်ပြုနေတုန်းအခါ ကံကိုလည်းကောင်း၊ ကံ၏အကျိုးကို လည်းကောင်း နားလည်သော ကမ္မဿကတာဉာဏ် ပါလျှင် မိမိ၏ ကုသိုလ်စိတ် ဖြစ်သည်။

တင်စုံတစ်ခုကို ပေးလှူသောအခါ-

"ထိုပစ္စည်းသည် ရုပ်ကလာပ်အစုသာ ဖြစ်သည်။ ထိုရုပ်ကလာပ်ကား-အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတကား။ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ- စသော ပုဂ္ဂိုလ်စွဲ၊ အတ္တစွဲကို ပယ်ဖျောက်၍ အလှူပေး-အလှူခံ ပုဂ္ဂိုလ်တို့သည် ရုပ်နာမ်အစုမျှသာဖြစ်သည်ကို ထင်မြင်အောင် ရှု၍ ထိုရုပ်နာမ်တို့သည် အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ပါပါကားဟု ဝိပဿနာတင်၍ လှူတတ်ပါလျှင် တိဟိတ်ကုသိုလ်ပင် ဖြစ်ပါတော့သည်။"

ဆိုအပ်ပြီးသော ဒွိဟိတ်၊ တိဟိတ်ကုသိုလ်စိတ်တို့၌ ရှေ့အဖို့ ပုဗ္ဗစေတနာ အခိုက်တုန်းကဖြစ်စေ၊ လှူပြီးနောက် အပရစေတနာ အခိုက်မှာ ဖြစ်စေ ကုသိုလ်စေတနာ ခြံရံလျှင် (အကုသိုလ် မဖြစ်ဘဲ

www.dhammaransi.com



ကုသိုလ်စိတ်တွေ ရှေ့၊ နောက် ပါနေလျှင်) မြင့်မြတ်သော ဥက္ကဋ္ဌ ကုသိုလ်စိတ် ဖြစ်၏။

မလှူမီ ရှေ့အဖို့နှင့် လှူပြီးနောက် အဖို့၌ အကုသိုလ်များ ခြံရံနေလျှင် ညံ့ဖျင်းသော ဩမကကုသိုလ်စိတ် ဖြစ်သည်။

## ကံနှင့် အလှူဒါန

ကံဆိုသည်မှာ ပါဠိဘာသာ ကမ္မမှ ဖြစ်ပေါ်လာသော မြန်မာဝေါဟာရ ဖြစ်သည်။ ပြုလုပ်ခြင်းဟု အဓိပ္ပာယ်ရသည်။

ထိုသို့ ပြုလုပ်ခြင်းဟူသောကံသည်....

- ကိုယ်ဖြင့်ပြုလုပ်ခြင်း (ကာယကံ)
- နှုတ်ဖြင့်ပြုလုပ်ခြင်း (ဝစီကံ)
- စိတ်ဖြင့်ပြုလုပ်ခြင်း (မနောကံ)

ဟူ၍ (၃) မျိုး ရှိသည်။

ထိုသုံးမျိုးသည် စေတနာအရင်းခံများ ဖြစ်ပေါ်လာရသော ကြောင့် စေတနာကို ကံ ဟုခေါ်ပါသည်။

လောကဝယ် လူသားများအပါအဝင် သတ္တဝါဟူသမျှ တို့သည်....

- ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကုန်၏။
- ကံသာလျှင် အမွေအနှစ်ရှိကြကုန်၏။
- ကံသာလျှင် အဆွေအမျိုးရှိကြကုန်၏။
- ကံသာလျှင် အဆွေခင်ပွန်းရှိကြကုန်၏။
- ကံသာလျှင် သတ္တဝါဟူသမျှတို့ကို အယုတ်၊ အလတ်၊ အမြတ် စသည် ထူးခြားကွဲပြားအောင် စီမံဖန်တီးပေးတတ်သည်။

www.dhammaransi.com



ဤသို့ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်၊ မိမိပြုလုပ်သောကံမှ တစ်ပါး လောကကြီးအား စီမံဖန်တီးမှုမရှိဟု သိသောဉာဏ်သည် ကမ္မဿကတာဉာဏ် ဖြစ်သည်။

## ကံ၏ အစွမ်းသတ္တိ

ကံသည် ကမ္ဘာလောကကြီး၌ ရှိရှိသမျှသော သတ္တဝါ အပေါင်းတို့တွင်....

- အချို့သောသူတို့အား မင်းမျိုးမတ် ဖြစ်စေ၏။
- အချို့သောသူတို့အား သူဌေး သူကြွယ် ဖြစ်စေ၏။
- အချို့သောသူတို့အား လူမွဲလူဆင်းရဲ ဖြစ်စေ၏။
- အချို့သောသူတို့အား အနာရောဂါ နည်းစေ၏။
- အချို့သောသူတို့အား အနာရောဂါ များစေ၏။
- အချို့သောသူတို့အား နား၊ နှာခေါင်း၊ မျက်စိ၊ ခြေ၊ အင်္ဂါကြီးငယ်တို့ကို ပြည့်စုံစေ၏။
- အချို့သောသူတို့အား အင်္ဂါကြီးငယ်တို့ကို ချို့တဲ့စေ၏။
- အချို့သောသူတို့အား အဆင်းလှပတင့်တယ်ခြင်း၊ တန်ခိုးအာဏာကြီးမားခြင်း၊ အသိအလိမ္မာ ဉာဏ်ပညာကြီးခြင်း၊ အသက်ရှည်ခြင်း၊ အမျိုးမြတ်ခြင်းစသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံစေ၏။
- အချို့သောသူတို့အား အဆင်းအရောင် မလှမပ မတင့်တယ်စေခြင်း။
- တန်ခိုးအာဏာ နည်းပါးစေခြင်း၊ အသိအလိမ္မာ ဉာဏ်ပညာနည်းပါးစေခြင်း၊ အသက်တိုစေခြင်း စသော အယုတ်တရားတို့နှင့် ပြည့်စုံစေရန် ဖန်တီးပေးခြင်းငှာ စွမ်းနိုင်သည်။

www.dhammaransi.com

## ထင်ရှားသော ကံများ

ကံအစွမ်း သတိအကျိုးပေးရာနှင့်ပတ်သက်၍ အကျိုးပေးရာ ဌာနအစွမ်းအားဖြင့် ကံလေးပါးကို ခွဲခြားပြထားပါသည်။

(၁) မျက်မှောက်ဖြစ်သော ယခုဘဝ၌ ခံစားရန် အကျိုးပေးသော ပဌမဇောစေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံ။

(၂) အခြားမဲ့ဖြစ်သော ဒုတိယဘဝ၌ ခံစားရန် ပဋိသန္ဓေအကျိုး ပေးသော သတ္တမဇောစေတနာသည် ဥပပဇ္ဇဝေဒနီယကံ။

(၃) မျက်မှောက်ဘဝ ဒုတိယဘဝမှတစ်ပါးသော တတိယဘဝမှ စ၍ အနာဂတ်နိဗ္ဗာန်ရသည့်တိုင်အောင် အခွင့်ရသည်ရှိသော် ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးပေးသော အလယ်ဇော ငါး ချက်သည် အပရာပရိယကံ။

(၄) အထက်ပါ ကံသုံးမျိုးတို့သည် အခွင့်မသာ၊ အကြောင်း မသင့်သဖြင့် မိမိတို့ ဆိုင်ရာဆိုင်ရာ ကာလအားလျော်စွာ အကျိုးမပေးတော့ဘဲ အလိုလိုသုဉ်း၍သုဉ်း၍ သွားသော ကံသည် အဟောသိကံ။

### ကံတို့၏အကျိုးပေးရာ နယ်အပိုင်းအခြား

ကံ၏ အကျိုးသည် ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးဟူ၍ နှစ်မျိုးရှိသည်။

ထိုတွင် တစ်ခုသော စေတနာကံသည် တစ်ခုသော ပဋိသန္ဓေ အကျိုးကိုသာ ပေးနိုင်သည်။ ပဝတ္တိအကျိုးကိုမူကား ဘဝများစွာ တို့၌ အကျိုးပေးနိုင်သည်။

ထို့ကြောင့် အပရာပရိယဝေဒနီယကံသည် တတိယဘဝမှစ၍ အနမတဂ္ဂ အနာဂတ်သံသရာထိ အကျိုးပေးနိုင်သည်ဆိုသော်လည်း စေတနာကံတစ်ခုသည် ပဋိသန္ဓေအကျိုး နှစ်ခုမပေးနိုင်၊ ပဝတ္တိ အကျိုးသာ အနမတဂ္ဂအနန္တအကျိုးပေးနိုင်သည်။

www.dhammaransi.com



ဇော (၇) ကြိမ်တို့တွင် ပထမဇောမှ တတိယဇောထိ ဇော (၃) ချက်သည် ထက်သောဇော ဖြစ်သည်။

ပဉ္စမဇောမှ သတ္တမဇောထိ ဇော (၃) ချက်သည် ကျသောဇော ဖြစ်သည်။

စတုတ္ထဇောသည် အထွဋ်အထိပ်ရောက်သောဇော ဖြစ်သည်။

www.dhammaransi.com

# အခန်း (၄)

## ဒိဋ္ဌဓမ္မ မျက်မှောက်ဘဝ အကျိုးရသူများ

### ပန်းဝတ်ပုဆိုးအလှူရှင်၏ ဘဝကောင်းကျိုး

ဤဘဒ္ဒကမ္ဘာဝယ် ကဿပဘုရားရှင် ပွင့်စဉ် အချိန် ကာလ ဖြစ်သည်။

ဗာရာဏသီပြည်၌ ဆင်းရဲသော မိသားစု၌ သမီးချောလေး တစ်ယောက် မွေးဖွားလာသည်၊ မိဘတို့သည် အလွန်တရာ ဆင်းရဲလှ၍ သမီးလေးကို ကောင်းမြတ်သော အဝတ်တန်ဆာများ မဆင်ယင်ပေးနိုင်ခဲ့ချေ။

ထို သမီးငယ် အသက်(၁၆)နှစ်အရွယ် လှပတင့်တယ် ရှုချင်စဖွယ်သောအရွယ် ရောက်လာသည်၊ မိန်းကလေးတို့သဘာဝ လှချင်ပချင် ဝတ်စား ဆင်ယင်လိုလှသည်၊ မိဘတို့က မတတ်နိုင်။

နက္ခတ်ပွဲသဘင်နေ့ ရောက်လာသည်။

ဗာရာဏသီ ပြည်သူ ပြည်သားတို့သည် ဝတ်ကောင်းစားလှ ပန်းဝတ် တန်ဆာတို့ဖြင့် နက္ခတ် သဘင်ပွဲ ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

အမျိုးသမီးငယ်သည် ထိုသူတို့ကဲ့သို့ ဝတ်စား ဆင်ယင်ပြီး နက္ခက် သဘင်ကို ပျော်ရွှင် လိုလှသည်၊ စိတ်ဆန္ဒကလည်း ပြင်းပြလှသည်၊

"ဖေဖေ- မေမေတို့ရယ်၊ သမီးကို ပန်းဝတ်ပုဆိုးတစ်ထည် လောက် ရအောင် လုပ်ပေးကြပါ၊ သမီး ပန်းဝတ်ပုဆိုး ဝတ်ပြီး နက္ခတ်သဘင်ပွဲမှာ ပျော်ပါရစေ"

မိဘတို့ထံ တောင်းဆိုလေသည်။

www.dhammaransi.com



"ချစ်သမီး၊ ငါတို့ကား အလှန်ဆင်းရဲလှ၏၊ စားရုံဝတ်ရုံမျှ လောက်ကိုပင် ပင်ပန်းကြီးစွာ ရှာဖွေနေရသည်၊ အဖိုးတန်သော ပန်းဝတ်တန်ဆာကို သမီးကို ဘယ်လိုလုပ် ဝယ်ပေးနိုင်မလဲ သမီးရယ်၊ သမီးအနေနဲ့ တကယ်ဝတ်ဆင်လိုသော ဆန္ဒပြင်းပြရင်တော့ သူဌေး အိမ်စာစ်အိမ်မှာ အဖိုးအခနှင့် ကျွန်လုပ်ပြီး ဝယ်ယူဝတ်ဆင်ပါ၊ မေမေတို့ကတော့ လုံးဝမတတ်နိုင်ပါ"

မိဘတို့က သမီးဆန္ဒကို မဖြည့်နိုင်ကြသည့်အတွက် ဝမ်းနည်းပက်လက်ဖြစ်ကြပြီး နောက်ဆုံး သမီးကို ကျွန်လုပ်ပြီး ဝတ်ဆင်ရန်သာ အကြံပေးနိုင်ကြသည်။

အမျိုးသမီးငယ်သည် မိဘတို့၏အကြံဉာဏ်ကို လက်ခံသည်၊ ဗာရာဏသီရှိ သူဌေးကြီး တစ်ဦး ထံသို့ သွားရောက်ပြီး အကျိုးအကြောင်း ပြောပြပြီး သုံးနှစ်ကျွန်ခံလေသည်။

သူဌေးလင်မယားတို့သည် သူငယ်မကို ကျွန်အလုပ်ဖြင့်လက်ခံသည်။ သတို့သမီးငယ်သည် သူဌေးအိမ်၌ အလုပ်ဟူသမျှကို ခိုကပ်မှုမရှိဘဲ ရိုးရိုးသားသား ကြိုးကြိုးစားစား အားထုတ် လုပ်ကိုင်ပေးလေသည်။

သတို့သမီးငယ်၏ ရိုသေ ကျိုးနွံမှု၊ ကြိုးစား အားထုတ်မှုကိုကြောင့် သူဌေး လင်မယားသည် သတို့သမီးငယ်အပေါ်၌ သနားကြင်နာခြင်း ရှိသဖြင့် သုံးနှစ် မစေ့မီပင် သန့်စင် ချောမွတ် လှပသော ပန်းဝတ်ပုဆိုးတစ်စုံကို ပေးလိုက်လေသည်။

သတို့သမီးငယ်သည် ပန်းဝတ်ပုဆိုးကို ရ၍ မိဘအိမ်သို့ပြန်လာခဲ့သည်။ လမ်းခရီး အကြားဝယ် ရေကန်တစ်ခုကို တွေ့ရသောအခါ....

"ငါသည် ရေကို သန့်စင်စွာ ချိုးပြီးမှ ဤပန်းပတ်ပုဆိုးကို ဝတ်ပြီး မိဘတို့ထံပြန်မည်"ဟု ကြံစည်ပြီးရေကန်၌ဆင်းပြီး ရေချိုးလေသည်။

ထို အမျိုးသမီးငယ် ရေချိုးနေစဉ် ကဿပ ဘုရားရှင်၏ သာဝက ဖြစ်သော ရဟန္တာ တစ်ပါးသည် လမ်းခရီး၌ ခိုးသား

www.dhammaransi.com



ခေါးပြတ်တို့က လုယက် တိုက်ခိုက်ပြီး သင်္ကန်းကို ယူသွားသောကြောင့် သစ်ရွက်ဖုံးပြီး ကြွလာရသည်။ ထိုမထေရ်မြတ်သည်လည်း ထိုရေကန်အနီး လှမ်းခရီးသို့ ရောက်လာသည်။

ထိုမထေရ်၏ အသွင်အပြင်ကိုမြင်ရသော ရေကန်ထဲမှ အမျိုးသမီးငယ်သည်—

“ဤအရှင်ဘုရား ခိုးသားတို့ သင်္ကန်းကို လုယူခံရသည် ဖြစ်လတ္တံ့၊ ငါသည် ရှေးရှေးဘဝက ဒါနမဲ့ခဲ့သောကြောင့် တစ်ဆယ့်ခြောက်နှစ် အရွယ်တိုင်အောင် ပန်းဝတ်တစ်ထည်မျှ မဝတ်ဆင်ရ၊ တောင့်တောင့်တတ ရှိရချေသည်။ အခု ငါလည်း ထိုနည်းအတူ ကောင်းမှုမပြုငြားအံ့၊ ဘဝနောင်လာ ဆင်းရဲစွာပင် ဖြစ်ချေမည်၊ သို့အတွက် သုံးနှစ် ကျွန်ခံမှရသော ဤပန်းဝတ်ကို အရှင်မြတ်ကို ငါ လှူအံ့။”

ဟု တစ်ခဏချင်း ဆုံးဖြတ်ပြီး ရေကန်မှတက်လာခဲ့ပြီး မထေရ်ကို ရိုသေစွာ ရှိခိုးဦးချသည်၊ ပန်းဝတ်ပုဆိုးကို ယူကာ—

“အရှင်ဘုရား၊ တပည့်တော်မကို သနားသဖြင့် ဤပုဆိုးကို ဝတ်ဆင်တော်မူပါ ဘုရား”ဟု လျှောက်ထားပြီး ကပ်လှူလိုက်လေသည်။

ရဟန္တာ မထေရ်မြတ်သည် အမျိုးသမီးငယ် ကပ်လှူသော ပန်းဝတ်ပုဆိုးကို တစ်နေရာအကွယ်တွင် ကြွ၍ ဝတ်ဆင်ပြီး ထွက်လာခဲ့သည်။

ဝတ်ရုံသည် ရဟန္တာမထေရ်မြတ် ဝတ်ဆင်လိုက်သော အခါ ထွက်သစ်သော နေဝန်းလုံးလင် ကဲ့သို့ ရှုချင်စဖွယ် တင့်တယ်သော အရောင်အဝါ ဖြစ်ပေါ်လာလေသည်။ အမျိုးသမီးငယ်သည် တင့်တယ် သပ္ပာယ်သော ရဟန္တာမထေရ်၏အဆင်းသဏ္ဌာန်ကိုမြင်ရလေလျှင် ကြည်နူးဝမ်းမြောက်သော စိတ်ကို တစ်သိမ့်သိမ့် ခံစားရင်း—

“အရှင်ဘုရား— တပည့်တော်မသည် ဤ သင်္ကန်းလှူရသော အကျိုးကြောင့် ရှည်လျားသော နောက်ကာလတို့၌ လှပတင့်တယ် ရှုချင့်စဖွယ်သော အရောင်အဝါနှင့် ပြည့်စုံပါစေသော်၊ အမျိုး

www.dhammaransi.com



ကောင်း သမီး ဖြစ်ရပါလို သော်၊ တပည့်တော်မကို မြင်ရက ယောကျ်ားတကာ စေတနာပို့ ပျူး၍ ရှူးမူး တိမ်းညွတ် ပါစေ သော်....''

ဟု ဆုတောင်းလိုက်လေသည်။

ရဟန္တာမထေရ်မြတ်သည် လျောက်ပတ်သောတရားဒေသနာ ဖြင့် အနုမောဒနာပြုပြီး ဆက်လက် ကြွသွားတော်မူလေသည်။

သူငယ်မသည် မိဘတို့ထံ ပြန်ပြီး အသက်တိုင် နေထိုင်ခဲ့၍ စုတေသော် နတ်ပြည်၌တစ်ကြိမ်ဖြစ်ပြီးနောက် သိဝိတိုင်း အရိဋ္ဌပူရ ပြည်ကြီးဝယ် ကုဋေရှစ်ဆယ်ကြွယ်ဝသော တိရိတဝစ္ဆသူဌေးကြီး၏ သမီးရတနာဖြစ်လာ၏။ ငယ်ငယ်ကတည်းကပင် မြင်မြင်သမျှသော ယောကျ်ား-မိန်းမတို့သည် တိမ်းပါး ရှူးမူးမတတ် လေးမြတ်စဖွယ် တင့်တယ်သော အရောင်အဆင်းရှိသော ဥမ္မာဒန္တီ အမည်တွင်လာခဲ့ သည်။ သိဝိဘုရင်ကိုပင် ရှူးမူးစေခဲ့သူ ဖြစ်ခဲ့၏။

နောက် ကြာ၍ သန္ဓေယူသော ပဒုမဝတီဒေဝီ ဖြစ်လာပြီး ဂေါတမဘုရားရှင်လက်ထက်တွင် သာဝတ္ထိပြည်ဝယ် ကုဋေ(၁၆၀) ကြွယ်ဝသော သူဌေး၏သမီး ဥပ္ပလဝဏ် ဖြစ်လာသည်။ သူဌေးမင်း ပုဏ္ဏားတို့က လက်ထပ်ရန်တောင်းဆိုခံရ၍ မျှဝေခွဲဝေမပေးနိုင်သော ကြောင့် ရဟန်းပြုရာမှ တန်ခိုးအရာ ဧတဒဂ်ရသော ရဟန္တာမ ဖြစ် လာခဲ့သည်။

## နောက်ဆုံးယာမ် ဆုံးဖြတ်ချက်၏အောင်ပွဲရလဒ်

ကိုးဆယ့်တစ်ကမ္ဘာထက်ဝယ် ဗန္ဓုမတီပြည်ဝယ် ဝိပဿီ ဘုရားပွင့်တော်မူသော အချိန်ကာလဖြစ်သည်။

ပုဏ္ဏားလင်မယားသည် အလွန်ဆင်းရဲကြသည်။ ဟင်းရွက် ခူး၊ ထင်းခွေမှုဖြင့် အသက်မွေးကြရသည်။ ပုဏ္ဏားလင်မယား

www.dhammaransi.com



နှစ်ယောက်တွင် ကိုယ်ဝက်တစ်ထည်စီနှင့် အပေါ်ရုံဝတ်လွှာမှာ တစ်ထည်သာရှိသည်။

ပုဏ္ဏားတို့ အစည်းအဝေးရှိ၍ လင်သွားရလျှင် မယားသည် အိမ်တွင်း၌က မထွက်ပဲ၊ ပုဏ္ဏေးမတို့ အစည်းအဝေးရှိ၍ မယားသွားရလျှင် လင် အိမ်တွင်းက မထွက်စုံ။

သို့အတွက် ထိုပုဏ္ဏားကို အများက ဧကသာဋက=ဝတ်ရုံတစ်ထည်သာရှိသူဟု ခေါ်ဆိုကြသည်။

ဝိပဿီမြတ်စွာဘုရားသည်သတ္တဝါအပေါင်းတို့အား နှစ်နှစ်မာစ်ကြိမ် တရားဟောတော်မူသည်။ တရားဟောချိန်နီးသောအခါ မြို့၊ ရွာ၊ တော၊ တောင်စောင့်နတ်တို့သည် ဇမ္ဗူဒိပ်ကျွန်းအလုံးကို လှည့်ပတ်၍....

"မြတ်စွာဘုရားသခင် တရားဟောချိန် ရောက်ပါပြီ၊ စည်းဝေးကြကုန်"ဟု ဆော်ဩကြလျက် ကြီးစွာသော အုတ်အုတ်ကျက်ကျက်ကို ဖြစ်စေကြပါသည်။

ဧကသာဋကပုဏ္ဏားသည် ထိုသတင်းစကားကြားလျှင် တရားနာလိုသောဆန္ဒ ပြင်းပြစွာ ဖြစ်ပေါ်လာလေသည်။ သို့အတွက် မိမိဇနီးနှင့် ညှိနှိုင်းသည်။

"ရှင်မ တရားတော်ကိုနာခြင်းငှာ သင် သွားလိုက သွားပါ၊ သင် မသွားလိုက ငါ သွားပါမည်"

"အရှင် ကျွန်မတို့မိန်းမမည်သည် ညဉ့်အခါသွားရန် မသင့်ချေ၊ နေ့အခါမှ ကျွန်မသွားပါမည်၊ ယခု အမောင်သာ သွားပါလေ"

ဧကသာဋကပုဏ္ဏားသည် မိန်းမစားမှ သဘောတူညီချက်ရသောအခါ ဝတ်စားပြင်ဆင်လျက် ဘုရားရှင်ကျောင်းတော်သို့သွား၍ တရားနာလေသည်။

www.dhammaransi.com



ဝိပဿီမြတ်စွာဘုရားသည် မင်းနှင့်တကွသော ပရိသတ်လေးပါးကို သီလတရား၊ နတ်ပြည်တရား၊ မဂ်ဖိုလ်တရားတို့ကို တရားစကား အစဥ်ဖြင့် အင်္ဂါရှစ်ပါးရှိသော အသံတော်ဖြင့် မြစ်ကြီး ငြိမ့်ငြောင်းစွာ စီးသကဲ့သို့ ဟောပြတော်မူလေသည်။

ပရိသတ် အစွန်မှနေ၍ တရားနာနေသောကေသာဋ္ဌကပုဏ္ဏားသည် ဘုရားရှင်၏ တရားတော်၌ အဆတစ်ရာမျှ ဝမ်းမြောက်ခြင်းရှိ၍ နှစ်သက်ခြင်း (ပီတိ) ငါးပြားဖြစ်လျက် မိမိပခုံးထက်၌ပါသော စုလျားပုဆိုးကို စုပုံလျက်....

"ဤဝတ္ထုကို ဘုရားရှင်အား လှူတော့အံ့"

ဟု ကြံစည်မိလေသည်။ တစ်ဖန်....

"ဤစုလျားကို ငါလှူ၍သွားခဲ့သော် ပုဏ္ဏားတို့ အစည်းအဝေးရှိသောအခါ ငါလည်း မဝင်ဝံ့၊ ပုဏ္ဏေးမှလည်း မဝင်ဝံ့ရှိပေလိမ့်မည်၊ နောက်တစ်ထည်ရမှပဲ လှူပါတော့အံ့"

ဟု ကြံစည်မိပြန်၏။

ဤသို့ဖြင့် သဒ္ဓါစိတ်တစ်ရံဖြစ်သည်ကို မစ္ဆေရစိတ် (မပေးလို၍ ဝန်တိုစဥ်းလဲခြင်း)က တစ်ထောင်လောက်ပျက်နေ၍ ပခုံးထက်၌ တင်မြဲတင်ထားပြန်၏။

တစ်ဖန် လှူဦးမည်ဟု ကြံစည်ပြန်လျှင်လည်း ယခင်နည်းကဲ့သို့ ပင် ကပ်စေးနှဲ စုံမက်သော မစ္ဆေရစိတ်က ကပ်ငြိလာပြန်သဖြင့် မလှူမိဘဲ ရှိပြန်၏။

ဤသို့ဖြင့်ပထမယာမ်၊မဇ္ဈိမယာမ်လွန်မြောက်၍မစ္ဆိမယာမ်သို့ ရောက်လာသည်။ ထိုယာမ်သို့ရောက်သော် မိမိကိုယ်ကိုယ်မိမိ ဆုံးမသည်မှာ....

"အချင်းကေသာဋ္ဌက၊ သင်သည် ဤတစ်ထည်မျှသော ပုဆိုးကို မလှူရက်သကဲ့သို့ အထက်အထက်သောဘဝက မစ္ဆေ

www.dhammaransi.com



ရစိတ်နောက်သို့လိုက်ကာ ဒါနကောင်းမှု မပြုခဲ့သောကြောင့် ယခုဘဝ၌ ဆင်းရဲရသည် မဟုတ်လော၊ နောက်နောက်သော ဘဝတို့၌လည်း ဤကဲ့သို့ ဆင်းရဲလိုသလော၊ အဆောတလျင် သင်လှူမှသာ ဒါနဖြစ်တော့မည်"

ဟု တိုက်တွန်းဆုံးမ၍ ပခုံးမှစုလျားကို ချပြီးလျှင် ဘုရားရှင်ခြေတော်ရင်း၌ထား၍ အားရဝမ်းသာစွာ လက်ယာလက်ဖြင့်လက်ပန်းပေါက်တီးလျက်....

"အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ"

ဟု သုံးကြိမ်တိုင်တိုင် ရွတ်ဆိုလေသည်။

ထိုပုဏ္ဏား၏ အော်ဟစ်သံကိုကြားရသော ပသေနဒီကောသလမင်းကြီးသည် ထိပ်လန့်တုန်လှုပ်သော အမူအရာဖြင့် အော်သူကိုကြည့်ရာ ပုဏ္ဏားကို တွေ့မြင်၍ ပုဏ္ဏားကိုခေါ်ကာ စစ်ဆေးမေးမြန်းလေသည်။

"သင်ကား အဘယ်သူကိုအောင်၍ အောင်ပြီဟု အော်ဟစ်နေရပါသနည်း"

ပုဏ္ဏားသည် မင်းကြီးအား မိမိသည် ညဉ့်ဦးယံ ကတည်းက အကြံဖြစ်ပုံ၊ မစ္ဆေရစိတ်ဝင်ပုံ၊ မစ္ဆေရနှင့် သဒ္ဓါတရား အခါခါ စစ်ထိုးကြရာတွင် ယုတ်မာသော မစ္ဆေရစိတ်သည် ပစ္ဆိမယာမ်၌ ရှုံးနိမ့်ပြီး လှူနိုင်သည်။ မိမိမစ္ဆေရစိတ်ကို အောင်နိုင်သည်ကို အားရဝမ်းသာဖြစ်ပြီး အောင်ပြီဟု အော်ဟစ်ခြင်းဖြစ်ကြောင်း လျှောက်ထားလေသည်။

မင်းကြီးသည် ပုဏ္ဏား၏ စကားကို ကြားရသော အခါ အလွန်အားရဝမ်းမြောက်ပြီးလျှင် အဖိုးတန်လှသော ဝတ်စုံတစ်စုံကို ပုဏ္ဏားကို ပေးလှူလေသည်။

"ဤဝတ်စုံသည် ဘုရားရှင်ကို အကြောင်းပြု၍ ရလာသော ဝတ္ထုဖြစ်၍ ဘုရားရှင်နှင့်သာ ထိုက်တန်ပေသည်"

www.dhammaransi.com



ပုဏ္ဏားသည် ဤသို့ကြံပြီး ထိုဝတ်စုံကို ဘုရားရှင်ကို လှူလိုက်ပြန်လေသည်။

ထိုသို့လှူသည်ကို မင်းကြီးသိပြန်လျှင် နှစ်စုံထပ်၍ ပေးလှူပြန်လေသည်။ ပုဏ္ဏားကလည်း ဘုရားရှင်ကို ထပ်လှူပြန်လေသည်။

မင်းကြီးက တစ်ဖန် လေးစုံ ပေးပြန်၏။ အကုန်လှူပြန်၏။

ရှစ်စုံ ပေးပြန်၏။ အကုန် လှူပြန်၏။

တစ်ဆယ့်ခြောက်စုံ ပေးပြန်၏။ အကုန် လှူပြန်၏။

သုံးဆယ့်နှစ်စုံ ပေးပြန်၏။

"တစ်ဆ တစ်ဆ ရမှန်း သိ၍သာ လှူသည်ဟု သူတကာတွေ ကဲ့ရဲ့စရာ ဖြစ်ပေမည်"

ပုဏ္ဏားသည် ဤသို့ကြံစည်ပြီးလျှင် မိမိနှင့်မိမိ၏ ယားအတွက် နှစ်စုံသာ ချန်ထားပြီး ကျန်အစုံ(၃၀)ကို ဘုရားရှင်ကို လှူလိုက်ပြန်လေသည်။

ထို အခါမှ စ၍ ကောသလမင်းက ပုဏ္ဏားသည် ဘုရားရှင်နှင့် အကျွမ်းဝင်ပြီးလျှင် သရဏဂုံ သီလကို ခံယူလျက် ဘုရားရှင်ထံ မပြတ်ခစား ဆည်းကပ်လေသည်။

တစ်ချိန်သောကာလ ဆောင်းဥတု အချိန်တွင် မဟာပဇ္ဇောတ မင်းကြီးသည် ဘုရားရှင်ထံ တရားနာရာ ကောသလမင်းက ပုဏ္ဏားကို ပန္နမွှရာဇ်တိုင်းမှ ဆက်သထားသော အဖိုး တစ်သိန်း ထိုက်သည့် ကမ္ဗလာတစ်စုံကို—

"ဤကမ္ဗလာအစုံကို ယမြဲဝတ်ရုံ၍ တရားနာပါ၊ ဘုရားရှင်၏ အမှုကိုလည်း ဆောင်ရွက်ပါ"

ဟု ဆို၍ ပေးလေသည်။

"ဤ ကောင်းမြတ်သော ကမ္ဗလာဖြင့် အပုပ်ကောင်သာ ဖြစ်သော ငါ့ကိုယ်ကို ဆင်ယင်သဖြင့် အဘယ် အကျိုးရှိပါအံ့နည်း၊ ဘုရားရှင်ကို လှူမှသာ ဘဝဆက်တိုင်း ကုသိုလ်အကျိုး ပါရာ၏"

www.dhammaransi.com



ပုဏ္ဏားသည် ဤသို့ကြံစည်ပြီးလျှင် ဘုရားရှင်သိတင်းသုံးရာ ဂန္ဓကုဋိတိုက်ဝယ် တစ်ထည်ကို ခင်း၍ တစ်ထည်ကို ဗိတာန်ကြက်၍ လှူလေသည်။

တစ်နေ့တွင် မင်းကြီးသည် ဘုရားရှင်ကျောင်းသို့ လာရာ၊ ဘုရားရှင်၏ ရောင်ခြည်တော်စုံတို့သည် အလုံးစုသော ကမ္ဗလာရောင်စုံတို့ဖြင့် ကူးယှက်ရကား ပြိုးပြိုးပြက်ပြက် ထွက်သော ပတ္တမြားတောင်ကို နေရောင်-လရောင် ဟပ်သကဲ့သို့ တလျပ်လျပ် တငြီးငြီး အံ့ချီးစဖွယ် ဖြစ်၍ နေသည်ကို တွေ့မြင်ပြီး အလွန်ကြည်နူး ဝမ်းမြောက်သော စိတ်ကို ခံစားရသည်။

"ဤကမ္ဗလာကို အဘယ်သူ လှူထားပါသနည်း"

ဟု ဘုရားရှင်ကို လျှောက်ထားမိလေသည်။

"မင်းမြတ်- ကောသာင္ဓက ပုဏ္ဏား လှူထားသော ဗိတာန် ကမ္ဗလာ ဖြစ်သည်"

"မြတ်စွာဘုရား-ဤကမ္ဗလာကို တပည့်တော်သည်ပင် ကောသာင္ဓက ပုဏ္ဏားကို ပေးလှူခဲ့ပါသည် ဘုရား၊ ကောသာင္ဓကပုဏ္ဏားသည် ဤကမ္ဗလာကို သင့်လျော် ကောင်းမြတ်သော ဌာနၥ်၌ ထားတတ်ပေသည်တကား"

မင်းကြီးသည် ဤသို့ ဆိုပြီးလျှင် ဘုရားရှင်ထံမှ သင့်လျော်သော တရားဓမ္မကို နာကြားပြီးနောက် ကောသာင္ဓက ပုဏ္ဏားကို ခေါ်စေကာ သံဃာတော်များကို လုပ်ကျွေးပြုစုခြင်းငှာ အသာပြာ တစ်သိန်း အခွန်ထွက်သော ရွာကြီး(၈)ရွာ၊ ရထား(၈)စီး၊ ဆင်ပေါက် (၈)စီး၊ ကညာပျို (၈) ယောက်၊ ကျွန်ထိီး ရှစ်ထောင်၊ တိုက်ပြာသာဒ်(၈)ဆောင်၊ အခြား ဆင်၊ မြင်း၊ ကျွဲ၊ နွား(၈)စုံ၊ အသီးသီးကို ပေးသနားလေသည်။

ကောသာင္ဓကပုဏ္ဏားသည် ထိုအချိန်မှစ၍ ချမ်းသာပြည့်စုံပြီး ဒါန၊ သီလ၊ ဘာဝနာတရားကို လွန်စွာ အားထုတ်ကြိုးစားသည်။

www.dhammaransi.com



အချိန်စေ့၍ ကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်၌ ဖြစ်ရလေသည်။

လှူရသော ကုသိုလ်အကျိုးနှင့် တစ်ယာမ်မျှ ဆုံးဖြတ်လှူလိုက်သော ကုသိုလ်စိတ် အကျိုးကား ပစ္စုပ္ပန်၊ တမလွန် အံ့ဩဖွယ်ကောင်းသော အကျိုးကို ပေးလေသည်သာတည်း။

ထိုကေသာဠက ပုဏ္ဏားသည် ဂေါတမဘုရားရှင်လက်ထက်ဝယ် ဘုရားရှင်၏ တတိယအဂ္ဂသာဝကာ အရှင်မဟာကဿပမထေရ် ဖြစ်လာခဲ့လေသည်။

---

## မုဆိုး၏ တစ်ခဏ ဆွမ်းကုသိုလ်လှူရအကျိုး

ကဿပ ဘုရားရှင် လက်ထက်တော်၌ ဖြစ်သည်။

သားသတ်မုဆိုး တစ်ဦးသည် မိုးသည်းထန်စွာ ရွာသော နေ့တစ်နေ့ဝယ် သားသမင်တို့ကို အလွယ်တကူ ဖမ်းဆီးရနိုင်သည် ဟူသော အကြံဖြင့် လှံတံကိုယူကာ တောထဲသို့ ထွက်ခဲ့သည်။

တစ်ခုသော တောင်ဝှမ်းထဲဝယ် ဦးခေါင်းကို သိမ်းရုံး၍ ထိုင်နေတော်မူသော ရဟန်းတစ်ပါးကို အမှတ်မထင် တွေ့မြင်လိုက်ရသည်။ ထိုခဏဝယ် မုဆိုး၏စိတ်ထဲ၌ အတွေးကလေးတစ်ခု ပေါ်လာသည်။

"ဤအရှင်သည် ဖြူစင်နှလုံး ကျင့်သုံးပွားများ ရဟန်းတရားကို အားထုတ်၍ သီတင်းသုံး နေထိုင်သူ ဖြစ်ပေလိမ့်မည်၊ ထိုမထေရ်မြတ်ကို ရည်မှတ်ပေးကမ်းလှူဒါန်းရအောင် ဆွမ်းကို ပြန်၍ စီရင်ရသော် ကောင်း၏"။

မုဆိုးသည် ထိုသို့ကြံစည်ပြီးလျှင် လျင်မြန်သောအဟုန်ဖြင့် အိမ်သို့ပြန်သွားပြီးလျှင် ယမန်နေ့က ဆောင်ယူထားသော အသား

www.dhammaransi.com



ကိုလည်းကောင်း၊ အိုးတစ်လုံးဖြင့် ထမင်းကိုလည်းကောင်း ချက်ပြုတ်လေသည်။

ဆွမ်း၊ ဆွမ်းဟင်း ကျက်ခိုက်မှာပင် ဆွမ်းခံ ရဟန်း တစ်ပါး ကြွလာသည်ကို မြင်၍ ကိုမထေရ်ကိုလည်း အိမ်သို့ ပင့်ဖိတ် နေရာပေးသည်။ သပိတ်ကိုယူကာ ဆွမ်း၊ ဆွမ်းဟင်းများ ထည့်စေပြီး အခြားသူများကို ကပ်လှူစေသည်။

မိမိကမူ ထမင်းဟင်းတို့ကို ကောင်းစွာထုပ်၍ တောင်ဝှမ်းသို့ ပြန်လာခဲ့သည်။ လမ်းခရီးတွင် တွေ့တွေ့သမျှသော ပန်းတို့ကို ခူးဆွတ်ယူလာခဲ့သည်။

မထေရ်ထံမှောက်သို့ ရောက်သောအခါ-

"အရှင်ဘုရား၊ တပည့်တော်အား အစဉ် သနားသဖြင့် ချီးမြှင့်ခြင်းကို ပြုတော်မူပါလော့"

ဟု လျှောက်ထားပြီးလျှင် မထေရ်၏သပိတ်ကိုယူကာ ဆွမ်း၊ ဆွမ်းဟင်းများကိုထည့်ပြီး မထေရ်ကို ကပ်လှူလေသည်။ ထိုနောက် ဆွတ်ခူးလာသော ပန်းတို့ကိုလည်း ဆက်ကပ်လှူဒါန်းလေသည်။

ထိုနောက် ဤသို့ ဆုပန်လေသည်။

"အရှင်ဘုရား၊ တပည့်တော်သည် ပန်းပူဇော်ခြင်းနှင့် ဟင်း အရသာရှိသော ဆွမ်းကို ရည်ညွှန်း ပိုင်းဖြတ် အရှင်မြတ်၏ စိတ်ကို နှစ်သက်ခြင်းကို ဖြစ်စေလျက် ပေးကမ်း လှူဒါန်းပါသည်၊ ဤသို့ပြုသော ကုသိုလ်ကံကြောင့် တစ်ဖန်ဘဝ နောင်ကာလဟုဆိုအပ်သော ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝဌာနတို့၌ လက်ဆောင် ပဏ္ဏာကာရ တစ်ထောင်မျှ လောက်တို့သည် လာရောက်ပေးကမ်း၍ ရှင်လန်း တပ်မက် အကျွန်ုပ်စိတ်ကို နှစ်သက်ပါစေသော်၊ ငါးပါး ဆံ ရှိသော မုလေးပန်းတို့သည်လည်း ဖြိုင်ဖြိုင်လိုင်ကာ ရွာပါစေဘတည်း"။

www.dhammaransi.com



ထိုသားသတ်မှုဆိုးသည် ထိုဘဝ အသက်ရှည်နေစဉ် ကာလ ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ခဲ့ပြီး သေသည်နောက် ကာလဝယ် နတ်ပြည်၌ ဖြစ်ရသည်။

ထိုမုဆိုးသည် ပဒုမုတ္တရဘုရားရှင်လက်ထက်ကလည်း ဘုရားရှင် ခြေတော်ရင်း၌ ပြုအပ်သော ဆုတောင်းခြင်းရှိခဲ့သူ ဖြစ်လည်း။

ယခု ဂေါတမဘုရားရှင် လက်ထက်ဝယ် မစ္ဆိကာသဏ္ဍမြို့၌ စိတ္တသူကြွယ်ဖြစ်ခဲ့ပြီး ဘုရားရှင် သာသနာတော်ဝယ် ထင်ရှားသော ပေးမကုန် လှူမခန်းသူ ဖြစ်ခဲ့ရလေသည်။ နတ်တို့က သွားလေရာ ပန်းမိုးရွာပေးခဲ့ရသူ ဖြစ်လာသည်။

(စိတ္တသူကြွယ်၏ အကြောင်းစုံကို ဓမ္မပဒ ဗာလဝဂ် သုဓမ္မ မထေရ်နှင့် စိတ္တသူကြွယ်အကြောင်း၌ အကျယ် ဖတ်ရှုကြရန် ဖြစ်သည်။)

---

## အာဂန္တုက စာရေးတံဆွမ်းအလှူရှင် မဟာဒုဂ်၏ကောင်းကျိုး

ကဿပဘုရားရှင် ထင်ရှားပွင့်တော်မူသော အချိန်ကာလ ဖြစ်သည်။

ကဿပဘုရားရှင်သည် ရဟန္တာပရိသတ်ပေါင်း နှစ်သောင်း ခြံရံလျက် ဗာရာဏသီပြည်သို့ ခရီးကြွတော်မူလေသည်။

ထိုအခါ များစွာသော မြို့သူမြို့သားတို့သည် မိမိတို့ စွမ်းနိုင်လောက်သော အခြင်းအရာကိုမှတ်၍ ရှစ်ယောက်သော အစုတို့သည် လည်းကောင်း၊ ဆယ်ယောက်သောသူသည်လည်းကောင်း၊ တစ်ပေါင်းတစ်စုဘည်းပြုပြီး အာဂန္တုက ဒါနကို ပေးလှူကြလေသည်။

တစ်နေ့ ဘုရားရှင်သည် ဆွမ်းအနုမောဒနာပြုသောအခါ....

"အို...ဒါယကာ၊ ဒါယိကာမအပေါင်းတို့၊ ဤလောက၌ အချို့သောသူတို့သည် မိမိတို့ ပစ္စည်းဥစ္စာကိုသာ ပေးလှူ

www.dhammaransi.com



ခြင်းငှာ အပ်၏။ သူတစ်ပါးတို့ကို ဆောက်တည်လူဒါန်းစေသဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု နှလုံးသွင်း ရှေးရှုလျက် မိမိ၏ ဥစ္စာကိုသာ လှူသည်။ သူတစ်ပါးကို မဆောက်တည်၊ မလှူဒါန်း၊ မပေးကမ်းစေ။ ထိုသူသည် ဖြစ်တိုင်းဖြစ်တိုင်းသော ဘုံဘဝ၌ စည်းစိမ်းချမ်းသာ၏ ပြည့်စုံခြင်းကိုမူကား ရ၏။ အခြံအရံပြည့်စုံခြင်းကိုကား မရ၊ အချို့သော သူတို့သည်ကား သူတစ်ပါးကို ဆောက်တည်လှူဒါန်းစေ၏။ မိမိသည် ပစ္စည်းဥစ္စာကို မပေးကမ်း၊ မလှူဒါန်း၊ ထိုသူသည် ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝတို့၌ အခြံအရံကား ပြည့်စုံ၏။ စည်းစိမ်ဥစ္စာကား မပြည့်စုံကြပေ၊ အချို့သော သူတို့သည်ကား မိမိလည်း မပေးကမ်း၊ မလှူဒါန်း၊ သူတစ်ပါးကိုလည်း မဆောက်တည်၊ မလှူဒါန်းစေ။ ထိုသူသည် ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝ၌စည်းစိမ်လည်း မရ၊ အခြံအရံလည်းမရ ဖြစ်ရသည်။ စားကြွင်းစားဖြစ်၍ အသက်ဖြင့် ရှည်တည်နေရသည်။ အချို့သည် မိမိလည်း ပေးကမ်းလှူဒါန်း၏။ သူတစ်ပါးတို့ကိုလည်း ပေးကမ်း လှူဒါန်းစေ၏။ ထိုသူတို့သည် ဖြစ်လေရာ ဘဝတိုင်း၌ မိမိလည်း စည်းစိမ်ဥစ္စာပြည့်စုံ၍ ချမ်းသာ၏။ အခြံအရံနှင့်လည်း ပြည့်စုံပေ၏။''

ဟူ၍ ဟောတော်မူလေသည်။

ထိုအခါ အနီးအပါး၌ တရားနာမနေသော ပညာရှိ အမျိုးသား တစ်ဦးသည်....

''ငါသည် ဘုရားရှင်ဟောသည့်အတိုင်း ကြံဆောင်လုပ်ရသော် နှစ်ပါးစုံသော စည်းစိမ်ချမ်းသာတို့သည် ပြည့်စုံရသည်ဖြစ်လတ္တံ့....''

ဟု ကြံစည်မိလေသည်။

www.dhammaransi.com



ထို့နောက် ထိုအမျိုးသားသည် ဘုရားရှင်ထံသို့ ချဉ်းကပ်ပြီးနောက်....

"ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား၊ နက်ဖြန်ခါ၌ တပည့်တော်၏ဆွမ်းကို ခံယူတော်မူပါဘုရား" ဟု လျှောက်ထား ပင့်ဖိတ်သည်။

"ဒါယကာ အသင်သည့်ရဟန်းမည်မျှအလိုရှိဘိသနည်း" ဘုရားရှင်က မေးတော်မူသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရှင်မြတ်၏ အခြံအရံသံဃာသည် မည်မျှရှိပါသနည်း ဘုရား"

"ဒါယကာ နှစ်သောင်းလောက်မျှ ရှိသည်"

"မြတ်စွာဘုရား ထိုအလုံးစုံကုန်သော ရဟန်းတို့နှင့်တကွ နက်ဖြန်ခါ၌ တပည့်တော်၏ဆွမ်းကို ခံယူတော်မူပါဘုရား"

မြတ်စွာဘုရားသည် ပင့်ဖိတ်မှုကို သည်းခံတော်မူသည်။ ထိုအမျိုးသားသည် ဘုရားရှင် လက်ခံသည်ကို သိရှိသောအခါ မြို့တွင်းသို့ဝင်ပြီး....

"အို....မိခင် ဖခင်တို့၊ ကျွန်ုပ်သည် နက်ဖြန်အလို့ငှာ ဘုရားအမှူးရှိသော သံဃာတော်တို့ကို ဆွမ်းပင့်ဖိတ်ခဲ့ပါသည်။ အသင်တို့သည် အကြင်မျှလောက်သော သံဃာအရေအတွက်ကို လုပ်ကျွေးရန် တတ်နိုင်၏။ ထိုမျှလောက်သော ရဟန်းသံဃာ အရေအတွက်ကိုယူ၍ ဒါနပြုရှိလှူဒါန်းကြပါကုန်လော" ဟု တစ်အိမ်တက်ဆင်း လှည့်လည်ပြောကြားလေသည်။

အိမ်တို့သည် ငါတို့က ဆယ်ပါး၊ ငါတို့က အပါးတစ်ရာ၊ ငါတို့က အပါးနှစ်ရာ၊ အပါး ငါးရာ၊ အပါး တစ်ထောင် စသည်

www.dhammaransi.com



ဖြင့် မိမိတို့ စွမ်းနိုင်သော သံဃာ အရေအတွက်ကို လက်ခံယူကြသည်။ အမျိုးသားသည် ထိုယူသော သံဃာစာရင်းကို ကမ္ပည်းတင်၍ တစ်အိမ်တက်ဆင်း ဆက်လက်သွားသည်။

ထိုအချိန်တွင် ဗာရာဏသီ၌ အလွန်ဆင်းရဲသော မဟာဒုက် ဆိုသူ တစ်ဦးရှိသည်။ ထိုပညာရှိ အမျိုးသားသည် လမ်းတွင် မိမိ ရှေ့ လာရောက်တွေ့ဆုံသော မဟာဒုက်ကို မြင်သောအခါ...

"အဆွေမဟာဒုက် ငါသည် နက်ဖြန် ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းကပ်လှူရန် ပင့်ဖိတ်ခဲ့သည်။ မြို့သူ မြို့သားတို့သည်လည်း မိမိတတ်နိုင်သရွေ့သော သံဃာအရေ အတွက်ကိုယူပြီး ဆွမ်းကပ်လှူကြမည်၊ သင်ကော သံဃာ မည်မျှ ဆွမ်းကျွေးနိုင်မည်နည်း" ဟု မေးသည်။

"အချင်း....ငါ့အဖို့သံဃာကို မည်သို့ယူနိုင်ပါမည်နည်း၊ ယာဂုကိုပင် အနိုင်နိုင် သောက်နေရသူ ဖြစ်သည်။ နက်ဖြန် အတွက် ယာဂုစာပင် မရှိပါ၊ အခစားလုပ်၍ ရှာရပါဦး မည်၊ သံဃာတော်များကို ငွေကြေးပြည့်စုံသူတို့သာယူ၍ ကျွေးမွေးလှူဒါန်းနိုင်မည်သာဖြစ်ပါသည်။" ဟု ပြောသည်။

သူတစ်ပါးကို တိုက်တွန်း နှိုးဆော်တတ်သော သူသည် လိမ္မာ ပါးနပ်သူ ဖြစ်ပေရာ၊ ပညာရှိ အမျိုးသားသည် မဟာဒုက်က မရှိ ဟူ၍ ပြောဆိုကာမျှဖြင့် ဆိတ်ဆိတ်မနေဘဲ မဟာဒုက်အနီးသို့ ချဉ်း ကပ်ပြီး ဖက်လှဲတကင်း ပြုကာ–

"အဆွေ မဟာဒုက်၊ ဤဗာရာဏသီ မြို့၌ လူတို့သည် ကောင်းကောင်း ဝတ်၊ ကောင်းကောင်း စားပြီး ကောင်း သော အိမ်တို့ဖြင့် နေကြသည်။ သင့်မှာမူကား တစ်နေ့လုပ်၊ တစ်နေ့စားဘဝဖြင့် ဝမ်းပင် မဝဘူဖြစ်နေရသည်။ ဤသည် မှာ သင်သည် အတိတ်ဘဝက ဒါနစသော ကောင်းမှုကုသိုလ် မပြုလုပ်ခဲ့သောကြောင့် ဝမ်းမဝ ခါးမလှ နေရာမရဖြစ်နေ သည်ကို သင် သိပါသလော"

www.dhammaransi.com



"အရှင် သိပါသည်"

"မဟာဒုက်၊ သင် သိပါလျက် ယခု အဘယ်ကြောင့် ကုသိုလ်ကောင်းမှု မပြုလုပ်ပါသလဲ၊ သင်သည် ပျိုမျစ်နုနယ် အားခွန်ဗလနှင့် ပြည့်စုံသူ ဖြစ်ပါသည်၊ အခစား လုပ်ပြီး ရသောအသပြာဖြင့် အစွမ်းရှိသမျှကုသိုလ်ပြုသင့်သည်မဟုတ် ပါလော" ဟု ပြော၏။

မဟာဒုက်သည် ပညာရှိအမျိုးသား ပြောသော စကားကို နားထောင်လျက် ထိတ်လန့်ခြင်းသို့ ရောက်သည်ဖြစ်၍-

"အရှင်၊ ရဟန်းတစ်ပါးကို ဆွမ်းကပ်လှူပါမည်၊ ရဟန်း တစ်ပါး ကမ္ပည်းစာ၌ ရေးမှတ်ထားလိုက်ပါ၊ ကျွန်ုပ် အခ စားလုပ်၍ရသော ခဏဝယ် ဆွမ်းကပ်လှူပါမည်"ဟု ဝန်ခံ စကားပြောလိုက်လေသည်။

စာရင်းကိုင်ပညာရှိ ယောကျ်ားသည် သံဃာတော်တစ်ပါး ကိုမျှ စာရင်း၌ ရေးမှတ်ထားသဖြင့် ဘာအကျိုး ရှိပါအံ့နည်း ဟု စာရင်း၌ တင်မထားဘဲ ထားလေသည်။

မဟာဒုက်သည် အိမ်ပြန်လာပြီး မိမိမယားကို-

"ချစ်နှမ၊ မြို့နေလူတို့သည် သံဃာတော်အား ဆွမ်း လှူဒါန်းခြင်း သံဃဘတ်ကို ပြုကြကုန်လတ္တံ့၊ ငါ့ကိုလည်း နှိုးဆော် တိုက်တွန်းသော ယောကျ်ားက သံဃာတစ်ပါး ဆွမ်းလှူရန် နှိုးဆော် တိုက်တွန်း၍ ငါသည် သံဃာတစ်ပါး ဆွမ်းလှူရန် တာဝန်ယူခဲ့သည်" ဟု ပြောပြသည်။

မဟာဒုက်၏မယားသည်'ငါတို့မှာ ဥစ္စာမရှိဘဲနဲ့ ဘာကြောင့် ယူခဲ့ရသလဲ' ဟု အပြစ်မဆိုဘဲ-

"အရှင်၊ သင်သည် ကောင်းမြတ်သည်ကို ပြုအပ်ပေ သည်၊ ငါတို့သည် ရှေးရှေးဘဝ၌ တစ်စုံတစ်ခုသော ဒါန

www.dhammaransi.com



ဝတ္ထုကို ပြုလုပ် လှူဒါန်းခြင်း မရှိသောကြောင့် ယခုဘဝ၌ ဆင်းရဲပင်ပန်းခြင်း ဖြစ်ရကုန်သည်၊ ငါတို့သည် အခစား အမှုကိုပြု၍ သံဃာတော်ကို ဆွမ်းကပ်ကြပါစို့” ဟု ပြောသည်။

လင်မယားနှစ်ယောက်သည် ဤသို့ပြောပြီး အိမ်မှထွက်ကာ အလုပ် လုပ်ရန် ထွက်ခွာခဲ့ကြလေသည်။

သူဌေးကြီး တစ်ဦးသည် မဟာဒုက်ကို မြင်၍—

“အချင်း မဟာဒုက်၊ သင်သည် အခစားအလုပ်ကို လုပ်ပါမည်လော” ဟု မေးသည်။

“အရှင် အခစားအလုပ် လုပ်ပါမည်”

“မဟာဒုက်၊ သင် ဘယ်အလုပ်မျိုးကို လုပ်ပါသလဲ”

“အရှင်သူဌေးမင်း အလုပ်ဟူသမျှလုပ်ပါသည်၊ အရှင်၏ အလုပ်ကိုသာ ပြောပါ”

“မဟာဒုက်-ကောင်းပြီ၊ ငါသည် နက်ဖြန် သံဃာနှစ်ရာ ကို ဆွမ်းကပ်လှူပါမည်၊ ထိုအတွက် မှန်မြတ်သော ဆွမ်း ချက်ရန်အတွက် ထင်းလိုနေ၍ ထင်းခွဲပေးရန် ဖြစ်ပါသည်”

သူဌေးသည် မဟာဒုက်ကို ပဲကွပ်၊ ပုဆိန်တို့ကိုပေး၍ ထင်း တို့ကို ခွဲစေသည်။ မဟာဒုက်သည် ပုဆိုးကို မြဲမြံစွာ ခါးတောင်း ကျိုက်ပြီး ယင်းတို့ကို ပဲကွပ်တစ်လှည့်၊ ပုဆိန် တစ်လှည့်ဖြင့် အင် တိုက်အားတိုက် ခွဲစိတ်ပေးလေသည်။

မဟာဒုက်၏ အင်တိုက်အားတိုက် အလုပ်လုပ်နေသည်ကို မြင် ရသော သူဌေးကြီးသည်—

“အချင်း မဟာဒုက်၊ သင်သည် ယနေ့ အလွန်ကြိုးစား အားထုတ်ပြီး အလုပ် လုပ်သည်၊ သင့်မှာ အကြောင်းကိစ္စ အသို့ ရှိပါသနည်း” ဟု မေးသည်။

www.dhammaransi.com



"အရှင် သူဌေးမင်း၊ ကျွန်ုပ်သည် နက်ဖြန်ခါ၌ သံဃာတော် တစ်ပါးကို ဆွမ်းလုပ်ကျွေးရန် တာဝန်ယူထားပါသည်" ဟု ပြောပြသည်။

သူဌေးကြီးသည် မဟာဒုက်ပြောစကားကို ကြားရလျှင် ကြည်လင် ဝမ်းမြောက်သော စိတ်ရှိလျက် ကြံစည်မိသည်မှာ—

"ဤသူပြုအပ်သော အလှူသည်ကား အံ့ဩဖွယ်ရှိပေစွတကား၊ ငါသည် ဆင်းရဲငြိုငြင်ပင်ပန်းသောသူတည်း ဟု ဆိတ်ဆိတ်နေခြင်းသို့ မရောက်မူ၍ အခစားအမှုကို ပြုလုပ်ပြီး သကာလ သံဃာတော်တစ်ပါးကို ဆွမ်းကျွေးအံ့ ဟု ပြောဆို ဝန်ခံဘိသည်၊ ချီးကျူးဖွယ် လူပါတကား"

သူဌေးကြီးသည် ထင်းခွဲခ အဖြစ် လေးကွမ်းစားသော သလေးဆန်ကို ပေးပြီးနောက်—

"ဤသည်ကား သင်၏လုပ်အားကို သဘောကျ၍ ငါက ထပ်မံ ဆောင်းပေးခြင်း ဖြစ်သည်" ဟု ပြောပြီး သလေးဆန် လေးကွမ်းစာတို့ကို ထပ်မံပေးပြန်လေသည်။

သူဌေးကတော်ကလည်း မဟာဒုက်မယားကိုခေါ်၍ စပါးတို့ကို တောင်းစေကာ ဆန်ကော၊ ဗန်းတို့ဖြင့် သန့်စင်စေသည်။

မဟာဒုက်မယားသည် သီချင်းကို ရွတ်ဆို၍ ကဘိသကဲ့သို့ ရွှင်လန်းနှစ်သက်သောစိတ်ဖြင့် ကောက်စပါးတို့ကို ထောင်းဖွပ်ပြာလေသည်။

သူဌေးကတော်ကလည်း မဟာဒုက်မယား၏ တက်ကြွသော အပြုအမူကိုကြည့်၍မေးရာ သံဃာတစ်ပါးဆွမ်းကပ်မည်ကို သိသောအခါ မဟာဒုက်မယားကို နှစ်သက်သဘောကျ၍ ထောပတ်အိုး၊ နို့ဓမ်းအိုး၊ ငရုတ်၊ ဂျင်း၊စင်ကြယ်သော သလေးဆန် တစ်ကွမ်းစားတို့ကို ပေးလေသည်။

www.dhammaransi.com



မဟာဒုက် လင်မယားတို့သည် ပေးလှူဖွယ် ပစ္စည်းဝတ္ထုတို့ကို ရလာသောအခါ....

"ငါတို့သည် အလှူ၏အကျိုး ဒိဋ္ဌပင် ရချေပြီ"ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်။

နောက်နေ့ နံနက်တွင် စောစောထကြပြီး ဆွမ်းအတွက် ဆောင်ရွက်စရာရှိသည်ကိုတို့ကို ဆောင်ရွက်ကြသည်။ မဟာဒုက် မယားက....

"အမောင်ချစ်လင်၊ ဟင်းသီးဟင်းရွက် ကောင်းနိုးရာရာ တို့ကို ရှာဖွေဆောင်ယူရန် သွားပါ" ဟု စေခိုင်းသည်။

မဟာဒုက်သည် မယားစေခိုင်းသည့်အတိုင်း ဈေးသို့သွားရာ ဈေးတွင် ဟင်းသီးဟင်းရွက်မရ၍ မြစ်ဆိပ်ကမ်းဘက်သို့ ထွက်ခဲ့သည်။

ယနေ့ အရှင်မြတ်တို့အား ဆွမ်းဘောဇဉ်ကို လုပ်ကျွေးခြင်းငှာ ရလေတော့မည်ဟု အားရဝမ်းမြောက် ကြည်လင်သောစိတ်ဖြင့် သီချင်းတို့ကို ဟစ်အော်သီဆိုလျက် ကောင်းနိုးရာရာ ဟင်းသီးဟင်းရွက်တို့ကို ရွေးချယ်ဆွတ်ခူး၍ နေလေသည်။

ထိုအချိန်တွင် မြစ်ထဲ၌ ပိုက်ကွန်ပစ်နေသော တံငါသည် တစ်ဦးက....

"ဤအသံသည် မဟာဒုက်၏အသံဖြစ်ပေလိမ့်မည်" ဟု ကြံစည်၍ မဟာဒုက်ကို လှမ်းခေါ်သည်။

"အဆွေမဟာဒုက်၊ သင်သည် အလွန် ရွှင်လန်း ဝမ်းမြောက်သောစိတ်ဖြင့် သီချင်းဆိုနေပါကလား၊ အကြောင်းထူးတော့ ရှိဟန်တူသည်။ ဘာလုပ်ဖို့ ဟင်းသီးဟင်းရွက်တွေ ရွေးချယ်ပြီး ခူးနေပါသလဲ" ဟု မေးသည်။

www.dhammaransi.com



"အဆွေ ယနေ့ ငါးသံဃာတစ်ပါး ဆွမ်းကပ်ခွင့်ရလို့ ဆွမ်းကပ်မလို့၊ ဟင်းသီးဟင်းရွက်တွေ လာခူးနေတာပါ"

"ဩော်....အံ့ဖွယ်ရှိပေစွတကား၊ ချမ်းသာခြင်းရှိကြတဲ့ ရဟန်းသံဃာတွေက သင်ရဲ့ ဟင်းသီးဟင်းရွက်တွေကို ဘုဉ်းပေးပါ့မလား မဟာဒုက်ရဲ့"

"ဒါဆို အဆွေ ကျွန်ုပ် ဘယ်လိုလုပ်ရပါ့မလဲ ပြောစမ်းပါဦး၊ ကျုပ်ကတော့ ကျုပ်တတ်နိုင်တဲ့ ဒီဟင်းသီးဟင်းရွက်နဲ့ပဲ ဆက်ကပ်ရတာပဲ"

"အဆွေ၊ လာ....ငါ့နောက်လိုက်ခဲ့"

"အဆွေ ငါ ဘာလုပ်ရမည်လဲ"

"ဤငါးတို့ကိုယူပြီး တစ်မတ်ထိုက်သော ငါး၊ ငါးမူးထိုက်သော ငါး၊ တစ်ကျပ်ထိုက်သော ငါး စသည်ဖြင့် ရွေးချယ်၍ စုပုံထားပါ"

မဟာဒုက်သည် တံငါသည်ဆိုတိုင်း ပြုလုပ်ပေးသည်။ ပုံထားသော ငါးတို့ကို မြို့သူမြို့သားတို့သည် သံဃာများ ဆွမ်းကပ်ရန်အတွက် လာရောက်ဝယ်ယူသွားကြလေသည်။

မဟာဒုက် ငါးတို့ကို စိစစ်ရွေးချယ်ထုပ်ပိုးနေစဉ်ပင် ဆွမ်းစားချိန်သို့ ရောက်လာသည်။ မဟာဒုက်သည် အချိန်ကာလကိုမှတ်ပြီး တံငါသည်ထံ သွားကာ....

"အဆွေ....ငါသွားတော့မည်၊ ဆွမ်းကပ်ချိန် ရောက်နေပြီ၊ ရဟန်းသံဃာတို့ ကြွလာတော့မည်"

"ကောင်ပြီ အဆွေ၊ သင်ကော ငါးရသလော"

"တစ်ကောင်မှ မရပါ၊ ငါးတွေ ကုန်သွားပါပြီ"

www.dhammaransi.com



"ဒါဆို လာ၊ ငါ့သင်္ကန်းထဲမှာမြုပ်ထားသော ငါးကြင်း လေးကောင် ရှိသည်။ သင်သည် သံဃာတော်များကို ဆွမ်း ကပ်ဖို့ဆိုက အဲဒီ ငါးကြင်း လေးကောင် ဖော်ယူသွားပေ တော့"

မဟာဒုက်သည် တံငါသည်ပေးလိုက်သော ငါးကြင်းလေး ကောင်ကို ဖော်ယူပြီး အိမ်သို့ပြန်လာခဲ့သည်။

ထိုနေ့၌ပင် ကဿပဘုရားရှင်သည် လောကကို ကြည့်ရှုတော် မူသည်ရှိသော် ရွှေဉာဏ်တော်ကွန်ယက်၌ မဟာဒုက်ကို မြင်တော်မူ သည်။ အသို့ဖြစ်လတ္တံ့နည်းဟု ဆင်ခြင်ကြည့်တော်မူသည်။

မဟာဒုက်သည် ရဟန်းတစ်ပါးကို ဆွမ်းလုပ်ကျွေးအံ့ဟု ဇနီးလင်မယားနှစ်ယောက် အခဲစားလုပ်သည်ကို မြင်တော်မူသည်။

အဘယ်ရဟန်း ရလတ္တံ့နည်းဟု ကြည့်ပြန်သော်....

"လူအပေါင်းတို့သည် ကမ္ပည်းစာ၌ ဇင်ရေးမှတ်ထား သော အမှတ်သညာဖြင့် ရဟန်းတော်တို့ကို အသီးသီးပင့်ယူ ကုန်လျက် မိမိတို့အိမ်၌ ထိုင်နေစေကုန်လတ္တံ့၊ မဟာဒုက်သည် ငါဘုရားမှတစ်ပါး အခြားရဟန်းတစ်ပါးမျှ မရသည်ဖြစ် လတ္တံ့" ဟု စူးစမ်းဆင်ခြင်တော်မူမိသည်။

"ဘုရားရှင်တို့၏ အကျင့်မြတ်သည်ကား လောက၌ အမိ အဘ နှစ်ပါးတို့သည် မွေးဖွား၍ထားသော သားသမီးတို့ တွင် ဆင်းရဲငြိုငြင်ပင်ပန်းလျက် အထီးကျန်သော သား သမီးတို့ကိုသာ သာလွန် ကြင်နာ ကရုဏာအားကြီးသဖြင့် အထူးစောင့်ရှောက် မစကြသကဲ့သို့ အထီးကျန် ဆင်းရဲ ငြို ငြင်သတ္တဝါတို့၌ သနားကြင်နာ ငဲ့ညှာတော်မူတတ်သည်။

သို့အတွက် ဘုရားရှင်သည် နံနက်စောစောကပင်လျှင် ကိုယ် လက် သုတ်သင်၍ မဟာဒုက်ကို ချီးမြှင့်အံ့ဟု အောက်မေ့ ဆင်ခြင်

www.dhammaransi.com



တော်မူလျက် ဂန္ဓကုဋိတိုက်သို့ ကြွဝင်၍ သီတင်းသုံး နေထိုင်တော်မူလေသည်။

မဟာဒုက် ငါးကြွင်းဆွဲယူပြီး ပြန်လာကာ အိမ်သို့ဝင်သည်ရှိသော် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ကြမ်းတမ်း ပူလောင်သော အမူအရာကို ပြသည်။

သိကြားမင်းသည် အကြောင်းအသို့နည်းဟု ဆင်ခြင်ကြည့်သော် မဟာဒုက် သံဃာတစ်ပါး ဆွမ်းကပ်ရန် စီစဉ်ပုံ၊ ဘုရားရှင်ကို ဆွမ်းကပ်ရမည်ကို သိရှိလေသည်။

ငါသည် မဟာဒုက် အိမ်သို့သွား၍ ထမင်းချက်အမှုကို ပြုမှသင့်တော်မည်ဟု ကြံစည်ပြီး သိကြားမင်းသည် မထင်ရှားသော ယောကျ်ား၏အသွင်ဖြင့်မဟာဒုက်၏အိမ်အနီးအပါးသို့သွားရောက်သည်။

"တစ်စုံတစ်ယောက်သော သူအား တစ်စုံတစ်ခု ပြုဖွယ်ကိစ္စအတွက် အခဖြင့်ငှားရမ်း၍ ပြုလုပ်ဖို့ ရှိပါသလော"ဟု မဟာဒုက်ကို မေးသည်။

"အဘယ်သို့သော အမှုကို ပြုမည်လဲ"

"ငါ မသိမတတ်မမြင်သော အတတ်သည် မရှိ၊ ယာဂု၊ ထမင်း စသည်တို့ကို ပြည့်စုံ ကောင်းမြတ်အောင် စီရင်ခြင်းငှာ စွမ်းနိုင်ပါ၏"

"အမောင် လုလင်၊ သင်၏အတတ်ပညာ အလုပ်ကို ငါတို့ အလိုရှိပါ၏၊ ဒါပေမယ့် ငါတို့မှာ အဖိုးအခ ပေးငှားစရာ အသပြာ မရှိပါ"

"အသင်ကား ပြုဖွယ်ကိစ္စသည် အဘယ်ပါနည်း"

"မောင်လုလင် ငါတို့သည် သံဃာတစ်ပါးကို ဆွမ်းကပ်လှူရန် ယာဂုဆွမ်း စီမံချက်ရန် အမှုကိစ္စ ရှိပါသည်"

www.dhammaransi.com



"အဆွေ၊ သံဃာတော်အတွက် ယာဂုဆွမ်း စီမံချက်ပြုတ်မည်ဆိုက အဖိုးအခ မပေးပါနဲ့၊ ငါ့အတွက် ကုသိုလ် အဖို့ဘာဂသာ ပေးပါ"

"အမောင်လုလင်- ဤသို့ဆိုက လာရောက် ကူညီ လုပ်ဆောင်ပါလေ"

သိကြွားမင်းသည် မဟာဒုက်၏ ဆန်-ဆီ-ဆား-ငါးတို့ကို ယူဆောင်ပြီးလျှင် မဟာဒုက်ကို-

"အဆွေ မဟာဒုက်-သွားပါချေ၊ ရအပ်သော သံဃာတော် တစ်ပါးကို သွားရောက်ပင့်ပါချေ၊ ယာဂုဆွမ်းကို အချိန်မီ ကျွန်ုပ် ပြင်ဆင် ချက်ပြုတ် စီမံ ထားပါမည်"

အလှူဝတ်ကို စီမံဆောင်ရွက်သော စာရင်းကိုင် ပညာရှိသည် ကမ္ပည်းစာ၌ ရေးမှတ်ထားသော အမှတ်ဖြင့်သာလျှင် အိမ်များသို့ သံဃာတော်များကို ခွဲဝေချထား ပင့်သွားစေသည်။

မဟာဒုက်သည် စာရင်းကိုင်ပညာရှိ ယောကျ်ားထံသို့ သွားကာ မိမိ ရအပ်သော သံဃာတော်တစ်ပါးကို ပေးရန် တောင်းဆိုလေသည်။ စာရင်းကိုင် ယောကျ်ားသည် ထိုအခါမှ သတိရကာ-

"အဆွေ မဟာဒုက်၊ သင့်အတွက် သံဃာကို ငါ မေ့လျော့ခဲ့ချေပြီ" ဟု ပြော၏။

မဟာဒုက်သည် ထိုစကားကိုကြားလျှင် လှံ့သွားထက်ထက်ဖြင့် နံကြား ရင်ဝမ်းကို ထက်ဝန်းကျင် ထိုးဆွဘိသကဲ့သို့ ခံစားသွားရသည်။

"အဆွေ ပညာရှိစာရင်းကိုင်၊ သင်သည် အဘယ်ကြောင့်ကြောင့် ကျွန်ုပ်ကို ဖျက်ဆီးပါသနည်း၊ ကျွန်ုပ် မတတ်စွမ်းနိုင်သောကြောင့် အစောကပင် ပယ်ထားခဲ့သည်၊ သင်သည် ကျွန်ုပ်ကို အတင်းတိုက်တွန်းခဲ့သည် မဟုတ်ပါလော၊ သင်

www.dhammaransi.com



နှိုးဆော်တိုက်တွန်းမှုကြောင့် ကျွန်ုပ်တို့လင်မယား မနေ့က တစ်နေ့လုံး ကိုယ်လက်ခန္ဓာမငဲ့ညှာဘဲ ပင်ပန်းကြီးစွာ သူ တစ်ပါးထံ၌ အခစားအမှုကို ပြုခဲ့ရပါသည်၊ စောစောက ပင် ဟင်းရွက်အလို့ငှာ မြစ်ကမ်းသို့ အဆောတလျင်သွားခဲ့ရ ပါသည်၊ ကျွန်ုပ်ကို သနားသောအားဖြင့် ရဟန်းတစ်ပါး တွေ့ရအောင် စီစဉ်ပေးပါခင်ဗျာ''

မဟာဒုက်သည် စာရင်းကိုင်ပညာရှိထံ အခါခါတောင်းပြီး လက်နှစ်ဘက်ကို မြှောက်ကာမြှောက်ကာ သည်းထန်စွာ အော်ဟစ် ငိုကြွေးနေလေသည်။

မဟာဒုက် သည်းစွာငိုကြွေးနေသည်ကို လူအပေါင်းတို့မြင် ကြ၍ မဟာဒုက်ကို မေးကြသည်၊ မဟာဒုက်က အကြောင်းစုံ ရှင်း ပြသည်။ လူအပေါင်းသည် စာရင်းကိုင် ပညာရှိကို—

''အဆွေ၊ သင်သည် ဤမဟာဒုက်ကို အခစားပြုစေပြီး သကာလ သံဃာတစ်ပါးကို ဆွမ်းလှူရန် နှိုးဆော်တိုက်တွန်း ခဲ့ပြီး စာရင်း ယူထားခဲ့သည် မဟုတ်ပါလော'' ဟု မေး ကြ၏။

''အချင်းတို့ မှန်ပါသည်''

''အသင်သည် ဝန်လေးသောအမှုကိုပြုယောင်တကား၊ အသင်သည် ဤမျှလောက်သော သံဃာတော်တို့ကို ကြည့်ရှု စီမံလျက် မဟာဒုက်အတွက် တစ်ပါးပေးရန် မစွမ်း နိုင်သည်မှာ မဟုတ်နိုင်ပါ''ဟု ပြစ်တင်ပြောဆိုကြကုန်သည်။

စာရင်းကိုင်ယောကျ်ားသည် ထိုသူတို့၏ ဝိုင်းဝန်းပြစ်တင်မှု ကြောင့် နှလုံးမသာ့မယာ မျက်နှာတွန့်ခြင်းသို့ ရောက်ရှိလေသည်။

''အဆွေမဟာဒုက် ငါ့ကို ဖျက်ဆီးခြင်းမပြုပါနဲ့၊ သင့် အကြောင်းကြောင့် ငါအား ကြီးစွာသော ပျက်စီးခြင်းသို့

www.dhammaransi.com



ရောက်ရပေတော့မည်။ လူအပေါင်းကလဲ ကမ္ဘည်းစာအရ သူတို့ရသော သံဃာတော်များကို ပင့်ဆောင်သွားကြချေပြီ၊ မိမိတို့ပင့်သွာ ပြီးသံဃာကို ပြန်ပေးဖို့ ပြန်တောင်းဖို့ဆိုတာ ကလဲ မလွယ်ကူတော့ပါ၊ နောက်ဆုံး မြတ်စွာဘုရားသာ ရှိတော့သည်။ မြတ်စွာဘုရားသည် ခံတွင်းဆေးတော်မူပြီး ဂန္ဓကုဋီတိုက်အတွင်း၌ သီတင်းသုံးနေသည်။ ဘုရင် အမတ် စစ်သူကြီးတို့ ဘုရားထွက်အလာ သပိတ်ကို ရယူရန် စောင့် နေကြသည်၊ ဘုရားသခင်မှည်သည်ကား ဆင်းရဲသူကို အစဉ် သနားတတ်သည်။ အဆွဲမဟာဒုက် ဘုရားကျောင်းသို့ သွား၍ မြတ်စွာဘုရား- တပည့်တော်သည် အလွန်အဖင်း ဆင်းရဲနွမ်းပါးသူ ဖြစ်ပါသည်။ တပည့်တော်အား အစဉ် သနားသဖြင့် သပိတ်တော်ကို ချီးမြှင့်ပါဟု လျှောက်ထား ပြီး ဘုရားရှင်ကို ရှိခိုးပါ၊အကယ်၍ သင့်မှာ ကောင်းမှု ကုသိုလ်ကံရှိက မချွတ်ကေန် ဘုရားရှင်၏ သပိတ်တော်ကို ရပေလိမ့်မည်” ဟု ညွှန်ကြားပြောဆိုလေသည်။

မဟာဒုက်သည် ကျောင်းသို့ အလျင်အမြန်ပြေးသွား သည်။ မဟာဒုက်ကို အခြားနေ့များ၌ ကျောင်းတော်ဝယ် စားကြွင်း စားကျန် လာစားနေကျ မြင်ဖူးတွေ့ဖူးထားကြသဖြင့် မင်း၊ မင်း ချင်းယောကျ်ားတို့က မဟာဒုက်ကို မြင်သောအခါ....

“အချင်းမဟာဒုက် ယခုချိန်ဆွမ်းစားချိန် မဟုတ်သေး၊ အဘယ်ကြောင့် အစောလာဘိသနည်း” ဆိုကြကုန်သည်။

“အချင်းတို့ ကျွန်ုပ်သည် ဆွမ်းစားချိန် မဟုတ်သည်ကို သိသည်။ဘုရားရှင်ကို ကြည်ညိုရှိခိုးရန် လာခဲ့ခြင်း ဖြစ်သည်”

မဟာဒုက်သည် ထိုသို့ပြောဆိုပြီးလျှင် ဘုရားရှင် ဂန္ဓကုဋီ တိုက် လှေကားထိပ် ဦးခေါင်းထားပြီးလျှင် ငါးပါးသောထိခြင်း ဖြင့် ရှိခိုးပြီး....

www.dhammaransi.com



"ဘုန်းတော်ကြီးသောမြတ်စွာဘုရား၊ ဗာရာဏသီမြို့တော်၌ တပည့်တော်အောက် ဆင်းရဲပင်ပန်းသော သတ္တဝါ တစ်စုံတစ်ယောက်မျှ မရှိတော့ပါ၊ အရှင်ဘုရားသည် ဆင်းရဲဒုက္ခပင်ပန်းလှသော တပည့်တော်၏ ကိုးကွယ်ရာအစစ်ဖြစ်တော်မူပါလော့ ဘုရား၊ ဆင်းရဲပင်ပန်းသော တပည့်တော်အား ချီးမြှောက်ခြင်းကို ပြုတော်မူပါဘုရား"

ထိုအချိန်ဝယ် ဘုရားရှင်သည် ဂန္ဓကုဋီတိုက်မှ ထွက်တော်မူပြီး သပိတ်တော်ကို ထုတ်ယူကာ မဟာဒုက်လက်၌ တင်ထားပေးလိုက်လေသည်။

ထိုအခါ မင်း၊ မင်းသား၊ အမတ်၊ စစ်သူကြီး စသည်တို့သည် အချင်းချင်း တစ်ယောက်သည်တစ်ယောက်အား မျက်နှာကို ကြည့်ကြကုန်သည်။ မြတ်စွာဘုရားရှင် ပေးသနားတော်မူသော သပိတ်ဖြစ်၍ မည်သူကမျှ မပြောရဲ မဆိုရဲကြချေ။

"အချင်း မဟာဒုက် ငါတို့အား ဘုရားရှင်သပိတ်ကို ပေးပါလော့၊ သင့်အား ဤမျှလောက်ကုန်သော အသပြာတို့ကို ပေးပါအံ့၊ သင်သည် ဆင်းရဲငြိုငြင်ပင်ပန်းလှသူဖြစ်၍ ပစ္စည်းဥစ္စာကိုသာယူပါ၊ ဘုရားသပိတ်တော်ဖြင့် အသင့်အား အဘယ်အကျိုးရှိပါမည်နည်း"

မင်း၊ မင်းသား၊ အမတ်၊ စစ်သူကြီးတို့က ငွေအသပြာ တစ်ဆင့်စီတိုးပြီး ပေးကြသည်။ မဟာဒုက်သည် မည်သူ့ကိုမျှ မပေး။

"ဥစ္စာဖြင့် အလိုမရှိပါ၊ ဘုရားရှင်ကိုသာ ဆွမ်းကပ်ပါမည်" ဟု ပြောပြီး ငြင်းပယ်လေသည်။

မဟာဒုက်ထံမှ သပိတ်တောင်း၍ မရသောအခါ ဤလူများ ပြန်သွားကြသော်လည်း မင်းကြီးကမူ ဤသို့ကြံစည်မိလေသည်။

www.dhammaransi.com



"မဟာဒုက်သည် ဥစ္စာပစ္စည်းဖြင့် ဖြားယောင်းသော်လည်း ဘုရားရှင် သပိတ်တော်ကို မပေး၊ ဘုရားရှင်ကိုယ်တော်တိုင် သနားတော်မူအပ်သော သပိတ်တော်ဖြစ်၍ အတင်းအဓမ္မတောင်းယူခြင်းငှာ မစွမ်းနိုင်၊ ဤမဟာဒုက် လှူဖွယ်ဝတ္ထုကား အဘယ်မျှဖြစ်လေအံ့နည်း၊ မဟာဒုက်သည် လှူဖွယ်ဝတ္ထုကို ပြုစုပေးလှူသောကာလ၌ ဘုရားရှင်ကို ပင့်၍ နန်းအိမ်တော်ဆောင်၌ ငါစီရင်အပ်သောဆွမ်းကို လှူဒါန်းအံ့"

မင်းကြီးသည် ဤသို့ကြံစည်ပြီးနောက် ဘုရားရှင်နှင့် အတူ တကွသာလျှင် လိုက်သွားလေသည်။

သိကြားမင်းသည် ယာဂုခဲဖွယ်၊ ဆွမ်း၊ ဆွမ်းဟင်း စသည်တို့ကို ပြည့်စုံစေ၍ ဘုရားရှင်တို့သည်သာ ထိုင်နေ သီတင်းသုံးခြင်းငှာထိုက်သော နေရာကို ခင်းစေပြီး ထိုင်နေသည်။

မဟာဒုက်သည် ဘုရားသခင်ကို ပင့်ဆောင်၍ လာခဲ့သည်။ မဟာဒုက်၏အိမ်သည် နိမ့်သည်။ မညွတ်မကိုင်းဘဲဝင်ခြင်းငှာ မစွမ်းနိုင်၊ ဘုရားရှင်တို့မည်သည် ကြွဝင်တော်မူသည်ရှိသော် ညွတ်ကိုင်း၍ ကြွဝင်တော်မူခြင်း မရှိပေ။

သို့အတွက် မြတ်စွာဘုရားရှင် မဟာဒုက်အိမ်ထဲသို့ဝင်သောအခါ မြေကြီးသည် အောက်သို့နိမ့်၍သက်သည်၊ အိမ်သည် အထက်သို့မြင့်၍ တက်သည်။

သက်မဲ့ဖြစ်ကုန်သော မြေ၊ အိမ်တို့ ဤကဲ့သို့ ဖြစ်ရခြင်းသည်ကား ဘုရားရှင်တို့၏ ဖြည့်ခဲ့သော ဒါနပါရမီ၏ အကျိုးအာနိသင်သာ ဖြစ်သည်။

သို့အတွက် ဘုရားရှင်သည် တန့်တန့်မတ်မတ်ရပ်တော်မူလျက်ပင် မဟာဒုက်အိမ်သို့ ဝင်ကြွ၍ သိကြားမင်း ခင်းထားသော နေရာ၌ သီတင်းသုံး နေထိုင်တော်မူလေသည်။

www.dhammaransi.com



ဘုရားရှင် သီတင်းသုံး ထိုင်တော်မူသည်ရှိသော် မင်းကြီးက မဟာဒုက်ကို—

"အချင်းမဟာဒုက်၊ ငါတောင်းသော်လည်း သင်သည် သပိတ်တော်ကိုမပေး၊ သင်သည် အဘယ်ဝတ္ထုဖြင့် ဘုရားရှင်ကို ပြုစု လှူဒါန်းလတ္တံ့နည်း၊ သင် လှူမည့်ဝတ္ထုကို ကြည့်ပါရစေ" ဟု ဆိုလေသည်။

ထိုအခါ မင်းကြီးအား သိကြားမင်းက ယာဂုခဲဖွယ်စသည်တို့ကို ဖွင့်လှစ် ပြသပေးလေသည်။

ထို ယာဂုခဲဖွယ်တို့၏ ထုံအပ်သော အနံ့သည် အလုံးစုံသော မြို့ကို ဖုံးအုပ်ပျံ့နှံ့၍ တည်သည်။

မင်းကြီးသည် ခဲဖွယ်ဘောဇဉ်တို့ကို ကြည့်ရှုပြီးသော် ဘုရားရှင်ကို—

''ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တကာတော်သည် မဟာဒုက်၏ လှူဖွယ်ဝတ္ထုသည် အဘယ်သို့ ကောင်းမွန်လတ္တံ့နည်း၊ ဤမဟာဒုက်သည် မကောင်းညံ့ဖျင်းသော လှူဖွယ်ဝတ္ထုကို ပေးလှူသောအခါ၌ ဘုရားရှင်ကို နန်းတော်သို့ ပင့်ပြီး တပည့်တော် စီရင်ထားသော ခဲဖွယ် ဘောဇဉ် အာဟာရကို လှူဒါန်း ပေးကမ်းမည် ဟု ကြံရည်စိတ် ရှိ၍ တကာတော် လိုက်လာခဲ့ပါသည် ဘုရား၊ တကာတော်သည် ဤသို့ သဘောရှိသော အာဟာရကို ရှေးအခါ ကာလက တစ်ရံ တစ်ခါမျှ မတွေ့ မမြင်ဖူးပါ၊ တကာတော်သည် ဤအရပ်၌ ဆက်လက်နေသည်ရှိသော် မဟာဒုက်အဖို့ ပင်ပန်းနှိမ်းနယ်ခြင်း ဖြစ်ပါလိမ့်မည် ဘုရား၊ တကာတော် သွားပါတော့မည် ဘုရား'' ဟု လျှောက်ထားပြီး ဘုရားရှင်ကို ရှိခိုးကာ ဖဲခွာသွားလေသည်။

www.dhammaransi.com



သိကြားမင်းသည် ဘုရားရှင်ကို ယာဂုခဲဖွယ် စသည်တို့ဖြင့် ရှိသေ ကောင်းမွန်စွာ လုပ်ကျွေး ပြုစုသည်။ ဘုရားရှင်သည် ဆွမ်း ဘုဉ်းပေးပြီးသောအခါ ဆွမ်းအနုမောဒနာတရားဟောပြီးနောက် ဖဲ့ခွာ ကြွတော်မူသည်။

သိကြားမင်းသည် မဟာဒုက်ကို အမှတ်သညာ ပေးသဖြင့် မဟာဒုက်သည် ဘုရားရှင်၏ သပိတ်တော်ကို ယူကာ ဘုရားရှင်၏ နောက်သို့ အစဉ်လိုက်လေသည်။

သိကြားမင်းသည် ပြန်လည်ထွက်လာပြီး မဟာဒုက်အိမ်ဝ၌ ရပ်ကာ ကောင်းကင်သို့ မော်ကြည့်သည်။ ထိုခဏမှာပင် ကောင်း ကင်မှ ရတနာ ခုနစ်ပါး အတိပြီးသော မိုးကြီး ရွာ၍ မဟာဒုက် အိမ်ရှိ အလုံးစုံသော အိုးခွက်တို့ကို ပြည့်စေပြီးလျှင် တစ်အိမ်လုံး လူနေစရာ မကျန်အောင် ရတနာတို့ဖြင့် ပြည့်စေသည်။

မဟာဒုက် မယားသည် အိမ်တွင် နေစရာ မရှိ၍ သားတို့ကို လက်ကိုင် ဆွဲထုတ် ခေါ်ဆောင်ပြီး အပြင်တွင် ရပ်တည်နေရလေ သည်။

မဟာဒုက်သည် ဘုရားရှင်ကို လိုက်ပို့ပြီး၍ အိမ်သို့ ပြန်လာ ခဲ့သည်။ သားငယ် အပြင်မှာ ရပ်နေသည်ကို တွေ့ရသော အခါ—

"သားတို့ ဘာပြုလို့ အပြင် ထွက်၍ ရပ်နေရသလဲ" ဟု မေးသည်။

"ဖခင်၊ တစ်အိမ်လုံး ရတနာတို့ဖြင့် ပြည့်နေ၍ နေစရာ မရှိ၍ ထွက်နေရပါသည်"

မဟာဒုက်သည် ယနေ့ပင်လျှင် ဝါလှူဒါန်းအပ်သော ဒါန သည် အကျိုးပေးလေ့ပြီဟုသိ၍ မင်းကြီးထံသို့ သွားရောက် ခစား လေ့သည်။

www.dhammaransi.com



"မဟာဒုဂ်၊ အဘယ်အကြောင်းကြောင့် လာရောက်ခစားပါသနည်း"

"အရှင်မင်းမြတ်၊ ကျွန်ုပ်၏ အိမ်သည် ရတနာခုနစ်ပါးဖြင့် ပြည့်နေပါသည်၊ ထိုဥစ္စာပစ္စည်းတို့ကို သိမ်းတော်မူပါ" မင်းကြီးသည် "ဩော်- အံ့ဖွယ် ရှိပေစွ၊ ဘုရားရှင်ကို ရှားပါးစွာ လူရသော ကာလဒါနသည် ယနေ့ပင် အကျိုးရပေသည်" ဟု ကြံစည်မိပြီး–

"အသင် မဟာဒုဂ်၊ သင်ဘာကို အလိုရှိပါသလဲ" ဟု မေးသည်။

"အရှင်မင်းမြတ်၊ ရတနာတို့ကို သယ်ပိုးထုတ်ရန် လှည်းတစ်ထောင် လိုအပ်ပါသည် ဘုရား"

မင်းကြီးသည် လှည်းတစ်ထောင်ကို စီမံ စေပြီးနောက် ရတနာတို့ကို မင်းရင်ပြင်၌ စုပုံစေသည်။ ရတနာပုံသည် ထန်းတစ်ပင်အရပ်မျှ ပမာဏ ရှိသည်။

မင်းကြီးသည် မြို့သူမြို့သားတို့ကို နန်းရင်ပြင်၌ စည်းဝေးစေပြီး–

"ဤမြို့ အတွင်း၌ ဤမျှ များပြားသော ရတနာတို့ကို ပိုင်ဆိုင် ပေါများသော တစ်စုံတစ်ယောက်သော သူ ရှိပါသလော" ဟု မေးသည်။

"အရှင်မင်းမြတ် မရှိပါ" ဟု လျှောက်ထားကြသည်။

"ဤမျှလောက် ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသူကို အဘယ်သို့ ပြုခြင်းငှာ သင့်ပါသနည်း"

"အရှင်မင်းမြတ် သူဌေးကြီးရာထူးကို ချီးမြှောက်သင့်ပါသည်"

www.dhammaransi.com



မင်းကြီးသည် မြို့သူ မြို့သားတို့၏ အလိုဆန္ဒ အတိုင်းပင် မဟာဒုက်ကို ကြီးစွာသော ပူဇော်သက္ကာရကိုပြု၍ သူဌေးကြီးရာထူးကို ပေးသနားလေသည်။

ထို့နောက် မဟာဒုက်အား ရှေးအခါက သူဌေးတစ်ဦးနေခဲ့ဖူးသော အိမ်နေရာကို ပေး၍ ထိုနေရာ၌ အိမ်ဆောက်လုပ် နေစေလေသည်။

မဟာဒုက်သည် အိမ်ရာသစ်ဆောက်ရန် မြေကိုတူးဆွ ညှိသောအခါ အချင်းချင်းထိခိုက်နေသော ရွှေအိုးတို့သည် ပေါ်လာပြန်သည်။ မှဟာဒုက်က မင်းကြီးအား အကြောင်းကြားပြန်သည်။ မင်းကြီးက....

"အသင်၏ ကောင်းမှုဘုန်းကံကြောင့် ပေါ်သော ရွှေအိုးတို့ကို အသင်ပင် သိမ်းဆည်းပါလော့"ဟု ပေးသနားတော်မူလေသည်။

မဟာဒုက် သူဌေးသည် အိမ်ဆောက်လုပ်ပြီးသော အခါ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်အပေါင်းအား ကြီးစွာသောအလှူကို ပေးလှူလေသည်။ ထို့နောက် အသက်ရှည်သမျှ ကာလပတ်လုံး ကြီးကျယ်သော စည်းစိမ်ချမ်းသာ၌ တည်လျက် ကောင်းမှုပြုပြီး အသက်၏အဆုံး၌ နတ်ပြည်၌ ဖြစ်ရသည်။

ထိုမဟာဒုက်သည် ဂေါတမဘုရားရှင်လက်ထက်သို့ ရောက်သော်၊ သာဝတ္ထိပြည်ဝယ် ရှင်သာရိပုတ္တရာ၏ ဒါယကာ သူဌေး သမီး၏ ဝမ်း၌ဖြစ်ပြီး၊ အသက်(၇)နှစ်ရွယ်ဝယ် ရဟန်းပြုသည်။ ခုနစ်နှစ်သားနှင့် ရဟန္တာဖြစ်သော မထေရ်တို့တွင် ရှင်ပဏ္ဍိတ သာမဏေအဖြစ် ထင်ရှားသူဖြစ်သည်။

(အကျယ်ကို ဓမ္မပဒ-ပဏ္ဍိတ သာမဏေဝတ္ထုကို ဖတ်ပါ။)

www.dhammaransi.com

## တဒင်္ဂဒါန ရွှေထုံးရွှေခဲ တွေ့ရ

သူ၏အမည် မောင်ပုဏ္ဏ၊ ဇနီးအမည် ဥတ္တရာ၊ သမီးအမည်လည်း ဥတ္တရာ။

အလွန်ဆင်းရဲသောမိသားစုဖြစ်သည်၊ ရာဇဂြိုဟ်ပြည် သူဌေးအိမ်တစ်အိမ်၌ လယ်ယာ အငှားထွန်ယက်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုရှာသည်။

တစ်နေ့ တနင်္ဂနွေမနက်လပြည့်နေ့အချိန် ရာဇဂြိုဟ်ပြည်၌ နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပချိန် ဖြစ်သည်၊ မြို့သူ မြို့သားလူအများတို့သည် နက္ခတ်ပွဲသဘင်သို့ အဝတ်အစားသစ်တို့ဖြင့် ဝတ်စားဆင်ယင်ပြီး မိသားစုအလိုက် ပျော်လိုက်ရွှင်လိုက်ဖြင့် မြူးထူးပျော်ပါးကစားကြသည်။

မောင်ပုဏ္ဏတို့မိသားစုမှာမူ နေ့ဖို့ညစာပင် အနိုင်နိုင်ရှာဖွေစားသောက်ရသည့်ဘဝမို့ ထိုသဘင်ပွဲသို့ မဆင်နွှဲနိုင်ကြချေ။

မောင်ပုဏ္ဏသည် အများသူငါနက္ခတ်သဘင်ပွဲ ဆင်နွှဲနေသည့်အချိန်၊ လုပ်ငန်းများ ပိတ်ထားသည့် အချိန်တွင် သူဌေးအိမ်သို့ အလုပ်ဆင်းရန် ဆုံးဖြတ်ပြီး ထွက်လာခဲ့သည်။

နံနက်စောစော အိမ်ရှေ့သို့ရောက်လာသော မောင်ပုဏ္ဏကို မြင်တွေ့ရသော သူဌေးကြီးက အံ့သြသောအသွင်ဖြင့် ကြည့်ပြီး....

"ဟဲ့....မောင်ပုဏ္ဏ၊ နက္ခတ်သဘင်သို့သွားပြီး မကစားဘူးလား၊ အလုပ်လာလုပ်သလား"ဟု မေးလိုက်လေသည်။

"အရှင်သူဌေးမင်း.... နက္ခတ်ပွဲသဘင် ပျော်ရွှင်စွာကစားဖို့ ဝေးစွ၊ နက်ဖြန်စားရန် ယာဂုကျိုရန်အတွက်ပင် ဆန်မရှိသေးပါဘူး အရှင်သူဌေးမင်း၊ ကျွန်တော့်အတွက် နွားတို့ကိုသာ ပေးပါ၊ လယ်ယာကို ဆက်လက်ထွန်ပါမည် အရှင်သူဌေးမင်း"

www.dhammaransi.com



"အင်း... ဒီလိုဆိုရင်တော့ မောင်ပုဏ္ဏသဘောပေါ့လေ၊ နွားများကိုယူပြီး အလုပ်ဆင်းပါလေ"

မောင်ပုဏ္ဏသည် သူဌေးထံမှ ခွင့်ပြုချက်ရသောအခါ နွားကောင်း ထွန်ကောင်းတို့ကို ထုတ်ယူလာပြီး မိမိအိမ်ကို ခဏဝင်သည်။

"ရှင်မရေ...ယနေ့အတွက် ငါ့အဖို့ နှစ်နပ်စာ ချက်ယူလာခဲ့ပါ"

မယားကိုညွှန်ကြားပြီးလျှင် လယ်ယာသို့ ထွက်လာပြီး လယ်ယာတို့ကို ထွန်ယက်လေသည်။

ထိုနေ့သည်ကား အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး နိရောဓသမာပတ်မှ ထသောနေ့ဖြစ်သည်။

"ငါသည် အဘယ်သူအား ချီးမြှင့်မှုကို ပြုရမည်နည်း"

မထေရ်မြတ်ကြီးသည် မဟာကရုဏာတော်ဖြင့် မိမိ ဉာဏ်တော်ဖြင့် လောကကြီးကို ကြည့်တော်မူသော် မောင်ပုဏ္ဏကို တွေ့ရလေသည်။

"ဤပုဏ္ဏသည် သဒ္ဓါတရား ရှိပါ၏လော၊ ငါ့အား ထောက်ပံ့လှူဒါန်းနိုင်မည်လော"

အရှင်သာရိပုတ္တရာသည် မောင်ပုဏ္ဏကို စူးစမ်း ဆင်ခြင်ကြည့်သည်။ မောင်ပုဏ္ဏ၌ သဒ္ဓါတရား ရှိသည်အဖြစ်ကို လည်းကောင်း၊ ပူဇော် ချီးမြှောက်မှု ပြုခြင်းငှာ စွမ်းနိုင်သည်ကို လည်းကောင်း၊ ထိုသို့ပူဇော်ခြင်းကြောင့် မောင်ပုဏ္ဏအား ကြီးစွာသော စည်းစိမ် ချမ်းသာကို ရနိုင်သည်ကိုလည်းကောင်း သိရှိတော်မူလေသည်။

www.dhammaransi.com



အရှင်သာရိပုတ္တရာသည် ချက်ချင်းပင် သပိတ် သင်္ကန်းတို့ကို ယူဆောင်တော်မူပြီးလျှင် မောင်ပုဏ္ဏ လယ်ထွန်ရာ အရပ်သို့ ကြွချီတော်မူလေသည်။ လယ်ထွန်ရာသို့ရောက်သော် ရေတွင်း နှုတ်ခမ်း၌ရှိသော တစ်ခုသောချုံကို ကြည့်ရှုလျက် ရပ်နေတော်မူသည်။

မောင်ပုဏ္ဏသည် ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကို မြင်တွေ့သောခဏ ကြည်ညိုမှုသဒ္ဓါတရား တဖွားဖွားပေါ်လာပြီးလျှင် လယ်ထွန်ရာကို ရပ်တန့်ပြီး မထေရ်မြတ်ထံသို့ သွား ရောက် တာထိခြင်းငါးပါးဖြင့် ဦးစွာ ရှိခိုးပူဇော်သည်။

ထိုနောက် မထေရ်မြတ်ကြီး၏ အရိပ်အကဲ အခြေအနေကို လေ့လာရာ မထေရ်မြတ်သည် ဒန်ပူအလိုရှိဟန်တူသည်ဟု ကြံစည်ပြီး ဒန်ပူပြုလုပ်ရန် ချုံမှ သင့်တော်သော အကိုင်းအခက်ကို ချိုးယူပြီး သင့်လျော်အောင်ပြုလုပ်၍ ကပ်လှူလေသည်။

ထိုအခါ မထေရ်မြတ်ကြီးက မောင်ပုဏ္ဏကို သပိတ်နှင့် ရေစစ်ကို ထုတ်၍ ပေးကမ်းသည်။ မောင်ပုဏ္ဏသည် သပိတ်နှင့်ရေစစ်ကို ယူပြီး သောက်ရေကိုစစ်ယူပြီးလျှင် ကပ်လှူ ပူဇော်လေသည်။

ထိုအချိန်မှာပင် မထေရ်မြတ်ကြီးက စဉ်းစား ဆင်ခြင်တော်မူသည်။

"ဤပုဏ္ဏသည် သူတစ်ပါးတို့၏ အိမ်နောက်ဖေး၌ နေရသည်၊ အကယ်၍ ငါသည် ပုဏ္ဏအိမ်သို့သွားရောက်ငြားအံ့၊ ဤပုဏ္ဏမယားသည် ငါ့ကို မြင်လိမ့်မည်မဟုတ်၊ သို့အတွက် ပုဏ္ဏမယား ထမင်းလာပို့သည့်အချိန်အထိ ခဏမျှ နေဦးအံ့"

မထေရ်မြတ်ကြီးသည် ဤသို့ ကြံစည်ပြီး ထိုအရပ်၌ပင် အချိန်အနည်းငယ် ကုန်စေသည်။

www.dhammaransi.com



ပုဏ္ဏ မယား ထမင်းလာပို့သည့်အဖြစ်ကို သိတော်မူလျှင် မြို့သို့သွားသောလမ်းကို ရှေးရှုပြီး ကြွတော်မူသည်။ ပုဏ္ဏမယားသည် မထေရ်မြတ်ကြီးကို လမ်းခရီး၌ပင် ဆုံတွေ့ ဖူးမြင်ရသည်။

"ငါတို့သည် တစ်ရံတစ်ခါ လှူဒါန်းဖွယ်ရာရှိသော်လည်း ဤမထေရ်မြတ်ကြီးကို မကြုံတွေ့ရ၊ တစ်ခါတစ်ရံ ဤအရှင်မြတ်ကြီးကို တွေ့ရသော်လည်း လှူဖွယ်ဝတ္ထုမရှိ ဖြစ်ရသည်၊ ယနေ့မူကား အရှင်မြတ်ကိုလည်း တွေ့နေရပြီ၊ လှူဒါန်းဖွယ် ဝတ္ထုပစ္စည်းလည်း ငါ့မှာ ရှိနေပြီ၊ သို့သော် ဤအရှင်မြတ်သည် ငါ့အား ချီးမြှောက်ခြင်းကို ပြုမှုပြုပါမည်လော"

ဥပုသ်ရာသည် ဤသို့ကြံစည်မိလျှက် မိမိအနီးသို့ မထေရ်မြတ်ကြီး ရောက်လာသောအခါ ထမင်းတောင်းကို ချလျက် ရှိသေစွာ ရှိခိုးသည်။

"အရှင်မြတ် ဘုရား၊ အရှင်ဘုရားသည် ကြမ်းသည်၊ နုသည်၊ ကောင်းသည်၊ မကောင်းသည်ကို အာရုံမထားဘဲ ချီးမြှောက်တော်မူပါဘုရား"

ဤသို့ လျှောက်ထားပြီး လက်တစ်ဘက်မှ ထမင်းတောင်းကို ကိုင်ပြီး လက်တစ်ဘက်ဖြင့် ထမင်းကို ယူ၍ လောင်းလှူသည်။ မထေရ်မြတ်ကြီးက သပိတ်ကို ငုံ၍စောင်းပေးတော်မူသည်။

တောင်းထဲမှ ထမင်းတစ်ဝက်လှူပြီးသောအခါ မထေရ်မြတ်ကြီးက 'တန့်လောက်ပြီ' ဟု လက်တော်ဖြင့် သပိတ်တော်ကို ပိတ်တော်မူသည်။

"အရှင်ဘုရား၊ တစ်ယောက်စာအဖို့သာရှိသော ထမင်းကို နှစ်ယောက်စာ ခွဲခြားခြင်းငှာ မသင့်ပါဘုရား၊ ဤ ပစ္စုပ္ပန်လောကဖြင့် မချီးမြှောက်ဘဲ တမလွန် လောကဖြင့် ချီးမြှောက်တော်မူပါဘုရား"

www.dhammaransi.com



ဥတ္တရာသည် ဤသို့ လျှောက်ထားပြီးလျှင် ဆွမ်းကို အကုန်လောင်းလှူလိုက်လေသည်။ ဆုလည်း တောင်းလိုက်သည်။

"အရှင်ဘုရားတို့ သိမြင်ရသော တရားတော်မြတ် နိဗ္ဗာန်မဂ်တ်ကို သိမြင်ရသောအဖို့ရှိသည် ဖြစ်ရပါလို၏ဘုရား"

"တောင်းသည့်ဆုအတိုင်း ပြည့်စေသောဝ်"

မထေရ်မြတ်ကြီးက ဆုပေးပြီး ဆက်လက် ထွက်ခွာသွားသည်။ ဥတ္တရာလည်း အိမ်သို့ပြန်ပြီး ဆန်ကို ဆေး၍ငါးကာ ထမင်းချက်ရပြန်လေသည်။

မောင်ပုဏ္ဏသည် တစ်ဆယ့်တစ်တင်း ပျိုးကြဲလောက်သော ယာ၏ ထက်ဝန်းကျင်မျှသော အရပ်ကို ထွန်ယက်ပြီးလျှင် ထမင်းဆာမွတ်ခြင်းကို သည်းမခံနိုင်သောကြောင့် နွားတို့ကို ထမ်းပိုးမှ လွှတ်ပြီး မိမိလည်း သစ်ပင်ရိပ်သို့ ဝင်ကာ ဇနီးသည် အလာကို မျှော်၍ ထိုင်နေလေသည်။

ဥတ္တရာသည် ထမင်းအသစ်ချက်ပြီး၍ ယူလာသည်၊ သစ်ပင်ရိပ်တွင်ထိုင်၍ မိမိကို မျှော်နေသော လင်ကို မြင်လျှင်-

"ကိုပုဏ္ဏသည် ထမင်းဆာလောင်ဟန် တူသည်၊ ထမင်းပို့ နှောက်ကျသည့်အတွက် ထမင်းပို့နှောက်ကျသည်ဟု ဆိုကာ ငါ့ကို ကြိမ်းမောင်း ခေါက်ငမ်းလျက် နှင်တံဖြင့် အကယ်၍ ရိုက်နှက်ငြားအံ့၊ ငါပြုသမျှ ကုသိုလ်အဝဝသည် အကျိုးမဲ့ဖြစ်ရာသည်၊ စောစောကပင် ကိုပုဏ္ဏကို ကုသိုလ်ပြုကြောင်း တင်ကြို ပြောထားပါအံ့" ဟု ကြံစည် စိတ်ကူးထားသည်။

အနားသို့ရောက်၍ တောင်းချလိုက်သည်နှင့် တစ်ပြိုင်နက်တည်း....

www.dhammaransi.com



"ကိုပုဏ္ဏရေ၊ ယနေ့တစ်ရက်အဖို့တော့ စိတ်ကို ကြည်လင်စွာ နေပါ၊ ကျွန်မ နံနက်စောစောကပင် ကိုပုဏ္ဏအတွက် ထမင်းချက်ပြီး လာပို့စဉ် လမ်းခရီး၌ ဓမ္မသေနာပတိအရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကို ဖူးမြင်ရ၍ ကြည်ညိုစိတ်ဖြစ်ပေါ်လာပြီး ကိုပုဏ္ဏအတွက် ချက်ထားသော ထမင်းကို အကုန်လောင်းလှူလိုက်ပါသည်၊ အိမ်ပြန်၍ ထမင်းတစ်ဖန်ချက်နေ ရသောကြောင့် နေမြင့်သွားရခြင်း ဖြစ်ပါသည်၊ သို့တွက် ကိုပုဏ္ဏ ကျွန်မကို စိတ်မဆိုးဘဲ စိတ်ကြည်လင်စွာ ထားပြီး သာဓုအနုမောဒနာ ခေါ်ပါ" ဟု ဝမ်းမြောက်ရွှင်လန်းသော စိတ်ဖြင့် ပြောပြသည်။

"ရှင်မ- သင်သည် ကောင်းသော အမှုကို ပြုခြင်း ဖြစ်သည်၊ ငါ့အတွက် ထမင်းကို အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို လှူလိုက်ခြင်းသည် ကောင်းသော အမှုပြုခြင်း ဖြစ်သည်၊ ငါသည်ပင် နံနက်စောစောက ဒန်ပူနှင့် သောက်ရေတို့ကို မထေရ်မြတ်ကြီးကို လှူလိုက်ပါသေးသည်"

မောင်ပုဏ္ဏသည် မိမိ၏အလှူ၊ မယား၃တ္တရာ၏ ဆွမ်းအလှူပေါ်ဝယ် ကြည်နူးနှစ်သိမ့်သော ပီတိတသိမ့်သိမ့် ခံစားရင်း ဥတ္တရာယူလာသော ထမင်းကို စားသောက်လေသည်။

ထမင်းစားပြီးသောအခါ ပင်ပန်း၍ မယား၏ရင်ခွင်ပေါ်တွင် ဦးခေါင်းထားကာ ခဏနားရင်း အိပ်ရာမှ အိပ်ပျော်သွားလေသည်။

ထိုအချိန် ခဏမှာပင် မောင်ပုဏ္ဏ ထွန်ယက်ခဲ့သော လယ်၌ မြေစိုင်မြေခဲ အားလုံးတို့သည် ရွှေဖြစ်ကာ မဟာလှေကားပွင့်ပမာ တင့်တယ်စွာ တည်နေလေသည်။

မောင်ပုဏ္ဏသည် မကြာခင် အိပ်ရာမှနိုးလာပြီး မိမိထွန်ထားခဲ့သော လယ်ကွက်ကို လှမ်းကြည့်မိသည်။ ထွန်စိုင်-ထွန်ခဲ အားလုံး

www.dhammaransi.com



သည် ရွှေစိုင်-ရွှေခဲများ ဖြစ်နေသည်ကို တအံ့တဩ တွေ့ရသည်၊ မယုံနိုင်၍ အပြန်အလှန် ကြည့်မိသည်။

အံ့ဩ ဝမ်းမြောက်သော စိတ်ဖြင့် မယားကို-

"ရှင်မ ငါ လယ်ထွန်ရာ အားလုံး ထွန်စိုင်-ထွန်ခဲတို့သည် ရွှေများ ဖြစ်နေသည်ဟု ငါထင်သည်၊ ကြည့်ပါဦး" ဟုပြောလိုက်ပြီး အကူအညီတောင်းလိုက်လည်။

ဥတ္တရာလည်း ပုဏ္ဏပြောပြ၍ လယ်ကွက်ကို လှမ်းကြည့်လိုက်ရာ အံ့ဩသွားသည်။

"ကိုပုဏ္ဏ၊ ကျွန်မလဲ ကိုပုဏ္ဏ မြင်သလို ရွှေတွေသာ မြင်နေပါသည်"

ကိုပုဏ္ဏသည် ချက်ချင်း ထသွားကာ မြေစိုင်ခဲ တစ်လုံးကို ကောက်ယူပြီး ထွန်တုံးဦး၌ ထုနှက်ကြည့်သောအခါ ရွှေအစစ် ဖြစ်နေသည်ကို အံ့ဩစွာ တွေ့မြင် သိရှိသွားလေသည်။

"ဩော်-အံ့ဩဖွယ် ရှိလေစွတကား၊ တရား စစ်သူကြီး ဖြစ်သော ရှင်သာရိပုတ္တရာမထေရ်ကို ရှု ဒါန်း လိုက်ရသော ဒါနကုသိုလ်သည်ကား ယနေ့ပင် အကျိုးအာနိသင်ကို ထင်ရှားစွာပြလေသည်တကား၊ ဤမျှ များပြားသော ရွှေတို့ကို ဖုံးကွယ် ထား၍လည်း ရမည်မဟုတ်"

ပုဏ္ဏသည် ဤသို့ဆိုပြီးလျှင် ဥတ္တရာ ထမင်းထည့်လာသော တောင်းနှင့် ရွှေများအပြည့်ထည့်ပြီး မင်းသာရတုနှင့်ထံသို့ သွားကာ မင်းကြီးထံ ဝင်ရောက် ခစားကြသည်။

"အမောင် ယောကျ်ား၊ အဘယ်အလို့ငှာ လာရောက် ခစားပါသနည်း"

www.dhammaransi.com



"အရှင်မင်းကြီး၊ ယနေ့ ကျွန်တော်မျိုး လယ်ထွန်ရာမြေ ကွက်၌ အလုံးပုံသော မြေစိုင်မြေခဲ ဟူသမျှတို့သည် ရွှေစု ရွှေပုံ ဖြစ်လျက် တည်နေပါသည်၊ ထိုရွှေများကို ယူဆောင် စေခြင်းငှာ အရှင်မင်းကြီးထံ ဝင်ရောက် ခစားပါသည် ဘုရား"

"အဘယ်ကြောင့်နည်း"

"အကျွန်ုပ်တို့ ဆင်းရဲသား ပုဏ္ဏ အမည်ရှိပါသည် အရှင်မင်းကြီး"

"သင် ယနေ့ အဘယ်ကုသိုလ်ကောင်းမှုပြုသနည်း"

"ကျွန်တော်မျိုး တရားစစ်သူကြီးဖြစ်သော အရှင်သာရိ ပုတ္တရာကို ယနေ့နံနက်စောစောက ဒန်ပူနှင့်မျက်နှာသစ်ရေ သောက်ရေတို့ကို လှူပါသည်၊ ကျွန်တော်မျိုး၏ မယားက ကျွန်တော်မျိုးစားရန် ချက်ပြုတ်ယူလာသော ထမင်းကို ထို အရှင်မြတ်အား လှူဒါန်းသော ကုသိုလ် ကောင်းမှုများကို ပြုခဲ့ပါသည် အရှင်မင်းကြီး"

"အို– အချင်းတို့၊ တရားစစ်သူကြီး ဖြစ်သော အရှင် သာရိပုတ္တရာကို လှူရေစက်သည်ဒါနသည် ယနေ့ပင်လျှင် အကျိုး ထူးကို ပြခဲ့လေတကား"

မင်းကြီး ဤသို့ ဥဒါန်းကျူးရင့်စကား မိန့်ကြားပြီးနောက်

"မောင်မင်း အဘယ်သို့ ပြုမည်နည်း" ဟု မေးတော်မူ သည်။

"လှည်းများစွာတို့ကို စေလွှတ်ပေးပြီး ရွှေတို့ကို သယ်ယူ စေလိုပါသည် ဘုရား"

"ကောင်းပြီ၊ စီစဉ်ပေးမည်"

www.dhammaransi.com



မင်းကြီးသည် မင်းချင်းတို့ကို ခေါ်၍ လှည်းတို့ကို စီရင်တာ ရွှေများကို သယ်ယူစေသည်။

"ဤရွှေတို့ကား မင်းကြီး၏ ဥစ္စာတို့တည်း"

မင်းချင်းတို့သည် ဤသို့ ဧရွှတ်ပြီး ရွှေများကို သယ်ယူကြရာ ဘယ်မသသာ ရွှေတို့သည် မြေစိုင်မြေခဲသာ ဖြစ်ကြလေတော့သည်။

မင်းချင်းတို့သည် ထိုအဖြစ်အပျက်တို့ကို မင်းကြီးထံသို့ ပြန်လည် လျှောက်ထားကြသည်။

"မင်းချင်းတို၊ အသင်တို့ အဘယ်သို့ ဆို၍ ယူသနည်း"

"အရှင်မင်းကြီး၏ ဥစ္စာဟု ဆို၍ ယူကြပါသည် ဘုရား"

"ထိုသို့ဆိုမူ သင်တို့ ပြန်ကြကုန်၊ မောင်ပုဏ္ဏဥစ္စာတည်းဟု ဆို၍ သယ်ယူကြကုန်လော့"

မင်းချင်းတို့သည် တဖန် ပြန်လာပြီး မင်းကြီး မှာသည့်အတိုင်း မောင်ပုဏ္ဏ ဥစ္စာဟု ဆို၍ ယူကြရာ အားလုံး ရွှေချည်းပင် ဖြစ်ကြလေသည်။

မင်းချင်းတို့သည် လှည်းတစ်ထောင်ဖြင့် ရွှေများကို သယ်ယူကြပြီး မင်းရင်ပြင်၌ စုပုံထားရာ ရွှေပုံသည် အတောင်ရှစ်ဆယ်မျှ မြင့်လေသည်။

မင်းကြီးသည် မြို့သူ မြို့သား အားလုံးတို့ကို မင်းရင်ပြင်၌ စုဝေးစေသည်။ မြို့သူမြို့သားတို့သည် မောင်ပုဏ္ဏ၏ ကုသိုလ်ထူးပုံကို တအံ့တသြ ပြောဆိုကြလေသည်။

မင်းကြီးသည် လူထုစည်းဝေးရာ မင်းရင်ပြင်သို့ ကြွရောက်ပြီးလျှင် ပြည်သူတို့ကို အဆုံးအဖြတ် ပေးစေသည်။

www.dhammaransi.com



"ဤမြို့၌ တစ်ဦးတစ်ယောက်သောသူအား ဤမျှအတိုင်း အတာရှိသော ရွှေများ ရှိကြပါသလော"

"အရှင်မင်းကြီး မရှိပါ"

"မောင်ပုဏ္ဏကို အကာယ်အရာ ပေးထိုက်ပါသနည်း"

"အရှင်မင်းကြီး၊ သူဌေးတို့ ဆောင်းထိုက်သော ထီးကို ပေးထိုက်ပါသည်"

"မောင်ပုဏ္ဏ၏အမည်ကို ယနေ့မှစ၍ 'မဟာဓနသူဌေး' ဟူသော ဘွဲ့အမည်သစ် ဖြစ်စေလော့"

ဗိမ္ဗိသာရမင်းကြီးသည် မောင်ပုဏ္ဏကို ပြည်သူရှေ့တွင် သူဌေး ဘွဲ့အမည်သစ်ပေးပြီးနောက် သူဌေးတို့ဆောင်းအပ်သော ထီးဖြူနှင့် တကွ သူဌေး အဆောင်အယောင်, စည်းစိမ်တို့ကို ခံစားစေလေ သည်။

"အရှင်မင်းကြီး၊ ကျွန်ုပ်တို့သည် သူများ အိမ်နောက် ဖေး၌ နေရပါသည်၊ နေစရာအိမ် မရှိပါ"

မောင်ပုဏ္ဏက ဆက်လက်လျှောက်ထားရာ မင်းကြီးက ရှေး သူဌေးဟောင်း အိမ်နေရာ တစ်နေရာကို ပေးလေသည်။

ပုဏ္ဏသူဌေးသည် ထိုနေရာတွင် အိမ်ဆောက်၍ အိမ်သစ်တက် မင်္ဂလာ၊ ထီးဆောင်း မင်္ဂလာတို့ကို တစ်ပြိုင်တည်း ပြုလုပ်သည်။

ဘုရား အမှူးရှိသော သံဃာတော်များကိုလည်း ခုနစ်ရက် ပတ်လုံး အလှူဒါနပြုလေသည်။ ဘုရားရှင်သည် ခုနစ်ရက်မြောက် နေ့တွင် ပုဏ္ဏတို့ကို ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူရာ တရားတော် အဆုံး၌ ပုဏ္ဏသူဌေး၊ ဇနီးနှင့် သမီး ဥတ္တရာတို့သည် သောတာပန် တည်ကြလေသည်။

www.dhammaransi.com



– ပုဏ္ဏနှင့် ဥတ္တရာ ဆင်းရဲသူတို့၏ တဒဂ် မျက်စိ တစ်မှိတ် အတွင်း ဖြစ်ပေါ်ခဲ့သော သဒ္ဓါစိတ် စေတနာ ကုသိုလ်ကံ အစွမ်းသည် ပစ္စုပ္ပန်ဘဝ၌ပင် အံ့မခန်း အကျိုးပေး သွား လေသည်မှာ အတုယူဖွယ်, မှတ်သားဖွယ်, အားကျဖွယ် ကောင်းလှပေသည် တကား။

## ကာကဝလိယတို့၏ တဒဂ် ဆုံးဖြတ် လှူကျိုး၏ ကောင်းကျိုး ရလဒ်များ

ရာဇဂြိုဟ်ပြည်သား ဆင်းရဲသား ပုဏ္ဏားလင်မယား နှစ်ဦး–

လင်ပုဏ္ဏားသည် နံနက်စောစောထ၍ တောသို့ သွားပြီး ထင်းခွေရသည်။ ရလာသောထင်းကို မြို့သို့ တက်ရောင်းပြီး ရလာ သောငွေဖြင့် တစ်ဆွမ်းစာမျှသောဆန်ကိုဝယ်ချက်ပြီး လင်မယား နှစ်ယောက် နံနက် တစ်ဝက် ညနေ တစ်ဝက် စားသောက်ရသည်။

ပုဏ္ဏားမသည် သူတကာအိမ်တွင် အဝတ်လျှော်၊ ဆန်ဖွပ် အလုပ်ကို လုပ်ရပြီး ရလာသောအဖိုးအခဖြင့် ဟင်းဝယ်ချက်စားရ သည်။ ပိုသောငွေကိုစုပြီး အထည် အဝတ်အစားကို ဝယ်ဝတ်ရ သည်။

သူတို့အိမ်တွင် လွှင့်ပစ်စရာ ထမင်းစေ့မျှပင် မကျန်၍ ကျီး ငှက်များပင် မလာ မနားကြ။ ကျီးငှက် အစောင့် လွတ်ကြ၍ သူတို့ လင်မယားကို အရပ်က ကာကဝလိယ ကျီးပင်ရှောင်သည့်လင်မယား ဟု ခေါ်ဝေါ်သမုတ်ကြလေသည်။

တစ်နေ့သောအချိန်တွင် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး သည် နိရောဓ သမာပတ်မှ ထတော်မူ၍ ချီးမြှောက်အပ်သော ဝေနေယျတို့ကို ကြည့်တော်မူလျှင် ကာကဝလိယ သူဆင်းရဲ လင် မယားကို မြင်လေသည်။

www.dhammaransi.com



"ဤသူတို့ကား ရှေး၌ပြုဖူးသော ကံဟောင်း ရှိလျက် တစ်ခုသော မကောင်းမှု နှိပ်စက်သောကြောင့် ဖုံးကွယ်အုပ် ထားသော မီးကဲ့သို့ မကြီးပွားနိုင် ရှိချေသည်။ ငါသွား၍ ချီးမြှောက်မှု ဒိဋ္ဌဓမ္မပင် ချမ်းသာသုခ ရရာပေသည်"

မထေရ်မြတ်ကြီးသည် ဤသို့ ကရုဏာသက်ပြီးလျှင် ထိုလင် မယား ရှိရာ ဆွမ်းခံကြွတော်မူလေသည်။

သူဆင်းရဲမသည် လင်ယောကျ်ားအတွက် နံနက်စာ တစ်ထပ် ယာဂုကိုချက်ပြီးလျှင် ယောကျ်ား ပြန်လာမည့် ခရီးလမ်းကို မျှော် ကြည့် နေမိလေသည်။ မကြာခင် သူဆင်းရဲမ၏ မြင်ကွင်း၌ ရှင်သာရိ ပုတ္တရာ မထေရ်မြတ်ကြီး ပေါ်လာသည်။

ထိုတဒင်္ဂ မျက်စိတစ်မှိတ်မျှပင် ကြည်လင်ညွတ်နူးလှသော သဒ္ဓါစိတ်သည် တဖိတ်ဖိတ် တက်ကြွ ပေါ်လာ ခံစားလာမိလေသည်။

"ရှေးရှေးသောနေ့တို့၌ ဤအရှင်ကောင်းကို မြင်လျှင် လည်း အိမ်၌အလှူဝတ္ထုကားမရှိ၊ ဝတ္ထုရှိခိုက် ဖြစ်ပြန်လည်း အရှင်ကောင်းကို မတွေ့ရ၊ ယနေ့မူကား အလှူဝတ္ထုလည်း ပြည့်စုံ၊ အရှင်ကောင်းနှင့်လည်း ကြုံလေသည်၊ ဤအခါမှ ငါမလှူချေမူ အဘယ်အခါမှာ ဒါနဖြစ်နိုင်တော့မည်နည်း"

သူဆင်းရဲမသည် ဤသို့ကြံပြီးလျှင် အရှင်မြတ်ထံသို့ ရှေးရှု သွားကာ ငါးပါးသော ထိခြင်းဖြင့် ရှိခိုး ပူဇော်သည်။

"အရှင်ဘုရား၊ တပည့်တော်ကို သနားတော်မူသော အားဖြင့် တပည့်တော်၏အလှူကို ခံယူတော်မူပါဘုရား"

သူဆင်းရဲမသည် ဤသို့လျှောက်ထားပြီးလျှင် အရှင်မြတ်၏ သပိတ်ထဲသို့ ယာဂုအိုးကို မှောက်ပြီး လောင်းလှူလိုက်လေသည်။

"ဤကုသိုလ်ကောင်းမှုကြောင့်ပစ္စက္ခဒိဋ္ဌဓမ္မပင် ဒုက္ခကင်း လွတ်ရပါစေသောဝ်" ဟု ဆုတောင်း ပတ္ထနာ ပြုလေသည်။

www.dhammaransi.com



"အသင် ဒါယိကာမ တောင်းသောဆုတိုင်း ပြည့်စေ"

အရှင်သာရိပုတ္တရာက ဤသို့ ဆုပေးပြီး ဆက်လက်ကြွသွားတော်မူလေသည်။

ပုဏ္ဏား ထင်းခွေရာမှ ပြန်လာသောအခါ သူဆင်းရဲ ပုဏ္ဏေးမက လင်ယောကျ်ားကို မိမိ စိတ်စေတနာသဒ္ဓါတရားနှင့် ဆောင်ရွက်ခဲ့ပုံ၊ လှူဒါန်းပုံ အကြောင်းစုံကို ပြောပြသည်။ လင်ပုဏ္ဏားကလည်း အလွန်ပင် ဝမ်းမြောက်ဝမ်းသာသော စိတ်ဖြင့် တသိမ့်သိမ့် ပီတိခံစားရလေသည်။

ထိုနေ့တွင်ပင် ဗိမ္ဗိသာရမင်းကြီးသည် ရထားစီး၍ မြို့ပြင်ထွက်၍ လှည့်လည်ရာ သုသာန်သို့ ရောက်ရှိလာသည်။ သုသာန်တွင် တံကျင်လျှို၍ထားသော ရာဇဝတ်သားသည် အသက်မသေသေးဘဲ ရှိသည်။

မင်းကြီး လာသည်ကို မြင်သောအခါ–

"အရှင်မင်းကြီး၊ ကျွန်ုပ်မသေမီ ထမင်း တင်နပ်စာနှင့် ရေတစ်မှုတ်စာမျှ သနားတော်မူပါ" ဟု လျှောက်ထားသည်။

မင်းကြီးသည် ထိုရာဇဝတ်သားကို အလွန်သနားတော်မူလှသည်ဖြစ်၍–

"ငါတွင် ယခုထမင်း မပါပါ၊ နန်းတော်ရောက်မှ ပြန်ပို့စေပါမည်" ဟု ဝန်ခံကတိပေးခဲ့ပြီး ဆက်လက်ထွက်ခွာခဲ့လေသည်။

မင်းကြီးသည် နန်းတော်သို့ရောက်သောအခါ များစွာသော မောင်းမ ကချေသည်တို့ ဖျော်ဖြေပူဇော်မှုကြားဝယ် သာယာသွားပြီး ဝန်ခံကတိစကားကို မေ့သွားလေသည်။

www.dhammaransi.com



နောက် အတော်ကြာမှ သတိရလာပြီး မင်းချင်းတို့ကို ခေါ်ကာ–

"ငါသည် သုသာန်၌ တံကျင်လျှိုထားသော ရာဇဝတ်သားကို ထမင်းပို့ပေးရန် ကတိထားခဲ့သည်၊ ထိုယောကျ်ား ထံသို့ သွား၍ ထမင်းနှင့်ရေ သွားပို့ပေးကြပါလေ" ဟု စေခိုင်းလေသည်။

မင်းချင်းတို့သည် မည်သူမျှ မသွားရဲကြ၊ မည်သူမျှ အဖြေ မပေးကြချေ။

အကြောင်းကား ရာဇဂြိုဟ်မြို့တံခါး ထန်းနှစ်ပင်၌နေသော ဒီဃတာလမည်သော ဘီလူးတစ်ကောင်ရှိသည်။ ထိုဘီလူးကို ဗိမ္ဗိသာရမင်းကြီးက နေဝင်သည်မှစ၍ အာရုံတက်သည်တိုင်အောင် ကာလအတွင်း ဤတံခါးမှထွက်သောသူ–ဝင်သောသူတို့ကို ဖမ်းယူ စားသောက်နိုင်သည်ဟု ခွင့်ပြု အပိုင်ပေးစားထားသောကြောင့် ဖြစ်သည်။

ထိုအခါ မင်းကြီးသည် မင်းမှာကတိဆိုသည့်အတိုင်း ကတိ ပျက်မည်စိုးသည့်အတွက် သုသာန်သို့သွား၍ ထမင်းပို့နိုင်သူကို အသပြာ တစ်ထောင်ပေးမည်ဟု စည်ကို လှည့်စေသည်။

"အရှင် ချစ်လင်၊ ဤထမင်းထုပ်ကို ကျွန်ုပ် သွားပို့ပါမည်"

ဟု သူဆင်းရဲမက လင်သားကို တိုင်ပင် ပြောကြားလေသည်။ လင် ပုဏ္ဏားသည် မိမိမယားကို အံ့ဩထူးဆန်းသောအသွင်၊ တုန် လှုပ်သော အသွင်ဖြင့် ကြည့်ပြီး....

"ရှင်မ သွားသည်ရှိသော် ဘီလူးစားခံရမည်။ ရှင်မ သေ သော် ငါ ဘယ်လိုနေခဲ့ရမည်နည်း၊ ငါပါ သေလေမည်။ ရှင်မ ဥစ္စာကို မမက်မောပါနှင့်" ဟု ပြောသည်။

www.dhammaransi.com



''အရှင်.... မကြောက်ပါလင့်၊ ဘီလူး မစားရအောင် ကျွန်ုပ် ကြံဆောင်နိုင်ပါသည်။ စိတ်ချ၍သာ နေခဲ့ပါ။ ကျွန်ုပ် ထမင်းပို့ပြီး ပြန်လာပါမည်''

ကာလဝလိယမယားသည် လင်ကို နှစ်သိမ့်စေပြီး စည်လှည့် သူတို့ထံသို့သွားကာ သူမ ပို့မည့် အကြောင်းပြောပြီး မင်းထံသို့ လိုက်သွားလေသည်။

မင်းကြီးသည် သူဆင်းရဲမက ထမင်းပို့ပေးမည်ဆို၍ အလွန် ပင် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးလျှင် ထမင်းခွက်နှင့် ရေတို့ကို ပေးလေသည်။

''အရှင်မင်းကြီး ဤထမင်းသည် မင်း၏လက်ဆောင်ပင် ဖြစ်ပါသည်။ သို့တွက် မင်းလက်ဆောင်ထမင်းပိပိ မနော လင်ပန်းနှင့်ထည့်၍ သနားတော်မူပါ''ဟု သူဆင်းရဲမက လျှောက်ထားသည်။

မင်းကြီးကလည်း လျှောက်ထားသည့်အတိုင်း ပေးလေသည်။ သူဆင်းရဲမသည် မနောလင်ပန်းကိုရွက်၍ တဘက်ကို ခါးပန်းစီး သည်။ လက်တစ်ဘက်က ရေခွက် ရေအိုးကိုဆွဲပြီးလျှင် တံခါးပေါက် က ထွက်ခွာခဲ့လေသည်။

မြို့တံခါး အပြင်ဝသို့ရောက်သောအခါ ထန်းပင်၌နေသော ဘီလူးသည် ကိုယ်ထင်ပြလျက်....

''ဟယ်....မိန်းမ၊ သင်ကား ငါ့အစာဖြစ်ပေပြီ၊ ရပ်လော့ ရပ်လော့'' ဟု ဆိုလေသည်။

''အမောင်ဒီဃတာလ၊ သင်သည် သူတစ်ပါးကိုသာ စား ခွင့်ရသော်လည်း ငါ့ကိုကား သင် စားပိုင်ခွင့် မရှိချေ၊ သင် သည်လည်း ပြည့်ရှင်မင်းကြီး၏ အမှုထမ်းကျေးဇူးခံ၊ ငါသည်

www.dhammaransi.com



လည်း မင်းကြီး၏ တမန်တော်ဖြစ်သည်။ ငါ့စကားကို မယုံသော် ငါ့တွင်ပါလာသော မှနေ့လင်ပန်းကိုကြည့်ပါလော့”

ဘီလူးသည် သူဆင်းရဲမ၏စကားကို ကြားရသောအခါ မိန်းမထံတွင် ပါလာသော မနေ့လင်ပန်းကိုကြည့်ပြီး....

“အင်း....သင်ပြောတာ ဟုတ်ပေရာ၏။ ဤသို့ သင်သည် မင်းကြီးတမန်ဖြစ်လျှင် တမန်အင်္ဂါနှင့် ပြည့်စုံရာပေ၏။ ငါမှာလိုသော သတင်းစကားကိုလည်း မှာလိုက်က ကောင်းလေမည်” ဟု ကြံစည်မိလေသည်။

“တမန်မိန်းမ မင်းကြီးက စေလွှတ်သည်မှန်မူ သွားပါလော့၊ ငါ၏ သတင်းစကားကိုလည်း ပြောကြားပေးစေလိုပါသည်”

“အဘယ်သတင်းစကားကို အဘယ်သူထံ ပို့ပေးရပါမည်နည်း၊ ပို့ပေးပါမည်”

“ယခု သင်သွားမည့်သုသာန်အနီး မန်ကျည်းပင်ကြီး ခုနစ်ပင်၌ စောင့်နေသော သုမနနတ်မင်းကြီးအား သင်နတ်မင်းကြီး၏သမီး ဒီဃတာလဘီလူး၏မယား ကာလီနတ်သမီး၀ယ် စင်ကြယ်လှပသော သားကောင်းရတနာကို ယခုပင် မျက်နှာမြင်ကြောင်း လျှောက်ထားလိုက်ပါသည် ဆိုသည့် သတင်းကို ပြောကြားပေးပါလေ”

“ကောင်းပါပြီ၊ ကျွန်ုပ် ပြောကြားပေးပါမည်”

သူဆင်းရဲမသည် ဘီလူးထံ ဝန်ခံကတိထားပြီး သုသာန်သို့ လာခဲ့သည်။ တံကျင်လျှိုထားသော ရာဇ၀တ်သားကို ထမင်းနှင့် ရေပေးပြီးနောက် မန်ကျည်း ခုနစ်ပင်အောက်သို့ လာခဲ့၍ ဒီဃတာလ မှာသည့်အတိုင်း ပြောကြားသည်။

www.dhammaransi.com



သုမနနတ်မင်းကြီးသည် အလွန် ဝမ်းမြောက် သော စိတ်ရှိသည်ဖြစ်၍ ကိုယ်ထင် ထင်ရှားစွာပြလျက်....

"သုတမင်္ဂလာစကားကို ငါအား သင်လျှောက်ထားပေသည်။ သင့်ကို ငါဆုပေးရမည်။ ငါ့မန်ကျည်းပင် ခုနစ်ပင်၏ တစ်ပင်တစ်ပင်အရင်း၌ ရွှေအိုးနှစ်လုံးစီ ရှိသည်။ နံနက်မိုးလင်းသောအခါ လာရောက်ဖော်ထုတ်ယူပါလေ" ဟု ဆိုလေသည်။

သူဆင်းရဲမသည် သုမနနတ်မင်းကြီးကို ရှိခိုးကန်တော့ကာ–

"အရှင်နတ်မင်း ကောင်းပါပြီ၊ နံနက်ကို လာရောက်ယူပါမည်" ဟု ဝန်ခံကတိပြုပြီးနောက် ပြန်လာခဲ့သည်။

မြို့ဝင်တံခါးအနီးသို့ရောက်သောအခါ ဒီဃတာလနေသော ထန်းပင်အနီးသို့ ကပ်ရောက်ပြီး....

"အရှင်နတ်မင်း အရှင်မှာလိုက်သော သတင်းစကားကို ကျွန်ုပ် ပြောခဲ့ပါပြီ၊ အရှင့်ယောက္ခမ သုမနနတ်မင်းကြီးက ကောင်းမြတ်သော သုတမင်္ဂလာစကားကို အခါမဲ့ ငါအား ကြားလေပေတည်းဟုဝမ်းမြောက်ဝမ်းသာရှိလှ၍ကျွန်တော်မအား များလှစွာသော ရွှေအိုးတို့ကို ဆုအဖြစ် ပေးလိုက်ပါသည်" ဟု ပြောပြသည်။

ထိုအခါ ဒီဃတာလ က–

"ငါ့ယောက္ခမက ဤမျှ ဆုပေးသည်၊ ငါ မူလ စေခိုင်းသူက ထိုထက် အဆသာ၍ ပေးမှ သင့်ပေမည်" ဟု ကြံစည်တွေးတောပြီး "နက်ဖြန် ငါ့ ထန်းပင်ရင်း၌လည်း ရွှေအိုးကြီး လေးလုံးကို လာရောက် တူးယူလှည့်" ဟု မှာလိုက်လေသည်။

www.dhammaransi.com



သူဆင်းရဲမသည် ဒိဿတာလကို ကောင်းပါပြီဟု ဝန်ခံပြီးလျှင် မြို့ထဲသို့ဝင်လာပြီး နန်းတော်သို့ ဝင်ကာ ဘုရင်မင်းမြတ်ထံ ဝင်ရောက်ရှိခိုးပြီး အကြောင်းစုံကို လျှောက်ထား ပြောကြားသည်။

ဗိမ္ဗိသာရမင်းကြီးသည်လည်း သူဆင်းရဲမကို အလွန်အားရ ကျေနပ်လျက် မိမိက ပေးလိုက်သော အသပြာထောင်ထုပ်ကို ပေးအပ်လိုက်သည်။

နံနက်အခါ များစွာသော မင်းချင်းတို့နှင့်တကွ ညက နတ်တို့ ပေးသော ရွှေအိုးတို့ကို ဖော်ထုတ်ယူပြီး မင်းရင်ပြင်၌ စုပုံထားသည်။

မင်းကြီးသည် အမတ်ကြီးတို့နှင့် တိုင်ပင်ပြီးလျှင်—

"ဤမျှလောက်သော ရွှေရတနာရှိက သူဌေးတို့၏ အရာဌာန ရသင့်ပေသည်"ဟု ဆိုကာ သူဌေးတို့ ဆောင်းမြဲသော ထီးကို ပေးလေသည်။

ထိုအခါမှစ၍ ကာကဝလိယသူဌေး ဟူ၍ တွင်လေသည်။

ထိုသူဌေးလင်မယားတို့သည် သူတစ်ထူး အိမ်ကြား၌နေရ၍ နေရာဌာန မရှိသေးသောကြောင့် မင်းကြီးထံ အိမ်ရာနေရာတောင်း ကြသည်။

မင်းကြီးက ပျက်စီးသွားသော သူဌေးတစ်ဦး၏အိမ်နေရာကို ပေးသည်။ ကာကဝလိယတို့လင်မယားသည် ထိုခြံ၌ အိမ်ဆောက်ရန် ချုံပိတ်ပေါင်းတို့ကို ရှင်း၍ တူးကြသည်ရှိသော် တူးတိုင်း တူးတိုင်းပင် ရွှေအိုး, ငွေအိုးတို့ ရ၍ အတိုင်းမသိသော စည်းစိမ် ချမ်းသာကို ခံစားကြရလေသည်။

ထို ကာကဝလိယ သူဌေး လင်မယားတို့သည် ငါတို့သည် ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး၏ ကျေးဇူးတော်ကြောင့် ဤသို့

www.dhammaransi.com



ခံစား၊ စံစားရသည်ဟု ကျေးဇူးတော်ကို အောက်မေ့လျက် တစ်နေ့၊ တစ်နေ့ ငါးရာမျှသော သံဃာတော်တို့ကို မပြတ် ဆွမ်းလုပ်ကျွေးလေသည်။

တဒင်္ဂ၊ တစ်စက္ကန့်မျှလောက်သော သဒ္ဓါစိတ်ကလေး ပေါ်လာပြီး မွန်မြတ်သော၊ သန့်စင်သော လယ်ယာမြေ ကောင်း၌ သန့်ရှင်းကြည်လင်သော သဒ္ဓါမျိုးစေ့ကို စိုက်ပျိုးနိုင်ခဲ့သည့်အတွက် သူဌေးအရာရောက်သည်အထိ အကျိုးပေးခံရသော ကာကဝလိယ၏ တစ်မိနစ်၊ တစ်စက္ကန့် ဆုံးဖြတ်ချက်၏ ကောင်းကျိုး ရလဒ်သည် ကား အံ့မခန်းဖွယ်ပင် ဖြစ်ခဲ့ရပါတော့သည်။

(မဇ္ဈိမနိကာယ် ကမ္မဝိဘင်္ဂသုတ်)

○

## ဇူဠဿသယ တမင်းအိုးရှင် မိသားစု

သီရိလင်္ကာ နိုင်ငံ ဝဋ္ဋဂါမဏိမင်း လက်ထက် တိုင်းပြည်၌ ဗြာဟ္မဏတိဿ ဦးစီးသော သူပုန်တို့ ထကြွပုန်ကန်၍ တိုင်းပြည်ပျက်သော အချိန်ကာလ ဖြစ်သည်။

တစ်တိုင်းပြည်လုံး ဒုက္ခသုက္ခ ရောက်ကြပြီး ထိုစစ်ဘေးဒုက္ခကြီးနှင့်အတူ သီရိလင်္ကာတစ်နိုင်ငံလုံး(၁၂)နှစ်ပတ်လုံး မိုးခေါင်ပြီး ဆန်ရေစပါး ရှားပါးသွားသည်။ လူတို့သည် သစ်ဥသစ်ဖုများကိုသာ ရှာဖွေ စားသောက်နေရသည်။

သံဃာတော်များသည် စစ်ဘေး စစ်ဒဏ် ကြောင့် လည်းကောင်း၊ အစာရေစာ ရှားပါးမှုကြောင့် လည်းကောင်း နိုင်ငံရပ်ခြားသို့ ကြွသွားကြသည်။ အချို့ မကြွနိုင်သော သံဃာမထေရ်ကြီး

www.dhammaransi.com



များသည် သဲကို ဂိုက်အောက်တွင် ထား၍ ပိဋကတ်တော်များ မပျောက်ပျက်အောင် အားထုတ်ကြိုးစား သရဇ္ဈာယ်ကြသည်။

ထိုသီရိလင်္ကာနိုင်ငံ၌ ပူဝကပိဋ္ဌိ အမည်ရှိသော ရွာကြီး တစ်ရွာရှိသည်။ ထိုရွာသူရွာသားတို့သည် သာသနာတော်ကို သက်ဝင်ယုံကြည်ကြပြီး အလှူရေစက် လက်နှင့်မကွာ ဆိုသလို သံဃာတော်များကို ထောက်ပံ့ လှူဒါန်းခဲ့ကြသည်။

ယခုကဲ့သို့ အဝတ်ဘေးကြီး ဆိုက်ရောက် လာသော အခါ ရွာသူ-ရွာသားတို့သည် ဆွမ်းတော်ထက် ဝမ်းတော်မှ အနိုင်နိုင်ဖြစ်လာကြ၍ မိမိတို့၏အသက်ကိုပင် ကြံဖန် မွေးနေရ၍ သံဃာတော်များကို မလှူဒါန်းနိုင်ကြတော့ပေ။ မိမိတို့ဘဝ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် တစ်ကုမ်းစားမျှသော ဆန်ကိုပင် အဝတ်ဖြင့် ထုပ်ကာ ရေနွေးဖြင့်ကြိုတ်ပြီး နေပူလှန်း အခြောက်ခံ ထားကြရသည်။ ထို ထမင်းခြောက်များကို ခိုးယူသူများ မခိုးနိုင်အောင် အိုးဖြင့်ထည့်၍ မြေ၌ မြှုပ်ထားကြရသည်၊ အသက်မသေရုံ ရေဖြင့် ဖျော်သောက်ကာ အသက်ဆက်ကြရသည်။

ထိုအချိန်တွင် ရဟန်းတော်တစ်ပါးသည် ဆွမ်း ရလိုရငြား သပိတ်ပိုက်၍ ပူဝကပိဋ္ဌိရွာရိုးတစ်လျှောက် ဆွမ်းခံကြွတော်မူသည်။ ရွာပင် ဆုံးသော်လည်း ဆွမ်းလောင်းမည့်သူ တစ်ဦးမျှမရှိ၊ သပိတ်ပိုက်၍ ပြန်ကြွတော်မူရလေသည်။

ထိုအရှင်မြတ်၏ အခြင်းအရာကို အိမ်တစ်အိမ်မှ မိသားစုက မြင်၍ စိတ်မကောင်း ဖြစ်ကြရသည်။ ဤသို့ ဖြစ်နေစဉ် ဖခင်က အိမ်သားတို့ကို သူတို့ထံတွင် ရှိသည့် ဆန်တစ်စလယ်ဖြင့် အရှင်မြတ်အား ဆွမ်းချက်လှူရန် သင့်-မသင့် ဆွေးနွေး မေးမြန်းလေသည်။

"ကျွန်တော်တို့မှာ ရှေးကဒါန နည်းခဲ့လို့ ဆင်းရဲ ကျပ်တည်းလှတဲ့ အဝတ်ဘေးကြီးနဲ့ ကြုံရတာပဲ၊ ဒီလောက်ထိအောင် အသက်မသေဘဲ ကျန်နေတာကလဲ့ ဒီဆန်ဇာလေး

www.dhammaransi.com



ရှိနေလို့ပဲ၊ ဒီ ဆန်မှိုပြီး အသက်ရှင်နေရတာကလဲ ဆင်းရဲခံ နေရသလိုပါပဲ၊ ဒီဆင်းရဲကြီးကို မခံလို-မမြင်လို-မကြားလို့ တော့ပါ၊ အဲဒါကြောင့် ဒီဆန်ကို အရှင်မြတ်ကို ဆွမ်းချက် လှူပြီး သေရတာစာ ကောင်းပါတယ်"

သားကြီးက အကြံပြု ဆွေးနွေးပြီသည်။ သားကြီး ဆွေး နွေးချက်ကို မိသားစုအားလုံးက သဘောတူကြသည်၊ သို့အတွက် ရဟန်းကို အမြန်လိုက်သွား၍ ပင့်ကြသည်။ ဆွမ်းကို အမြန်ချက်ပြီး မထေရ်မြတ်ကို လောင်းလှူလိုက်ကြသည်။ လောင်း လှူ လိုက် ပြီး နောက် ထိုအလှူကို မိသားစု တစ်စုလုံး ဝမ်းမြောက်ဝမ်းသာသော စိတ်ဖြင့် တသိမ့်သိမ့်ခံစားပြီး ကြည်နူးနေကြသည်။

ရဟန်းတော် ဆွမ်းလှူလောင်းပြီး၍ ပြန်ကြွသွားသောအခါ တမင်းအိုးကို ဆေးကြောရန် ယူလိုက်သောအခါ သလေးထမင်း များ စပယ်ဖူးများပမာ တစ်အိုးလုံး ပြည့်လျှံနေသည်ကို အံ့ဩစွာ တွေ့ရသည်။ မိခင်သည် အိုးကိုမကာ အားရဝမ်းသာ အော်ဟစ် ပြောဆိုယူလာပြီး အိမ်သူ အိမ်သားများကို ပြသည်။ တစ်အိမ်သား လုံး အတိုင်းမသိ အံ့ဩပြီး ဝမ်းမြောက်ဝမ်းသာ ခံစားကြရလေ သည်။

"သံဃာတော်အရှင်မြတ်အား ယခုလို ဒုဗ္ဘိက္ခအခါမျိုးနှင့် လှူရသော ဒါနဟာ အလွန်အကျိုးကြီးမားကြောင်း ချက် ချင်းသိရတာပဲဟေ့"

ဟု သားကြီးက ပြောဆိုပြီး ဒုဗ္ဘိက္ခတာလ ဒါနအကျိုးကို သဘောပေါက်ကြပြီး ဝမ်းမြောက်ဝမ်းသာ စားသောက်ကြလေ သည်။

ထမင်းအိုးသည် ခပ်ယူတိုင်းပင် လျော့သည်မရှိ၊ ပြည့်မြဲပြည့် နေသည့်အတွက် အိမ်နီးနားချင်းမှအစ တစ်ရွာလုံးပင် ထိုနေ့အဖို့ အဝပေးလှူကြရလေသည်။

www.dhammaransi.com



ထိုမိသားစုကား ကာလဒါနကြောင့် ပေး၍မကုန် လှူ၍မခန်းနိုင်သော 'ဣစ္ဆာသယထမင်းအိုးတစ်လုံး' ကို လက်ဝယ်ပိုင်ပိုင် ရရှိသွားလေသည်၊

အရိယာသံဃာတော်၊ အရိယာဖြစ်ရန် ကျင့်ဆဲဖြစ်သော သမ္မုတိသံဃာတော် အရှင်မြတ်တို့ဟူသည်ကား သီလ၊ သမာဓိ၊ ပညာတို့ဖြင့် မိမိလည်း ချမ်းသာ၊ သတ္တဝါများလည်း ချမ်းသာ၊ တစ်လောကလုံး ကြီးပွားချမ်းသာအောင် ဆောင်ရွက်ပေးနိုင်ကြသည်တကား။

## နတ်သုဒ္ဓါရှစ်ပွဲပေါ်သော နှံပဲပင်စောင့်နတ်ကြီး

ပုဝကပိုဋ္ဌိရွာမှ ဆွမ်းခံရလော၍ ထွက်လာသော မထေရ်မြတ်ကြီးသည် ရွာအထွက် ရွာနှင့် မလှမ်းမကမ်းရှိ နှံပဲပင်ကြီးအောက်၌ ဆွမ်းဘုဉ်းပေးရန် ထိုင်တော်မူသည်။ မျက်လွှာချကာ အပ္ပမာဒ သတိတရားဖြင့် ဆွမ်းဘုဉ်းပေးတော်မူသည်။

ထိုအခြင်းအရာကို အစာရေစာပြတ်လပ်နေသော နှံပဲပင်စောင့်နတ်ကြီး မြင်ရလေလျှင် မချင့်မရဲဝမ်းထဲက တကြုတ်ကြုတ် မည်သို့လုပ်ရမည် မသိ၊ ဆာလောင်မွတ်သိပ်စွာ ငေးမျှော်ကြည့်နေလေသည်။

ဆာလွန်းမက ဆာ၊ သည်းမခံနိုင်တော့သည့်အတွက် သူ့အိုယောင်ဖန်ဆင်းပြီး မထေရ်ထံ ချဉ်းကပ်၊ ဆွမ်းကိုတောင်းလေသည်။

ရဟန်းတော်ကလည်း သပိတ်ထဲတွင်ကျန်သော တစ်လုတ်မျှသော ဆွမ်းကို သူ့အိုလက်ထဲသို့ လှမ်းထည့်ပေးလိုက်လေသည်။ သူ့အို

www.dhammaransi.com



သည် ဆာလောင်မွတ်သိပ်စွာ ကတုန်ကယင်ဖြင့် ထမင်းလုတ်ကိုကိုင်ရင်း မှိုင်တွေလျက် ရှုတ်တရက် မစားနိုင်ဘဲ ငိုင်နေမိလေသည်။

"ဩြော်....ငါကားနတ်ဖြစ်လျက် အစာရေစာမဝ၊ အရှင်မြတ်ဆီကပင် တောင်းစားနေမိချေပြီ၊ ရှေးက ဒါနနည်းခဲ့လို့ ယခုလို နတ်ဖြစ်လျက်ပင် ငတ်မွတ်နေရပါတကား"

နတ်ကြီးသည် ဤသို့စဉ်းစားမိပြီးနောက် နောင်တတရားရကာ ထမင်းလုတ်ကို စားမျိုမကျတော့ဘဲ ဖြစ်နေလေသည်။

"အရှင်မြတ်ဘုရား၊ သည်းခံတော်မူပါ၊ တပည့်တော်အား ချီးမြှောက်သောအားဖြင့် ဆွမ်းတစ်လုတ်ကို အလှူခံတော်မူပါအရှင်ဘုရား၊ ဤဆွမ်းကို ပြန်လှူပါသည် ဘုရား"

ဤသို့ ပြောပြောဆိုဆို ဆွမ်းတစ်လုတ်စာကို ရဟန်းတော်သပိတ်ထဲသို့ ပြန်လည်လောင်းလှူလိုက်လေသည်။

သပိတ်ထဲသို့ ထမင်းလုတ်ကျသွားသည်နှင့်တစ်ပြိုင်နက်တည်း နတ်သုဒ္ဓါခဲဖွယ်ဘောဇဉ် ရှစ်ပွဲသည် နံ့ပဲပင် ဘုံဗိမာန်၌ ပေါ ပေါက်လာလေသည်။

အရှင်မြတ်သည် နတ်ပြန်လှူသော ဆွမ်းတစ်လုတ်ကို ဘုဉ်းပေးပြီးနောက် ကျောင်းတော်သို့ ပြန်ကြွသွားလေလေသည်။

နံ့ပဲပင်စောင့်နတ်ကြီးသည် မထေရ်မြတ်ကို ကြည်ညိုရှိခိုးပြီး မိမိ၏ဘုံဗိမာန်ကိုကြည့်လိုက်ရာ နတ်သုဒ္ဓါရှစ်ပွဲ ထူးဆန်းစွာပေါ်နေသည်ကို တွေ့ရသဖြင့် အံ့ဩဝမ်းမြောက် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ကာ ခံစားရသည်။

"ကုသိုလ်ကောင်းမှုတို့၏ စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်သော သီလဝန္တအရှင်မြတ်တို့၏ ဂုဏ်ကျေးဇူးကား ကြီးမြတ်လှပါပေစွ၊ ငါအား အရှင်မြတ်နှင့် တွေ့ရသည်မှာ ကံကောင်းပေစွ"

www.dhammaransi.com



နှံ့ပဲပင်စောင့်နတ်ကြီးသည် သံဃာတော်အရှင်မြတ်တို့၏ဂုဏ်ကို အာရုံပြုကာ ကျေးဇူးတင်မဆုံး ဝမ်းမြောက်မဆုံး ကြည်ညိုမဆုံး ဖြစ်နေတော့သည်သာ။

မြတ်ဗုဒ္ဓမိန့်တော်မူသည့် ကာလဒါန၏အကျိုးကား ဤမျှပင် အကျိုးပေး၍ အကျိုးလည်းကြီးမားလှပေသည်။ နောင်တမလွန်ဘဝကိုမဆိုင်းဘဲ ယခုမျက်မှောက်ပင် အကျိုးပေးနိုင်သော ကောင်းမှုမျိုးဖြစ်လေသည်သာတကား။

## ဆံပင်ဖြတ်၍ ဆွမ်းကပ်ခဲ့သူ၏ကောင်းမှုအကျိုး

ဥဇ္ဇေနီပြည်ဝယ် တေလပနာဠိ အမည်ရှိသော နိဂုံးရွာတစ်ရွာ၌ သူဌေးသမီးနှစ်ယောက် ရှိလေသည်။

ထိုနှစ်ယောက်တွင် တစ်ယောက်သောသူဌေးသမီးသည် မိဘတို့၏ ဥစ္စာပစ္စည်း ဆုတ်ယုတ်ပျက်စီးပြီး တဖြည်းဖြည်း ဆင်းရဲသွားကြသည်။ ထိုသူဌေးသမီး၏ မိဘတို့သည် ဆင်းရဲစဉ်မှာပင် ကွယ်လွန်ခဲ့ကြသည်။

သူဌေးသမီးသည် မိဘတို့ကွယ်လွန်သော် အထိန်းသည်မကို အမှီပြု၍ အသက်မွေး ဝမ်းကျောင်း ပြုရလေသည်။

ဆင်းရဲသွားသူ သူဌေးသမီးသည် လူသာဆင်းရဲသော်လည်း ရုပ်ရည်ကြန်အင် လက္ခဏာမှာ အလွန် လှပတင့်တယ်သည်။ အထူးသဖြင့် သူမ၏ ဆံပင်တို့သည် အလွန် လှပသန့်ရှင်းပြီး ရှည်လျားလေသည်။

တစ်ယောက်သော ချမ်းသာသော သူဌေးသမီးမှာမူ ဆံပင်မလှမရှည်ချေ။

www.dhammaransi.com



သို့အတွက် ချမ်းသာသော သူဌေးသမီးက ဆင်းရဲသွားသူ သူဌေးသမီးထံသို့ အစေခံကို စေလွှတ်ကာ ဆံပင်ကိုဖြတ်၍ ရောင်းမည်ဆိုက အသပြာငွေ တစ်ထောင် ပေးမည်ဟု ပြောစေကာ ဝယ်ခိုင်းသည်။

ဆင်းရဲသူ သူဌေးသမီးက မိမိ၏ဆံပင်ကို မရောင်းချ။ ထို့အတွက် သူဌေးသမီးက များစွာ မကျေမနပ် ဖြစ်မိလေသည်။

တစ်နေ့တွင် ဘုရားရှင်ထံ ရဟန်းပြုပြီးနောက် မိမိ ပွားရာ ဥဒ္ဒေနိ ပြည်သို့ ရဟန်း ခုနစ်ပါး ခြံရံလျက် ပြန်လာသော အရှင်ကစ္စည်း မထေရ်မြတ်သည် ဥဇ္ဇေနီပြည် မရောက်ခင် လမ်းခွတ်လပ်တွင် ရှိသော ထိုဘေလပနာဠိရွာသို့ ဆွမ်းခံဝင်လေသည်။

အရှင်မဟာကစ္စည်း ဆွမ်းခံပင်လာသည့် အချိန်တွင် ဆင်းရဲသူ သူဌေးသမီးသည် မြင်ရ၍-

"ရွှေအဆင်းနှင့် တူသော အဆင်းရှိသော ပုဏ္ဏားမျိုးမှ ရဟန်းပြုခဲ့သော ဤဟာမှုင်မြတ်သည် နောက်ပါရဟန်း ခုနစ်ပါး ခြံရံလျက် ကြွလာသည်၊ ယခုထက်ထိ ဆွမ်း ရသေးသည် မထင်၊ သပိတ်ချည်းသာ တွေ့ရ၏၊ ငါ့မှာကလည်း လှူစရာ ဥစ္စာမရှိ၊ သို့သော် တစ်ချိန်က သူဌေးသမီးသည် ငါ၏ ဆံပင်တို့ကို လာဝယ်၏၊ ယခု ဤဆံပင်ကို ရောင်း၍ ရသော အသပြာဖြင့် မထေရ်ကို ပေးလှူအံ့"

ဤသို့ကြံစည်ပြီးလျှင် မထေရ်မြတ်တို့ကို ပင့်ဖိတ်စေပြီးလျှင် အိမ်တွင်း၌ ထိုင်စေလေသည်။ မထေရ်တို့ ထိုင်သောအခါ အခန်းတွင်းသို့ဝင်ပြီးလျှင်၊ အထိန်းသည်မကို မိမိ၏ဆံပင်ကို ဖြတ်စေသည်။

"အမိ၊ ဤဆံပင်တို့ကို ဖြတ်၍ ဤမည်သော သူဌေးသမီးထံ သွားရောင်းပါ၊ ရသော အသပြာတို့ကို ယူခဲ့ပါ၊ အရှင်မြတ်တို့အား ဆွမ်းလှူပါမည်"

www.dhammaransi.com



အထိန်းသည်မသည် သူဌေးသမီး၏ အဖြစ်ကို မြင်ရသောအခါ ဝမ်းနည်းငိုကြွေးသည်၊ လက်တစ်ဘက်ဖြင့် ရင်ကိုမလျက် ဆံပင်ကို ဖြတ်သည်။

ဖြတ်ယူသောဆံပင်တို့ကို မထေရ်တို့ မမြင်စေရန် ဖုံးကွယ်ယူပြီး ဆံပင်ဝယ်ယူခဲ့ဖူးသော သူဌေးသမီးထံသို့ သွား၍ ရောင်းသည်။

ရောင်းကုန် မည်သည် အဖိုးတန်သော်လည်း ဥစ္စာရှင်ကိုယ်တိုင် ဆောင်ယူခဲ့ပါလျှင် လေးစားမှု မဖြစ်ပေ။

"ငါသည် ရှေးက ဥစ္စာများစွာဖြင့် ဤဆံပင်ကို ဝယ်ယူခဲ့သည် မရခဲ့ချေ၊ ယခု အချိန်တွင် ဖြတ်ပြီးသော ဆံပင်ဖြစ်နေပြီး ငါပေးသမျှသာ ရတော့မည်"

ဟု ကြံစည်မိလေသည်။

"အထိန်းမ၊ ငါသည် ရှေးက သင့်အရှင်မကို ဥစ္စာများစွာကို ပေး၍ ဤဆံပင်တို့ကို ဝယ်ခဲ့သည်၊ သင့်အရှင်မက မရောင်းခဲ့ချေ၊ ယခုမူ ဆံပင်တို့မှာ ဖရိုဖရဲကြဲ နေသည်၊ အသက်မရှိသော ဆံပင်တို့မည်သည် တန်ဖိုး မရှိတော့ပေ၊ ယခု သင်ရောင်းလျှင် ရှစ်အသပြာတော့ ပေးမည်"

"အရှင်မ ပေးသမျှ ယူခဲ့ဟု ကျွန်မအရှင်မက မှာထားပါသည်၊ ပေးသမျှ ရှစ်အသပြာသာ ယူပါမည်"

အထိန်းမသည် သူဌေးသမီး ပေးသော ရှစ်အသပြာကိုသာ ယူလာပြီး ပြန်လာသည်။ ဆင်းရဲသူ သူဌေးသမီးသည် ဆွမ်းတစ်ပွဲ တစ်ပွဲကို အသပြာ တစ်ကျပ်တန်စီ ပြု၍ မထေရ်တို့အား ပေးလှူစေသည်။

အရှင်မဟာကစ္စည်း မထေရ်သည် ဆွမ်းကို ဆင်ခြင်ပြီးလျှင် သူဌေးသမီး၏ ဥပနိဿယကို မြင်တော်မူသည်။

www.dhammaransi.com


"သူဌေးသမီး၊ ယခု အဘယ် အရပ်မှာ တည်ပါသလဲ"

"အရှင်ဘုရား၊ အခန်းထဲမှာ ရှိနေပါသည် ဘုရား"

"ဒါယိကာမကြီး၊ သူဌေးသမီးကို ခေါ်လိုက်ပါ"

သူဌေးသမီးသည် ရှင်မဟာကစ္စည်း ခေါ်သဖြင့် အခန်းထဲတွင် ပုန်းအောင်းမနေဝံ့တော့ဘဲ ထွက်လာခဲ့သည်။ မထေရ်တို့ကို ဖူးမြင်ရသောအခါ ရှိသေစွာ ရှိခိုးသည်။ အားကြီးသော သဒ္ဓါတရားလည်း တဖွားဖွား ပေါ်ပေါက်လာလေသည်။

ကောင်းသော လယ်ယာမြေသဖွယ် ဖြစ်သော မြတ်သော အလှူခံပုဂ္ဂိုလ်တို့၌ ပေးလှူလိုက်ရသော ဆွမ်းကုသိုလ် အကျိုးသည် ဒိဋ္ဌဓမ္မ အကျိုးပေးတော့သည်။ ရှိခိုးလိုက်သည်နှင့် တစ်ပြိုင်နက် သူဌေးသမီး၏ ဆံပင်တို့သည် ပကတိအတိုင်းပင် ပြန်လည်ပေါ်ထွန်းလာလေသည်။

မထေရ်တို့သည် ဆွမ်းကို လက်ခံယူပြီး သူဌေးသမီးမြင်စဉ်ပင်လျှင် ကောင်းကင်သို့ ပျံတက်၍ ကဥ္စနမည်သော ဥယျာဉ်တော်သို့ သက်ဆင်းကြွတော်မူသည်။

ဥယျာဉ်စောင့်သည် အရှင်မဟာကစ္စည်း မထေရ်ကို မြင်၍ စဏ္ဍပဇ္ဇောတမင်း ထံသို့ သွားရောက်၍-

"အရှင်မင်းကြီး၊ ကျွန်ုပ်တို့၏ပုရောဟိတ်ဖြစ်သော အရှင်ကစ္စနသည် ရဟန်းပြု၍ ဥယျာဉ် ထဲသို့ ကြွလာပါသည်"

ဟု လျှောက်ထားသည်။

စဏ္ဍပဇ္ဇောတ မင်းသည် ဥယျာဉ်ထဲသို့ ချက်ချင်း သွား၍ မထေရ်တို့ကို ရှိခိုးသည်။

"အရှင်ဘုရား၊ မြတ်စွာဘုရားကား အဘယ်မှာနည်း"

"မင်းကြီး၊ ဘုရားရှင်သည် ကိုယ်တော်တိုင် မကြွလာသေးပါ၊ ငါ့ကိုသာ စေလွှတ်ပါ၏"

www.dhammaransi.com



"အရှင်ဘုရား၊ ယနေ့ ဆွမ်းကို အဘယ် အရပ်က ရခဲ့ပါသနည်း"

အရှင်မဟာကစ္စည်းမထေရ်သည် သူဌေးသမီးက ပြုခဲ့သောကိစ္စ အားလုံးကို မိန့်ကြားတော်မူသည်။

မင်းကြီးသည် မထေရ်စကားကို ကြားရသောအခါ သူဌေးသမီးကို များစွာ မြတ်နိုးတော်မူသည်။

မထေရ်များအတွက် နေရာထိုင်ခင်းများ၊ ဆွမ်းကိစ္စများပင့်ဖိတ် စီစဉ်ပြီးသော် နန်းတော်သို့ ပြန်ပြီးလျှင် သူဌေးသမီးကို မင်းခမ်းမင်းနားဖြင့် ခေါ်စေပြီး မိဖုရားမြှောက်လေသည်။

သူဌေးသမီးအား ဆွမ်းအလှူ၏အကျိုးသည် ဒိဋ္ဌဓမ္မအကျိုးပေးပြီး အခြံအရံ အကျော်အစောတို့ကို ချက်ချင်းရခဲ့လေသည်။

နောင်တွင် ထိုသူဌေးသမီး ဖြစ်သော မိဖုရားသည် သားတစ်ယောက် ဖွားမြင်ရာ "ဂေါပါလ သတို့သား" ဟု အမည်တွင်သည်။ မိဖုရားသည်လည်း သားအမည်ကို အစွဲပြု၍ "ဂေါပါလမာတာ" ဟူ အမည်တွင်ခဲ့သည်။

မိဖုရားသည် အရှင်မဟာကစ္စည်းကို အလွန်ကြည်ညိုလှသဖြင့် စဏ္ဍပဇ္ဇောတမင်းထံ ခွင့်ပန်ပြီး ကဥ္စနဥယျာဉ်၌ အရှင်မြတ်အတွက် ကျောင်းဆောက်လှူဒါန်းခဲ့လေသည်။

ကစ္စာယနထေရသုတ်

အင်္ဂုတ္တိုရ်-၃(ပ)ကေနိပါတ၊ ဧတဒဂ္ဂဝဂ္ဂ

၈၁-၁၆၀။

www.dhammaransi.com

## ဒိဋ္ဌအကျိုးပေး ပန်းတော်ဆက် လေး မောင်သုမန

ပန်းတော်ဆက်သမားလေး မောင်သုမန။

သူသည် ရာဇဂြိုဟ်ပြည်၌ နေသည်။ ဘုရင် ဗိမ္ဗိသာရကို နေ့စဉ် နံနက်တိုင်း ရှစ်ကွမ်းစားမျှလောက်သော မုလေးပန်းတို့ကို ပန်းကုံးပြုလုပ်ကာ ဘုရင်ဗိမ္ဗိသာရကို ဆက်သရသည်။ ထိုသို့ ဆက်သရသည့်အတွက် မင်းထံမှ နေ့စဉ် အသပြာ ရှစ်ပဲ ရရှိသည်။

တစ်နေ့ ပန်းတော်ဆက် မောင်သုမနသည် မင်းကြီးကို ပန်းဆက်သရန် ရာဇဂြိုဟ်မြို့တွင်းသို့ ဝင်လာခဲ့သည်။

ထိုအချိန်တွင် ဘုရားရှင်သည် သံဃာတော်အပေါင်း ခြံရံ လျက် ရောင်ခြည်တော် ခြောက်သွယ်တို့ကို ကွန့်မြူး ထွန်းပလျက် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံကြွလာသည်။

ပန်းတော်ဆက် မောင်သုမနသည် ဘုရားရှင်၏ ခြောက် သွယ်သော ရောင်ခြည်တို့ ကွန့်မြူးထွန်းပလျက် ကြွတော်မူလာသော ဘုရားရှင်ကို လမ်းတွင် ဖူးတွေ့ရသောအခါ သဒ္ဓါစိတ်များ ယို ဖိတ်လာမိသည်။

> "ငါသည် ဆရာမြတ်ဖြစ်သော ဘုရားသခင်ကိုယ်တော်မြတ် အား အဘယ်သို့သော ဝတ္ထုဖြင့် ပူဇော်ပနံ ချီးမြှင့် ကော်ရော် ပူဇော်လှူဒါန်းပါရအံ့နည်း"

ပန်းတော်ဆက် မောင်သုမနသည် ဤသို့ ကြံစည်မိပြီး ပတ်ဝန်းကျင်၌ လှူစရာ၊ ပူဇော်စရာကို လှေ့လှာ ကြည့်ရှုသည်။ မည်သည့်ပစ္စည်းမျှ မတွေ့ရချေ။

"ငါ့တွင်ပါလာသော ဤမုလေးပန်းတို့ဖြင့် ပူဇော်အံ့"

ဤသို့ ဆုံးဖြတ်ချက်ချလိုက်မိသည်။ ထိုခဏမှာပင် ပြန်လည် စဉ်းစားမိလိုက်ပြန်သည်။

www.dhammaransi.com



''ယခု ငါယူလာခဲ့သော ဤပန်းတို့သည်ကား ပြည့်ရှင်မင်းအား နေ့စဉ်မပြတ် ဆက်သသော ပန်းဖြစ်သည်၊ မင်းမြတ်သည် နေ့စဉ်ဆက်သခံရသောပန်းများ မရသည်ရှိသော် ငါ့ကို ဖမ်းမူလည်း ဖမ်းရာ၏၊ သတ်လျှင်လည်း သတ်ရာ၏၊ တိုင်းပြည်မှ နှင်ထုတ်မူလည်း နှင်ထုတ်ရာ၏၊ ငါ မည်သို့ပြုရပါအံ့နည်း''

ဤသို့ တွေးတော စဉ်းစားနေရင်းပင် ထပ်မံ၍ အတွေးအကြံ တစ်ခုက ရလာပြန်သည်။

''မင်းမြတ်သည် ငါ့ကို သတ်မူလည်း သတ်ပါစေ၊ နှောင်ဖွဲ့မူလည်း နှောင်ဖွဲ့စေ၊ တိုင်းပြည်မှ နှင်ထုတ်မူလည်း နှင်ထုတ်စေ၊ ဤပန်းတို့ကို မင်းကြီးအား ဆက်သွင်းသော်လည်း မင်းကြီးသည် ဤခန္ဓာကိုယ် အသက်မွေးမှုလောက်ရုံမျှသာ ပစ္စည်းဥစ္စာကို ပေးလေရာ၏။ မြတ်စွာဘုရားကို လှူဒါန်းပူဇော်ရပါမူ ကမ္ဘာပေါင်းများစွာ စီးပွား ချမ်းသာမှုကို ဖြစ်စေလိမ့်မည်၊ ငါသည် ငါ၏အသက်ကို စွန့်၍ လှူဒါန်းတော့မည်၊ ငါ သဒ္ဓါစိတ်ကလေး မတွန့်တိုခင် ဘုရားရှင်ကို ဤပန်း လှူတော့မည်''

ပန်းတော်ဆက် မောင်သုမနသည် ဤသို့ သဒ္ဓါကြည်လင် ဝမ်းမြောက်သောစိတ်အစဉ်ဖြင့်ပင် –

- ရှေးဦးစွာ နှစ်ဆုပ်မျှလောက်သော ပန်းတို့ကို ဘုရားရှင်၏ အထက်သို့ မြှောက်၍ ပစ်လိုက်လေသည်။
- ထိုပန်းတို့သည် ဘုရားရှင်၏အပေါ်၌ မျက်နှာကြက်ဗိတာန်ကဲ့သို့ ဖြစ်၍ တည်ကုန်၏။
- ထို့နောက် နှစ်ဆုပ်သော ပန်းတို့ကို ကြဲမြှောက်၍ ပစ်လိုက်ပြန်၏။

www.dhammaransi.com



- ထိုပန်းတို့သည် လက်ယာ နံပါး၌ ပန်းဖြင့် ဖုံးလွှမ်းလျက် အောက်သို့သက်၍ တည်၏။

- ထိုနောက် နှစ်ဆုပ်သော ပန်းတို့ကို ကြဲမြှောက်၍ ပစ်လိုက်ပြန်၏။

- ထိုပန်းတို့သည် ဘုရားရှင်၏ နောက်အဖို့ဖြင့် အောက်သို့ တွဲလဲသက်ပြီးလျှင် ရွှေနည်းအတူ တည်ကုန်၏။

- ထိုနောက် နှစ်ဆုပ်သော ပန်းတို့ကို ကြဲမြှောက်၍ ပစ်လိုက်ပြန်၏။

- ထိုပန်းတို့သည် လက်ဝဲ နံပါးဖြင့် သက်၍ ရွှေနည်းအတူ သာလျှင် တည်ကြပြန်၏။

ဤသို့သောနည်းဖြင့် ရှစ်ဆုပ်သောပန်းတို့သည် ဘုရားရှင်၏ ဦးထိပ်၊ အထက် လက်ဝဲ၊ လက်ယာ၊ အောက်အဖို့အားဖြင့် လေးမျက်နှာ အရပ်တို့၌ ဘုရားရှင်ကို ဝန်းပတ်ခြံရံ၍ လိုက်ကုန်သည်။ ဘုရားရှင်၏ ရွှေတည့်တည့်မှာမူ တံခါးသဖွယ် ယှက်သွယ်ခြင်း မရှိ လစ်လပ်၍ တည်နေသည်။

ရှိရှိသမျှသောပန်းတို့သည် အတွင်းသို့ အညှာရိုးတံကိုပြုပြီး အပြင်ဘက်သို့ ပွင့်ချပ်ထွက်လျက် ပန်းကွန်ယက်ဖြင့် ဖုံးအုပ် ဝန်းရံထားသကဲ့သို့ ရှိသည်။

မြတ်စွာဘုရားရှင်ကို ငွေပြားဝန်းရံဘိသကဲ့သို့ ရှိလေသည်။

ထိုမုလေးပန်းတို့သည် စိတ်စေတနာမရှိသော သက်မဲ့ပင်ဖြစ်သော်လည်း စိတ်စေတနာရှိသော သက်ရှိ ဘုရားရှင်ကို မှီပြီး ဘုရားရှင်နောက်သို့ ဝန်းရံပတ်၍ လိုက်နေသည်။ အောက်သို့ ကျခြင်း မရှိပေ။ ဘုရားရှင် ကြွသည်ရှိသော် လိုက်၏။ ဘုရားရှင် ရပ်သည်ရှိသော် ရပ်၏။

www.dhammaransi.com


ဘုရားရှင်၏ ရောင်ခြည်တော် ခြောက်သွယ် တို့ တလည်း ထက်ဝန်းကျင်၌ သုံးကြိမ်သုံးခါတိုင်တိုင် လက်ယာရစ် လှည့်လည်ပြီး ထန်းပင်ပျိုလုံးပမာဏရှိသော ရောင်ခြည်တော်တို့သည် ရှေ့မှ ပြေးသွားကြသည်။

ရာဇဂြိုဟ်တစ်မြို့လုံးသည် တုန်လှုပ်သွားလေသည်။ မြို့တွင်းကိုးကုဋေ၊ မြို့ပြင်ကိုးကုဋေအားဖြင့် (၁၈)ကုဋေအိမ်တို့၌ နေကြကုန်သော သူတို့သည် လှူဒါန်းဖွယ်ရာတို့ကို ယူ၍ အိမ်မှ ထွက်ကုန်ကြသည်၊ မထွက်သောသူဟူ၍ မရှိ။

လူပေါင်းများစွာတို့သည် ရဲရင့်စွာ အသံကြွေးကြော်လျက် ပုဆိုးဦးရစ်ပေါင်းတို့ကို မြှောက်ကာ မြှောက်ကာ ဘုရားရှင်ကို ပူဇော်ကြလေသည်။

ဘုရားရှင်သည် ပန်းတော်ဆက် မောင်သုမန၏ ကျေးဇူးဂုဏ် ထင်ရှားသည်ကို ပြခြင်းငှာ သုံးဂါဝုတ် ပမာဏ ရှိသော မြို့၌ စည်လှည့်လည်သောခရီးဖြင့် ကြွတော်မူသည်။

ပန်းတော်ဆက် မောင်သုမန၏ ကိုယ်သည် ငါးပါးသော အဆင်းရှိသော ပီတိဖြင့် ပြည့်နေ၏။

ပန်းတော်ဆက် မောင်သုမနသည် ဘုရားရှင်နောက် အနည်းငယ် လိုက်သည်။ ဆေးဒါန်း မြင်းသီလာ အပြင်၌ ငုပ်ဘိသကဲ့သို့ ဘုရား ရောင်ခြည်တော်အတွင်းသို့ဝင်ပြီးသော် ဘုရားရှင်ကို ချီးမွမ်းရှိခိုးသည်။

ထိုနောက် ပန်းမရှိတော့သော အချည်းနှီးသော ခြင်းတောင်းကို လက်ဆွဲကာ အိမ်သို့ ပြန်လေသည်။

"ရှင်ဘုရင်မင်းမြတ် ဆက်သဖို့ ပန်းတွေကော"

မယားက ဆီး၍ မေးသည်။

www.dhammaransi.com



"ငါ ပန်းတွေကို ဘုရားရှင်ကို လှူခဲ့ပြီ"

"ပန်းတွေ ဘယ်မှာထားခဲ့သလဲ"

မယားက ထပ်မေးပြန်သည်။

"ငါ ပန်းတွေကို ဘုရားရှင်ကို လှူခဲ့ပြီ"

"ဒါဆို ရှင် မင်းကြီးအတွက်ပန်းကို ဘယ်လိုလုပ်မလဲ"

"ချစ်နှမ မင်းကြီးကို ပန်းမဆက်လို့ သတ်လိုကသတ်၊ တိုင်းပြည်က နှင်ထုတ်က နှင်ထုတ်ပါစေ၊ ငါသည် အသက်စွန့်၍ ပန်းတို့ကို ဘုရားရှင်အား လှူခဲ့ပြီးပါပြီ၊ ငါလှူခဲ့သောပန်းသည် ရှစ်ဆုပ်မျှသာ၊ ဤအလှူသည် အံ့ဖွယ်သူရဲ ဖြစ်ခဲ့ရသည်၊ လူအခပေါင်းတို့သည် ကြွေးကြော်နေကြပါ၏၊ လူတို့သည် ဦးရစ်ပေါင်းတို့ကို မြှောက်ကာ ဘုရားထံနောက်သို့ လိုက်သွားကြသည် ချစ်နှမ၊ သင်သည် လူအပေါင်းတို့၏ ကြွေးကြော်သံကို မကြားဘူးလား၊ ငါ၏ ပန်းအလှူသည် ပြည့်စုံသော အံ့ဖွယ်သူရဲ အလှူ ဖြစ်လေသည်"

ပန်းတော်ဆက် မောင်သုမန၏ မိန်းမသည် မိုက်မဲသူ ဖြစ်သအ။ ဤသို့သော အံ့ဖွယ်သူရဲ တန်ခိုးပြာဋိဟာ ဖြစ်မှုကို ကြည်ညိုစိတ် မဖြစ်။ လင်ကို မြည်တွန်တောက်တီး ပြောဆို အပြစ်တင်သည်။

"မင်းတို့မည်သည် ရက်စက်ကြမ်းကြုတ်သော သဘောရှိသည်၊ အမှားတစ်ကြိမ် ပြုရုံမျှဖြင့် လက်ခြေ စသည်တို့ကို ဖြတ်တောက် အပြစ်ပေးတတ်သည်၊ သင်ပြုခဲ့သောအမှုသည် ငါ့အဖို့လည်း အပြစ်မကင်း အပြစ်ရောက်နိုင်သည်၊ ငါ့အကျိုးစီးပွားမဲ့ ဖြစ်နိုင်သည်၊ ဒီလိုနေလို့တော့ မဖြစ်၊ မင်းမြတ်ထံ သွားပြီး ရှင်နှင့်ကျွန်မ မဆိုင်တော့ကြောင်း သွားလျှောက်ထားမည်"

www.dhammaransi.com



မယားသည် ဤသို့ ရေရွတ်မြည်တွန်ကာ ကလေးကိုချီယူပြီး နန်းတော်သို့ သွားလေသည်။ မင်းကြီးထံ ဝင်ရောက် ခစားသည်။

"အမျိုးသမီး၊ အဘယ်အကြောင်းနည်း"

"အရှင်မင်းမြတ်၊ကျွန်တော်မ၏ခင်ပွန်း သုမနပန်းသည်သည် အရှင်မင်းမြတ်အတွက် ပေးဆက်သွင်းရာ ပန်းတို့ကို ဘုရားအား လှူခဲ့ပြီး လက်ချည်း ပြန်လာခပါသည်၊ ထိုယောကျ်ားကို ကျွန်တော်မ အကြောင်းစုံ ပြောပြီး ယခုသူ့ကိုစွန့်ပြီး အရှင်မင်းကြီးထံ လာရောက်လျှောက်ထားခြင်း ဖြစ်ပါသည်ဘုရား၊ သုမန ပန်းသည် ပြုသော အမှုသည် ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ကျွန်တော်မျိုးမနှင့် မသက်ဆိုင်ပါ၊ ကျွန်တော်မျိုးမသည် သူ့ကို စွန့်လွှတ်ထားခဲ့ပြီး ဖြစ်ပါသည်ဘုရား"

ဘုရင်ဗိမ္ဗိသာရသည် ဘုရားကို ပထမဦးစွာ ဖူးမြော်မှုရစဉ်ကပင် သောတာပတ္တိဖိုလ် ဆိုက်ရောက်နေသူ ဖြစ်သည်။ သဒ္ဓါတရားအားကြီးသော အရိယာ သာဂကတစ်ဦး ဖြစ်သည်။ မင်းကြီးသည် ထိုမိန်းမ-လျှောက်ထားသည်ကို ကြားရသောအခါ-

"သြော်-အံ့ဖွယ်ရှိမေစွတကား၊ ဤမိန်းမသည် အလွန်မိုက်မဲတွေဝေလေစွတကား၊ ဤသို့သဘောရှိသော ကျေးဇူးဂုဏ်၌သော်လည်း နှစ်သက် ကြည်ညိုခြင်းကို မဖြစ်စေနိုင်ပါတကား"

ဟု ကြံဆ ဆင်ခြင်တော်မူမိလေသည်။

ထိုနောက် မင်းကြီးသည် ပန်းတော်ဆက်သုမနအား အမျက်ထွက်သကဲ့သို့ ဟန်ဆောင်ပြီး-

"အဘယ် သင်ပန်းသည်မ၊ အဘယ်ကို အသင် လျှောက်ထားသနည်း၊ ငါ့အား ဆက်သရန် ပန်းတို့ဖြင့် သုမနသည် ဘုရားကို လှူပစ်ခဲ့သလော"

www.dhammaransi.com



ဟု ခပ်မာမာလေး မိန့်ကြားလိုက်သည်။

"ဟုတ်ပါသည် အရှင်မင်းမြတ်"

"အသင် ပန်းသည်မ၊ ဤသို့ မှန်ကန်က သူ့ကို သတ်ရန် သာ ရှိတော့သည်၊ သုမနသည် ငါ့အတွက် ပန်းတို့ကို လှူဘိ သည်၊ သုမန၏ ပြုအပ်သောအမှုကို အပြစ်ပေးအံ့"

မင်းကြီးက ဤသို့ ပရိယာယ်ဖြင့် ကြိမ်းမောင်းပြောဆိုပြီး လျှင် သုံမန မယားကို ပြန်လွှတ်လိုက်လေသည်။

ထိုနောက် လျှင်မြန်စွာပင် ဘုရားရှင်ထံသို့သွား သည်။ ဘုရား ရှင်နှင့်အတူ လှည့်လည်တော်မူသည်။ ဘုရားရှင်သည် ဗိမ္ဗိသာရမင်း ကြီး စိတ်၏ ကြည်လင်နှစ်သက်ခြင်း ဖြစ်သည်ကို သိတော်မူ၍ အစဉ် လှည့်လည်သော ခရီးလမ်းအစဉ်ဖြင့်သာ မြို့ကို လှည့်လည်ပြီးသော် မင်းနန်းတော်သို့ ကြွတော်မူလေသည်။

မင်းကြီးသည် ဘုရားရှင်၏သပိတ်တော်ကို ယူ၍ နန်းတွင်းသို့ ပင့်ဆောင်ကြွစေရန် လျှောက်သည်။ ဘုရားရှင်က မင်းရင်ပြင်၌သာ သီတင်းသုံးတော်မူလိုသော အခြင်းအရာကို ပြသည်၊ မင်းကြီးသည် ချက်ချင်းသိပြီးလျှင် မင်းရင်ပြင်၌ မဏ္ဍပ်ကို ပြုလုပ်စေသည်။

ဘုရားရှင် နန်းတော်တွင်းသို့ မကြွခြင်းမှာ ဘုရားရှင်သည် ဤသို့ အကြံဖြစ်သည်။

"အကယ်၍ ငါဘုရားသည် နန်းတွင်းသို့ဝင်၍ သီတင်း သုံးနေထိုင်ပါက လူအပေါင်းသည် ငါဘုရားကို ဖူးမြင်ခြင်း ငှာ မရလတ္တံ့၊ သုမနပန်းသည်၏ ဂုဏ်ကျေးဇူး အထူးသည် လည်း ထင်ရှားသည် မဖြစ်လတ္တံ့၊ မင်းရင်ပြင်၌ သီတင်း သုံးနေသော ငါဘုရားကို လူအများ ဖူးမြင်ခွင့် ရလတ္တံ့၊ သုမန ပန်းသည်၏ ဂုဏ်ကျေးဇူး အထူးသည်လည်း အထူး ထင်ရှားပေလတ္တံ့"

www.dhammaransi.com



ဘုရားရှင် မင်းရင်ပြင်၌ သီတင်းသုံး နေထိုင်သည် ရှိသော် မုလေးပန်း ဗိတာန်လေးခုတို့သည် အရပ်လေးမျက်နှာတို့၌ တည်ကုန်သည်၊ လူအပေါင်းသည် ဘုရားရှင်ကို ခြံရံနေကြသည်။

မင်းကြီးသည် ဘုရား အမှူး ရှိသော သံဃာတော်များကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ပြုစုလုပ်ကျွေးသည်။ ဘုရားရှင်သည် ဆွမ်းစားပြီးသော် ဆွမ်းအနုမောဒနာ ပြုတော်မူသည်။

ဆွမ်းအနုမောဒနာပြုပြီး၍ ဘုရားရှင် ကြွသွားတော်မူသောအခါ ပန်းဗိတာန်လေးခုတို့သည် ဘုရားရှင်အား ရှေးနည်းအတိုင်း ခြံရံလျက် လိုက်ပါသွားသည်။

မင်းကြီးသည် ဘုရားရှင်နောက်သို့ အတန်ကြာ လိုက်သွားပြီးနောက် ပြန်လာခဲ့သည်။ သုမန ပန်းသည်ကို ချက်ချင်း ခေါ်စေသည်။

"ငါ့ကိုဆက်သရန် ယူဆောင်လာသော မုလေးပန်းတို့ကို သင်သည် အဘယ်သို့ အောက်မေ့မှတ်ထင်နှလုံးသွင်း၍ ဘုရားရှင်ကို လှူဒါန်းပူဇော်ခဲ့ပါသနည်း"

"ဘုန်းတော်ကြီးသော အရှင် မင်းမြတ်၊ ဤပန်းကို ဘုရားရှင်အား လှူလိုက်သဖြင့် မင်းကြီးက ငါ့ကို သတ်လိုက သတ်၊ ချုပ်နှောင်မူလည်း ချုပ်နှောင်ပါစေ၊ တိုင်းပြည်မှ နှင်ထုတ်မူလည်း နှင်ထုတ်ပါစေဟု ကြံ၍ အသက်ကို စွန့်ပြီး လှူဒါန်း ပူဇော်မိပါသည် အရှင်ဘုရား"

"သုမန -- သင်သည် ယောကျ်ားမြတ် ဖြစ်ပေသည်"

မင်းကြီးသည် ဤသို့ မိန့်ကြားပြီးလျှင် ဆင် ရှစ်ကောင်၊ မြင်း ရှစ်စီး၊ ကျွန်မိန်းမ, ယောကျ်ား ရှစ်ယောက်စီ၊ အဝတ်တန်ဆာ ရှစ်ခုတို့ကို လည်းကောင်း၊ တစ်ဖန် အသပြာရှစ်ထောင်၊ မင်းမျိုးတို့မှထုတ်ဆောင်၍ အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်

www.dhammaransi.com



အပ်သော သမီးကညာ ရှစ်ယောက်၊ ကျေးလက်အခွန်ကောင်းစွာ ထွက်သော ရွာကြီး ရှစ်ရွာ--

ဤအလုံးစုံသော ရှစ်ခုရှစ်ခု အရေအတွက်အပေါင်းပေးခြင်း ဟူသော "အဋ္ဌကဒါန" ကို ပေးသနား ချီးမြှင့်လေသည်။

သုမန ပန်းသည် လှူလိုက်သော မုလေးပန်းတို့သည် ဘုရားရှင်၏ ဂန္ဓကုဋီတိုက် တံခါးမုခ်၌ ကျရစ် ကျန်ရစ်ခဲ့သည်။

"ယနေ့ နံနက်မှ စ၍ ရဲရင့်သော ကြွေးကြော်ခြင်း တစ်ထောင်တို့သည် လည်းကောင်း၊ ပုဆိုးဦးရစ် မြှောက်တင်ခြင်း တစ်ထောင်တို့သည် လည်းကောင်း ဖြစ်ကုန်၏။ သုမန ပန်းသည်၏ ခံစားအပ်သော အကျိုးအာနိသင်ကား အဘယ်သို့ ဖြစ်လတ္တံ့နည်း"

ရှင်အာနန္ဒာ မထေရ်မြတ်ကြီးသည် ဤသို့ သင်ခြင်မိသည်။ ထို့နောက် ဘုရားရှင်ထံသို့သွားပြီး အကြောင်းစုံကို လျှောက်ထားလေသည်။

"ချစ်သား အာနန္ဒာ၊ ဤသုမနပန်းသည်သည် အနည်းငယ်မျှသော ကောင်းမှုကုသိုလ်ကံကို စီမံပြုစု လှူဒါန်းအပ်သည်ဟု သင် မထင်မှတ်လေနှင့်၊ ဤသူသည် အသက်စွန့်၍ ငါဘုရားကို လှူခဲ့ခြင်း ဖြစ်သည်။ သုမနသည် ငါဘုရား၏ စိတ်ကို ကြည်ညိုစေ၍ လှူဒါန်း ပူဇော်ရသော ကောင်းမှုကြောင့် ကမ္ဘာတစ်သိန်းတိုင်တိုင် အပါယ်သို့ မကျရောက်ရ၊ လူ့ပြည်၊ နတ်ပြည်၌သာ ဖြစ်လိမ့်မည်၊ နောက်ဆုံးဘဝတွင် သုမနမည်သော ပစ္စေကဗုဒ္ဓါ ဖြစ်လိမ့်မည်"

ဟု ဘုရားရှင်က ဗျာဒိတ်စကား မိန့်ကြားခဲ့သည်။

သုမန ပန်းသည်၏ ပန်းအလှူနှင့် ပတ်သက်၍ ရဟန်းတို့ လောကဝယ် အံ့သြဘနန်းဖြစ်ပြီး သုမနပန်းသည်၏ အသက်စွန့်လှူမှုကို ဆွေးနွေး ပြောဆိုကြလေသည်။

www.dhammaransi.com



ထိုဆွေးနွေးပွဲသဘင်သို့ ဘုရားရှင်သည် ကြွလာတော်မူပြီးလျှင် ဆွေးနွေးပွဲ စကားအစဉ်ကို မေးတော်မူသည်။

"အကြင်သို့သောအမှုအား ပြုအပ်သည်၏အဖြစ်ကြောင့် နောင်တတစ်ဖန် ပူပန်ကြည်ကွဲ ဆင်းရဲခြင်းမဖြစ်၊ အောက်မေ့တိုင်း အောက်မေ့တိုင်းသော ခဏ၌ နှစ်သက် ဝမ်းသာခြင်းသာလျှင် ဖြစ်၏။ ဤသို့ သဘောရှိသောအမှုကို ပြုအပ်သည်သာလျှင်တည်း"

ဟု ဘုရားရှင်က မိန့်ကြားဆိုးမလေသည်။

(ဓမ္မပဒ-ဗာလဝဂ္ဂ–သုမနပန်းသည်ဝတ္ထု)

## သမီးကိုစွန့်၍ လှူရသော ဆွမ်းတစ်နပ်

သီဟိုဠ်နိုင်ငံ မဟာဂါမရွာ၌ ဆင်းရဲသား တစ်ဦးရှိသည်၊ သူသည် ထင်းရောင်းသောအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြု၍ သားမယားတို့ကို ရှာဖွေလုပ်ကိုင် ကျွေးနေလေသည်။

ယူကို ထင်းရှာဖွေ ရောင်းချစားသူဖြစ်၍ အရပ်က "ဒါရုဘဏ္ဍက မဟာတိဿ"ဟူ၍ ခေါ်ကြလေသည်။

ထိုဆင်းရဲသားသည် တစ်နေ့တွင် မယားကို....

"ရှင်မရေ.... ငါတို့ အသက်ရှင်နေရပုံသည် အကျိုးမရှိသလို ဖြစ်နေရသည်၊ ဘုရားရှင်က သူဆင်းရဲ အလှူ၏ အကျိုးကြီးပုံကို ဟောကြား ထားခဲ့သည်၊ ငါတို့မှာလဲ မပြတ်မလပ်လှူရန် မတတ်နိုင်ပေ၊ ဒီလိုလုပ်ကြစို့၊ ငါတို့ လဆန်းပက္ခ၊ လဆုတ်ပက္ခ၊ နှစ်ပက္ခလောက်သော ဆွမ်းကို

www.dhammaransi.com



ပေးလှူကြစို့၊ ပြီးတော့ စာရေးတံဆွမ်းကိုလည်းနှံပေးလှူကြရအောင်''

ဟု တိုင်ပင်လေသည်။

''ကောင်းပါတယ်အရှင်၊ ကျွန်မ စီစဉ်ပြီး လှူပါမည်''

မယားက ဝန်ခံပြီး နောက်တစ်နေ့တွင် ရသမျှသော ဆန်ကွဲဖြင့် ပက္ခဆွမ်းကို စီမံချက်ကာ လှူဒါန်းလေသည်။

ထိုအချိန်တွင် သီဟိုဠ်တွင် ရဟန်းတော်များအဖို့ ပစ္စည်းလေးပါးနှင့်ပတ်သက်၍ ရှားပါးခြင်း ဘေးရန်ကင်းသော အချိန်ဖြစ်ပြီး၊ ရဟန်းတော်များအတွက် ကိုလုံပြည့်ဝ ပေါများနေသည်။ သာမကောငယ်များပင် မွန်မြတ်သော ဘောဇဉ်ကို သုံးဆောင်နေကြရသည့် အချိန်ကာလဖြစ်သည်။

သို့အတွက် သူဆင်းရဲလင်မယားတို့လှူသော ဆွမ်းကို ရဟန်းတို့သည် ခံရုံသာ ခံယူပြီး....

''ဤ ဘောဇဉ်သည် ယုတ်ကြမ်းသော အစာအဟာရတည်း''

ဟုဆိုကာ အလှူရှင်၏ မျက်ကွယ်အရောက်တွင် ချက်ချင်းစွန့်ပစ်ကြသည်။ ထိုအခြင်းအရာကို မြင်တွေ့ရသော ဆင်းရဲသား မယားသည် ယောကျ်ားကို....

''အရှင်....ကျွန်မတို့ဆွမ်းကို ရဟန်းတို့သည် စွန့်ပစ်သွားကြပါသည်''

ဟု ပြောပြလေသည်။

မဟာတိဿသည် ထိုသို့ပြောဆိုသော်လည်း စိတ်နှလုံးမသာမယာမဖြစ်ပေ။ မိမိမယားကို....

www.dhammaransi.com



"ရှင်မ....ငါတို့တစ်တွေ ဆင်းရဲလှသည့်အတွက် အရှင်မြတ်များအား ချမ်းချမ်းသာသာ သုံးဆောင်စေရန် အစားကောင်း အသောက်ကောင်းတို့ကို မတတ်နိုင်ကြခြင်း ဖြစ်သည်၊ အဘယ်ကဲ့သို့ပြုလုပ်၍ အရှင်မြတ်များ၏ စိတ်နှလုံးကို ဆွဲဆောင်ရန် တတ်နိုင်ပါမည်နည်း"

ဟု ပြောပြသည်။

"ချစ်လင်....ဘယ်လိုပြောလိုက်တာလဲ၊ သားသမီးတန်းလန်းရှိသော ဆင်းရဲသူများဟူ၍ ရှိကြရပေသေးသည်၊ ဤသမီးကား မောင့်သမီးတည်း၊ ဤသမီးကို အမျိုးတစ်ဦးအိမ်၌ တစ်ဆယ့်နှစ် အသပြာဖြင့်ထားပါ၊ ထိုငွေဖြင့် နို့စားနွားမတစ်ကောင် ဝယ်ယူပါ၊ အရှင်မြတ်ကို စာရေးတံနို့ဆွမ်းကို ပေးလှူကြရင်း၊ အရှင်မြတ်တို့၏ စိတ်နှလုံးကို ဆွဲဆောင်ခြင်းငှာ တတ်နိုင်ပေလိမ့်မည်"

"ရှင်မ....ရှင်မအကြံ ကောင်းပါသည်၊ ထိုကဲ့သို့ပင် စီမံသင့်ပါသည်"

ဒါရုဘဏ္ဍကမဟာတိဿသည် မယားအကြံပေးသည့်အတိုင်း သမီးငယ်ကို သူကြွယ်တစ်ဦး အိမ်တွင် ပေါင်နှံကာ ရလာသော အသပြာဖြင့် နို့စားနွားမတစ်ကောင် ဝယ်ထားလိုက်လေသည်။

ထိုလင်မယားတို့၏ စေတနာ သဒ္ဓါဇောကံ ဘုန်းတန်ခိုးကြောင့် နို့စားနွားမထံမှ ညနေချမ်း၌ ချင်အိုးသုံးလုံးပြည့်၊ နံနက်ပိုင်း၌ ချင်အိုးသုံးလုံးပြည့် နို့တို့ကို ရရှိလေသည်။

မဟာတိဿသည် နို့တို့ကို ထောပတ်ပြုလုပ်ပြီး ထောပတ်နို့ဆွမ်းကို ချက်ကာ သံဃာအား ပေးလှူလေသည်။ ထိုအချိန်မှစ၍ မဟာတိဿအိမ်သို့ စာရေးတံ ဆွမ်းအလှူသည် တည်မြဲ နေလေသည်။

www.dhammaransi.com



တစ်နေ့တွင် မဟာတိဿသည် သူတစ်ထူးအိမ်၌ ထားရသော သမီးလေးအတွက် စိတ်မကောင်းဖြစ်ကာ မယားကို....

"ငါ့သမီးလေးသည် သူတစ်ပါးအိမ်၌ ပေါင်နှံထားရသည့်အတွက် ရှက်ဖွယ်ဖြစ်ပါသည်၊ ငါတို့အိမ်၌လည်း ဆွမ်းအလှူကို အရှင်မြတ်များအား သုံးဆောင်ရန် စီမံဆောင်ရွက်နိုင်ပေပြီ၊ ယခု ငါသည် တစ်နေရာမှာ အခစား အလုပ်တစ်ခုကို သွားလုပ်ပါမည်၊ ရလာသောငွေဖြင့် သမီးကို ပြန်ရွေးပါမည်၊ သင်သည် ငါပြန်မလာမချင်း အရှင်မြတ်တို့ကို ဤဆွမ်းအလှူ ဝတ်မပြတ်ပါစေနှင့်၊ သင်မမေ့မလျော့ စီမံဆောင်ရွက်ပေးပါလေ"

ဟု မှာကြားသည်။

မဟာတိဿသည် မယားကို ဤသို့မှာပြီးလျှင် အရပ်တစ်ပါးသို့သွားကာ အလုပ်ရှာလုပ်သည်။ တစ်နေရာတွင် ကြံကြိတ်စက်လှည့်သောအလုပ်ကို ရသဖြင့် ထိုအလုပ်ကို ဝင်လုပ်လေသည်။

အလုပ် လုပ်၍ ခြောက်လကြာသော် (၁၂)သပြာကို ရလေသည်။

"ဤတစ်ဆယ့်နှစ်သပြာဖြင့် ငါ့သမီးကို ရွေးလောက်ပြီ၊ ငါအိမ်ပြန်တော့မည်"

မဟာတိဿသည် ဤသို့စဉ်းစားဆုံးဖြတ်ပြီး အသပြာ(၁၂)ပြားတို့ကို ပုဆိုးစွန်၌ထုပ်ကာ အိမ်သို့ပြန်ရန် စီမံလေသည်။

ထိုအချိန်တွင် အမ္ဗရိယကျောင်း မဟာဝိဟာရတိုက်တော်ကြီး၌ သီတင်းသုံး နေထိုင်သော ပိဏ္ဍပါတိကတိဿမထေရ်သည်....

"တိဿမည်သောကျောင်းကြီးသို့ သွားရောက်ကာ စေတီတော်ကို ရှိခိုးအံ့"

ဟု နှလုံးပိုက်ကာ မိမိသီတင်းသုံးရာဌာနမှ မဟာဂါမသို့ ကြွတော်

www.dhammaransi.com



မူလေသည်။ မထေရ်မြတ်ဆည် မဟာတိဿ ဆင်းရဲသားသွားသော ခရီးလမ်းအတိုင်းသာ ကြွတော်မူလေသည်။

ဆင်းရဲသား မဟာတိဿသည် ပိဏ္ဍပါတိကတိဿမထေရ်ကို အဝေးကပင် ဖူးမြင်ရသည်။

"ငါသည် မထေရ်နောက် မိအောင်လိုက်ပြီး မထေရ်နှင့် တရားဆွေးနွေးရင်း သွားမည်၊ သီလရှိသော ပုဂ္ဂိုလ်တို့နှင့် ဆုံတွေ့ရဖို့ဆိုတာ မလွယ်ဘူး"

ဤသို့စဉ်းစားပြီး မထေရ်နောက်သို့ အပြေးအမှီလိုက်လေသည်။ မဟာတိဿ ဆင်းရဲသား မထေရ်နားအရောက်တွင် မထေရ်ကို ရှိခိုးသည်၊ နေကိုကြည့်သော် ဆွမ်းစားချိန် ရောက်နေသည်ကို တွေ့ရသည်။

"အင်း....ဆွမ်းချိန်ကလဲ နီးနေပြီ၊ ငါသွားလဲ ကပ်လှူစရာ တစ်ခုမျှမပါ၊ ငါ့လက်ထဲ၌ အသပြာတော့ရှိပါ၏၊ ရွာတံခါးနားရောက်မှပဲ အသပြာပေးဝယ်ပြီး ဆွမ်းကပ်မည်"

ဤသို့ စိတ်ကူးမိပြီး မထေရ်နောက်က လိုက်လာခဲ့သည်။ ထိုခဏမှာပင် ပုဂ္ဂိုလ်တစ်ဦးသည် ထမင်းထုပ်ကို ကိုင်လျက် ထိုအရပ်သို့ ရောက်လာသည်။

မဟာတိဿသည် ထိုသူကိုမြင်၍ ပိဏ္ဍပါတိကမထေရ်ကို သစ်တစ်ပင်ရင်း၌ ခေတ္တခဏ သီတင်းသုံးနေထိုင်ခိုင်းပြီး ထိုထမင်းထုပ်ပိုင်ရှင်နောက်သို့ လိုက်လေသည်။

"အချင်း... ခဏစောင့်ပါဦး၊ ခဏစောင့်ပါဦး"
ဟု အော်ဟစ်ပြောကာ ထမင်းထုပ်ပါ ခရီးသွားယောကျ်ားကို ခဏရပ်စေသည်။ အနားသို့ရောက်သော်....

www.dhammaransi.com



''အဆွေ....သင့်အား အသပြာပေးပါမည်၊ ဤထမင်းထုပ်ကို ငါ့ပေးပါ''

ဟု တောင်းပန်ဝယ်သည်။

''ဤထမင်းသည် ဤအခါ၌ ဥစ္စာဝ:စ်ပဲ့လည်း မတန်၊ ဤသူကား တစ်ကြိမ်တည်းတည်းနှင့်ပင် တစ်သပြာ ပေးနေသည်၊ ဤနေရာ၌ အကြောင်းရှိပေလိမ့်မည်''

ဟု ထမင်းထုပ်ပိုင်ရှင်က စဉ်းစားမိလေသည်။

''ငါထမင်းထုပ်ကို တစ်သပြာဖြင့် မပေးနိုင်ပါ''

''ဒါဆို နှစ်သပြာယူပါ''

''မရောင်းနိုင်ပါ''

''သုံးသပြာယူဗျာ''

''မရောင်းနိုင်ပါ''

မဟာတိဿက အဆင့်ဆင့်တိုးပေးရာ (၁၂) ပြာကုန်သွားသည်။

''ဤသူ၌ အခြားဥစ္စာများရှိလိမ့်ဦးမည်''

ထမင်းထုပ်ပိုင်ရှင်က ဤသို့စဉ်းစားပြီး မရောင်းနိုင်ဟုဆိုကာ ဆက်လက်တင်းထားသည်။

''အဆွေ ငါ့မှာအခြားအသပြာရှိသေးလျှင် ပေးဦးမည်ပင်ဖြစ်ပါသည်၊ ငါသည် ငါ့အတွက် သင့်ထမင်းထုပ်ကို ဝယ်ယူသည်မဟုတ်ပါ၊ သစ်တစ်ပင်ရင်း၌ အရှင်မြတ်တစ်ပါးကိုသိတင်းသုံးနေထိုင်စေပါသည်၊ ထိုအရှင်အတွက် ဆွမ်းချိန်ကလည်း နီးကပ်နေပါသည်။ ဤနေရာ၌ အခြားဝယ်

www.dhammaransi.com



ယပ်စရာလဲမရှိပါ၊ ထိုအရှင်အတွက်ဝယ်ယူခြင်းဖြစ်ပါသည်၊ သင့်အတွက်လည်း ကုသိုလ်ဖြစ်ပါလိမ့်မည်၊ ဤထမင်းထုပ်ကို ငါ့အားပေးပါ''

ဟု ခဝယတောင်းပန် ပြောဆိုလေသည်။

''အချင်း....ထိုသို့ဆိုက ယူပါ၊ ပါလာသော အသပြာ (၁၂)ပြာသာ ပေးပါတော့''

ထိုသူသည် မဟာတိဿကို ထမင်းထုပ်ပေးကာ အသပြာကို ယူပြီး ဆက်လက်ထွက်ခွာသွားလေသည်။

မဟာတိဿသည် ဆွမ်းထုပ်ကို အားရဝမ်းသာဝမ်းမြောက်စွာ ယူဆောင်လာပြီးနောက် လက်များကို စင်ကြယ်စွာဆေးကြောပြီးလျှင် မထေရ်မြတ်ထံသို့ ချဉ်းကပ်သည်။

''သပိတ်တော်ကို ထုတ်တော်မူပါဘုရား''

မထေရ်မြတ်က သပိတ်တော်ကိုထုတ်ပေးပြီး ဆွမ်းတစ်ဝက်ကိုသာ အလှူခံတော်မူလေ့သည်။ ကျန်တစ်ဝက်အလှူတွင် လက်တော်ဖြင့်ပိတ်သည်။

''အရှင်ဘုရား ဤထမင်းသည် တစ်ယောက်စာအတွက်သာရှိပါသည်ဘုရား၊ တပည့်တော်အား တစ်ယောက်စာ ဆွမ်းကို နှစ်ယောက်စာအတွက် ခွဲဝေမျှပါနဲ့ ဘုရား၊ တပည့်တော်သည် ဤဆွမ်းကို အရှင်ဘုရားအတွက်သာရည်စူးပြီး တပည့်တော်ရှာခဲ့ခြင်း ဖြစ်ပါသည်ဘုရား။ ချန်ထားသောဆွမ်းတစ်ဝက်ကို တပည့်တော်အား သနားသဖြင့်ခံယူတော်မူပါဘုရား''

ထိုအခါကျမှ မထေရ်သည် ဆွမ်းအားလုံးကိုလက်ခံပြီး သုံးဆောင်တော်မူလေသည်။

www.dhammaransi.com



မဟာတိဿသည် ကရိုဏ်းရေစစ်ဖြင့် သောက်ရေကိုစစ်ပြီးနောက် ကပ်လေသည်။

မထေရ်ဆွမ်းဘုဉ်းပေးပြီးသော် မဟာတိဿနှင့် ပိဏ္ဍပါတိက မထေရ်တို့သည် အတူတူခရီးဆက်ခဲ့ကြသည်။

"ဒါယကာ... အဘယ်အကြောင်းကြောင့် ထမင်းမစား ပါသနည်း"

မထေရ်မြတ်က မေးသည်။

မဟာတိဿသည် ထိုအခါတွင် မိမိဘဝ အကြောင်းစုံကို အလုံးစုံပြောပြ လျှောက်ထားလေသည်။

ပိဏ္ဍပါတိကမထေရ် မဟာတိဿဘဝဖြစ်စဉ်ကို ကြားရသော် ထိတ်လန့်တော်မူလေသည်။

"ငါသည် ဥပါသကာ၏ ခက်ခက်ခဲခဲပြုခဲ့ပြီးသောဆွမ်းကို သုံးဆောင်မိခဲ့လေပြီ၊ ငါသည် ထိုဒါယကာ၏ကျေးဇူးကို သိသူဖြစ်သင့်ပေသည်"

မထေရ်မြတ်သည် ဤသို့ စဉ်းစားမိပြီးနောက် သင့်တင့်လျှောက်ပတ်သောကျောင်းကိုရလတ်သော် ထိုကျောင်း၌ပင် အရေ၊ အသား၊ အသွေး ခန်းခြောက်ကုန်သော်လည်း ထိုင်ရင်းပင် "အရဟတ္တဖိုလ်သို့ မရောက်ဘဲ ငါမထပြီ" ဟုကြံစည်ကာ တရားအားထုတ်လေသည်။

ဤသို့ဖြင့် အဖန်တလဲလဲ ဝိပဿနာ ရှုကြည့်ပွားများသော် ခုနစ်ရက်မြောက်သောနေ့ အရုဏ်တက်အချိန်တွင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်တော်မူလေသည်။

"ငါ၏ကိုယ်သည် အလွန်ပင်ပန်း၏၊ ငါ၏အသက်သည် ကြာရှည်စွာတည်လိမ့်မည်လော၊ မတည်လိမ့်မည်လော"

www.dhammaransi.com



မထေရ်သည် မိမိကိုယ်ကို ဆင်ခြင်ကြည့်သည်၊ ကြာရှည်စွာ တည်မည်မဟုတ်သည်ကို သိတော်မူသည်။ သို့အတွက် ကျောင်း အိပ်ရာနေရာတို့ကို သိမ်းဆည်းသိုမှီးပြီးလျှင် သပိတ်သင်္ကန်းကို ယူ တော်မူပြီးနောက် ကျောင်း၏အလယ်သို့ကြွကာ စည်ကိုတီးခတ်ကာ ရဟန်းအပေါင်းကို စည်းဝေးစေသည်။

"အဘယ်ရဟန်းသည် သံဃာတော်ကို အစည်းအဝေး ပြု၍အပ်သနည်း"

သံဃာအကြီးအကဲ မထေရ်မြတ်က မေးသည်။

"အရှင်ဘုရား တပည့်တော်သည် သံဃာ အစည်းအဝေး ကို ဖြစ်စေအပ်ပါသည် ဘုရား"

"အရှင်ဘုရား အဘယ်အကျိုးငှာ သံဃာအစည်းအဝေး ကို ဖြစ်စေအပ်ပါသနည်း"

"အရှင်မြတ်ဘုရား၊ အခြားကိစ္စ မရှိပါ၊ စင်စစ်သော်ကား မဂ်အရာ၌ဖြစ်စေ၊ ဖိုလ်အရာ၌ဖြစ်စေ ယုံမှားသံသယ ရှိသော ရဟန်းတော်များ တပည့်တော်ကို မေးမြန်းကြစေ လိုပါသည် ဘုရား"

"အရှင်ဘုရား သင့်လောက်မျှသာဖြစ်ကုန်သော ရဟန်း များက ထင်ရှားမရှိသောဂုဏ်ကို မပြောဆိုကြကုန်၊ ထိုမဂ် ဖိုလ်အရာ၌ ငါတို့အား ယုံမှားမှုမရှိ၊ သင့်အား ထိတ်လန့် ခြင်း၏ အကြောင်းသည် ဖြစ်ပါသလော၊ အဘယ်ကို အကြောင်းပြု၍ သင့်အရဟတ္တဖိုလ်ကို ဖြစ်စေအပ်ပါသနည်း'

"အရှင်ဘုရား၊ ဤမဟာဂါမ၌ ဝလ္လိယမည်သော ခရီး၌ ဒါရုဘဏ္ဍက မဟာတိဿအမည်ရှိသော ဥပါသကာ တစ်ဦးသည် မိမိ၏သမီးကို အပြင်အပ၌ ပေါင်နှံထားပြီး လျှင် တစ်ဆယ့်နှစ် အသပြာတို့ကိုယူငင်ပြီးနောက် ထို တစ်

www.dhammaransi.com



ဆယ့်နှစ် အသပြာတို့ဖြင့် နို့စားနွားမတစ်ကောင်ကို ဝယ်ယူပြီးလျှင် သံဃာတော်အား စာရေးတံနို့ဆွမ်းကို ဖြစ်စေခဲ့ပါ၏ဘုရား။ ထိုဆင်းရဲသား ယောကျ်ားသည် သမီးကို သူတစ်ပါးကျွန်အဖြစ်မှ လွတ်မြောက်စေအံ့ဟု နှလုံးပိုက်ပြီးလျှင် ခြောက်လပတ်လုံး ကြံညှစ်ယန္တရားတင်းကုပ်၌ အခစားပြုလုပ်ခဲ့ပါသည် ဘုရား၊ တစ်ဆယ့်နှစ်အသပြာရသောအခါ၌ မိမိအိမ်သို့ပြန်သောလမ်းခရီး၌ တပည့်တော်ကို တွေ့မြင်သဖြင့် ဆွမ်းခံလှည့်လည်သောအချိန်၌ ထိုအသပြာအားလုံးကိုပေး၍ ထမင်းထုပ်ကိုဝယ်ယူပြီးနောက် ဆွမ်းအားလုံးကို တပည့်တော်အား ပေးလှူခဲ့ပါသည် ဘုရား။ အရှင်ဘုရားတို့ တပည့်တော်သည် ထိုဆွမ်းကို သုံးဆောင်ပြီးနောက် ဉာတိဿမည်သော ကျောင်းတိုက်ကြီးသို့ လာရောက်ပြီးလျှင် လျောက်ပတ်သောကျောင်းကိုရှာ၍ ဆွမ်းပူဇော်တုံ့ပူဇော်မှုကို ပြုအံ့ဟု နှလုံးပိုက်ကာ မဂ်ဖိုလ်တရားထူးကို ဖြစ်စေခဲ့ပါသည် ဘုရား"

ထိုအခါ အစည်းအဝေးသို့ ရောက်လာကြသော ပရိသတ်တို့သည် မထေရ်အား ကောင်းချီးသြဘာပေး၍ ... ုအနုမောဒနာပြုကြသည်။

"ငါပရိနိဗ္ဗာန် ပြုသောအခါ ငါ၏ အထွဋ်တပ်သော ပြာသာဒ်သည် ဒါရုဘဏ္ဍကမဟာ ... တိဿအမည်ရှိသော ဒါယကာလက်သို့ ရောက်သည့် အခါမှသာလျှင် လှုပ်ရှားပါစေသတည်း"

ပိဏ္ဍပါတိကတိဿမထေရ်သည် ဤသို့ အဓိဋ္ဌာန်ပြုပြီးလျှင် အနုပါဒိသေသနိဗ္ဗာန်ဓာတ်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူလေသည်။

ထိုအခါ သီဟိုဠ်ဘုရင် ကာကဝဏ္ဏတိဿမည်သောမင်းသည် တိဿကျောင်းတိုက်၌ ရဟန္တာမထေရ်မြတ်တစ်ပါး ပရိနိဗ္ဗာန်ပြု

www.dhammaransi.com



သည်ဟု ကြား၍ ကျောင်းတော်သို့ အခြွေအရံတို့နှင့် လာရောက်ပြီးလျှင် ရှိခိုးခြင်း၊ အရိုအသေပြုခြင်းအမှုကို ပြုလေသည်။

ထို့နောက် ရဟန္တာအတွက် အထွဋ်တပ်သော ပြာသာဒ်ကို စီရင်၍ မထေရ်အလောင်းကို ထိုပြာသာဒ်ထက်၌ တင်ပြီးလျှင် မီးသင်္ဂြိုဟ်ရန် ချိမ့်သောအခါ မချီရ၊ လှုပ်မရ ရှိလေသည်။

ထိုအခါ မင်းကြီးသည် သံဃာတော်များထံ ချဉ်းကပ်၍....

"အရှင်ဘုရားတို့....မထေရ်မိန့်ဆိုအပ်သော စကားတစ်စုံတစ်ရာ ရှိပါသလော"

ဟု လျှောက်ထားလေသည်။

ထိုအခါ သံဃာတော်တို့က မထေရ်မိန့်ကြားသောစကားကို ပြန်ကြားလေသည်။ ထိုအခါ မင်းကြီးသည် ဒါရုဘဏ္ဍကတိဿဉပါသကာကို ခေါ်၍....

"သင်သည် ယနေ့မှ ခုနစ်ရက်မကျော်သောအခါကာလက ခရီးသွားရဟန်းတော် တစ်ပါးအား ထမင်းထုပ် လှူခဲ့ပါသလော"

ဟု မေးသည်။

"အရှင်မင်းကြီး....လှူခဲ့ဖူးပါသည်"

"သင်သည် အဘယ်သို့သော အမှတ်သညာဖြင့် လှူခဲ့ပါသနည်း"

ထိုအခါ ဒါရုဘဏ္ဍကမဟာတိဿက ဆွမ်းလှူပုံအကြောင်းခြင်းရာအလုံးစုံကို လျှောက်ထားလေသည်။

"ဒါဆိုသင်သည် မထေရ်မြတ်၏ ပြာသာဒ်ချိန်ရှိရာအရပ်သို့ သွားပါလေ၊ ထိုမထေရ်မြတ်ကို သိအောင်ပြုလေ၊ သင်

www.dhammaransi.com



ဆွမ်းလှူသော မထေရ်လော၊ အခြားတစ်ပါး ဖြစ်လေ
သလော"

ဟု မိန့်ဆိုကာ လွှတ်လိုက်သည်။

ဒါရုဘဏ္ဍကမဟာတိဿသည် မထေရ်ထံသို့သွားကာ တင်းကိမ်
ကိုမြှောက်ကာ မထေရ်၏မျက်နှာကို ဖူးမြင်သည်။ မိမိဆွမ်းလှူခဲ့သော
မထေရ်ဖြစ်မှန်းကို သိလျှင် ရင်ဘကိုလက်ဖြင့်ဖိမလျက် မင်းထံသို့ ပြန်
သွားသည်။

"အရှင်မင်းကြီး....ကျွန်တော်မျိုး၏ အရှင်မြတ် ဖြစ်ပါ
သည်--ဘုရား"

ဟု လျှောက်ထားသည်။

မင်းကြီးသည် ဒါရုဘဏ္ဍကမဟာတိဿ ဆင်းရဲသားကို
မြတ်သောတန်ဆာကို ပေးပြီး....

"နောင်တော် မဟာတိဿ ထိုတန်ဆာမြတ်ကို ဝတ်ဆင်
၍လာခဲ့ပါ၊ ငါ၏ အရှင်မြတ်ပါပဲဟုဆိုကာ ပြာသာဒ်ချွန်ကို
ချီမှုပါ"

ဟု မိန့်ကြားသည်။

"အရှင်မင်းကြီး....ကောင်းပါပြီ"

ဒါရုဘဏ္ဍကမဟာတိဿသည် မင်းပေးသော မြတ်သော
တန်ဆာကို ဝတ်ဆင်ပြီးနောက် မထေရ်မြတ်ထံသို့ သွားကာ ခြေ
တော်တို့ကို ရှိခိုးပြီးလျှင် လက်နှစ်ဘက်တို့ဖြင့် ချီမြှောက်၍ မိမိ
ဦးခေါင်းထိပ်ထက်၌ ထားလေသည်။

ထိုခဏမှာပင် ပြာသာဒ်တော်သည်ကောင်းကင်သို့ပျံတက်ပြီး
လျှင် ထင်းပုံပေါ်၌ တည်လေသည်။ ထင်းပုံလေးဘက်မှ အစွန်းတို့မှ

www.dhammaransi.com



မီးလျှံများလည်း အလိုလိုထပြီး မထေရ်၏အလောင်း တောဇော့တော် လောင်လေသည်။

ထိုအခါ မင်းနှင့်တကွ ပရိသတ်လေးပါးတို့သည် ဒါရုဘာဏ္ဍကမဟာတိဿကို ကောင်းချီး ဩဘာပေး၍ ရွှေငွေရတနာတို့ဖြင့် ပူဇော်ကြသည်။ မင်းမြတ်ကား ဒါရုဘာဏ္ဍကမဟာတိဿကို အဖိုးအခွန်များစွာထွက်သော ရွာတို့ဖြင့် ချီးမြှောက် ပေးသနားလေသည်။ သမီးကိုလည်း ကျွန်အဖြစ်မှ လွတ်စေသည်။

ဤသို့ဖြင့် ဆွမ်းတစ်နပ်ကို စွန့်လွှတ်၍ လှူရသော စေတနာသဒ္ဒါတရားအကျိုးသည် ဒိဋ္ဌဓမ္မပင် နှပ်ဦးနှစ်ဖက် အကျိုးဆက်ရကာ ချမ်းသာသုခ ပြည့်ဝကြလေသည်။

www.dhammaransi.com

# အခန်း (၅)

## ဒုတိယဘဝ လက်ငင်းအကျိုးရသူများ

### (ရှင်မောဂ္ဂလာန်ကို လှူလိုက်ရသော မုန့်ထွမ်း)

ရာဇဂြိုဟ်ပြည်တွင် အရှင်မောဂ္ဂလာန်၏ အလုပ်အကျွေးဖြစ်သော အိမ်တစ်အိမ်၌ စွန့်ကြဲပေးကမ်း လှူဒါန်းမှု၌ မွေ့လျော်သော အမျိုးသမီးငယ်တစ်ဦးရှိသည်။

ထိုအမျိုးသမီးငယ်သည် နံနက်စာ ထမင်းပေးမိ မိမိအတွက်ရသော အစားအစာကို တစ်ဝက်ခွဲပြီး တစ်ဝက်ကိုအမြဲလှူလေ့ရှိသည်၊ မလှူဒါန်း မပေးကမ်းဘဲ မည်သည့်အခါမျှ မစားပေ။

မြတ်သော အလှူခံပုဂ္ဂိုလ်တို့ကို မတွေ့မြင်ရသော်လည်း ချန်ထားလေ့ရှိပြီး တွေ့မြင်သောအချိန်ကျမှ လှူဒါန်းလေ့ရှိသည်၊ ပုန်းတောင်းယာစကာတို့ကိုလည်း မပြတ်ပေးကမ်း လှူဒါန်းလေ့ရှိသည်။

"ငါတို့၏သမီးငယ်သည် လှူဒါန်းပေးကမ်းသောအမှု၌ နှစ်သက်ပျော်မွေ့၏"

သူငယ်မ၏မိခင်သည် သမီးအတွက် နှစ်သက်ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ သူမအတွက် စားစရာတစ်ခုကို နှစ်ဆများပေးလေရာ သူငယ်မသည် ပေးသမျှကိုအမြဲ တစ်ဝက်ခွဲ၍ ပေးကမ်းသည်သာတည်း။

www.dhammaransi.com



ထိုအမျိုးသမီးငယ် အရွယ်ရောက်သည်ရှိသော် မိဘတို့သည် ရာဇဂြိုဟ်ပြည်ရှိ အမျိုးသားတစ်ဦးနှင့် လက်ထပ်ထိမ်းမြားပေးလေသည်။

ထိုအမျိုးသား၏ မိဘတို့သည် ရတနာသုံးပါး၌မယုံကြည်၊ ကံ ကံ၏အကျိုးကို မယုံကြည်ကြ၊ အလှူဒါန ပေးကမ်းမှု၌လည်း ဝါသနာမထုံကြချေ။

တစ်နေ့ အရှင်မောဂ္ဂလာန်မထေရ်မြတ်သည် အိမ်စဉ်အလိုက် ဆွမ်းခံကြွတော်မူရာ ထိုအမျိုးသမီးငယ်၏ ယောက္ခမအိမ်ရှေ့သို့ ရောက်လာသည်။ သူငယ်မသည် အရှင်မောဂ္ဂလာန် ဆွမ်းရပ်သည်ကိုမြင်ရလျှင် အလွန်ဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်၍–

"အိမ်ထဲသို့ ကြွတော်မူပါဘုရား"

ဟုပင့်လျှောက်ပြီး ရှိသေစွာရှိခိုးလေသည်။

ထို့နောက် ယောက္ခမမိဘအတွက်ထားသောမုန့်ကို အကျွမ်းတဝင် ရှင်းနှီးသည့်အနေနှင့် ယောက္ခမမိဘကို ပန်ကြားမှန်ကြည့်ရှုသော် မတွေ့၍ နောက်မှပြောပြ၍ ယောက္ခမမိဘတို့ကိုဝမ်းမြောက်စေအံ့ဟု ကြံစည်မိပြီး ထိုမုန့်တို့ကို မထေရ်မြတ်အား လောင်းလှူလိုက်လေသည်။

မထေရ်မြတ်သည် မုန့်အနုမောဒနာတရား ဟောပြီးလျှင် ဆက်လက် ကြွသွားတော်မူလေသည်။

မကြာခင် ယောက္ခမမိဘတို့ အိမ်ပြန်ရောက်လာကြသည်။ သူငယ်မသည် ယောက္ခမမိဘတို့ထံ ချဉ်းကပ်ကာ–

"အမေတို့ အဖေတို့အတွက်ချန်ထားသော မုန့်ကို သမီး ရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီး ကြွလာ၍ လှူဒါန်းလိုက်ပါသည်၊ အဖေအမေတို့ ဝမ်းမြောက်ကြပါ"

www.dhammaransi.com



ဟု ပြောပြလေသည်။

"သင်အဘယ်ကြောင့် ဤကဲ့သို့အသင့်ရဲစွာ ငါတို့ပစ္စည်းကိုယူပြီး စော်ကားမော်ကား ပြုဘိသနည်း၊ ငါတို့ကိုမပန်ကြားဘဲ ငါ့အတွက်မုန့်ကိုဘာပြုလို့ ရဟန်းကိုလှူရပါသလဲ"

ယောက္ခမသည် ဒေါသအမျက်ခြောင်းခြောင်း ထွက်ပြီးလျှင် အနီးရှိ ကျည်ပွေ့တုပ်ကိုဆွဲယူပြီး သူငယ်မကို တအားလွှဲ၍ရိုက်ချလိုက်လေသည်။

သူငယ်မသည် သိမ်မွေ့နူးညံ့သော ကိုယ်အင်္ဂါ ရှိသောကြောင့်လည်းကောင်း အသက်ကံကလည်း ကုန်ဆုံးချိန် ရောက်နေသဖြစ်လည်းကောင်း ထိုဒဏ်ရာဖြင့်ပင် ကွယ်လွန်သွားခဲ့လေသည်။

သူငယ်မသည် ငယ်ငယ်ကတည်းက ဆည်းပူးလေ့ကျက်ပြီးသော ကုသိုလ်ကောင်းမှုများ ရှိသဖြင့်လည်းကောင်း၊ တန်ခိုးတော်အရှင် ရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်ကို လှူလိုက်ရသောကုသိုလ်ကံကြောင့်လည်းကောင်း တာဝတိံသာနတ်ပြည်ဝယ် အလွန်တန်ခိုးအာနုဘော်ကြီးသော နတ်သမီးဖြစ်ရလေသည်။

ထိုနတ်သမီးသည် တာဝတိံသာနတ်ပြည်ဝယ် အခြံအရံပေါများသည်၊ အရောင်အဆင်းတို့က အရပ်လေးမျက်နှာသို့ တောက်ပထွန်းလင်းသည်။ တန်ဆာဝတ်စုံ အပြည့်အစုံဝတ်ဆင်ထားကြသော နတ်သား နတ်သမီးတို့သည် ထိုနတ်သမီးကို ပူဇော်ကြသဖြင့် ဝမ်းမြောက်ဝမ်းသာစိတ် ရှိကြသည်၊ နတ်သမီး၏ ဘုံဗိမာန်သည်လည်း ရွှေအတိပြီးပြီး လိုသမျှပြည့်စုံသော တန်ခိုးအာနုဘောလည်းရှိလေသည်။

တန်ခိုးကြီးသော ရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးကို တဒင်္ဂလှူလိုက်ရသော ကုသိုလ်ကောင်းမှုရလဒ်သည်ကား အံ့မခန်းရှိလေသည်သာ-။

www.dhammaransi.com

## တဒင်္ဂလှူလိုက်ရသော မုယောမုန့် ကောင်းမှုကုသိုလ်

ရာဇဂြိုဟ် ပြည်သား နွားကျောင်းသား တစ်ယောက်သည် နံနက်စာ အလို့ငှာ မုယောမုန့်တို့ကို ပုဆိုးဖြင့် ထုပ်ယူလျက် နွားကျောင်းထွက်ခဲ့သည်။

ထိုအခါ ရှင်မောဂ္ဂလာန် မထေရ်မြတ်သည် ထိုနွားကျောင်းသားနှင့်ပတ်သက်၍–

"ဤ နွားကျောင်းသား၏ အသက်သည် ယနေ့ နံနက် အဖို့ပင် ရှိတော့သည်၊ ငါသည် နွားကျောင်းသားထံ ကြွ၍ ငါ့အား မုယောမုန့်ကို လှူဒါန်းစေသဖြင့် တာဝတိံသာ နတ်ပြည်၌ ဖြစ်ရလတ္တံ့"

ဟု သိမြင်တော်မူ၍ ထိုနွားကျောင်းသားရှိရာသို့ ကြွတော်မူသည်။

နွားကျောင်းသားသည် မထေရ်မြတ်ကို တွေ့မြင်ရသောအခါ မထေရ်မြတ်ကို မုန့်လှူလိုသော စိတ်များ တဖွားဖွား သဒ္ဓါတရား ပေါ်လာလေသည်။

ထိုအချိန်တွင် မိမိ၏နွားများက တစ်ပါးသူ၏ ပဲခင်းကိုဝင် စားနေသည်ကို မြင်ရပြန်သည်။

"အသို့နည်း၊ ငါသည် မထေရ်မြတ်ကို မုယောမုန့်ကို အရင် လှူရမည်လော၊ ဒါမှမဟုတ် နွားတို့ကို အရင် သွားမောင်းရမလား"

ဤသို့သော ဒွိဟ ကြံဆမှုများ ဖြစ်ပေါ်လာပြန်သည်။

"အို–ပဲခင်းရှင်တို့သည် ငါ့ကို အလိုရှိရာပြုပါစေတော့၊ ဤမထေရ်မြတ်ကြီး ကြွသွား၍ ငါ မုန့်မလှူလိုက်ရဘဲ ရှိလိမ့်မည်၊ သို့အတွက် ငါသည် ယခုပင် ရှေးဦးစွာ မထေရ်မြတ်ကို မုန့်လှူမည်၊ နောက်မှ နွားများကို မောင်းမည်"

www.dhammaransi.com



ဤသို့ ကြံစည်ပြီးလျှင် မိမိအနီးသို့ရောက်လာသော မထေရ်မြတ်ကို ရိုသေစွာ ရှိခိုးပြီး ပါလာသောမုယောမုန့်ကို ကပ်လှူလေသည်၊ မထေရ်မြတ်ကလည်း သနား စောင့်ရှောက်သောအားဖြင့် မုန့်ကို အလှူခံပြီးလျှင် ထိုနေရာပင် ထိုမုန့်ကို ဘုဉ်းပေးရန် စီမံလေသည်။

နွားကျောင်းသားသည် မုန့်ကို လှူပြီးနောက် နွားတို့ကို မောင်းနှင်ရန် ပဲခင်းဆီသို့ လျင်မြန်စွာ ပြေးသွားလေသည်။

နွားကျောင်းသား ပြေးသွားသော လမ်းခရီးတွင် မြွေဟောက် တစ်ကောင်သည် အိပ်နေရာ နွားကျောင်းသားသည် အမှတ်တမဲ့ ပြေးသွားနေရ၍ ထိုမြွေကို ခြေဖြင့် နင်းခတ်မိသည်။ မြွေသည် နွားကျောင်းသားကို ကိုက်သည်။

နွားကျောင်းသားသည် နွားမောင်းရန် ဇောအရှိန်များနေသဖြင့် ရုတ်တရက် မြွေကိုက်သည်ကို မသိလိုက်၊ နွားတို့ကိုသာ ပဲခင်းမှ မောင်းနှင်လွှတ်လိုက်သည်။

နွားကျောင်းသားသည် နွားမောင်းမှ ပြန်လာစဉ် မုယောမုန့်ကို ထိုင်ဘုဉ်းပေးနေသော ရှင်မောဂ္ဂလာန် မထေရ်မြတ်ကို တွေ့မြင်ရသဖြင့် အလွန် ဝမ်းမြောက် ကြည်လင်သောစိတ် ဖြစ်ပေါ်မိလေသည်။

နွားကျောင်းသား ထိုသို့ သဒ္ဓါစိတ် လျှံဖိတ်ယိုကျနေစဉ်မှာပင် မြွေဆိပ်သည် တစ်ကိုယ်လုံး ပျံ့နှံ့တက်လေရာ မြွေဆိပ်သည် ဦးခေါင်း ရောက်ပြီး ချက်ချင်းသေလေသည်။

ထိုနွားကျောင်းသားသည် အိပ်သော ယောကျ်ား နိုးသောလားသို့ တာဝတိံသာ နတ်ပြည်ဝယ် တစ်ဆယ့်နှစ်ယူဇနာ ရှိသော ဘုံဗိမာန်၌ ဆန်းကြယ်သော အဝတ်အဆင်တို့ကို ဝတ်ဆင်ပြီး လမင်းပမာ တင့်တယ်စွာသော နတ်သားတစ်ပါး ဖြစ်ရလေသည်။

(ဂေါပါလဝိမာနဝတ္ထု)

www.dhammaransi.com

## အသက်စွန့်၍ လှူခဲ့ရသော ရေတစ်ပေါက် ကုသိုလ်

"အိပ်မက်ပမာ ထူးဆန်း အံ့ဩဖွယ်ကောင်းသော ကျွန်မဘဝပါတကား"

တစ်ခဏက ကျွန်မဘဝ၊ ထူပါရုံက ကျွန်မဘဝ။

ယခုတော့ တာဝတိံသာ နတ်ပြည်မှာ ဘုံဗိမာန်ရှင် နတ်သမီး ဘဝ။

ကျွန်မ၏ ဘုံဗိမာန်ရွှေနှင့် ပတ်ဝန်းကျင်တွင် အေးမြသော မြစ်ရေအလျဉ်တို့သည် စီးဆင်းနေပါသည်။

မြစ် တစ်ဘက်ကမ်း၌ ပန်းမန်တို့ဖြင့် သာယာ လှပသော ဥယျာဉ်တို့သည် စိတ်ကြည်နူးစရာ နှစ်သက်စရာ ပေါပေါက်နေပါသည်။

ဥယျာဉ်ထဲဝယ် ကြာပဒုမ္မာတို့ဖြင့် သာယာ တင့်တယ်ပြီး အေးမြကြည်လင်သော လေးထောင့်ကန်သည် တည်ငြိမ်စွာ တည်ရှိနေပါသည်။

ထိုလေးထောင့်ကန် အလယ်၌ ရွှေအတိပြီးသော ရွှေလှေယာဉ်သည် လူးလာလှည့်ပတ် သွားလာလျက် ပေါ်လာပါသည်။

ကျွန်မသည် ထိုရေကန်ငယ် ရွှေလှေကိုစီးပြီး ပဒုမ္မာ ကြာပန်းကို ခူးဆွတ် ပျော်ပါး ကစားရင်း မိမိ ဘဝကို စဉ်းစားနေမိပါသည်။

"ငါ ဘယ်လိုကနေ ထူပါရုံ ကျွန်မဘဝကနေ ဒီဗိမာန်ကို ရောက်ပြီး ဒီလိုခံစားနေရပါလိမ့်"

ကျွန်မ သတိရမိပါပြီ။ ဘုရားရှင်ကို တဒင်္ဂရှေ့လှူလိုက်ရသော သဒ္ဓါစေတနာ ကုသိုလ်အကျိုးပါလား။

www.dhammaransi.com



ဘုရားရှင်သည် ရဟန်းအပေါင်းခြံရံလျက် ကောသလတိုင်း ဇနပုဒ်များသို့ ဒေသစာရီလှည့်လည်စဉ် ထူပါမည်သော ပုဏ္ဏားရွာ အနီးသို့ ရောက်လာသည်။

ထိုရွာသူရွာသားတို့သည် မြဲပုဗ္ဗာအယူ ရှိကြသူများ ဖြစ်ကြ သည်။ ဘုရား တရား သံဃာကို မကြည်ညိုကြ။ သဒ္ဓါတရားလည်း မထားတတ်ကြပေ။ ဘုရားရှင်နှင့် သံဃာတော်များ ကြွလာသည် ဟူသော သတင်းကို ကြားရသောအခါ—

"ရဟန်းဂေါတမသည် ဤရွာသို့ဝင်ကာ နှစ်ရက် သုံး ရက်ကြာ အကယ်၍ နေငြားအံ့၊ ဤရွာနေသူအားလုံးသည် ဘုရားရှင် ဩဝါဒတရား၌ တည်သွားနိုင်သည်၊ ဤသို့တည် သွားသော် ငါတို့ ဖြဟ္မဏ ဝါဒသည် ဆောက်တည်ရာမရ ဖြစ်လိမ့်မည်"

ထူပါရွာ ပုဏ္ဏားလူကြီးတို့သည် ဤသို့ စည်းဝေးတိုင်ပင်ကြ ပြီးလျှင်—

ဘုရားရှင်နှင့် သံဃာတော်များ နေရာ မရပ်နားစေရန် မြစ်ဆိပ်၌ထားသော လှေတို့ကို ဖျက်ဆီးထားကြသည်။ ရေချမ်း စင်များကို ဖျက်ဆီးထားကြသည်။

ရွာသူရွာသားများ သောက်သုံးရန် ရေတွင်း တစ်တွင်းသာ ချန်ထားပြီး ကျန်ရေတွင်းများကို မြက်၊ အမှိုက် စသည်တို့ဖြင့်ပြည့် အောင် လည့်ပြီး ပိတ်ဆို့ထားကြလေသည်။

ဘုရားရှင်သည် ပုဏ္ဏားတို့၏ ဖောက်ပြန်သောစိတ်နှင့် အပြု အမူကို သိတော်မူသော်လည်း ထိုပုဏ္ဏားတို့အပေါ်၌ အစဉ်သနား သဖြင့် ရဟန်းအပေါင်းခြံရံကာ ကောင်းကင်ခရီးဖြင့် ထိုရွာထိပ် အနီးသို့ သက်ဆင်းပြီး သစ်တစ်ပင်ရင်း၌ သီတင်းသုံး နေတော်မူလေသည်၊

www.dhammaransi.com



ဘုရားရှင်နှင့် သံဃာအပေါင်း ရွာထိပ်သို့ ရောက်လာပြီ ဟူသော သတင်းကိုကြားရသော် ရွာခေါင်းဆောင်ပုဏ္ဏားသူကြွယ် တို့သည် စုဝေးညှိနှိုင်းကြပြီး ကတိကဝတ်ကို ပြုကြလေသည်။

‘ ရဟန်းဂေါတမကို မည်သူမျှ ခရီးဦး ကြို မပြုရ၊ အိမ်သို့ ကြွလာသော ရဟန်းဂေါတမ၏ တပည့်သံဃာများ ကိုလည်း ဆွမ်း မည်သူမျှ မလောင်းရ”

ထိုအမိန့်ကို တစ်ရွာလုံးက လိုက်နာစေရသည်။ ရွာတံခါး ကိုလည်း ပိတ်၍ထားကြလေသည်။

ရွာပြင် ရေခပ်ထွက်ကြသော အမျိုးသမီးငယ်တို့သည် ဘုရား ရှင် သီတင်းသုံးရာသစ်ပင်နားမှကပ်၍ရေတွင်းသို့သွားရသော်လည်း ဘုရားရှင်ကို လှည့်မကြည့်ရဲကြချေ။မျက်နှာလွှဲ၍သာ သွားကြသည်။

ထိုရေခပ်လာစသော အမျိုးသမီးငယ်တို့တွင် ပုဏ္ဏားသူကြွယ် တစ်ဦး၏ ကျွန်မသည် ရဟန်းအပေါင်း ခြံရံလျက်နေသော ဘုရား ရှင်ကို လည်းကောင်း၊ ရဟန်းသံဃာကို လည်းကောင်း ငဲ့စောင်း၍ ခိုးကြည့်မိသည်။

ဘုရားရှင်နှင့် သံဃာတော်များကို ဖူးမြော်ရသောအခါ ဘုရားရှင်နှင့် သံဃာတော်များအပေါ် ကြည်ညို မြတ်နိုးမိသော သဒ္ဓါစိတ်က တဖွားဖွား ပေါ်လာမိသည်။ ထိုသဒ္ဓါစိတ်ကို မတား ဆီး မထိန်းသိမ်းနိုင်သည်ဖြစ်လာ၍ မိမိ ခပ်ယူလာသော ရေကို လှူ ဒါန်းလိုစိတ် တဖွားဖွား ဖြစ်ပေါ်လာမိသည်။

တစ်ဘက်၌လည်း ပုထုဇဉ် လူသားပီပီ ရွာသူ ရွာသားတို့ ချမှတ် ပြဋ္ဌာန်းထားသော စည်းကမ်း ဥပဒေကိုလည်း ဖောက်ဖျက် ရမှာ ကြောက်လန့်နေမိလေသည်။

“ငါသည် ဤကဲ့သို့သော ကောင်းမှု တည်းဟူသော မျိုးစေ့တို့ စိုက်ပျိုး ကြဲချရာ လယ်ယာမြေကောင်းသဖွယ်

www.dhammaransi.com



ဖြစ်သော မြတ်သော အလှူခံပုဂ္ဂိုလ်ကိုရရှိပါလျက် သောက်ရေ တစ်ခွက်ကိုမျှ လှူဒါန်းကာ မိမိ၏ သောက်တည်းရာ၊ ကိုးစားရာကို မပြုလုပ်မိခြင်းအံ့၊ ငါသည် ဆင်းရဲစွာ အသက်မွေးရသော ကျွန်အဖြစ်မှ အဘယ်မှာ ကျွတ်လွတ်တော့ပါအံ့နည်း၊ ငါ၏အရှင်သခင် ပုဏ္ဏားသူကြွယ်နှင့်တကွ ရွာသူရွာသားတို့က ငါ့ကို ဖမ်းဆီး၍ သတ်လိုက သတ်ပါစေတော့၊ ငါသည် ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာ မြေကောင်းသဖွယ်ဖြစ်သော၊ မြတ်သောအလှူခံပုဂ္ဂိုလ်ဖြစ်သော ဘုရားရှင်ကို သောက်ရေ လှူဒါန်းတော့မည်''

အမျိုးသမီးငယ်သည် ဤသို့ စဉ်းစားဆုံးဖြတ်ကာ အတူပါလာသော ရေခပ်အမျိုးသမီးတို့ကို ပြောပြသည်။ အားလုံးက ထိုကဲ့သို့ မပြုလုပ်ရန် ဝိုင်းဝန်းကန့်ကွက်ကြသည်။ခြိမ်းခြောက်တားဆီးကြသည်။

အမျိုးသမီးငယ်သည် ထိုတားမြစ် ခြိမ်းခြောက်ချက်တို့ကို ဂရုမစိုက်တော့။ မိမိအသက် ခန္ဓာ ပျက်စီးမည်ကိုလည်း မစိုးရိမ်တော့။ ကြည်ညိုသော သဒ္ဓါစိတ်ရှေးရှုလျက် ရေအိုးကို ရွက်ကာ ဘုရားရှင်ရှိရာသို့ လာခဲ့သည်။ ဘုရားရှင်ရှေ့သို့ ရောက်သော် ရိုသေစွာ ရှိခိုးသည်။

"တပည့်တော်မ၏ရေကို အလိုရှိသလောက် သုံးဆောင်တော်မူပါ....ဘုရား"

အမျိုးသမီးငယ်သည် ရေအိုးကို ဘုရားရှင်ရှေ့တွင် ချကာ ပိတ်ကြား လှူဒါန်းလိုက်လေသည်။

ဘုရားရှင်သည် အမျိုးသမီးငယ်၏ စိတ်သဒ္ဓါတရား ကြည်လင်မှုကို သိရှိတော်မူ၍ အမျိုးသမီးငယ်၏ အလှူကို ချီးမြှောက်သော အားဖြင့် ရေကိုစစ်၍ လက်ခြေတို့ကို ဆေးကြောသည်။ သောက်ရေကိုလည်း သောက်သုံးတော်မူသည်။

www.dhammaransi.com



ဘုရားရှင် သုံးဆောင် ပြီးသော်လည်း အမျိုးသမီးငယ်၏ ရေအိုးသည် ကုန်ခန်းခြင်းမရှိ၊ ပြည့်မြဲပြည့်လျက်သာ ရှိလေသည်။ အမျိုးသမီးငယ်သည် ထိုအဖြစ်ကို မြင်ရသောအခါ သဒ္ဓါတရား ပိုမိုတက်ကြွပြီးလျှင် ဝမ်းသာမှုအဟုန်သည် တရှိန်ရှိန် တက်နေလေသည်။

သောက်ရေအိုးကို သံဃာတစ်ပါးစီ တစ်ပါးစီ ဆက်လက်လှူဒါန်းလာ ရေသည် ကုန်သည်မရှိ ပြည့်မြဲ ပြည့်လျက်သာရှိလေသည်။

သံဃာအားလုံး လှူပြီးသောအခါ၌လည်း ရေသည် ပြည့်မြဲပြည့်လျက်ပင်၊ အမျိုးသမီးငယ်သည် ထိုရေအိုးကိုရွက်လျက် ဝမ်းမြောက်ရွှင်လန်းသော ပီတိအဟုန်ဖြင့် အိမ်သို့ပြန်ခဲ့လေသည်။

'ဤကျွန်သဘောက်မ ရွာနေလူတို့၏ ကတိကဝတ်ကိုဖျက်သည်၊ ငါ့ကိုလဲ အရှက်ခွဲသည် လာမှသိစေမည်"

အမျိုးသမီးငယ်၏အရှင် ပုဏ္ဏားသူကြွယ်ကြီးသည် အခြားအမျိုးသမီးများ၏ ပြောပြချက်အရ သိရှိထားပြီးဖြစ်၍ ဒေါသအမျက်ခြောင်းခြောင်း ထွက်လျက်ရှိသည်။ အမျိုးသမီးငယ် ပြန်အလာကိုလည်း စောင့်လျက် ကြိုလင့်နေမိသည်။

ခြံဝသို့ပင်လာသော အမျိုးသမီးငယ်ကို တွေ့မြင်ရသော ပုဏ္ဏားကြီးသည် ဒေါသအမျက်ကို မထိန်းနိုင်တော့ဘဲ အမျိုးသမီးငယ်၏ ဆံပင်ကို ဆွဲရမ်းပြီး ဘယ်ပြန် ညာပြန် ရိုက်ချလိုက်လေသည်။

အမျိုးသမီးငယ်သည် ထိုရိုက်ချက်ဒဏ်ကြောင့် မြေသို့လဲကျသွားသည်။

"ကတိကဝတ်ကိုဖျက်ဦး၊ ငါ့ကို အရှက်ခွဲဦး"

www.dhammaransi.com



ပုဏ္ဏားကြီးသည် ဒေါသတကြီး ရေရှုတ်ပြီး အမျိုးသမီးငယ်ကို ခြေဖြင့် တအား ကန်ကျောက်လေသည်။

အမျိုးသမီးငယ်သည် ထိုဒဏ်ရာဖြင့်ပင် မကြာခင် အသက်ဆုံးခြင်းသို့ ရောက်ခဲ့ရလေသည်။

ထိုကွယ်လွန်သော ခဏမှာပင် တာဝတိံသာ နတ်ပြည်ငယ် အိပ်သော ယောကျ်ား၊ နိုးသော် လားကဲ့သို့ ဘုံစဥ်စံ နတ်သမီးဖြစ်ရလေတော့သည်။

× × ×

ဘုရားရှင်သည် ရှင်အာနန္ဒာကို ခေါ်တော်မူ၍....

"ချစ်သား....အာနန္ဒာ၊ ရေတွင်းမှရေကို သွားယူပါလေ"

ဟု စေခိုင်း၏။

"အရှင်ဘုရား....ယခုအခါ ရေတွင်းတို့ကို ရွာသူရွာသားတို့က ပိတ်ဆို့ထားပါသည်၊ ရေယူ၍မရပါ....ဘုရား"

ဘုရားရှင်သည် ရှင်အာနန္ဒာကို နှစ်ကြိမ်မှ သုံးကြိမ်အထိ စေခိုင်းသောအခါ ရှင်အာနန္ဒာသည် မနေသာတော့ဘဲ သပိတ်ကို ယူကာ ရေတွင်းရှိရာသို့ ထွက်ခွာကြွခဲ့လေသည်။

ရှင်အာနန္ဒာမထေရ် သပိတ်ယူ၍ ကြွသွားသောအခါ ပိတ်ထားသောရေတွင်းမှ ရေတို့သည် လျှံတက်လာကာ ပတ်ဝန်းကျင်သို့ စီးဝင်လေသည်။ ပိတ်ဆို့ထားသော မြက်၊ အမှိုက်တို့သည်လည်း ရေစီးနောက်သို့ မျောကာ ပါသွားကြသည်။

ရေအလျှင်သည် တဖြည်းဖြည်း တိုးပွားလာပြီး ရေကန်တို့ကို ပြည့်လျှံစေသည်။ ရွာကို ပတ်ချာဝိုင်းလျက် လမ်းများအားလုံးကို ရေလွှမ်းခြုံသွားသည်။

www.dhammaransi.com



ထိုအံ့ဩဖွယ်ရာ အဖြစ်အပျက် အခြေအနေတို့ကို တွေ့မြင်ကြရသော ပုဏ္ဏားတို့သည် အံ့ဩထိတ်လန့် ကြောက်ရွံ့ကြကုန်လျက် ဘုရားရှင်ထံသို့ အပြေးအလွှား ရောက်လာပြီး ဝန်ချတောင်းပန်ကြလေသည်။

ထိုခဏမှာပင် ရေအလျှင်သည် တန့်ရပ် ပျောက်ကွယ်သွားလေသည်။ ထိုအခါ ပုဏ္ဏားတို့သည် ဘုရားရှင်နှင့်တကွ သံဃာတော်တို့အတွက် နေရာထိုင်ခင်းကို စီမံပေးကြသည်။ ဆွမ်းအလှူငှာလည်း ပင့်ဖိတ်ကြလေသည်။

နောက်နေ့နံက်တွင် ရွာသူရွာသားတို့သည် ဘုရားအမှူးရှိသော သံဃာတော်တို့ကို ဆွမ်းဖြင့်လုပ်ကျွေးပြုစု လှူဒါန်းကြသည်၊ ဆွမ်းကိစ္စပြီးသောအခါ ဘုရားရှင်ရှေ့တွင် စုရုံးထိုင်ကြသည်။

"ငါသည် ယခုပင်လျှင် ဘုရားရှင်ထံသို့ သွားရောက်ကန်တော့မည်၊ ကောင်းမြတ်သော အကျင့်ရှိသောပုဂ္ဂိုလ်၌ ပြုအပ်သော အနည်းငယ်မျှသော ကောင်းမှုသည် လည်းကောင်း၊ တဒင်္ဂပြုလုပ်ရသော ကောင်းမှုအကျိုးသည်လည်းကောင်း များစွာပြားလှစွာသော အကျိုးအာနိသင် ရရှိပုံတို့ကို လူ့လောက၌ ငါထင်ရှားစွာပြအံ့"

နတ်သမီးသည် ဤသို့စဉ်းစားမိပြီးလျှင် နတ်သမီးတစ်ထောင် ခြံရံလျက် မိမိခံစား စံစားရသော အဆောင်အယောင်များနှင့်အတူ ဘုရားရှင်ထံသို့ လာခဲ့သည်၊ ဘုရားရှင်အနီးသို့ရောက်သော် ဗိမာန်ပေါ်မှဆင်းသက်ပြီး ဘုရားရှင်ကို ရိုသေစွာရှိခိုးလေသည်။

ဘုရားရှင်သည် နတ်သမီးနှင့် အခြံအရံ အဆောင်အယောင်တို့ကို ရွာသူရွာသားတို့ကို မြင်တွေ့စေသည်။ ကောင်းမှုအကျိုးတို့ကို ထင်ရှားစေခြင်းငှာ၊ နတ်သမီးကို ကိုယ်တိုင်မေးလေသည်။

"နတ်သမီး သင်သည် ရွှေအတိမိုးအပ်သော ရွှေလှေကို စီးကာ တည်နေဘိ၏၊ နတ်ဗရကန်သို့သက်ဆင်းကာ ပဒုမ္မာကြာကို လက်ဖြင့်ကမ်းလှမ်းကာ ဆွတ်ခူးနေ၏၊ သင်နတ်သမီး၏ ဘုံဗိမာန်သည်လည်း အရပ်လေးမျက်နှာ၌ ထွန်းလင်းတောက်ပနေ၏၊ သင့်အား အဘယ်ကောင်းမှုကြောင့် ဤသို့သော စည်းစိမ်များကို ခံစားနေရပါသနည်း။"

"ဘုန်းတော်ကြီးလှအရှင်မြတ်ဘုရား တပည့်တော်မသည် လူ့ဘဝရှိစဉ် ဤယူပါရွာမှ ကျွန်မတစ်ဦး ဖြစ်ခဲ့ပါသည်။ ဘုရားအမှူးရှိသော သံဃာတော်များကို သောက်ရေလှူခဲ့မှုသော ကောင်းမှုကုသိုလ်ကြောင့် ဤသို့သော ဗိမာန် ဥယျာဉ်ပဒေသာပင် ရွှေလှေတို့ကိုရရှိပြီး အရောင်အဝါများလည်း ထွန်းလင်းတောက်ပရပါသည်ဘုရား"

ဘုရားရှင်သည် ကြည်ညိုလေးစားစိတ်ရှိသော နတ်သမီးကို တရားဆက်လက်ဟောကြားရာ၊ တရားတော်အဆုံး၌ နတ်သမီးသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

ကြွရောက်တရားနာနေကြသော ပုဏ္ဏားတို့သည်လည်း အကျိုးတရားများစွာ ဖြစ်ထွန်းကြပြီး ရတနာသုံးပါး၌ ယုံကြည်ကိုးကွယ်သူများ ဖြစ်လာကြလေသည်။

တဒင်္ဂ ရေတစ်အိုးမျှလှူလိုက်ရသော အမျိုးသမီးငယ်၏ရအပ်သော ကောင်းမျိုးချမ်းသာသည်ကား ညောင်ရေလောက်လှူပေမယ့် ညောင်ပင်ကြီးလောက် ရခဲ့လေသည်တကား။

www.dhammaransi.com

# တဒင်္ဂလှူလိုက်ရသော နှမ်းလက်တစ်ဆုပ်

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးခိုက်ဖြစ်သည်။ ဘုရားရှင်သည် ထိုနေ့နံနက် မိုးသောက်သော်ကျွတ်ထိုက်သော၊ ကယ်ထိုက်သော သတ္တဝါတို့ကို ကယ်တင်ရန်မဟာကရုဏာစိတ်ထားဖြင့် ရွှေဉာဏ်တော်ကွန်ယက်ဖြန့်ကာ လောကဓာတ်တစ်ဝှမ်းကို ကြည့်တော်မူသည်။

ထိုနေ့နံနက်တွင် ရာဇဂြိုဟ်မြို့မှ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးသည် နှမ်းသီးအလုံးငှာ နှမ်းတို့ကိုဆေးကြောပြီးနေ၍လှမ်းရန် စီမံနေသည်။

ဘုရားရှင်၏ ဉာဏ်တော်ကွန်ယက်တွင် ထိုအမျိုးသမီးသည်ပေါ်လာပြီး၊ ထိုအမျိုးသမီးသည် ယနေ့ပင်သေမည့်အဖြစ်ကိုလည်းကောင်း၊ သေသောအခါ၌ ငရဲတွင် ဖြစ်ရမည်ကိုလည်းကောင်းပေါ်လာသည်။

ဘုရားရှင်သည် ထိုအမျိုးသမီးကို ကယ်တင်ရန် အလို့ငှာမဟာကရုဏာတော်စိတ်ဖြင့် သပိတ်သင်္ကန်းတို့ကိုယူကာ သာဝတ္ထိမှရာဇဂြိုဟ်မြို့သို့ ကြွတော်မူလေသည်။

ရာဇဂြိုဟ်မြို့သို့ရောက်သော် ဆွမ်းအလို့ငှာ အစဉ်အတိုင်းကြွတော်မူသည်။ ထိုအမျိုးသမီးအိမ်ရှေ့သို့ ရောက်သောအခါ ဘုရားရှင်သည် အမျိုးသမီး၏ အိမ်တံခါးဝ၌ ရပ်တန့်တော်မူသည်။

ထိုအမျိုးသမီးသည် ဘုရားရှင်ကို ဖူးမြင်ရသောအခါ ကြည်ညိုသောစိတ် ထက်သန်သော သဒ္ဓါတရား တဖွားဖွားပေါ်လာမိကာ ဘုရားရှင်ထံသို့ လာပြီးလျှင် လက်အုပ်ချီကာ ရိုသေစွာ ရှိခိုးသည်။

www.dhammaransi.com



ဘုရားရှင်ကို လှူဒါန်းရန် အိမ်တွင်းဝယ် တစ်စုံတစ်ရာကို ရှာကြည့်သည်၊ အိမ်တွင်းဝယ် တစ်စုံတစ်ရာ မတွေ့ရ၊ အဖြင်တွင် လှမ်းထားသော နှမ်းတို့ကိုသာ တွေ့ရသည်။

သို့အတွက် အမျိုးသမီးသည် လက်ခြေတို့ကိုဆေးကြောပြီး လျှင် နှမ်းတို့ကိုစုပုံ၍ လက်ခုပ်တို့ဖြင့် သိမ်းကျုံးယူလာပြီးလျှင် လက်ခုပ်အပြည့်မျှ နှမ်းတို့ကို ဘုရားရှင်အား ဝမ်းမြောက်ဝမ်းသာ သောစိတ်ဖြင့် လှူဒါန်းလိုက်လေသည်။

"ချမ်းသာသည်ဖြစ်စေသောဝ်"

ဘုရားရှင်သည် ဤသို့ဆုပေးပြီးလျှင် ဆက်လက် ကြွသွား တော်မူလေသည်။

ထိုအမျိုးသမီးသည် ထိုညလွန်မြောက်ပြီး နောက်တစ်နေ့မိုး သောက်သော် မီးမဖွားနိုင်၍ သေလွန်လေသည်။

ထိုခဏမှာပင် အိပ်သောယောကျ်ား နိုးသော်လားကဲ့သို့ တာဝတိံသာနတ်ပြည်ဝယ် တစ်ဆယ့်နှစ်ယူဇနာရှိသော ရွှေဗိမာန် ဝယ် နတ်သမီးတစ်ထောင် ခြံရံရှိသော နတ်သမီးဖြစ်ရလေသည်။

ဘုရားရှင်အား တဒဂ် လှူလိုက်ရသော နှမ်းလက်တစ်ခုပ် ကုသိုလ်အကျိုးသည် ငရဲဘေးမှ ကင်းဝေးစေခဲ့ပြီး နတ်ပြည်ဝယ် နတ်စည်းစိမ်ကို ခံစားစံစားရလေသည်သာ။

www.dhammaransi.com

## ထမင်းချိုကလေး ကောင်းမှု၏ ကောင်းကျိုး ရလဒ်

"ငါသည် ယနေ့ အာဟာရအလှူငှာ ဆွမ်းခံယူခြင်းဖြင့် အဘယ်သူကို ချီးမြှောက်ရပါအံ့နည်း၊ အဘယ်သူအား အပါယ်စသော ဒုဂ္ဂတိဘေး ဆင်းရဲဘေးမှ ကင်းဝေး လွတ် မြောက်စေရအံ့နည်း"

ရှင်မဟာကဿပမထေရ်မြတ်ကြီးသည် နိရောဓသမာပတ်မှ ထတော်မူပြီးနောက် ကယ်တင်ထိုက်သောသူတို့ကို ကယ်တင်ရန် လောကဓာတ်ကို ကြည့်ရှုတော်မူသည်ရှိသော် သူတစ်ပါး အိမ် နောက်ဖေးတွင် ကပ်ရပ်နေသော ယနေ့ပင် သေရန်ရှိပြီး သေပြီး လျှင်လည်း ငရဲသို့သွားရမည်ဖြစ်သော အမျိုးသမီးတစ်ဦးကို မြင် လေသည်။

ထိုအမျိုးသမီးသည် မိမိနေသောရွာ၌ မိမိအိမ်၌ မြွေဆိပ် နှင့်တူသော ရောဂါ ကပ်ရောက်ခံရရာ တစ်မိသားစုလုံး သေဆုံးပြီး အမျိုးသမီးငယ် တစ်ဦးသာ ကျန်ရစ်ခဲ့သည်။ ထိုအမျိုးသမီးငယ် သည် သေဘေးမှ ကြောက်လန့်သည်ဖြစ်၍ အိမ်နှင့်တကွ မိသားစု ပိုင် ပစ္စည်းတို့ကို စွန့်လွှတ်ကာ ထွက်ပြေးခဲ့လေသည်။

ခိုကိုးရာမဲ့ ဘဝတွင် အိမ်တစ်အိမ် နောက်ဖေး၌ အသနား ခံပြီး ကပ်ရပ် နေရသည်။ အိမ်ရှင်များသည် အမျိုးသမီးငယ်ကို သနားသဖြင့် နေရာပေးပြီး မိမိတို့ စားကြွင်းစားကျန်ကို ပေးကမ်း ကျွေးမွေးထားလေသည်။

ရှင်မဟာကဿပ မထေရ်မြတ်သည် ထိုအမျိုးသမီးငယ်ကို အပါယ်ဘေးမှ ကယ်တင်လိုသော မဟာကရုဏာတော် စိတ်ဖြင့် ထိုအမျိုးသမီး နေရာသို့ ကြွတော်မူလေသည်။

ထိုအချိန်တွင် သိကြားမင်းသည် အဘိုးအိုယောင်ဆောင် ကာ များစွာသော နတ်သြဇာတို့ကို ယူဆောင်လာပြီးလျှင် အရှင်

www.dhammaransi.com



မဟာကဿပ မထေရ်ကို ကပ်လှူရန် ကြိုးစားသည်။ အရှင် မဟာကဿပသည် သိကြားမင်းမှန်း သိ၍–

"ကောသိယနွယ်ဖွား သိကြားမင်း သင်သည် ပြုအပ်ပြီးသော ကောင်းမှုရှိသူ ဖြစ်သည်၊ အဘယ်ကြောင့် ဤသို့ ပြုဘိသနည်း၊ ဆင်းရဲသူ အထီးကျန်သူတို့၏ စည်းစိမ် ချမ်းသာကို မလုမယက်ပါနှင့်"

ဟု မိန့်ကြားသည်။

မထေရ်မြတ်က ဤသို့ မိန့်ကြား ပယ်သောအခါ သိကြားမင်းသည် ကွယ်လေသည်။ မထေရ်မြတ်သည် ထိုအမျိုးသမီးအိမ်သို့ ဆက်ကြွတော်မူသည်။

အမျိုးသမီးသည် မိမိ အိမ်ပေါက်ဝ ရှေ့သို့ ကြွရောက်လာသော မထေရ်မြတ်ကို မြင်ရသောအခါ ဤမထေရ်မြတ်သည်ကား ကြီးမားသော ဘုန်းကံ အာနုဘော် ရှိသည်၊ ဘုန်းကံကြီးမားလာဘ်ပေါများသော ဤအရှင်မြတ်အား လှူသင့် လှူထိုက်သော ခဲဖွယ်ဘောဇဉ်သည်လည်း ငါ့တွင်မရှိ၊ ဤ ညစ်ပေသော ထမင်းခွက်၌ ရှိသော မြက်မိုက် မြူမှုန်တို့ဖြင့် ရောပြွမ်းကာ ဆားလည်းမပါ၊ အရသာမရှိ၊ အလွန်အေးမြစွာသော ထမင်းချိုးနှင့် ပုန်းရည်ဟင်းမျှကို ဤကဲ့သို့ အာနုဘော်သခင် ထေရ်အရှင်ကို လောင်းလှူခြင်းငှာ မသင့်တော် မအပ်စပ်၊ လောင်းလှူရန် မရဲဝံ့ပါ။

ဤသို့ကြံစည်မိပြီးလျှင် မထေရ်မြတ်ကိုမကြည့်မူ၍ 'ကန်တော့ဆွမ်းပါဘုရား' ဟုလျှောက်ထားလိုက်လေသည်။ မထေရ်မြတ်သည် ခြေဖဝါး တစ်လှမ်းမျှ လှမ်း၍ ဆက်ရပ်မြဲတိုင်း ရပ်နေလေသည်။

ထိုအခါ အိမ်ရှေ့ရှိ လူတို့သည် ဆွမ်းစသည်တို့ကို လောင်းလှူကြရာ မထေရ်မြတ်က မခံယူပေ၊ ထိုသည်ကိုမြင်သော သူဆင်းရဲမသည်....

www.dhammaransi.com



"ဩော်....ဤ အရှင် မြတ် သည် ငါ့အားသာလျှင် ချီးမြှောက်တော်မူလို၍ ဤအရပ်သို့ ကြွလာတော်မူလည်တကား ငါ၏ဥစ္စာကိုမှ အလှူခံလိုစွတကား"

ဤသို့သိရှိပြီး ဝမ်းသာရွှင်လန်းသော စိတ်ရှိလျက် မိမိမှာ ရှိသော ထမင်းချိုးကိုပင် ရိုသေစွာ အရှင်မြတ်ကြီး၏ သပိတ်ထဲသို့ လောင်းလှူလိုက်လေသည်။

မထေရ်မြတ်ကြီးသည် ထိုသူဆင်းရဲမ သဒ္ဓါကြည်ညိုမှု ပိုမိုတိုးတက်စေရန် ရည်သန်လျက် ဘုဉ်းပေးသုံးဆောင်အံ့သော အမူအရာကို ပြတော်မူလျှင် လူတို့သည် နေရာထိုင်ခင်းကို ခင်းပေးကြလေသည်။

မထေရ်မြတ်ကြီးသည် ထိုနေရာမှာပင် ထိုထမင်းချိုးကို မြတ်နိုးစွာ ဘုဉ်းပေးသုံးဆောင်သည်။သောက်တော်ရေကို သောက်ပြီးနောက် ဆွမ်း အနုမောဒနာတရားကို ဟောတော်မူလေသည်။

ဆွမ်းအနုမောဒနာပြုပြီးနောက် ရှင်မဟာကဿပ မထေရ်မြတ်ကြီးသည် သူဆင်းရဲမကို....

"ဤဘဝမှ ရှေးသုံးဘဝမြောက်က သင်သည် ငါ၏ အမိတော်ဖြစ်ခဲ့ဖူးသည်" ဟု အမိန့်ရှိလေသည်။

"သူဆင်းရဲမသည် ဤဘုန်းတန်ခိုး အလွန်ကြီးမားသော မထေရ်မြတ်ကြီးသည် ရှေးအတိတ်ဘဝက ငါ၏သားပါတကား" ဟု အလွန်ဝမ်းမြောက်ကြည်ညိုခြင်းကို ခံစားရလေသည်။ ထိုသူဆင်းရဲမသည် ထိုညဉ့်၌ပင် စုတေသေလွန်ပြီး နိမ္မာနရတိဘုံ၌ ဖြစ်လေသည်။

သိကြားမင်းသည် ထိုည သေလွန်သည်ကိုသိ၍ သူဆင်းရဲမ အဘယ်ဘုံ၌ ဖြစ်လေသနည်းဟု စူးစမ်းဆင်ခြင်သည်။ တာဝတိံ

www.dhammaransi.com



သာနတ်ပြည်၌ မမြင်ရ၍ ထိုသူဆင်းရဲမဖြစ်ရာဘုံဘဝကို သိလို၍ ရှင်မဟာကဿပထံသို့ ချဉ်းကပ်ခဲ့သည်။

"အရှင်မြတ်ဘုရား၊ ဆွေမျိုးပြုန်းတီး အထီးကျန်သော လွန်စွာနွမ်းပါးပြီး သူတစ်ပါးအိမ်၌ မှီခိုကပ်ရပ်နေရသော သူဆင်းရဲမသည် ဆွမ်းဖေလိုငှာ ရပ်တည်လာသော အရှင်ဘုရားကို ကြည်လင်သောစိတ်ထားဖြင့် ထမင်းချိုးကို လှူခဲ့ပါသည်။ ထိုသူငယ်မသည် ယနေ့ပင် ကွယ်လွန်ခဲ့ပါသည်။ အဘယ်ဘုံဘဝ၌ ဖြစ်ပါသနည်းဘုရား"

"အသင် သိကြားမင်း၊ သူဆင်းရဲမသည် ငါ့ကို ကြည်လင်ဝမ်းမြောက်သောစိတ်ဖြင့် သာဟတ္ထိကမြောက် ဆွမ်းထမင်းချိုးကို လှူခဲ့သောကြောင့် အထက်နိမ္မာနရတိဘုံ၌ ချမ်းသာအသွယ်သွယ် ခံစားလျက်ရှိသည်"

ထိုမထေရ်မြတ်၏စကားကို ကြားရသောအခါ သိကြားမင်းသည် သူဆင်းရဲမ၏ ဒါနအကျိုးတရား ကြီးမားလှသည့် အဖြစ်ကို အံ့ဩချီးမွမ်းပြီး ဤသို့ ဥဒါန်းကျူး ရွတ်ဆိုမိလေသည်။

"အရှင်မဟာကဿပမထေရ်မြတ်၌ ကောင်းစွာလှူအပ်သော ဤသူဆင်းရဲမ၏ အလှူဒါနကား အံ့ဖွယ်ရှိစွ၊ သူတစ်ပါးအိမ်မှ ဆောင်ယူလာသော ထမင်းချိုးမျှသော လှူဖွယ်ဝတ္ထုဖြင့် ပေးကမ်းလှူဒါန်းသော အလှူသည်ကား အလွန်အကျိုးကြီးမား ပြည့်စုံပေစွတကား"

"အချင်းတို့ ကိုယ်အင်္ဂါကြီးငယ်အသွယ်သွယ် လှပတင့်တယ်ရှုချင်ဖွယ်သော လှင်ယောကျ်ား၏ ရှုမငြီးသည့် ဇနီးသည်မသည် စကြဝာမင်းကြီး၏ မိဖုရားကြီးပင်ဖြစ်လင့်ကစား ထိုစကြဝာမင်းကြီး၏ မိဖုရားအဖြစ်သည် ဤသူဆင်းရဲမ ပေးလှူသော ထမင်းချိုးအလှူ၏ အကျိုးကို တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်လောက်မျှ တန်ဖိုးမရှိပေ"

www.dhammaransi.com



"ရွှေစင်နိက္ခတစ်သိန်း၊ မြင်းတစ်သိန်း၊ အာဿတိုရ်မြင်းကသော ရထားတစ်သိန်း၊ ပတ္တမြားနားတောင်း ဝတ်ဆင်ကုန်သော သတို့သမီးကညာတစ်သိန်း လူကုန်သော အလုံးစုံတို့သည်လည်း ဤသူဆင်းရဲမ ပေးလှူခဲ့ရသော ထမင်းချိုးအလှူ၏ တစ်ဆယ့်ခြောက်စိတ်စိတ်၍ တစ်စိတ်မျှလောက် တန်ဖိုးမရှိကြကုန်"

"ဟိမဝန္တာတောင်၌ဖြစ်သော စဥ်းငယ်ညွတ်သောအစွယ်ရှိကုန်သော ကြီးစွာသော စစ်ပွဲတို့၌ ဆင်နွဲနိုင်သော၊ ရွှေကကြိုးတပ်ဆင်အပ်ကုန်သော၊ ရွှေတန်ဆာဖွဲ့ဆင်အပ်သောကိုယ်ရှိသော မာတင်္ဂဆင်မျိုးဖြစ်သော ဆင်အစီးတစ်ရာတို့သည် ဤသူဆင်းရဲမ လှူခဲ့ရသော ထမင်းချိုးအလှူ၏ တစ်ဆယ့်ခြောက်စိတ်စိတ်၍ တစ်စိတ်မျှလောက် တန်ဖိုးမရှိပေ"

"ဤလောကကြီးငယ်ကျွန်းကြီးလေးကျွန်းကိုပိုင်သောစကြာဝတေးမင်း၏ စည်းစိမ်ချမ်းသာသည်လည်း ဤ သူဆင်းရဲမ ပေးလှူခဲ့သော ထမင်းချိုး၏ အလှူ တစ်ဆယ့်ခြောက်စိတ်စိတ်၍ တစ်စိတ်မျှလောက် တန်ဖိုးမရှိပေ"

သိကြားမင်းသည် ဤသို့ ရွတ်ဆိုပြောပြီး တာဝတိံသာသို့ပြန်သွားလေသည်။

သိကြားမင်း ချီးကျူးပြောသွားသော စကားဥပမာများအရနှင့် ထမင်းချိုးလှူရသော ကုသိုလ်ကံအကျိုးကြောင့် နိမ္မာနရတိဘုံ၌ ချမ်းသာစွာ ခံစားရသော သူဆင်းရဲမ၏ ဘဝကို လေ့လာကြည့်လျှင် ဒါနအကျိုးဆက်နှင့် စေတနာသဒ္ဒါတရားထက်သန်မှုအကျိုးဆက်သည် မည်မျှအစွမ်းထက်သည်၊ အကျိုးကြီးသည်ကို ကျွန်ုပ် အထူးထပ်ဟောစရာ လိုတော့မည် မထင်ပါ။

www.dhammaransi.com

# တဒင်္ဂ ရှိခိုးရုံမျှ၏ ကောင်းကျိုးရလဒ်

ရှင်မောဂ္ဂလာန် မထေရ်မြတ်ကြီးသည် တစ်နေ့ နေ့လယ်တွင် နေ့သန့်စင်ရန် တောအုပ်တစ်ခုတွင် သီတင်းသုံးနေထိုင်ဇလသည်။

ထိုခဏတွင် ရုပ်ရည်အဆင်း တင့်တယ်လှပခြင်းနှင့် ပြည့်စုံပြီး အရောင်အဝါ ထွန်းလင်းတောက်ပသော နတ်သမီးတစ်ပါးသည် အခြွေအရံနတ်သမီးတစ်သိန်းနှင့်တကွ ရှင်မောဂ္ဂလာန်မထေရ်မြတ်ထံသို့ ရောက်လာပြီး ရှိခိုးဦးချလေသည်။

''ယခု ငါ့ကိုရှိခိုးနေသောသူကား အဘယ်သူနည်း''

''အရှင်ဘုရား တပည့်တော်မ စဏ္ဍာလီ ဖြစ်ပါသည် ဘုရား၊ အရှင်ဘုရား၏ တိုက်တွန်းမှုကြောင့် တပည့်တော်မသည် ဘုရားရှင်ကို နံနက်က ကြည်လင်သောစိတ်ဖြင့် ရှိခိုးဦးချခဲ့ပါသည်၊ ရှိခိုးဦးချအပြီး နွားဝှေ့၍ တပည့်တော်သေလွန်ခဲ့ရပါသည်၊ ဘုရားရှင်ကို တဒင်္ဂ ကြည်လင်သောစိတ်ဖြင့် ရှိခိုးခဲ့ရသည့်အတွက် ဤမျှသော နတ်စည်းစိမ်ကို ခံစားရပါသည်ဘုရား၊ အရှင်ဘုရား ကျေးဇူးကြောင့် ဤစည်းစိမ် ခံစားရပါသည်၊ သို့အတွက် အရှင်ဘုရားထံ လာရောက် ဖူးမြော်ကန်တော့ပါသည်ဘုရား''

ထိုအခါ ရှင်မောဂ္ဂလာန် မထေရ်မြတ်ကြီးသည် နံနက်က မိမိနှင့် ဘုရားရှင် ဆွမ်းခံကြွစဉ် အတိတ်ဖြစ်စဉ်ကို အာရုံပြုမိလေသည်။

ဘုရားရှင်သည် နံနက်မိုးသောက်ကာလ ဘုရားရှင်တို့၏ အလေ့အထ ဓမ္မတာဖြစ်သော မဟာကရုဏာသမာပတ်ကို ဝင်စားပြီး၍ သမာပတ်မှ ထတော်မူပြီးသော် ကျွတ်ထိုက်သော သူတို့ကို ဏယ်တင်ရန် သတ္တလောကကို ကြည့်တော်မူလေသည်။

www.dhammaransi.com



ရာဇဂြိုဟ်ပြည်ဝယ် သူတောင်းစားတို့ နေထိုင်ရာအရပ်ဝယ် သက်တမ်းကုန်ခါနီးဖြစ်သော ဒွန်းစဏ္ဍားမကြီး တစ်ဦးရှိသည်၊ ထို ဒွန်းစဏ္ဍားမကြီးသည် ယနေ့ပင် သေမည်ဖြစ်၍ သေပြီးနောက် ငရဲ သို့ရောက်ရမည်ကို ဘုရားရှင်၏ဉာဏ်ကွန်ယက်တွင် ထင်လေသည်။

ဘုရားရှင်သည် ကြီးမားသော မဟာကရုဏာတော် ထားရှိ သည့်အားလျော်စွာ ဒွန်းစဏ္ဍားမကြီးကို နတ်ပြည်၌ ဖြစ်စေသော ကုသိုလ်ကံကိုဖြစ်စေလျက် ငရဲ၌ဖြစ်စေသော အကုသိုလ်ကံကို တား မြစ်လိုသည်ဖြစ်၍ ထိုအရပ်သို့ ရှင်မဟာမောဂ္ဂလာန်မထေရ်နှင့်အတူ ကြွတော်မူလေသည်။

ဒွန်းစဏ္ဍားမကြီးသည် တောင်ဝှေးကိုထောက်လျက် မြို့ပြင် သို့ ထွက်လာခဲ့သည်၊ ဘုရားရှင် မိမိထံသို့ ရှေးရှုကြွလာသည်ကိုမြင် ၍ ဘုရားရှင်ကို မျက်နှာမူကာရပ်နေလေသည်၊ ဘုရားရှင်ကလည်း ဒွန်းစဏ္ဍားမကြီးသွားရာခရီးကို ပိတ်၍ရပ်နေသကဲ့သို့ တည်နေလေ သည်။

ရှင်မောဂ္ဂလာန်မထေရ်သည် ဘုရားရှင်၏စိတ်အလိုကိုသိတော် မူ၍ -

"စဏ္ဍာလီ ဒါယကာမကြီး အခြံအရံ အကျော်အစော ပေါများ ပြည့်စုံသော ဂေါတမရှင်တော်ဘုရား၏ ခြေတော် အစုံကို ရှိခိုးပါလော့၊ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့ ထက် အမြတ်ဆုံးဖြစ်တော်မူသော ဘုရားရှင်သည် သင့်ကို သာလျှင် ချီးမြှောက်တော် မူလိုသည်ဖြစ်၍ ရပ်တန့်နေပါ သည်"

"ပူဇော်အထူးကို ခံတော်မူထိုက်သော တာဒိဂုဏ်နှင့်ပြည့် စုံသော ဘုရားရှင်၌ ကောင်းမြတ်ကြည်လင်သော စိတ်အစဉ် ကိုထားကာ ကြည်ညိုပါလော့၊ လျင်မြန်စွာ လက်အုပ်ချီ၍

www.dhammaransi.com



ရှိခိုးပါလော့၊ သင်၏အသက်သည်ကား သေရန် နီးနေပါပြီ”

ရှင်မောဂ္ဂလာန် မထေရ်မြတ်သည် စဏ္ဍာလီ သူတောင်းစားမကြီးကို ဘုရားရှင်၏ ဂုဏ်ကျေးဇူးများကို ထုတ်ဖော်၍ လည်းကောင်း၊ သူမ၏ သေအံ့နီးသော အသက်ရှိသည့် အဖြစ်ကိုလည်းကောင်း ထင်စွာပြလျက် ဘုရားရှင်ကိုရှိခိုးရန် တိုက်တွန်းလေသည်။

စဏ္ဍာလီ သူတောင်းစားမကြီးသည် ရှင်မောဂ္ဂလာန်မထေရ်မြတ်၏ စကားကိုကြားသောအခါ ကြီးစွာသော သံဝေဂရပြီးလျှင် ထိုခဏမှာပင် ကြည်ညိုသောစိတ်ဖြင့်တာ ထိခြင်း ငါးပါးတို့ဖြင့် ဘုရားရှင်ကို ရိုသေစွာရှိခိုးလေသည်။

“ဤစဏ္ဍာလီ သူတောင်းစားမကြီးအား ဤမျှသော ကုသိုလ်ကံဖြင့် နတ်ပြည်၌ဖြစ်ခြင်းငှာ သင့်လျော်လုံလောက်ပေပြီ”

ဘုရားရှင်သည် ဤသို့နှလုံးပြုပြီးလျှင် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဆက်လက်ကြွလေသည်။

ဘုရားရှင်ကြွသွားသောအခါ စဏ္ဍာလီသူတောင်းစားမကြီးကို နွားသားခမ္မးမတစ်ကောင်သည် ရှေ့မှကန့်လန့်ကျောက်ပြေးလာပြီးလျှင် ဦးချိုဖြင့်ဝှေ့ခတ်လိုက်ရာ စဏ္ဍာလီသူတောင်းစားမကြီးသည် ထိုနေရာမှာပင် ကွယ်လွန်ခဲ့လေသည်

ယခုတော့ စဏ္ဍာလီသည် ဘုရားရှင်ကို တဒင်္ဂခဏ ကြည်ညိုသောစိတ်ဖြင့် ရှိခိုးလိုက်သဖြင့် တာဝတိံသာနတ်ပြည်ဝယ် အခြံအရံ နတ်သမီးတစ်သိန်းရှိသော နတ်သမီးဖြစ်ရလေပြီ။

တဒင်္ဂပြုရသော ကုသိုလ်လောင်းမှု အကျိုးသည်ကား များမြောင်လှစွာသော ကောင်းကျိုးချမ်းသာတို့ကို ခံစားရလေသည်တကား။

www.dhammaransi.com

# နွားလားကြီးဒတ္တ၏ တခဂ်နှလုံးသွင်း ကောင်းမှု

လှည်းကုန်သည် ငါးရာတို့သည် လှည်းပေါင်း (၅၀၀)တွင် ကုန်အပြည့်တင်ကာ ဝေးစွာသော ခရီးတစ်ခုသို့ မောင်းနှင်ခဲ့ကြ သည်။

လမ်းခရီး ချောင်းကြီးတစ်ခုသို့ ဖြတ်ကျော်ရာ၌ တင်ထား သော ကုန်ဝန်ထုပ်များ လေးလှသောကြောင့် လှည်းပေါင်းများစွာ ညွှန်၌ နစ်ကြသည်။

ရှေ့ဆောင် နွားလားကြီး ဒတ္တသည် အားခွန်ဗလကြီးသည်။ ထိုနွားကြီး ဒတ္တမှတစ်ပါး မည်သည့်နွားမှ ညွှန်နစ်သောလှည်းတို့ကို ဆွဲမထုတ်နိုင်ချေ။

နွားလားကြီး ဒတ္တသည် တစ်လှည်းပြီးတစ်လှည်း ကုန်တင် လှည်းများကို ညွှန်အတွင်းမှ ကမ်းပေါ်သို့ ဆွဲတင်ပေးခဲ့သည်။

ဒတ္တတစ်ကောင်တည်း လှည်းအားလုံးကို ကမ်းပေါ်သို့ရောက် အောင် ဆွဲတင်ပေးရသဖြင့် ဒတ္တသည် အမောဆို့၍ သွေးအန်ကာ လဲကျလေသည်။

"ဤနွားကြီးသည် မောပန်း၍ နှလုံးကွဲကာ သေရှာပေ တော့မည်၊ သူ့ကို စောင့်နေ၍ အကျိုးမရှိ"

ကုန်သည်များသည် ဤသို့စဉ်းစားကြပြီး ရထက်သရှေ့သော ကုန်များကို အခြားလှည်းများ၌ ပေါင်းစုံးတင်ကြပြီး နွားလား ကြီး ဒတ္တကို ထားခဲ့ကာ ခရီးဆက်လက် ထွက်ခွာသွားခဲ့ကြသည်။

နွားလားကြီး ဒတ္တသည် ဇောအလယ်တွင် တစ်ကောင်တည်း ကျန်ရစ်ခဲ့ပြီး နှလုံးပြတ်ထွက် သွေးပွက်ပွက်အန်သော ဆောဂါကို အလူးအလှိမ့် ခံစားရသော ကိုယ်ဆင်းရဲဝေဒနာနှင့် အပေါင်း

www.dhammaransi.com



အဖော်တို့က မိမိအစွမ်းကုန် ကြိုးစားပေးလိုက်ရသော ကျေးဇူးကိုမျှမထောက်ထား၊ ရက်စက်စွာ ပစ်ခွာသွားသောကြောင့် ယူကျုံးမရသော စိတ်ဆင်းရဲမှု ဝေဒနာတို့ကို ခံစားပြီး နေရရှာလေသည်။

ထိုခဏမှာပင် တောလိုက်မုဆိုး တစ်ယောက်သည် ခွေးပေါင်းများစွာနှင့် နွားလားကြီး လဲကျနေရာသို့ ရောက်လာကြသည်။ ထိုမုဆိုးသည် ဒတ္တကို သနား ဖွယ် နေနေသာသာ၊ အသားကောင်းရပြီဟုဆိုကာ ဒတ္တ၏ ဆူဖြိုးသော အသားစိုင် အသားခဲများကို ဓားဖြင့်လှီးဖြတ်ယူပြီး မိမိ၏ခွေးများကို ဝအောင်ကျွေးလေသည်။ မိမိအိမ်အတွက်လည်း အားရအောင် ဖြတ်တောက်ပြီး ယူသွားလေသည်။

မုဆိုးကြီးနှင့် ခွေးများထွက်ခွာသွားသောအခါ ဒတ္တသည် အသားများ အလှီးခံရသောဒဏ်ကို အလူးအလှိမ့် ခံစားနေရလေသည်။

ထိုမှ မျှားမကြာမီတွင် တောတွင်းသို့ လှည့်ပတ်လာသော စောင်းသမားတစ်ယောက်သည် အိုင်ထဲတွင် ဒုက္ခကြီးစွာ ခံစားနေရသော ဒတ္တအနီးသို့ ရောက်လာပြန်သည်။

သေးအိုင်ထဲတွင် လဲကျနေသော ဒတ္တကိုမြင်ရသော စောင်းသမားသည် သနားဖွယ်ဝေးစွ၊ နွားကြီးမှာရှိသော ပြေပြစ်တောင့်တင်းသည့် အကြောများကို မိမိ၏စောင်းအတွက် ကြိုးများပြုလုပ်ရန် ဓားဖြင့် ခုတ်ထွင်း ဖြတ်လှီး၍ ယူသွားပြန်လေသည်။

မသေနိုင် ဒုက္ခဝေဒနာ ဝဲဂယက်လှိုင်းတွင် ခံစားနေရသော ဒတ္တအနီးသို့ တိရစ္ဆာန်သားရေတို့ကို ရောင်းဝယ် ကုန်သွယ်နေသော သားရေကုန်သည်တစ်ဦးက ထပ်မံ ရောက်ရှိလာပြန်သည်။

ထိုကုန်သည်ကလည်း နွားလားကြီးဒတ္တကို သနားဖွယ်ဝေးစွ၊ ငါ့အတွက် အမြတ်ရပေပြီဟုဆိုကာ ဒတ္တ၏ ကောင်းမွန် ချောမွေ့

www.dhammaransi.com



သော သားရေတို့ကို ဆုတ်ခွာ လှီးဖြတ်၍ ယူသွားပြန်လေတော့သည်။

ဒတ္တကား မသေနိုင်။ ကိုယ်တွင်ကျရောက်သော ဝေဒနာဆင်းရဲတို့ကို ခံစားရင်း စိတ်ထဲမှာ မချိလိုက်လှဲ ဆင်းရဲများစွာနှင့် ရင်ဆိုင်နေရသည်။

ထိုမှ မကြာမီအတွင်း အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် နွားလားကြီးအနီးသို့ ရောက်လာသည်။ မထေရ်မြတ်ကြီးသည် နွားလားကြီး၏ မရှုမလှခံစားနေရသော ဝေဒနာကို မြင်တော်မူ၍ မဟာကရုဏာတော် ကြီးစွာဖြစ်တော်မူသည်။ အနီးအနားရှိ စမ်းချောင်းမှရေကို သပိတ်တော်ဖြင့် ဆောင်ယူ၍ နွားကြီးအနီးသို့ ချဉ်းကပ်ကာ....

"ချစ်သား....ဒတ္တ"

ဟူ မဟာကရုဏာတော်အသံဖြင့် ခေါ်ဆိုလိုက်သည်။

တုန်လှုပ်ချောက်ချား ကတိမ်းကပါးဖြင့် ရန်သူများလှသည့် လောကကြီးကို သည်းထန်စွာ ကြောက်ရွံ့နေသော နွားလားကြီး ဒတ္တသည် မျက်စိ ပေကလပ်၊ ပေကလပ်ဖြင့် မထေရ်ကြီးကို ကြည့်လေသည်။

အရှင်မြတ်က သပိတ်တွင်ပါသောရေဖြင့် နွားကြီး၏ ပါးစပ်ဝတွင် တေ့ကာ လျှာဖြင့်လိပ်၍ သောက်စေသည်။

အရှင်မြတ်ကြီး၏ ကြီးစွာသော မေတ္တာရေစင်သည် ဒုက္ခိတ နွားကြီး၏ စိတ်ကို ခဏချင်း ကြည်လင်သွားစေသည်။

"လောကတွင် ဤအရှင်ကဲ့သို့သော ပုဂ္ဂိုလ်များ ရှိပါသေးတကား"

ဟု နွားကြီး ဒတ္တ စိတ်ထဲတွင် အောက်မေ့ပြီးလျှင် သနားစဖွယ်

www.dhammaransi.com



မျက်နှာငယ်နှင့် မထေရ်မြတ်ကို စိတ်ချမ်းသာသော မျက်နှာဖြင့် ကြည့်ရှုဖူးမြော်မိသည်။

"ချစ်သား ဒတ္တ၊ သင်၏ဆင်းရဲကား ကြီးလှပါတကား၊ ဘယ်သူမပြု မိမိမှုဟူသည့်အတိုင်း မိမိ၏အကုသိုလ်ကံသာလျှင် အကြောင်းရင်းအမှန် ဖြစ်သည်၊ မည်သူ့ကိုမျှ ဒေါသမဖြစ်လေနှင့်၊ ချမ်းသာလျှင်လဲ မည်သူ့ကိုမျှ မမုန်းလေနှင့်၊ ချမ်းသာ၊ စိတ်ဆိုးခြင်း၊ မုန်းခြင်းတို့သည် မှားသည်၊ ဤအခါ၌ စိတ်ဆိုးခြင်း၊ မုန်းခြင်းတို့သည် အကျိုးမပေးနိုင်၊ ငါ၏ ကံအကြောင်းပင် တကားဟု သည်းခံ၍ ကြီးစွာသော ဝေဒနာတွင် ကောင်းသောနှလုံးသွင်းခြင်းသည်သာ ဖြစ်ပါစေတော့ ချစ်သား"

ဟု အရှင်မြတ်က ဆုံးမတော်မူသည်။

နွားလားကြီးဒတ္တသည် မထေရ်မြတ်ကြီး၏ ဆုံးမချက်ကို ခင်မင်နှစ်သက်စွာ လိုက်နာနှလုံးသွင်းခဲ့သည်။ အရှင်မြတ်ကြီးကိုလည်း တစိမ့်စိမ့် ကြည်ညိုမိလေသည်။

အရှင်သာရိပုတ္တရာသည် ထိုသို့ဆုံးမပြီး ထွက်ခွာ ကြွတော်မူသွားသည်။ နွားလားကြီးဒတ္တသည် မထေရ်မြတ်ကို မျက်စိမြင်ကွင်းမှ ကွယ်သောအခါ ခံစားရသော ဒဏ်ရာချက်ဖြင့် အသက်ထွက်လေသည်။

နွားလားကြီးသည် တဒဂ်အတောအတွင်း ကောင်းသော နှလုံးသွင်းခြင်းဟူသော ကုသိုလ်ကံစေတနာကြောင့် တာဝတိံသာ နတ်ပြည်ဝယ် ကြီးကျယ်သော ဘုံဗိမာန်ရှင် မဟာဒတ္တနတ်မင်းကြီး ဖြစ်ရလေသည်။

နွားလားဘဝတွင် တိရစ္ဆာန်ဖြစ်သောကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရနိုင်ခဲ့သော်လည်း နတ်သားဘဝတွင် ဖြစ်ပျက်အစဉ်ကို

www.dhammaransi.com



သံဝေဂဉာဏ် အထူးယှဉ်လျက် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ ကျေးဇူးတော်ကြောင့်ပင် လျှင်မြန်သောခဏအတွင်းဝယ် သောတာပတ္တိမဂ်ကို ရလေသည်။

တဒဂ် ကောင်းသော နှလုံးသွင်းမှုသည် လူကိုမဆိုထားဘိ၊ တိရစ္ဆာန်မျှပင် ဤမျှကောင်းကျိုးချမ်းသာကို ရပေသည်သာ။

○

## တဒဂ် ကုသိုလ်စေတနာ၏ ကောင်းကျိုးရလဒ်

ပေသဝတီသည် မာဂဓတိုင်း၊ ရှင်သာရိပုတ္တရာမွေးဖွားရာ နာဠကရွာသူ တစ်ဦးဖြစ်သည်။

ပေသဝတီ အသက် (၁၂)နှစ်အရွယ် ရောက်ချိန်ကာလဖြစ်သည်၊တစ်နေ့ မိခင်က ပေသဝတီကို ဆီဝယ်ရန် ဈေးသို့စေခိုင်းသည်။

ဈေးမှ သူကြွယ်သားတစ်ယောက်သည် မိမိဖခင်စုဆောင်းသိမ်းဆည်း၍ ထားအပ်သော များစွာသော ရွှေငွေပုလဲပတ္တမြားရတနာတို့ကို ထုတ်ယူဆောင်သည် ရှိသော် ဆိုင်ရှင် သူကြွယ်၏ အကုသိုလ်ကံကြောင့် ဥစ္စာပစ္စည်းတို့သည် အိုးခြမ်းကွဲကျောက်စရစ်ခဲအသွင် ဖြစ်ကုန်ကြသည်။

ထိုရွှေငွေရတနာတို့ကို ထိုက်တန်သော တစ်စုံတစ်ယောက်သောသူသည် ပေါ်လာလတ္တံ့၊ ကိသာဂေါတမီ ထေရီမကဲ့သို့ ထိုက်တန်သော ကုသိုလ်ရှင်သည် ပေါ်လာလတ္တံ့ဟူသော မျှော်လင့်ချက်ဖြင့် ထိုအိုးခြမ်းကွဲ ကျောက်စရစ်ခဲအချို့ကို ဆိုင်ရှေ့တွင် စုပုံထားလေသည်။

ပေသဝတီသည် ထိုဆိုင်သို့ ဆီလာဝယ်သည်၊ စုပုံထားသော ရတနာပုံကိုမြင်၍ -

www.dhammaransi.com



"ရွှေငွေပုလဲပတ္တမြား ရတနာတို့ကို အဘယ်ကြောင့် ဤကဲ့သို့ တော်စွာလျော်စွာ ထားပါသလဲ၊ ကောင်းစွာ သိမ်းဆည်း၍ ထားသင့်ပါသည် မဟုတ်ပါလော"

ဟု ပိုင်ရှင်ကို ပြောလေသည်။ ထိုအခါ ဆိုင်ရှင်သည် သူငယ်မစကားကို ကြားရသောအခါ များစွာအံ့ဩဝမ်းသာပြီး ဤသို့ကြံစည်မိလေသည်။

"ဤသူငယ်မကား ဘုန်းကံကြီးမားလှ၏။ ဤသူငယ်မ၏ ဘုန်းကံ အစွမ်းအားဖြင့် ငါ၏အလုံးစုံသော အိုးခြမ်းကွဲ ကျောက်ခဲကျောက်စရစ်တို့သည် ရွှေငွေပုလဲပတ္တမြား ရတနာများသာ တစ်ဖန်ပြန်၍ ... ငါ၏ ဥစ္စာရတနာများသည် ငါနှင့်မကွာ ငါ၏ဥစ္စာပြန်ဖြစ်လတ္တံ့၊ ဤသူငယ်မကို ငါသည် သိမ်းဆည်းစောင့်ရှောက် ထောက်ပံ့အံ့"

ဤသို့ကြံပြီးလျှင် သူငယ်မ ပေသဝတီ ဈေးဝယ်ပြန်သွားပြီး နောက်သို့ လိုက်သွားလေသည်။ ထို့နောက် ပေသဝတီမိဘများနှင့် တွေ့ဆုံဆွေးနွေး ပြောကြားကာ–

"ဤသူငယ်မကို ကျွန်ုပ်သားနှင့် လက်ဆက်ပေးကမ်းပါ"

ဟုတောင်းလေသည်။ ပေသဝတီမိဘတို့ကလည်း သဘောတူသဖြင့် သူကြွယ်သည် များစွာသော ဥစ္စာတို့ကိုပေးကမ်းလျက် ပေသဝတီကို မိမိတို့၏ သားနှင့် လက်ထပ်ထိမ်းမြားပေးပြီး မိမိတို့အိမ်သို့ ခေါ်ဆောင်လာလေသည်။

များမကြာမီ ပေသဝတီ၏ အကျင့်သီလကောင်းမွန်မှုကိုသိရလျှင် ဥစ္စာထားရာ ဘဏ္ဍာတိုက်ကိုဖွင့်ပြပြီး–

"ဤတိုက်ခန်းအတွင်း၌ သမီးဘယ်အရာကို မြင်ပါသနည်း"

"ရွှေငွေ၊ ပုလဲ၊ ပတ္တမြားပုံကြီးကို မြင်ပါသည်"

www.dhammaransi.com



"ချစ်သမီး ဤပစ္စည်းဥစ္စာ ရတနာတို့သည် ငါတို့၏ အကုသိုလ်ကံ အကျိုးပေးကြောင့် ကွယ်ပျောက်ဏာ ကျောက်စရစ်ခဲ၊ အိုးခြမ်းကွဲတွေသာ ဖြစ်နေကြသည်။ ချစ်သမီး၏ ဘုန်းကံကြောင့် တစ်ဖန် ရတနာများ ပြန်ဖြစ်လာပါ၏။ ထို့ကြောင့် ယခုအချိန်မှစ၍ ဤအိမ်၌ ရှိရှိသမျှသော ပစ္စည်းဥစ္စာအဖြာဖြာကိုအင်ချစ်သမီးသာ ပိုင်ဆိုင်၍ စီမံဆောင်ရွက်ပါ၊ ငါတို့သည် သစ်ချစ်သမီးပေးသမျှကိုသာ သုံးဆောင်မှုပြုပါတော့အံ့"

ဤသို့လျှင် သူကြွယ်သည် မိမိပိုင်ပစ္စည်းများ အားလုံးကို ပေသဝတီကို လွှဲအပ်ပေးလေသည်။

ပေသဝတီ ဘုန်းကံရှိခြင်း၏ အတိတ်ဘဝဇာတ်ကြောင်းသည်လည်း ထင်ရှားစွာရှိခဲ့ပေသည်သာ။

ပေသဝတီသည် ကဿပဘုရားရှင် လက်ထက်တော်အခါ၌ ကဿပဘုရားရှင်၏ ဓာတ်တော်မွေတော်တို့ကို ဌာပနာရန် တစ်ယူဇနာရှိသော ရွှေစေတီကြီးကို တည်ထားပြုလုပ်သောအခါတွင် ပါဝင်ခဲ့သော အမျိုးသမီးဖြစ်ခဲ့သည်။

တစ်နေ့ ပေသဝတီသည် မိမိ မိခင်နှင့်အတူ စေတီကြီးတည်ထားရာဌာနသို့ သွားရောက်ခဲ့ကြသည်။

"မိခင် ဤသူတို့သည် ဘာကို ပြုလုပ်နေကြပါသနည်း"

"ချစ်သမီး ဤသူတို့သည် စေတီတည်ဆောက်ရန် ရွှေအုတ်များ ပြုလုပ်နေကြပါသည်"

သူငယ်မသည် ပါရမီ ကြီးမားလျက် ချက်ချင်းပင် ကြည်ညိုသောစိတ် ရှိရကား လှူဒါန်းပါဝင်လိုသောစိတ် ဖြစ်ပေါ်လာလေသည်။

www.dhammaransi.com



"မိခင် ကျွန်ုပ်တွင် ရွှေဖြင့်ပြုလုပ်ထားသော ဤလည်ဆွဲ ရတနာရှိပါသည်၊ စေတီတော်ကြီး ပြီးစီးအောင် သမီးလည်ဆွဲရတနာလေးကို လှူဒါန်းလိုပါသည်"

"ချစ်သမီး ကောင်းပါသည်၊ သမီးဆန္ဒရှိကလှူပါ"

မိခင်သည် သမီးဆန္ဒအတိုင်း ခွင့်ပြု၍ သမီ လည်မှဆွဲထားသော ဆွဲကြိုးကို ဖြုတ်ယူပြီး–

"ဤသူငယ်မသည် ဤလည်ဆွဲတန်ဆာကိုစွန့်လွှတ်လှူဒါန်းပါ၏၊ ဤလည်ဆွဲကို ရွှေအုတ်ပြုလုပ်ပေးပါ"

ဟု ပြောဆိုပြီး စေတီအုတ်ပြုလုပ်နေသော ဘုရားလူကြီးထံသို့ ပေးအပ်လှူဒါန်းလိုက်လေသည်။

ပေသဝတီ သူငယ်မသည် နှောင်စုတေသောအခါ၊ ဤဆွဲကြိုးလေး လှူဒါန်းရသော ကုသိုလ်အဟုန်ကံကြောင့် နတ်ပြည်၌ ဖြစ်ခဲ့သည်။ ကျင်လည်ရသမျှ ကာလပတ်လုံး သုဂတိဘုံ၌သာ အဖန်ဖန်ကျင်လည်ခဲ့ရလေသည်။ ယခု ဂေါတမဘုရားရှင် လက်ထက်တွင် မာဂဓတိုင်း နာဠကရွာ၌ လူဖြစ်လာခဲ့လေသည်။

ပေသဝတီကို ဥစ္စာပစ္စည်းတို့ ပေးအပ်ပြီးသော အချိန်တွင် အဂ္ဂသာဝက အရှင်မြတ် ရှင်သာရိပုတ္တရာ မထေရ်မြတ်သည် နာဠကရွာ၌ မယ်တော် ရူပသာရီ ပုဏ္ဏေးမကြီးကို အကျွတ်တရား ရစေပြီး ထိုရွာမှာပင် ပရိနိဗ္ဗာန် ပြုသောအချိန် ဖြစ်လေသည်။

နာဠကရွာသားတို့သည် ပရိနိဗ္ဗာန်စံဝင်သော ရှင်သာရိပုတ္တရာ မထေရ်မြတ်၏ အလောင်းတော်ကို ခုနစ်ရက် ခုနစ်လီ ပူဇော်ကြပြီး ခုနစ်ရက်လွန်သောအခါ အကျော်စန္ဒကူး နံ့သာ စသည်တို့ဖြင့် အလောင်းတော်ကို မီးသင်္ဂြိုဟ်ကြသည်။

ပေသဝတီသည် အရှင်သာရိပုတ္တရာ မထေရ်မြတ် ပရိနိဗ္ဗာန်စံဝင်ကြောင်းကို ကြားသိ၍ သွားရောက် ပူဇော်အံ့ဟု ရွှေပန်းခိုင်

www.dhammaransi.com



ပန်းနှံ့သာ အမျိုးမျိုးတို့ဖြင့် ပြည့်သော ပန်းကလပ်(ပန်းတောင်း) ကို ယူစေလျက် သွားလို၍ ယောက္ခမထံ ခွင့်ပန်ကြားလေသည်။

"ချစ်သမီး....သင်သည် ဝန်လေးလှ၏၊ အရှင်သာရိပုတ္တရာ အလောင်းတော်ပူဇော်ပွဲ၌ လူပရိသတ် စည်ကားလှ၏၊ တိုး ဝှေ့၍ပင် မရ၊ သမီးသည် ပန်းနှံ့သာတို့ကို ပို့လူစေကာ အိမ်၌ပင်နေပါ"

ဟု ယောက္ခမကြီးက ယောင်းပန် တားမြစ်လေသည်။ အရှင်မြတ်ကြီး အပေါ်၌ ကြည်ညိုခြင်း၊ သဒ္ဓါတရားပြင်းထန်စွာ ဖြစ်ပွားနေသော ပေဿဝတီသည်....

"ဤအလောင်းတော် ပူဇော်ပွဲ၌ ကျွန်ုပ်အသက်သေလိုက သေပါစေ၊ သွား၍ ပူဇော်သက္ကာယ အမှုကိုတော့ ပြုဖြစ် အောင်ပြုမည်"

ဟု ဆုံးဖြတ်လျက် တားမြစ်သည်ကို မနာယူတော့ဘဲ နောက်ပါ အခြွေအရံများနှင့် သွားရောက်ကာ အလောင်းတော်ကို ပန်းနှံ့သာ တို့ဖြင့် ပူဇော်လေသည်။ ပေဿဝတီသည် ပန်းနှံ့သာတို့ ပူဇော်ပြီး နောက် အလောင်းတော်ကို ရှိခိုးကာ ရပ်တည်နေလေသည်။

ထိုအချိန်တွင် အလောင်းတော် သင်္ဂြိုဟ်ပွဲသို့ လာရောက်ကြ သော မင်းညီမင်းသားတို့၏ ဆင်တစ်ကောင်သည် မုန်ယစ်ကာလွတ် လေသည်။ လူထုပရိသတ်ထဲသို့ တိုးဝင်လာ၍ လူတို့သည် ကြောက်လန့် တကြား‌ဖြစ်ကြကာ တိုးဝှေ့ ပြေးလွှားကြသည်။ ပေဿဝတီသည် လူတိုးခံရပြီး လဲကျသွားလေရာ၊ လူအများအနင်းခံရပြီး သေဆုံးရ လေသည်။

ပေဿဝတီသည် အလောင်းတော်ကို ကြည်ညိုသောစိတ်ဖြင့် ပူဇော်စဉ် သေဆုံး၍ တာဝတိံသာနတ်ပြည်ဝယ် နတ်သမီး တစ် ထောင်ရှိသော နတ်သမီး ချက်ချင်း ဖြစ်လေသည်။

www.dhammaransi.com

## အသက်စွန့်၍ ရှာလိုက်ရသော သရက်သီး

ရာဇဂြိုဟ်ပြည့်ရှင် ဝေဠုဝန်ကျောင်းဒါယကာဘုရင် ဗိမ္ဗိသာရသည် သရက်သီးအချိန်မဟုတ်ဘဲ သရက်သီးစားချင်သောဆန္ဒ ဖြစ်ပေါ်လျက်ရှိသည်။ သို့အတွက် ဥယျာဉ်မှူးကိုခေါ်ကာ ဤသို့ မေးလေသည်။

"အချင်း....ဥယျာဉ်စောင့်၊ ငါသည် သရက်သီးကို စားလိုသည်၊ သင်သည် ငါ့ကို သရက်သီးရအောင်ရှာ၍ ဆက်သစေချင်ပါသည်"

"အရှင်မင်းကြီး....ယခုချိန်ခါမျိုး၌ သရက်ပင်၌ သရက်သီး မရှိပါ၊ သို့သော် ကျွန်တော်မျိုးသည် အလိုတော်အတိုင်း ရအောင်ရှာကြံ၍ ဆက်သပါမည်၊ အရှင်မင်းကြီး အချိန်အနည်းငယ်တော့ စောင့်ပါ၊ မကြာခင် သရက်သီးတို့ သီးရန် ကျွန်ုပ်ပြုလုပ်ပါမည်"

"အချင်း...ကောင်းပြီ၊ သင်လျှောက်တင်သည့် အတိုင်း လျင်မြန်စွာ ရှာကြံယူ၍ ဆက်သပါမလော့"

ဥယျာဉ်စောင့်သည် ဥယျာဉ်တော်သို့ သွားကာ သရက်ပင်ရင်းတို့၌ မကောင်းသောမြေတို့ကို တူးဆွဖယ်ထုတ်ပြီး ကောင်းသောမြေကို လောင်းထည့်ပေးသည်။ ကောင်းသောရေကို သွန်းလောင်းပေးသည်။ ထိုသို့ ပြုပြင်ပေးလိုက်သော် မကြာခင် ရွက်ဟောင်းတို့သည် ကြွေကြကုန်သည်။ ထိုအခါ ပထမထည့်ထားသော မြေစာဟောင်းတို့ကို ဖယ်ရှားပြီး ဖက်လက်ဆိစုပ်ဖက်တို့နှင့် ရောနှောသော ပကတိသောမြေတို့ကို လောင်းထည့်ပြီးလျှင် ကောင်းသော ရေကို သွန်းလောင်းပေးပြန်လေသည်။ မကြာခင် သရက်ပင်တို့သည် အဖူး၊ အညွန့်များ၊ ရွက်သစ်များထွက်ကာ မကြာခင် အဖူးများ ပွင့်ပြီး အသီးများ သီးကြလေသည်။

www.dhammaransi.com



တစ်ပင်သောသရက်ပင်၌ ရွှေဝါရောင် အဆင်းကဲ့သို့သော အနံ့ အရသာနှင့် ပြည့်စုံသော သရက်သီး လေးလုံးတို့ သီးလေသည်။

ဉယျာဉ်စောင့်သည် သရက်သီး လေးလုံးတို့ကို ဆွတ်ခူးကာ မင်းကြီးထံ ဆက်သရန် ထွက်ခွာလာခဲ့လေသည်။ လမ်းခရီးတွင် ဆွမ်းအလို့ငှာ ထွက်ခွာလာသော ရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီးနှင့်တွေ့၍ ဤသို့ စိတ်အကြံဖြစ်လေသည်။

"ဤသရက်သီးတို့သည် မွန်မြတ်သော သရက်သီးတို့ဖြစ်သည်၊ ဤသရက်သီးကို အရှင်မြတ်မောဂ္ဂလာန်အား လှူဒါန်းအံ့၊ ငါ့ကို ဗိမ္ဗိသာရ သတ်လိုက သတ်ပါစေတော့၊ တိုင်းပြည်က နှင်ထုတ်လျှင်လဲ နှင်ထုတ်ပါစေတော့၊ မင်းကြီးအား ဆက်သသည် ရှိသော် အနည်းငယ်သော ဆုတော် ရ၍ မျက်မှောက်အကျိုး ဖြစ်လတ္တံ့၊ မထေရ်မြတ်အား လှူဒါန်းသော် ဤမျက်မှောက်ဘဝ၌ လည်းကောင်း၊ နောင်တမလွန်ဘဝ၌လည်းကောင်း အတိုင်းအရှည် မသိသော အကျိုးကို ရရှိခံစားရ လတ္တံ့"

ဉယျာဉ်စောင့်သည် ဤသို့ကြံစည်ပြီးနောက် သရက်သီး လေးလုံးကို အရှင်မောဂ္ဂလာန် မထေရ်မြတ်အား လှူဒါန်းလိုက်လေသည်။

ထို့နောက် ဗိမ္ဗိသာရဘုရင်ထံသို့ ပင်ရောက်ခစားကာ အကျိုးအကြောင်းကို လျှောက်ထားလေသည်။ မင်းကြီးသည် မင်းချင်းတစ်ယောက်ကို ခေါ်၍ ဉယျာဉ်စောင့် လျှောက်ထားသောစကား ဟုတ်,မဟုတ်ကို စုံစမ်းခိုင်းလေသည်။

ရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်သည် သရက်သီးလေးလုံးကို ဘုရားရှင်အား လှူဒါန်းလေသည်။ ဘုရားရှင်သည် သရက်သီး တစ်လုံးကို ရှင်သာရိပုတ္တရာမထေရ်အားလည်းကောင်း၊ တစ်လုံးကို

www.dhammaransi.com



ရှင်မောဂ္ဂလာန်အားလည်းကောင်း၊ တစ်လုံးကို ရှင်မဟာကဿပ မထေရ်အားလည်းကောင်း ပေးသည်။ ကျန်တစ်လုံးကို ဘုရားရှင် ကိုယ်တော်တိုင် သုံးဆောင်တော်မူသည်။

စုံစမ်းကြသော မင်းချင်းတို့သည် ထိုအကြောင်းကို သိကုန်၍ မင်းကြီးထံ ပြန်လည်လျှောက်ထားကြလေသည်၊

"ဤယောကျ်ားသည် ရဲရင့်ပေစွ၊ မိမိအသက်ကိုပင် စွန့်လွှတ်၍ ကုသိုလ်ကောင်းမှုကိုလည်း ဆည်းပူးပြုစုသည်။ မိမိပင်ပန်းရသော အကျိုးကိုလည်း အကျိုးရှိအောင် ပြုလုပ်တတ်ပေသည်"

ဘုရင်ဗိမ္ဗိသာရသည် ဤသို့ဆိုလျက် နှစ်သက် သဘောကျသော စိတ်ရှိသည်ဖြစ်၍ ဥယျာဉ်စောင့်ကို ရွာ တစ် ရွာ ကို လည်းကောင်း၊ အဝတ်ပုဆိုးတို့ကိုလည်းကောင်း ဆုပေးသနားသည်။

"အချင်းဥယျာဉ်စောင့်၊ သင်သည် သရက်သီးအလှူဖြင့် ကုသိုလ်ကောင်းမှုကို ဆည်းပူးသည်၊ ထိုကုသိုလ်အဖို့ကို ငါ့အားလည်း အမျှပေးဝေပါ"

"အရှင်မင်းကြီး ပေးဝေပါအံ့၊ အလိုရှိတိုင်း ကောင်းမှု၏ အဖို့ဘာဂကို ယူတော်မူပါဘုရား"

နောင်အခါ ဥယျာဉ်စောင့် စုတေသောအခါ တာဝတိံသာ နတ်ပြည်၌နတ်သားဖြစ်လေသည်။ သရက်သီးလှူဒါန်းသော ကုသိုလ် ကောင်းမှုကြောင့် ဖလဒါယကနတ်သားဟု ထင်ရှားလေသည်။

❁

www.dhammaransi.com

# ဆွမ်းတစ်နပ် အလှူ။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေထိုင်စဉ် အချိန်ကာလဖြစ်သည်။

ဘုရားရှင်သည် ဘုရားရှင်တို့၏ဓလေ့ မဟာကရုဏာတော်အရ နံနက်မိုးသောက်ကာလ မဟာကရုဏာသမာပါတ်ဖြင့် လောကကို ကြည့်ရှုသည်ရှိသော်....

မရုဓပြည်၌ တစ်ယောက်သော အမျိုးသမီးငယ်သည် လူသက်တမ်း ကုန်ဆုံးပြီးလျှင် သေသောအခါ အပါယ်ငရဲ၌ ကျရောက်မည့် အဖြစ်ကို မြင်တော်မူလေသည်။

သို့အတွက် ဘုရားရှင်သည် ထိုအမျိုးသမီးငယ်ကို အပါယ်ဘေးမှ ကယ်တင်လိုသော မဟာကရုဏာတော်ဖြင့် မဓုရပြည်သို့ နောက်ပါ သံဃာမပါ တစ်ပါးတည်းဖြင့် ကြွတော်မူလေသည်။

ထိုအချိန်တွင် မိန်းမငယ်သည် စားသောက်ဖွယ်ရာ အစားအသောက်တို့ကို ချက်ပြုတ်ပြီးစီး၍ ရေခပ်ရန် ထွက်လာခဲ့သည်။

ရေခပ်မှ အပြန်လမ်းခရီးတွင် ဘုရားရှင်ကို ဖူးတွေ့ရသည်၊ အမျိုးသမီးငယ်သည် ဘုရားရှင်ကို ဖူးတွေ့ရသောအခါ အလွန်ကြည်ညို ဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်၍ ဘုရားရှင်အနီးသို့ ချဉ်းကပ်ကာ –

"အရှင်ဘုရား ဆွမ်းရလာပြီလားဘုရား"

ဟု လျှောက်ထားသည်။

"ရပါလိမ့်မည်"

"အရှင်ဘုရား တပည့်တော်မသည် ဆွမ်းလှူလိုပါသည် ဘုရား၊ တပည့်တော်မ၏ ဆွမ်းအလှူကို ခံယူတော်မူပါ ဘုရား"

www.dhammaransi.com



ဘုရားရှင်သည် ဆိတ်ဆိတ်နေ၍ သည်းခံတော်မူသည်။

မိန်းမငယ်သည် ဘုရားရှင်လက်ခံသည်ကို သိသောအခါ ရှေးမှအိမ်သို့ အမြန်ပြန်ပြီး ဘုရားရှင်အတွက် နေရာထိုင်ခင်းကို စီစဉ်ပြီးလျှင် ဘုရားရှင် ကြွလာမည့်လမ်းကို မျှော်ကြည့်နေလေသည်။

ဘုရားရှင် ကြွလာသောအခါ အမျိုးသမီးသည် ခင်းထားသော နေရာသို့ ပင့်သည်၊ ထိုနောက် ဘုရားရှင်ကို ဆွမ်းဘောဇဉ်တို့ဖြင့် လုပ်ကျွေးဆက်ကပ် လှူဒါန်းလေသည်။ ဘုရားရှင်သည် ဆွမ်းကိစ္စပြီးသောအခါ အမျိုးသမီးငယ်ကို ဆွမ်းအနုမောဒနာတရား ဟောတော်မူသည်။

အမျိုးသမီးငယ်သည် ဘုရားရှင်၏ ဆွမ်းအနုမောဒနာတရားကို အလွန်နှစ်သက် ဝမ်းမြောက်ပြီးလျှင် အတိုင်းထက်လွန်သော ပီတိသောမနဿကို ခံစားရလျက် ဘုရားရှင်ကြွသွားသည်ကို မျက်စိတဆုံးကြည့်ပြီး ကြည်ညိုမိနေလေသည်။

ထိုအမျိုးသမီးငယ်သည် ထိုဆွမ်းတစ်နပ်လှူပြီးနောက် ညနေချိန်တွင် ဒလထိုးကျင်အောင့်သော ရောဂါဖြင့် ရုတ်တရက် သေဆုံးလေသည်။

သေဆုံးခဏဝယ် အိပ်သောယောကျ်ား နိုးသော်လားကဲ့သို့ တာဝတိံသာနတ်ပြည်ဝယ် ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းတောက်ပပြီး အခြံအရံ ပေါများသော နတ်သမီးတစ်ပါး ဖြစ်ရလေသည်။

ထိုအမျိုးသမီးငယ်သည် ရှေးက မည်သည့်ဒါနမှ မပြုဖူး၊ သီလလည်း မဆောက်တည်ဖူး ပါလျက် အလွန် သန့်ရှင်း စင်ကြယ်သော ဘုရားရှင်ကို တစ်ကြိမ်လှူဒါန်းရုံမျှဖြင့် နတ်ပြည်သို့ ရောက်ရလေသည်။

သို့အတွက် လောကဝယ် စေတနာ သဒ္ဓါတရား ကြည်လင်မှုနှင့် အလှူခံပုဂ္ဂိုလ်၏ သီလစင်ကြယ်မှု၊ မွန်မြတ်မှုတို့ ဆုံတွေ့ရမှုသည်

www.dhammaransi.com


လယ်ယာမြေကောင်း၌ မျိုးစေ့ကောင်းချ၍ စိုက်ပျိုးသူအား အရသာရှိသော ကောင်းမွန်သော အသီးကို စားရသကဲ့သို့ ကောင်းမြတ်သော များပြားသော အကျိုးစီးပွားတို့သည် ချိုက်ချင်းလက်ငင်း ခံစားကြရသည်သာ ဖြစ်ပါသည်။

○

## တခါ် သရုကာဂုံ တည်ဆောက်သူ၏ ကောင်းမှုကုသိုလ်

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေစဉ် ဖြစ်ပါသည်။ သေတဗျရွာ၌ အမျိုးအမည်အားဖြင့် မထင်ရှားသော ပုဏ္ဏားတစ်ဦး၌ ဆတ္တာအမည်ရှိသော သားတစ်ယောက် ရှိသည်။

ထိုဆတ္တာ ပုဏ္ဏားလုလင်သည် အရွယ်ရောက်သော် အဖ၏ စေလွှတ်ချက်အရ ဥက္ကဋ္ဌမြို့သို့ သွား၍ ပေါက္ခရသာတိ ပုဏ္ဏားကြီး ထံတွင် ဗေဒင် အတတ်ပညာတို့ကို သင်ယူလေသည်။ ပညာပါရမီလည်းရှိ၊ လုံ့လဝီရိယလည်းရှိ၍ မကြာမြင့်မီ ပုဏ္ဏားတို့တတ်အပ်သော အတတ်ပညာအားလုံးတတ်မြောက်၍ ပညာသင်ခြင်းကိစ္စပြီးမြောက် လေသည်။

ဆတ္တာလုလင်သည် ဆရာကို ရိုသေစွာရှိခိုး၍ ဤသို့ မေးမြန်း လေသည်။

"ကျွန်ုပ်သည် ဆရာထံ၌ အတတ်ပညာတို့ကို သင်ယူခဲ့ရာ ယခု တတ်မြောက်ခဲ့ပါပြီ၊ ဆရာတို့အတွက် ဆရာအဖိုးအခကို အဘယ်မျှ ပေးရပါမည်နည်း"

"တပည့်....ဆရာတို့အတွက် အဖိုးအခ မည်သည်ကား တပည့်၏ ပစ္စည်းဥစ္စာ ချမ်းသာဆင်းရဲကိုကြည့်၍ ပေးရသည်၊

www.dhammaransi.com



ထို့ကြောင့် သင်သည် ဥစ္စာအင်အား ရှိသူဖြစ်က အသပြာ တစ်ထောင် ယူခဲ့ပါ"

ဆတ္တာလုလင်သည် ဆရာကို ရိုသေစွာရှိခိုးပြီးလျှင် မိဘရပ်ရွာသို့ ပြန်ခဲ့သည်။ မိဘတို့ကို ရိုသေစွာရှိခိုး၍ ပညာတတ်ခဲ့ပြီအကြောင်းကို ပြောပြသည်။ မိဘတို့သည်လည်း အလွန်နှစ်သက် ဝမ်းမြောက်ကြလေသည်။ ထို့နောက် ဆတ္တာလုလင်သည် ပညာသင်ခအတွက် ဆရာကို ပူဇော်ရမည့် အဖိုးအခကို မိဘတို့အား ပြောကြားသည်။

"ကျွန်ုပ်အား ဆရာ့အတွက် ပေးသင့် ပေးထိုက်သော အသပြာတစ်ထောင်ကို ပေးပါ၊ ယနေ့ပင် ဆရာထံသို့ ပြန်၍ အသပြာကို ပေးပါမည်"

"ချစ်သား....ယနေ့အဖို့ အချိန်မရှိတော့ပါ၊ နက်ဖြန်မှ သွားပါ"

မိဘတို့သည် ဤသို့ပြောပြီးလျှင် အသပြာတို့ကို ထုပ်၍ ထားလေသည်။ ခိုးသူတို့သည် ထိုအကြောင်းကို ကြားသိ၍ ဆတ္တာလုလင်ကိုသတ်၍ ဥစ္စာထုပ်ကို ယူကြရန် တိုင်ပင်ပြီး နောက်နေ့ စောစောတွင် ဆတ္တာလုလင်ဖြတ်သွားမည့် တောအုပ်တစ်နေရာမှ စောင့်နေကြလေသည်။

ထိုအခါ ဘုရားရှင်သည် နံနက်မိုးသောက်၌ မဟာကရုဏာသမာပတ်မှထ၍ လောကကို ကြည့်သည်ရှိသော် ဆတ္တာလုလင်၏ သရဏဂုံ၌ တည်မှု၊ သီလတို့၌ တည်မှု မြင်ပြီးနောက် ခိုးသူတို့သတ်၍ သေသောအခါ နတ်ပြည်၌ ဖြစ်မည်ကို သိတော်မူ၍ ဆတ္တာလုလင်လာရာ လမ်းခရီးတစ်ခုသော သစ်ပင်ရင်း၌ သီတင်းသုံး နေထိုင်တော်မူလေသည်။

www.dhammaransi.com



"ဘယ်အရပ်သို့ သွားမည်နည်း"

ဆတ္တာလုလင်သည် ဆရာကိုပူဇော်ရန် အသပြာထုပ်ကို ယူ၍ ဥက္ကဋ္ဌရွာသို့ ရှေးရှုလာခဲ့စဉ် တစ်ခုသော သစ်ပင်ရင်း၌ သီတင်းသုံးနေသော ဘုရားရှင်ကို မြင်ရသောအခါ အနီးသို့သွားလေသည်။

"အရှင်ဂေါတမ တပည့်တော်၏ ဆရာဖြစ်သော ပေါက္ခရသာတိပုဏ္ဏားကြီးအား ဆရာအတွက်ပူဇော်ရန် ဥက္ကဋ္ဌရွာသို့ သွားပါမည်"

"လုလင် သင်သည် သရဏဂုံ သုံးပါးကိုလည်းကောင်း၊ ငါးပါးသော သီလတို့ကိုလည်းကောင်း သိပါသလော"

"အရှင်ဘုရား မသိပါ"

ဘုရားရှင်သည် ဆတ္တာလုလင်ကို သရဏဂုံသုံးပါးအကြောင်းကိုလည်းကောင်း၊ ငါးပါးသီလ အကြောင်းကိုလည်းကောင်း အကျယ်တဝင့် ဟောကြားတော်မူလေသည်။

ပညာပါရမီခံ ရင့်သန်ခဲ့သော ဆတ္တာလုလင်သည် ဘုရားရှင်ဟောကြားအပ်သော သရဏဂုံ သုံးပါး၊ ငါးပါးသီလ အကျိုးအပြစ်တို့ကို ကောင်းစွာသိရှိပြီး ဖြစ်လေသည်။ ဘုရားရှင်သည် ဆတ္တာလုလင်ကို သရဏဂုံတည်ပုံ၊ ငါးပါးသီလ ဆောက်တည်ပုံတို့ကိုလည်းကောင်း ဆက်လက်သင်ကြားပေးလေသည်။

ဆတ္တာလုလင်သည် သရဏဂုံနှင့် ငါးပါးသီလ ဆောက်တည်မှုကို ကောင်းစွာတတ်သိပြီးသောအခါ ဘုရားထံ ခွင့်ပန်၍ ဆက်လက် ထွက်ခွာခဲ့သည်။ လမ်းတစ်လျှောက်လုံးလည်း ရတနာသုံးပါးဂုဏ်ကို အောက်မေ့လျက် သရဏဂုံကို ရွတ်ဆို၍ သွားလေသည်။

ဆတ္တာလုလင်သည်ဆက်လက်ခရီးထွက်လာသည်တွင် ခိုးသူတို့ ပုန်းအောင်းနေသော နေရာသို့ရောက်လျှင် တစ်ယောက်သောခိုးသူ

www.dhammaransi.com



သည် ချုံကြားမှ အဆိပ်လူးမြားဖြင့် ပစ်ခတ်ရာ ဆတ္တာလုလင်သည် ထိုအဆိပ်ဒဏ်ဖြင့်ပင် ကွယ်လွန်လေသည်။

ဆတ္တာလုလင်သည် တာဝတိံသာနတ်ပြည်၌ အိပ်သော ယောကျ်ား နိုးသည့်လားသို့ နတ်သမီးတစ်ထောင်ခြံရံလျက် လှည်း အစီးတိုက်များစွာ အခြံအရံရှိသော အဆင်းတန်ဆာတို့ကို ဝတ်ဆင် သောနတ်သား ဖြစ်လာလေသည်။

ဆတ္တာလုလင် သေလွန်သည့် အကြောင်းကို တွေ့ကြသော သူတို့သည် သေတဗျရွာသို့သွား၍ ဆတ္တာလုလင်၏ မိဘတို့ကိုလည်း ကောင်း၊ ဥက္ကဋ္ဌရွာသို့သွား၍ ပေါက္ခရသာတိပုဏ္ဏားကြီးကိုလည်း ကောင်း အကြောင်းကြားကုန်လေသည်။ ဆတ္တာလုလင်၏ မိဘ ဆွေမျိုးများတို့သည်လည်းကောင်း၊ ပေါက္ခရသာတိပုဏ္ဏားကြီးနှင့် နောက်ပါ အခြွေအရံတို့သည်လည်းကောင်း ပူဆွေးငိုကြွေးကြလျက် ဆတ္တာလုလင်သေရာ နေရာသို့ လာရောက်ကြလေသည်။

ဆတ္တာလုလင် သေဆုံးသောနေရာသို့ သေတဗျရွာသားများ၊ ဥက္ကဋ္ဌရွာသားများ၊ ဣစ္ဆာနင်္ဂလရွာသားများ စုဝေးရောက်လာကြ ရာ ပရိသတ် အစုအဝေးကြီးသည် ကြီးမားစွာဖြစ်လေသည်။ ဆတ္တာ လုလင်၏ မိဘတို့သည် လမ်းခရီး မနီးမဝေးတွင် ဆတ္တာလုလင်ကို မီးသင်္ဂြိုဟ်ရန် ထင်းပုံကို စီမံကြလေသည်။

ထိုအချိန်မှာပင် ဘုရားရှင်သည် သံဃာတော်များနှင့်အတူ ဆတ္တာလုလင် သင်္ဂြိုဟ်ရာသို့ ကြွရောက်ခဲ့သည်။

ဆတ္တာမာဏဝနတ်သားသည် မိမိရရှိသော နတ်စည်းစိမ်ကို ဆင်ခြင်သည်ရှိသော် သရဏဂုံ သုံးပါး၌တည်ခြင်းကိုလည်းကောင်း၊ ငါးပါးသီလ ဆောက်တည်ခြင်း၏ အကျိုးတို့ကိုလည်းကောင်း သိရှိ ကာ လွန်စွာအံ့ဩသောစိတ်ဖြစ်ကာ ဘုရားရှင်အား ကြည်ညိုသော သဒ္ဓါတရားသည် လွှမ်းမိုးသွားလေသည်။

www.dhammaransi.com



"ငါသည် ယနေ့ပင် ဘုရားရှင်နှင့် သံဃာတော်တို့ကို သွား ရောက်ဖူးမြော်အံ့"

ဤသို့လျှင် ဆတ္တာမာဏဝနတ်သားသည် အခြံအရံနှင့်တကွ ဘုရားထံသို့ ရောက်လာခြင်း ဖြစ်သည်။

ဘုရားရှင်သည် ဆတ္တာမာဏဝ နတ်သားကိုလည်းကောင်း၊ ထိုအရပ်၌ အစည်းအဝေးရောက်လာသော နတ်ပရိသတ်တို့ကိုလည်း ကောင်း အလိုအဇ္ဈာသယကို ကြည့်တော်မူ၍ အစဉ်အတိုင်း သစ္စာ တရားတော်ကို ဟောကြားတော်မူလေသည်။

သစ္စာတရားတော်၏အဆုံး၌ ဆတ္တာမာဏဝ နတ်သားသည် လည်းကောင်း၊ ဆတ္တာမာဏဝလုလင်၏ မိဘတို့သည်လည်းကောင်း၊ သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။ လူအပေါင်းတို့သည်လည်း သစ္စာတရားကို သိမြင်ကြကုန်လေသည်။

ဆတ္တာမာဏဝနတ်သားသည် မိမိ သောတာပန်တည်သော အဖြစ်ကိုသိပြီးနောက် ဘုရားရှင်နှင့် သံဃာတော်တို့ကို ရိုသေစွာ ရှိခိုးလျက် လူ့ဘဝ မိဘတို့ကိုပြန်ကြားကာ နတ်ပြည်သို့ ပြန်လေ သည်။

ဘုရားရှင်သည် ရဟန်းသံဃာနှင့်အတူ နေရာမှထကာ ကြွ သွားတော်မူလေသည်။ လုလင်၏မိဘတို့သည်လည်းကောင်း၊ ပေါက္ခ ရသာတိပုဏ္ဏားကြီးနှင့် အခြံအရံတို့သည်လည်းကောင်း၊ အလုံးစုံ သော လူအပေါင်းတို့သည်လည်းကောင်း သူ့ရားရှင်နောက်သို့ အစဉ်လိုက်၍ လှည့်ကာပြန်ခဲ့ကြလေသည်။

www.dhammaransi.com

# တဒင်္ဂ ကြည်ညိုခွင့်ရသူ

ကျွန်ုပ်၏ အဖေသည် သာဝတ္ထိမြို့တွင် တစ်စုံတစ်ယောက်သောသူအား တစ်စုံတစ်ခုသောပစ္စည်းကိုမျှမပေးခဲ့ဖူး၍ အဒိန္နကလို့ ခေါ်ကြပါတယ်။ အဖေဟာ သာဝတ္ထိမြို့မှာ ပုဏ္ဏားမျိုး သူဌေး တစ်ဦးပါ။

အဖေဟာ တကယ်တော့ ပစ္စည်းတွယ်တာမက်မောသူတစ်ဦး ဖြစ်ပြီး အလှူအတန်းကို စိတ်မဝင်စားပါဘူး၊ သာဝတ္ထိပြည်မှာ နေလို လှလို ထင်ရှားပေါ်နေတဲ့ ဘုရားရှင်ကိုလည်း ဥပေက္ခာပြုပြီး မသိကျိုးကျွံပြုနေပါတယ်။ ဘုရားရှင်ကို ထားတော့၊ မိမိအမျိုး အနွယ် ပုဏ္ဏားတို့ကိုပင် ပေးလှူခြင်း မရှိခဲ့ပါဘူး။

ကျွန်တော်တို့ကိုလဲ ဘုရားရှင်ကို မဖူးဖို့၊ မပေးလှူဖို့ အမြဲ ဩဝါဒ ပေးခဲ့ပါတယ်။ အဖေဟာ ဘယ်လောက် ကပ်စေးနှဲသလဲ ဆိုရင် သားတစ်ယောက်တည်းသာ ရှိတဲ့ ကျွန်ုပ်ကိုပင် ကောင်း ကောင်း ဝတ်စားဆင်ယင် မပေးခဲ့ပါဘူး၊ မတန်တဆ နားတောင်း ကြီးကို ဝတ်ဆင် ပေးထားတဲ့အတွက် ပတ်ပန်းကျင်က ကျွန်ုပ်ကို သားနား ့ နားတောင်းကြီးနဲ့လူ ဆိုပြီး ချီးမွမ်းသလိုလိုနဲ့ နာမည် ပြောင် အမည်ပေးထားကြပါတယ်။

တစ်နေ့မှာ ကျွန်ုပ် ရောဂါဖြစ်ပါတယ်၊ ဖခင်သူဌေးကြီးက ကပ်စေးနှဲသူဆိုတော့ ဆေးဝါ ကုသရင် ငွေကုန်မှာစိုးတော့ ဆရာ လည်း ပင့်ပြီး မကုဘူး၊ ဆေးဝါးလည်း ဝယ်ပြီး မကျွေးပါဘူး။

အဲဒါနဲ့ ကျွန်တော့်ရဲ့ရောဂါဟာ တဖြည်းဖြည်း ပြင်းထန် သထက် ပြင်းထန်လာပြီး ရောဂါကလည်း ကျွမ်းသထက် ကျွမ်း လာပါတယ်။ ကျွန်ုပ် မစားနိုင် မသောက်နိုင် သေလုနီးပါး ဖြစ် လာပါပြီ။

www.dhammaransi.com



မေမေကတော့ သားအတွက် စိုးရိမ်သောက ဝင်ပြီး မျက်ရည်လေး တစစနဲ့ပေါ့။ ဒါပေမယ့် ဖေဖေကိုလည်း မပြောရဲရှာဘူး၊ ကျွန်ုပ်တို့ ဇာတိ မျိုးနွယ်ရဲ့ သဘောက် မိန်းမတွေဟာ ယောကျ်ားဩဇာကို ဘာမျှ ပြန်လှန်ပြောခွင့် မရှိဘူး မဟုတ်လား၊ မိခင်ကတော့ တစ်ဦးတည်းသော သားအတွက် ရင်နင့်အောင် ခံစားနေရပေမယ့် ဖခင်ကို ဘာမျှ ပြောခွင့် ဆိုခွင့် မရှိလေတော့ ကြိတ်ပြီး ငိုကြွေးနေရုံမှတစ်ပါး အခြား မတတ်နိုင်ပါဘူး။

ကျွန်ုပ် သေလုမတတ် ဖြစ်နေတော့ မိခင်ကြီး သည်းမခံနိုင်တော့ပါဘူး။ ဖခင်ကို အရဲစွန့်ပြီး ဆရာပင့်ပြီး ဆေးဝါးကုသဖို့ တိုက်တွန်းပြောရှာပါတယ်။

ကျွန်ုပ် ဖခင် ဦးကပ်စေးကတော့ ဆရာပင့်ဖို့ စိတ်မကူးပါ ကပ်စေးတဲ့နေရာမှာ စံထိုက်တဲ့ ပုဂ္ဂိုလ်ပါ။ ဆေးဆရာထံ သွားပြီး ဒီလို ရောဂါမျိုး ဖြစ်လာရင် ဘယ်လို ကုရသလဲ ဆိုပြီး ဆေးနည်း သွားမေးသတဲ့။ မေးပြီးတော့ သူကိုယ်တိုင် သစ်သီး သစ်ခေါက် သစ်ရွက် သွားရှာပြီး သူကိုယ်တိုင် ဆေးဖော်ပြီး ကျွန်ုပ်ကို တိုက်ကျွေးပါတယ်။

ရောဂါ အခြေအနေကို တတ်သိ နားလည်တဲ့ ဆရာကို မပြဘဲ ဆရာပြောလိုက်တဲ့ ဆေးနည်းကို သူဘာသာသူ ဖော်စပ်ပြီး ကုသတဲ့အတွက် ကျွန်ုပ်ရောဂါဟာ မသက်သာပါဘူး၊ ဆိုးသထက် သာ ဆိုးလှပါတယ်။

ဒီလိုနဲ့ ကျွန်ုပ်ဟာ သေအံ့မူးမူး ဖြစ်လှပါပြီ။

ကျွန်ုပ်ဖခင် ဦးကပ်စေးအတွေးက ငါ့သားတော့ သေတော့မှာ အမှန်ပဲ၊ ငါ့သားသေရင် ဘေးက လူတွေက သတင်းလာမေးကြမယ်၊ သူတို့ သတင်းလာမေးရင် ငါ ဆေးလိပ် စသည် ဧည့်ခံရဦးမယ်၊ အလောင်း ထုတ်ဖို့ အလုပ်သမားတွေ စသည် ငှားရဦးမယ်၊ အဲဒီတော့ အဲဒီအတွက် ငွေမကုန်ရလေအောင် ယခုကတည်း

www.dhammaransi.com



က အပြင်ထုတ်ထားတာ ကောင်းတယ်လို့ တွေးပြီး ကျွန်ုပ်ကို အိမ်အပြင် ထုတ်ထားလိုက်ပါတယ်။

ကျွန်ုပ်ဟာ ဆေးယဲဇော စောနေပါပြီ။

ထိုအချိန်မှာ ဘုရားရှင်ဟာ နံနက်မိုးသောက် မဟာကရုဏာ သမာပတ်မှ ထ၍ လောကကို ကြည့်တဲ့အခါမှာ ယနေ့ပင် သေတော့မည့် သေပြီး ငရဲရောက်ရမည့် ကျွန်ုပ်ကို တွေ့မြင်တော်မူသွားပါတယ်။

ဘုရားရှင်ဟာ အနာဂတ်ကာလတွင် ကျွန်ုပ်၏ မှီခိုရာ ဖခင် အကျွတ်တရားရရာ အများသူတို့ သစ္စာလေးပါး သိဖို့ရာ အထောက် အပံ့ကို သိမြင်တော်မူပြီး သပိတ် သင်္ကန်းယူပြီး နောက်ပါ ရဟန်း အပေါင်း ခြံရံလျက် သာဝတ္ထိမြို့ထဲသို့ ဆွမ်းခံဝင်တော်မူပါတယ်။

ဘုရားရှင်ဟာ ကျွန်ုပ်တို့ အိမ်နားရောက်တော့ ခြောက်ဖြာ သော ရောင်ခြည်တော်ကို ကျွန်ုပ်ထံ ဧလွှတ်ပေးတော်မူပါတယ်။

''ဤ ရှုမငြီးဖွယ် အသွယ်သွယ် ပဝင်းသောအရောင်အဆင်း တို့သည် ဘယ်က လာသနည်း''၊ ကျွန်ုပ်သည် ရောင်ခြည်လာရာကို စူးစမ်းလှေ့လာ ကြည့်ပါသည်။ ကျွန်ုပ်သည် ဘုရားရှင်၏ ခြောက် သွယ်သော ရောင်ခြည်ကို ဟိုမှ သည်မှ လှေ့လာ ကြည့်မိပါသည်။

ဟော– ဖူးတွေ့ရပါပြီ၊ ကောင်းမြတ် တင့်တယ် သပ္ပာယ် တော်မူလှသောဘုရားရှင်ကို ကျွန်ုပ်အိပ်ရာ သေရာ ညောင်စောင်းမှ ဖူးတွေ့ လိုက်ရပါပြီ။ စိတ်ထဲမှာ ကြည်နူးမှု နှစ်သိမ့်မှုသည်လည်း ကျွန်ုပ်တသိမ့်သိမ့် ခံစားလိုက်ရပါသည်။

ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရား သည် ငါ့ထံသို့ ကြွရောက်တော်မူလာ၏။ ရှုစမ်းပါလော့–ဤကား မြတ်စွာဘုရား၏ ရူပကာယတော်၏ ပြည့်စုံခြင်းပေတည်း၊ မိမိ၏ တန်ခိုးတော်ဖြင့် နေမင်းကိုသော်လည်း လွှမ်းမိုးနိုင်၏၊ နှစ်သက်

www.dhammaransi.com



အပ်သည် အဖြစ်ကြောင့် လမ်းကိုလည်း လွှမ်းမိုးနိုင်၏၊ ကိုယ်တော်၏ ငြိမ်သက်ခြင်းဖြင့် အလုံးစုံသော ရဟန်း ပုဏ္ဏားတို့ကို ငြိမ်သက်စေနိုင်ပေ၏ဟူသော ပုဂ္ဂိုလ်သည် ဤပုဂ္ဂိုလ်ပင် ဖြစ်ရာ၏။ ဤလောကတွင် အမြတ်ဆုံး ပုဂ္ဂိုလ် ဟူသည်ကား ဤပုဂ္ဂိုလ်ပင်လျှင်တည်း၊ ငါ့ကို သနားစောင့်ရှောက်သောအားဖြင့် ဤအရပ်သို့ကြွလာသည် ဖြစ်ရမည်။

ကျွန်ုပ်သည် ဤသို့ စဉ်းစားမိပြီး ဘုရားရှင်ကို မျက်ခြည်မပြတ် အာရုံစူးစိုက်ထားကာ တစ်ကိုယ်လုံး ဝမ်းမြောက်ကြည်လင်သော စိတ်များ တသိမ့်သိမ့် ခံစားကာ ဘုရားရှင်ကို လက်အုပ်ချီပြီး ကန်တော့မိလိုက်ပါသည်။

ကျွန်ုပ် လက်အုပ်ချီ ကန်တော့နေစဉ်မှာပင် ဘုရားရှင်သည် ကျွန်ုပ်နားက ကွယ်ပျောက်သွားပါသည်။ ကျွန်ုပ်ရင်ထဲဝယ် ဘုရားရှင်အပေါ် ကြည်ညိုသော ပီတိကား တသိမ့်သိမ့် ခံစားလျက်ကျန်ရစ်ရင်း ကျွန်ုပ်၏ ဝိညာဉ်သည် အလွန်တရာခမ်းနားတောက်ပြောင်ထွန်းလင်းသော နတ်ဘုံနတ်ဗိမာန်များကို တွေ့မြင်ရလျက် ဤလူ့ဘဝကို လွန်မြောက်ခဲ့ပါသည်။

အိပ်သောယောကျ်ား နိုးသော်လားကဲ့သို့ တာဝတိံသာနတ်ပြည်ဝယ် ကြီးကျယ်ခမ်းနားသော နတ်ဘုံဗိမာန်ဝယ် အရောင်အဝါ အဆင်းထွန်းလင်းတောက်ပသော နတ်သားအဖြစ် ရောက်ရှိခဲ့ပါတော့သည်။

ဘဝနေဝင်ခါနီး ဘုရားရှင်က လာရောက်ကယ်ဆယ်မလိုက်သဖြင့် ကျွန်ုပ်သည် လူ့ဘဝနေဝင်လှပြီး နတ်ပြည်ရောက်ခဲ့ရခြင်းဖြစ်ပါသည်။

ကျွန်ုပ်၏ဖခင် အဒိန္နကပုဏ္ဏားသည် ကျွန်ုပ်အလောင်းကိုကောင်းစွာ ဖုတ်ကြဲည်းသင်္ဂြိုဟ်ရှာပါသည်။

www.dhammaransi.com



ကျွန်ုပ်သေပြီးနောက် ကျွန်ုပ်သေရခြင်းသည် သူ၏ ကပ်စီးနဲ
နှမြောမှုကြောင့် သေရသည်ဟု သဘောပေါက်ပြီး ခံစားလာရ၍
လားမသိ၊ ဖုတ်ကြည်း သင်္ဂြိုဟ်ပြီးနောက် (၂) ရက်ကြာတော့ ဖခင်
ဟာ ကျွန်ုပ် ဖုတ်ကြည်းသင်္ဂြိုဟ်ရာ သင်္ချိုင်းသို့သွားပြီး ကျွန်ုပ်ကို
တ,ကာ တ,ကာ ငိုကြွေးနေပါသည်။

ထိုအခါ မဋ္ဌကုဏ္ဍလီနတ်သားဘ၀ ရောက်ခဲ့ရသော ကျွန်ုပ်
သည် ဤနတ်သားဘ၀ကို အဘယ်ကဲ့သို့သော ကောင်းမှုကြောင့်
ရောက်ရသလဲဟု စူးစမ်းကြည့်မိပါသည်။

"ရှေး လူ့ဘ၀က ဘုရားရှင်ကို ကြည်ညိုသောစိတ်ဖြင့်
လက်အုပ်ချီရုံမျှ ကုသိုလ်ဖြင့် ဤနတ်ပြည်သို့ ရောက်ရသည်ကို
ကျွန်ုပ် သိလိုက်ပါသည်"

"သြော်....ဘုန်းတော်ကြီးသော ဘုရားရှင်တို့ မည်သည့်
တရား အံ့သြဖွယ်ရှိလေစွ ကြီးမားသော အာနုဘော် ရှိပေစွ"

ကျွန်ုပ်မဋ္ဌကုဏ္ဍလီနတ်သားသည် ဘုရားရှင်အား လွန်လွန်
ကဲကဲ ကြည်ညိုခြင်း၊ မြတ်နိုးခြင်းတို့ အကြိမ်ကြိမ် ဖြစ်ပေါ်မိပါ
တော့သည်။

တစ်ဖန် ကျွန်ုပ်သည် ဖခင်ပုဏ္ဏားကြီး အခြေအနေကို စူးစမ်း
ဆင်ခြင် ကြည့်မိပါသည်၊ ဖခင်ကြီး သုသာန်၌ ငိုကြွေးနေသည်ကို
တွေ့မြင်မိပါသည်။

"ဤဖခင်ကြီးသည် ရှေးဘ၀က ငါ့ကို ဆေးဝါးမျှ
မကုသ၊ မပြုစုခဲ့၊ ယခုမှ အကျိုးမရှိ သုသာန်၌ ငိုကြွေးနေ
ဘိသည်၊ ငါပုဏ္ဏားကြီးကို ထိတ်လန့်စေပြီး ကုသိုလ်ရစေအံ့"

ကျွန်ုပ်သည် ထိုသို့ကြံစည်ပြီးနောက် မူလလူဘ၀ မဋ္ဌကုဏ္ဍလီ
အသွင်ဖန်ဆင်း၊ပြီး ဖခင်ပုဏ္ဏားအနီးသို့ သွားကာ ဟဲ့လမင်း၊ ဟဲ့

www.dhammaransi.com



နေ့မင်းဟု တ,ကာ လက်ကို မြှောက်လျက် ငိုကြွေးပြီး ရပ်နေလိုက်ပါသည်။

ပုဏ္ဏားကြီးသည် မိမိဘေးတွင် ထူးဆန်းစွာ လာငိုနေသော ပြီးတော့ မိမိသေသွားသောသားနှင့်တူသော မန္တကုဏ္ဍလီကို အံ့သြစွာကြည့်ရင်း ...

"ငါ့သားနှင့်တူတဲ့မောင်လုလင်၊ သင်မှာ လှပတင့်တယ်သော နားတောင်း စသော အဆင်းတန်ဆာ ပန်းနံ့သာစန္ဒကူးတွေ ရှိပါလျက်၊ လက်နှစ်ဘက်မြှောက်ပြီး အဘယ်ကြောင့် ရှိုက်ကြီးတငင် ငိုကြွေးနေပါသလဲ၊ ကြောက်မက်ဖွယ် သုသာန်၌ သင်အဘယ်ဒုက္ခမျိုး ကြုံတွေ့နေရပါသလဲ"

ဟု သနားကရုဏာကြီးစွာနှင့် မေးလိုက်သည်။

"အိုပုဏ္ဏားကြီး ကျွန်ုပ်မှာ ရွှေဖြင့်ပြီးသော ရထားအိမ် ရှိပါသည်၊ဘီးမရှိ၍ သောက ရောက်နေရပါသည်"

ဟု ကျွန်ုပ်က အဖြေပေးလိုက်ပါသည်။

"ငါ့သားနှင့်တူသော လုလင်-မပူလင့်၊ရွှေဘီး ငွေဘီး ကြိုက်ရာပြောပါ၊ သင့်ကို ငါ့သားကိုယ်စား ငါချစ်လှ၍ လုပ်ပေးပါမည်"

"ပုဏ္ဏားကြီး သင်စွမ်းနိုင်လျှင် ကျွန်ုပ်လိုချင်သော ဘီး ပမာဏကို အမြန်ပြုလုပ်ပေးပါ"

"အမောင်လုလင် အဘယ်မျှကြီးသော ဘီးကိုပြုလုပ်ပေး ရမည်လဲ"

"အသင် ပုဏ္ဏားကြီး ဤမှမြင်နေရသော နေနှင့် လကို ဘီးပြုလုပ်ပြီး ကျွန်ုပ်လှည်းမှာ တပ်ဆင်လိုပါသည်၊ နေနှင့် လကို ရအောင်ယူပေးပါ"

www.dhammaransi.com



"အမောင်လုလင် သင်သည်မိုက်ပါဘိ၊ မတောင့်တအပ်သည်ကို တောင့်တဘိ၏၊ သင်အသက်သေဖို့ရာသာ ရှိသည်။ လ နေတို့ကို ရဖို့မလွယ်ပါ"

"အသင်ပုဏ္ဏားကြီး ဘယ်လိုလဲ၊ လက်တွေ့မြင်နေရသော အရာဝတ္ထုကို လိုချင်၍ ငိုကြွေးနေ နေသောသူသည် မိုက်မဲသလော၊ မမြင်ရသော အရာဝတ္ထုကို လိုချင်၍ ငိုကြွေးနေသူသည် မိုက်မဲလှသလော"

ထိုအခါ ပုဏ္ဏားကြီးသည် သတိရပြီး၊ ဩော်-ငါသည် မရနိုင်တော့သောအရာကိုတော့ တ,ကာ တမင်သက်သက် သောကမီးတောက်လောင်နေမိသည်။ အကျိုးမရှိသော ပျက်ပြားမှုကို ငါ ပြုလုပ်နေပါပကောလား။

ပုဏ္ဏားကြီး သတိတရားရမှ ကျွန်ုပ်က လုလင်အသွင်ဖျောက်ပြီး နတ်သားအသွင်ကို ပြမိပါသည်။ ပုဏ္ဏားကြီးသည် ကျွန်ုပ်ကို မကြည့်သေးဘဲ-

"အမောင်လုလင်၊ သင်သည် အမှန်တရားကို ဆိုပါ၏။ မရှိရာငို၊ ရှိရာငို နှစ်မျိုးတွင် မရှိတာကို တမ်းတငိုနေသော ငါသည် မိုက်မဲလှပါ၏။ ကလေးငယ်သည် လမင်းကိုလိုချင်၍ အခါခါ တောင့်တငိုနေသလို ငါသည်လဲ သေလေပြီးသော သားကို ငိုမိပါ၏၊ ငါသည်သာ မိုက်မဲရ၏"

ပုဏ္ဏားကြီးသည် လုလင်ယောင်ဆောင်ထားသော ကျွန်ုပ်ကို များစွာ ကျေးဇူးတင်ဟန် ရှိသည်။ ကျွန်ုပ်ကို ဆက်လက် ချီးကျူးနေပြန်ပါသည်။

"အမောင်လုလင်၊ သား တည်းဟူသော သောကမီးဖြင့် လောင်ပြီး နေသော ငါ့ကို သင်သည် ပကတိ စွဲလောင်နေသော မီးကို ရေဖြင့် အကြွင်းမရှိ သွန်းလောင်းဘိ သကဲ့သို့

www.dhammaransi.com



ငါ၌ ခံစားနေရသော အလုံးစုံသော သောကပူပန်ခြင်းကို ငြိမ်းစေပြီတကား၊ ငါ စိတ်နှလုံး၌ဝယ် စူးဝင်နေသော သား တည်းဟူသော သောကကို သင်သည် နုတ်ပယ်ပေးအပ်ခဲ့ပြီ တကား၊ ငါသည် သောကငြိမ်းအေးပြီ ဖြစ်၍ စိုကြွေးရန် မလိုတော့ပါ''

ပုဏ္ဏားကြီးသည် ပြောပြောဆိုဆို ကျွန်ုပ်ကို လှမ်းကြည့်လိုက်ရာ နတ်အသွင် ရောက်နေသော ကျွန်ုပ်ကို မြင်တွေ့သွားသဖြင့် အံ့အားသင့်ပြီး–

'အမောင်လုလင်၊ သင်သည် အဘယ်သူနည်း၊ ဂန္ဓဗ္ဗ နတ်လော၊ သိကြားမင်းလော၊ ဘယ်အနွယ်-ဘယ်ပုဂ္ဂိုလ်-ဘယ်သူ၏သား ဖြစ်ပါသလဲ''

ဟု မေးပါသည်။

''အို-ပုဏ္ဏားကြီး၊ အသင် စိုးရိမ်ပူဆွေးလျက် တမ်းတ ငိုနေသော သားဖြစ်သူ မဋ္ဌကုဏ္ဍလီ ဆိုသည်ကား အခြား မဟုတ်၊ ကျွန်ုပ်ပင်ဖြစ်သည်။ ကျွန်ုပ်သည် သေခါနီး ဘုရား ရှင်ကို ဖူးမြင်ခဲ့ရသော ကုသိုလ်ကံ စေတနာကြောင့် တာဝတိံသာ နတ်ပြည်၌ နတ်သားဖြစ်ရပါသည်''

''အမောင်လုလင် နတ်သား၊ သင်သည် လူ့ဘဝရှိစဉ်က မိမိ၏အိမ်၌ အနည်းငယ်လှူဖူးသည်ကို လည်းကောင်း၊ သီလ ဆောက်တည် သည်ကို လည်းကောင်း ငါ မတွေ့ဖူးပါ၊ အဘယ် ကုသိုလ်ဖြင့် နတ်ပြည်ရောက်ရပါသလဲ''

''အို ပုဏ္ဏားကြီး၊ ကျွန်ုပ် မိမိ အိမ်ဂေဟာ၌ ဝေဒနာ ပြင်းထန်စွာ ကပ်၍ သေခါနီးတွင် ဘုရားရှင် ကြွလာ၍ ဘုရားရှင်ကို ဖူးတွေ့ရသော ကုသိုလ်ကံကြောင့် နတ်ပြည် ရောက်ရပါသည်''

www.dhammaransi.com



ပုဏ္ဏားကြီးသည် ကျွန်ုပ်စကားကိုကြားရသောအခါ များစွာ အံ့ဩဝမ်းမြောက်သော စိတ်ဖြစ်ပြီး "အို–အရှင်းတို့ အံ့ဩဖွယ်ပါ တကား၊ မဖြစ်ဖူး မကြားဖူးသည်ကို ကြားရပါတကား၊ ဝမ်း မြောက်စွာ ကြည်ညိုပြီး လက်အုပ်ချီကာမျှဖြင့် ဤမျှအကျိုးကြီးစွာ ခံစားရပါတကား၊ အမွှားလမ်းစဉ်ကို လိုက်မိသော ငါသည် ယနေ့ ပင် ဘုရားကို ကြည်ညိုဆည်းကပ်ပါတော့အံ့"

"ပုဏ္ဏားကြီး၊ သင်သည် ယနေ့ ကြည်လင်သော စိတ် ထားရှိစဉ်မှာပင် ဘုရား, တရား, သံဃာတော် ဟူသော ရတနာ သုံးပါးတို့ကိုလည်း ဆည်းကပ်ပါလော့"

"အမောင်နတ်သား၊ သင်သည် ငါ၏လွဲမှားသောအယူ ကို အမှန်ဖြစ်အောင် ပြုလုပ်ပေးသူဖြစ်ပါသည်၊ ငါ့အကျိုး ကို လိုလားသူ ဖြစ်ပါသည်၊ သင့်စကားကို နားထောင်ပြီး ယနေ့ပင် ဘုရားထံသို့ သွားရောက်ဖူးမြော်ပါမည်၊ ငါသည် ယနေ့မှ စ၍ ဘုရားကို လည်းကောင်း၊ တရားကို လည်း ကောင်း၊ သံဃာကို လည်းကောင်း ကိုးကွယ်ရာဟူ၍ ဆည်း ကပ်ပါမည် ဖြစ်ကြောင်း သင့်ကို ကတိပေးပါ၏"

ကျွန်ုပ်သည် ဖခင်ပုဏ္ဏားကြီးထံမှ ကတိခံဝန်ချက်ရပြီးသော အခါ ဘုရားရှင်ထံသွားရောက်ဖူးမြော်ရန် တိုနေရာမှ ကွယ်ပျောက် ခဲ့ပါသည်။

ပုဏ္ဏားကြီးသည်လည်း သုသာန်မှနေပြီး ဘုရားကျောင်းသို့ ချက်ချင်း သွားလေသည်။ တစ်ခါမျှ ဘုရားထံသို့ မသွားဖူးသော ပုဏ္ဏားကြီး ဘုရားထံသို့ သွားသည်ကို မြင်ကြသော လူအပေါင်း သည် အထူးအဆန်းသဖွယ် ပုဏ္ဏားကြီးနောက်မှ လိုက်ကြသည်။

ဘုရားထံသို့ ရောက်သောအခါ ပုဏ္ဏားကြီးသည် ဘုရားနှင့် ပဋိသန္ဓာရ စကားပြောပြီး–

www.dhammaransi.com



"အရှင်ဘုရား တစ်စုံတစ်ခုကို မပေးလှူဖူးဘဲ သီလလဲ မဆောက်တည်ဘဲ၊ အရှင်ဘုရားကို ကြည်ညိုလက်အုပ်ချီရုံမျှဖြင့် နတ်ပြည်သို့ ရောက်နိုင်ပါသလား"

ဟူ လျှောက်ထားသည်။

"ပုဏ္ဏားကြီး၊ ယနေ့မိုးသောက်ကပင် သင့်ကိုမဋ္ဌကုဏ္ဍလီ နတ်သားက အကြောင်းစုံ ပြောပြပြီးပြီ မဟုတ်လော"

ထိုခဏမှာပင် မဋ္ဌကုဏ္ဍလီ နတ်သားသည် နတ်စည်းစိမ်၊ အခြံအရံနှင့်တကွ လာ၍ ဘုရားရှင်ကို ရှိခိုးလေသည်။ ပုဏ္ဏားကြီးနှင့်တကွ ပရိသတ်တို့ပါ မြင်တွေ့စေသည်။

ဘုရားရှင်သည် ပုဏ္ဏားကြီးနှင့်တကွ ပါလာသော ပရိသတ်တို့ကို တရားဟောပြောပြတော်မူရာ ပရိသတ်များ အကျိုးများစွာ ဖြစ်ထွန်းလေသည်။

(ဓမ္မပဒ-မဋ္ဌကုဏ္ဍလီ)

## အာဂန္တုက ရေလှူအကျိုး ၏ ကောင်းကျိုးချမ်းသာ

ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် အချိန်ဖြစ်သည်။

ရာဇဂြိုဟ်ပြည်၌ ဆင်းရဲနွမ်းပါးသော အမျိုးသား တစ်ယောက်သည် သူတစ်ပါး၏ သရက်ဥယျာဉ်ဝယ် ထမင်းစား ရေသောက် အခစားဖြင့် စောင့်ရှောက်ရသော အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုကာ နေရသည်။

www.dhammaransi.com



တစ်နေ့ အလွန်ပူပြင်းသော နွေကာလ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် ထိုသရက်ဥယျာဉ်နားသို့ဖြတ်လျက် ဒေသစာရီ ခရီး ကြွတော်မူသည်။

သရက်ဥယျာဉ်စောင့် အမျိုးသားသည် နေပူကျဲကျဲ ချွေးတွေ တရွှဲရွှဲဖြင့် ကြွသွားနေသော ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကို တွေ့မြင်ရသောအခါ ရိုသေမြတ်နိုး ကြည်ညိုသောသဒ္ဓါတရား စိတ် ရုတ်တရက် ပေါ်လာပြီးလျှင် မထေရ်မြတ်အနားသို့ လိုက်သွားပြီး....

''အရှင်မြတ်ဘုရား ပူပြင်းသောနွေဥတုဒဏ်ကို ခံလာရ၍ အလွန် ပင်ပန်းသောသဘောရှိသည်ဟု ထင်မြင်မိပါသည် ဘုရား၊ သို့အတွက် တပည့်တော် လျှောက်ထားပါသည် ဘုရား၊ တပည့်တော်ကို သနားချီးမြှင့်သောအားဖြင့် တပည့်တော်စောင့်ရှောက်လျက်ရှိသော ဤသရက်ဥယျာဉ်သို့ ခေတ္တခဏဝင်ရောက်အပန်းဖြေပြီးမှ ခရီးဆက်ကြွတော်မူပါဘုရား'

ဟု လျှောက်ထားလေသည်။

မထေရ်မြတ်ကြီးသည် သရက်ဥယျာဉ်စောင့်၏ သဒ္ဓါတရား တိုးပွားစေခြင်းငှာ သရက်ဥယျာဉ်တွင်းသို့ဝင်ပြီး တစ်ပင်သော သရင်ပင်ရင်း၌ ထိုင်တော်မူသည်။

“အရှင်ဘုရား ရေချိုးလိုက တပည့်တော် ရေလှူပါရစေ ဘုရား”

မထေရ်မြတ်သည် ဆိတ်ဆိတ်နေကာ သည်းခံတော်မူသည်။

သရက်ဥယျာဉ်စောင့် အမျိုးသားသည် ရေတွင်းမှ ရေကို ခပ်ယူကာ မထေရ်မြတ်ကြီးကို ရေချိုးစေသည်။ ရေချိုးပြီးသောအခါ စေတနာထက်သန်စွာဖြင့် သောက်ရေတို့ကို ကပ်လှူပူဇော်လေသည်။

www.dhammaransi.com



မထေရ်မြတ်ကြီးသည် သောက်ရေသောက်ပြီး ခရီးပန်းခြင်း အေးငြိမ်းသောအခါ သူ့ရက်ဥယျာဉ်စောင့်ကို ရေလှူအကျိုး၊ ရေချိုးစေခြင်းအကျိုး အနုမောဒနာတရားတို့ကို ဟောကြားပြီး လိုရာခရီးသို့ ဆက်လက်ကြွတော်မူလေသည်။

ထိုအခါ သရက်ဥယျာဉ်စောင့်သည်....

"ငါသည် အလွန်ပူပြင်းသော အခါကြီးဝယ် နေပူသဲပူတို့ဖြင့် ပူလောင်စွာ ကြွရောက်တော်မူလာသော မထေရ်မြတ်၏ ပူလောင်ပင်ပန်းခြင်းကို ချိုးရေ သောက်ရေတို့ဖြင့် ငြိမ်းအေးသော ကုသိုလ်ကိုပြုလိုက်ရပြီတကား" ဟု အောက်မေ့လျက် ဝမ်းမြောက်ဝမ်းသာ ခံစားရလေသည်။

ထိုအမျိုးသားသည် နောင်ကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်ဝယ် ပတ္တမြားတိုင် ဗိမာန်ပြာသာဒ်တို့၌ နတ်တူရိယာ နတ်ကချေသည်တို့ဖြင့် ချမ်းသာအတိ ခံစားရသော နတ်သားဖြစ်ရလေသည်။

(ဝိမာနဝတ္ထု၊ သုနိက္ခိတ္တဝဂ်၊ အမ္ဗဝိမာနဝတ္ထု)

## အာဂန္တုက တဒင်္ဂအလှူ၏ ကောင်းကျိုး

ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် ဖြစ်သည်။

ရာဇဂြိုဟ်ပြည်မှ ဆင်းရဲနွမ်းပါးသော သူငယ်ကလေး တစ်ယောက်သည် အစာဖြင့် မုယောခင်းကို စောင့်ရှောက်ရသည်။

တစ်နေ့တွင် ထိုသူငယ်သည် နံနက်စာအလို့ငှာ မုယောမုန့်ကိုရ၍ မုယောမုန့်ကို လယ်တောရောက်မှစားမည်ဟု ကြံစည်ပြီး

www.dhammaransi.com



လယ်တောသို့ ထွက်ခဲ့သည်။ မုယောခင်းအနီး သစ်ပင်ရင်း၌ထိုင်ကာ မုယောခင်းကို စောင့်ရှောက်နေလေသည်။

ထိုခဏမှာပင် ရဟန္တာမထေရ်မြတ်တစ်ပါးသည် ခရီးကြွတော်မူရာ နေမွန်းတည့်ချိန်ကပ်ခါနီး၌ ထိုမုယောခင်းနားသို့ ရောက်လာပြီး သူငယ်ထိုင်နေသော သစ်ပင်ရင်းသို့ ကြွရောက်တော်မူလာသည်။

ထိုအခါ သူငယ်သည် အချိန်ကိုကြည့်၍....

"အရှင်ဘုရား အဘယ်သို့ ကြွမည်နည်း၊ နေမွန်းတည့်ချိန် နီးနေပါပြီဘုရား၊ ဆွမ်းကော စားခဲ့ရပါပြီလား ဘုရား" ဟု လျှောက်ထားသည်။

ရဟန္တာမထေရ်မြတ်သည် စကားမတုံ့ပြန်ဘဲ ဆိတ်ဆိတ်သာ နေတော်မူသည်။ သူငယ်သည် မထေရ်မြတ် ဆွမ်းအာဟာရ မရသေးသည်ကို သိရှိပြီးလျှင် သဒ္ဓါတရားထက်သန်စွာဖြင့်....

"အရှင်ဘုရား နေမွန်းတည့်တော့ပါမည်၊ဆွမ်းလှည့်လည်ခံရန် အချိန်မရှိတော့ပါ၊ တပည့်တော်ကို သနားချီးမြှင့်သောအားဖြင့် မုယောမုန့်ကို အလှူခံပြီး ဘုဉ်းပေးတော်မူပါဘုရား" ဟု လျှောက်ထားသည်။

ရဟန္တာမထေရ်မြတ်သည် ထိုမုန့်ယောမုန့်ကိုအလှူခံ၍ သူငယ်ရှေ့မှာပင် ဘုဉ်းတော်မူသည်။

"ငါသည် ကြုံတောင့်ကြုံခဲ ရောက်လာသော ရဟန္တာမထေရ်မြတ်ကို ငါစားမည့် မုယောမုန့်ကို လှူခွင့်ရလေသည်တကား" ဟု ဝမ်းမြောက်သောပီတိဖြင့် တသိမ့်သိမ့် ခံစားရလေသည်။

ထိုသူငယ်သည် နောင်သောအခါ ရောဂါတစ်ခုဖြင့် သေလွန်သည်ရှိသော် တာဝတိံသာနတ်ပြည်ဝယ် ကြီးကျယ်ခန်းနားသော ဗိမာန်ရှင် နတ်သား ဖြစ်လေသည်။

www.dhammaransi.com



မှယောမနုဿလူ၍ နတ်သားဖြစ်ရသူဖြစ်၍ သူ့ကို ယဝပါလက နတ်သားဟူ၍ ခေါ်လေသည်။

(ဝိမာနဝတ္ထု၊ ပါယာသိဝဂ်၊ ယဝပါလကဝိမာနဝတ္ထု)

❀

## လမ်းဖော်တားတည်ဆောက်သူ၏ ကောင်းကျိုး

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး စဉ်အခါ ဖြစ်သည်။

ရဟန်းများစွာတို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရားကို ယူပြီး တောရကျောင်းများ၌ သီတင်းသုံး နေထိုင်ကြသည်။

ထိုရဟန်းတော်များ သွားခဲ့ကြသောရွာလမ်းကို တစ်ယောက် သော ဥပါသကာသည်....

- မညီမညွတ်သော နေရာတို့ကို ညီညွတ်အောင် ပြုပေး၏။
- လမ်းပေါ်၌ရှိသော ဆူးငြောင့်တို့ကို ဖယ်ရှားပေး၏။
- မြက်နွယ် ချုံပုတ်တို့ကို ရှင်းလင်းပေး၏။
- မိုးလအခါ၌ ရေဝိုးရာမြောင်းငယ်တို့၌ တံတားခင်းပေး ၏။
- အရိပ်မရှိသော ဟင်းလင်းပြင်၌ အရိပ်ရ သစ်ပင်တို့ကို စိုက်ပေး၏။
- ရေကောင်း၊ ရေသန့်ရှိရာ ရေတွင်း ရေကန်တို့ကို ချေး ဆယ်ပေး၏။

www.dhammaransi.com



- ရေတွင်း ရေကန်တို့ ရေကြည်လင်အောင် နက်အောင်၊ ကျယ်အောင် ပြုလုပ်ပေး၏။
- ရေခပ်ရာ ရေဆိပ်ကို ကောင်းစွာ ပြုပြင်ပေး၏။
- တတ်အားသမျှ အလှူဒါနပြုသည်။
- သီလဆောက်တည်သည်။

ထိုဥပါသကာသည် နောင်စုတေ ကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်ဝယ်(၁၂)ယူဇနာရှိသော ရွှေဗိမာန်၌ နတ်သား ဖြစ်သည်၊

မြင့်သော ပတ္တမြားတိုင်၊ တင့်တယ်လှစွာ ရောင်ဝါလျှံဖိတ်သော ဘုံဗိမာန်ရှိ၍ ထိုနတ်သားကို မဏိထူဏ နတ်သားဟု ခေါ်ကြသည်။

(ဝိမာနဝတ္ထု၊ သုနက္ခတ္တဝဂ်၊ မဏိထူဏဝိမာနဝတ္ထု)

## ခရေးတံ အလှူအကျိုး တောင့်တတိုင်းပြည့်ပြီး

ဂေါတမ ဘုရားရှင် လက်ထက်- ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် အခါနိကာလ ဖြစ်သည်။

တာဝတိံသာ နတ်ပြည်ဝယ် မာလာဘာရီမည်သော နတ်သားသည် နတ်သမီးအခြံအရံ ခြံရံလျက် ပန်းဥယျာဉ်တွင်းသို့ သက်ဆင်းလာခဲ့သည်။ ပန်းဥယျာဉ်အတွင်းဝယ် ငါးရာသော နတ်သမီးတို့သည် သစ်ပင်ထက်သို့ တက်၍ နှစ်သက်ဖွယ်ရာသော ပန်းတို့ကို ချွေချပေးကြသည်။ ငါးရာသော နတ်သမီးတို့သည်ကား မာလာဘာရီနတ်သားကို ပန်းများ ပန်ဆင် ဆင်ယင်ပေးကြသည်။

www.dhammaransi.com

## ၂၂၂ တက္ကသိုလ် သျှင်သီရိ

သစ်ပင်ထက်သို့ တက်သော ငါးရာသော နတ်သမီးတို့တွင် နတ်သမီး တစ်ယောက်သည် သစ်ခက်တစ်ခုပေါ်ဝယ် နတ်သက် ကုန်ပြီး ချုပ်ငြိမ်းသော မီးလျှံကဲ့သို့ ကွယ်ပျောက်သွားလေသည်။

ထိုနတ်သမီးသည် သာဝတ္ထိပြည်ဝယ် တစ်ဦးသော အမျိုး အိမ်၌ အမျိုးသမီးအဖြစ် ပြန်လည်မွေးဖွားလာလေသည်။ ထိုအမျိုး သမီးသည် ဘဝဟောင်းကို အောက်မေ့သော ဇာတိဿရ ဉာဏ်ရ၍ အတိတ်ဘဝ နတ်သမီးဘဝကို သတိရသည်။ ထို့အတွက် မူလဘဝ မာလာဘာရီနတ်သား၏ မယားပြန်ဖြစ်လိုသော ဆန္ဒသာ ပြင်းပြ တောင့်တရှာလေသည်။

သိတတ်သော အရွယ်မှစ၍ ဘုရားစသော ရတနာမြတ်တို့ အစဉ် ဆည်းကပ်ပြီး ပန်းနံ့သာ စသည်တို့ကို ပူဇော်လှူဒါန်းသည်။

> "ဤကုသိုလ်ကောင်းမှုကြောင့် နှောင်ဘဝဝယ် မာလာ ဘာရီ နတ်သား၏ အထံ၌သာ ပြန်ဖြစ်ရပါလို၏"

ဟု ဆုတောင်း ပတ္ထနာပြုလေ့သည်။

ထိုအမျိုးသမီးသည် တစ်ဆယ့်ခြောက်နှစ် အရွယ်သို့ ရောက် သော် မိဘတို့က သင့်တော်သော အမျိုးသားတစ်ဦးနှင့် လက်ထပ် ပေးကြသည်။

အမျိုးသမီးငယ်သည် လင်အိမ်သို့ရောက်သောအခါဝယ်–

– စာရေးတံချ၍ လှူဒါန်းခြင်း တည်းဟူသော သလာကဘတ်ကို လည်းကောင်း၊

– (၁၄)ရက် (၁၅)ရက် ပက္ခတိုင်း လှူဒါန်းသော ပက္ခိက ဘတ်ကို လည်းကောင်း၊

– ဝါဆိုသင်္ကန်း စသည် ကာလစီဝရဒါနကို လည်းကောင်း လှူဒါန်းပြီး–

www.dhammaransi.com



"ကျွန်ုပ်၏ ဤကောင်းမှုအပေါင်းသည် အတိတ်ဘဝက ပေါင်းဖော် ကျင်လည်ခဲ့ရသော ကျွန်ုပ်၏ အရှင်သခင် လင် မာလာဘာရီ နတ်သား၏ ကတော်ဖြစ်ခြင်းငှာ အထောက်အပံ့ ဖြစ်ပါစေလတည်း"

ဟု ဆုတောင်းပတ္ထနာ ပြုလေသည်။

ထိုအခါ ရဟန်းတို့က– ဤဒါယိကာမသည် ထကြွ လုံ့လ ဉဿာဟရှိသည်ဖြစ်၍ ဒါနစသော ကုသိုလ်ကောင်းမှုပြုတိုင်းပြုတိုင်း အရှင် လင်ကိုသာ မပြတ် တောင့်တ၍ လှူ၏။ သို့အတွက် ထိုဒါယိကာမကို "ပတိပူဇိကာ" ဟု ခေါ်ကြစို့·ဟုဆိုကာ ပတိပူဇိကာဟု အမည်သစ် ပေးထားကြသည်။

ထို ပတိပူဇိကာ ဒါယိကာမသည် အမြဲမပြတ် ဆွမ်းစားဇရပ်ကို သုတ်သင် ရှင်းလင်း သိမ်းဆည်း၏။

– သံဃာတော်တို့ သောက်ရေ သုံးရေကို ခပ်ထား၏၊

– တစ်ပါးသူတို့က သလာကဘတ်စသည်တို့ကို ပေးလှူကုန်သည် ရှိသော်–

"ချစ်သမီး၊ ဤမျှ လောက်သော ပစ္စည်း ဝတ္ထုတို့ကို ရဟန်းသံဃာတော်တို့အား ခွဲခြမ်း၍ လှူဒါန်းစီရင်ပါလေ"

ဟု စေခိုင်းသည် ရှိသော် ကောင်းမွန်စွာ ယူဆောင်၍ ဆောင်ရွက် လုပ်ကိုင်ပေးသည်။

– ပတိပူဇိကာသည် လာသော်လည်းကောင်း၊ သွားသော်လည်းကောင်း တစ်လှမ်း တစ်လှမ်းသော ခြေလှမ်း၊ အကြိမ်၌ (၅၆) ပါးသော ကုသိုလ်တရားတို့ ရသည်ဟု အဋ္ဌကထာ ဆရာတို့က ဆိုသည်။

www.dhammaransi.com



ထိုပဋိပူဇိကာသည် သားတစ်ယောက် ဖွားမြင်သည်။ ထိုသားငယ်အားဖြင့် အစဉ်အတိုင်း သား(၄)ယောက် ဖွားမြင်သည်။

ပဋိပူဇိကာသည် မပြတ်သော ကုသိုလ်ကောင်းမှုတို့ဖြင့် ပြုလုပ်နေခဲ့ရာ တစ်နေ့တွင် ရောဂါတစ်ခုဖြင့် ကွယ်လွန်ခဲ့လေသည်။

ကွယ်လွန်သော ခဏဝယ် တောင်းဆုပန်သည့် အတိုင်း မာလာဘာရီနတ်သား၏ အခြွေအရံမယားဖြစ်လေသည်။

အတိတ်ဘဝ နတ်သမီးဖြစ်စဉ်း ကာလက မိမိနှင့်အတူတကွ ပန်းကိုဆွတ်ခူးနေကျနတ်သားကို ပန်ဆင်နေကျ နတ်သမီးအပေါင်းအဖော်တို့သည် ပန်းများ ခူးဆွတ်ဆဲ ပန်ဆင်ဆဲ ကာလပင် ရှိသေးသည်ကို တွေ့ရလေသည်။

- မာလာဘာရီနတ်သား လူ့ပြည်မှ တစ်ဖန်စုတေ၍ ပြန်လာသော နတ်သမီးကို မြင်၍-

"အသင်သည် စောစောက ဤနေရာတွင် ငါမမြင်ချေ၊ အဘယ်အရပ်သို့ လှည့်လည် သွားလာနေပါသနည်း"

ဟု မေးလေသည်။

နတ်သမီးက မိမိဘဝ သာဂတ္ထိမြို့၌ ဖြစ်ပုံ၊ မာလာဘာရီထံ ပြန်လာလို၍ ဆုတောင်း ပတ္ထနာ ပြုပြီး ကုသိုလ်ကောင်းမှု ပြုပုံ၊ လင်ရပုံ၊ သားသမီးမွေးပုံ အကြောင်းစုံကို ပြောပြသည်။

"အသင် နတ်သမီး၊ လူတို့အား အဘယ်မျှလောက် အသက်ရှည်ပါသနည်း"

"အရှင်နတ်မင်း၊ အသက် တစ်ရာမျှ သက်တော်ရှည်ပါသည်"

"အသင်နတ်သမီး အသက်တစ်ရာသက်တမ်းပဲရှိသလား" ထပ်မံ၍ မေးသည်။

www.dhammaransi.com



"အရှင်နတ်မင်း မှန်ပါသည်။ အသက် (၂၀၀) ပဲ ရှိပါသည်"

"အဲ....သင်နတ်သမီး အသက်တစ်ရာရှိ လူတို့သည် ဤကာလအတွင်း အိပ်ပျော်မွေ့လျော်၍နေပြီး အနှစ်တစ်ရာကာလကို လွန်ကြသလော၊ ဒါမှမဟုတ် ဒါနစသော ကုသိုလ်ကောင်းမှုပြုပြီး ကာလကို လွန်ကြသလော"

"အို....အရှင်နတ်မင်း၊ ဘယ်လိုမေးပါလိမ့်၊ လူတို့သည် များသောအားဖြင့် သူတို့ကိုမှု အသက်အသာခြေယျနေရသူများပမာ မအို, မနာ, မသေရသူများပမာ မေ့လျော့၍ နေကြပါသည်"

ထိုအခါ နတ်သားသည် အောက်ပါအတိုင်း သံဝေဂမှာမိသည်။

"သင်္ချာတွက်စမ်း၊ အနှစ်တစ်ရာမျှလောက်သော အသက်ကို ဆက်လက်ယူတည် မြင့်ရှည်ကုန်သည်ဖြစ်၍ ဖြစ်ကြကုန်သော လူတို့သည် မေ့လျော့ပေါ့ကုန်သည်ဖြစ်၍ ကိုယ်ကိုဆန့်ပြောင်း လျောင်းလျက် သင့်လျော် အိပ်ပျော်၍သာ နေကြကုန်သည်ဖြစ်ခဲ့က အဘယ်နံ့ရောကာလ၌ ပြင်းပြနက်နဲဆင်းရဲအပေါင်းမှ လွတ်မြောက်ကုန်အံ့နည်း"

နောက်တစ်နေ့ နံနက်မိုးသောက်သော် ရဟန်းတို့သည် ရွာတွင်းသို့ ဆွမ်းအလို့ငှာ ဝင်သည်ရှိသော် ပတိပူဇိကာ ခါတိုင်းလုပ်နေကျဖြစ်သော ဆွမ်းစားဇရပ်ပြင်ဆင်မှု၊ သောက်ရေသုံးရေ ပြင်ဆင်ထားမှု၊ နေရာထိုင်ခင်း ခင်းကျင်းထားမှုတို့ကို မတွေ့ရသဖြင့်....

"ပတိပူဇိကာ ဒါယိကာမ ဘယ်သွားနေပါသလဲ" ဟု မေးကြသည်။

www.dhammaransi.com



"အရှင်မြတ်ဘုရားတို့ ယမန်နေ့ညကပင် ရောဂါတစ်ခုဖြင့် ကွယ်လွန်သွားခဲ့ပါသည် ဘုရား"

ဒါယကာ၏ လျှောက်ထားသံကို ကြားရသောအခါ ပုထုဇဉ်ရဟန်းတို့သည် ပတိပူဇိကာ၏ ကျေးဇူး ဥပကာရများလှသည် အဖြစ်ကို ဆင်ခြင်အောက်မေ့ကြပြီး ပမ်းနည်းပက်လက် ယိုထွက်မျက်ရည် စီးကျကြလေသည်။

ရဟန္တာမထေရ်မြတ်တို့ကမူ ဓမ္မသံဝေဂမျှသာ သွားကြလေသည်။ ရဟန်းတို့သည် ဆွမ်းကိစ္စပြီး၍ ကျောင်းသို့ ပြန်ရောက်ကြသောအခါ ဘုရားရှင်ထံသို့ ဝင်ရောက်ဖူးမြော်ကြပြီး ထိုအကြောင်းကို လျှောက်ထားကြသည်။ ထိုပတိပူဇိကာ အဘယ်ဘုံဘဝသို့ ရောက်ရှိသည်ကိုလည်း မေးလျှောက်ကြသည်။

"ချစ်သား ရဟန်းတို့၊ ထိုဥပါသိကာမသည် မိမိအရှင်ခင်ပွန်းလင်၏ထံမှောက်သို့ ပြန်လည်ရောက်ရှိသွားပါပြီ"

"အသျှင်ဘုရားကြီးသော မြတ်စွာဘုရား ထိုဥပါသိကာမသည် သူ၏ခင်ပွန်းထံတွင် မရှိပါဘုရား"

"ချစ်သားရဟန်းတို့ ထိုဥပါသိကာမသည် ယခုဘဝခင်ပွန်းကို တောင့်တ၍ ဆုတောင်းခဲ့သည်မဟုတ်၊ ယခင်အတိတ်ဘဝ တာဝတိံသာနတ်ပြည်ဝယ် မာလာဘာရီဆိုသော လင်နတ်သား ရှိခဲ့သည်။ ထိုလင်နတ်သားကို ပန်းပန်ဆင်ပြုလုပ်ပေးနေရာမှ စုတိစိတ်ကျခဲ့သည်။ ထိုလင်ကို ပြန်လည်သတိရပြီး ထိုလင်ထံပြန်သွားလိုသောစိတ်ဖြင့် ကုသိုလ်ပြု ဆုတောင်းခဲ့သည်။ ယခုတစ်ဖန် ကွယ်လွန်သော် ထိုမာလာဘာရီခင်ပွန်းနတ်သားထံ ပြန်ရောက်သွားခြင်း ဖြစ်သည်"

"အသျှင်ဘုရားကြီးသော မြတ်စွာဘုရား၊ ထိုသို့သဘောဖြစ်နိုင်ပါသလော"

"ချစ်သားတို့ ဖြစ်နိုင်ပေသည်"

www.dhammaransi.com



"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ သတ္တဝါတို့၏ အသက်သည်ကား အလွန်ပင် နည်းလေစွတကား၊ နံနက် စောစောကပင် တပည့်တော်တို့ကို လုပ်ကျွေးပြုစုပြီး၍ ညနေ တွင် ဖြစ်ပေါ်လာသောရောဂါဖြင့် ကွယ်လွန်ရသည်တကား"

"ဩော်....ဟုတ်ပေ၏ ချစ်သားရဟန်းတို့၊ သတ္တဝါတို့၏ အသက်သည်ကား အလွန်ပင်နည်းလှသည်။ ယင်းသို့ရှိသော ကြောင့် သတ္တဝါတို့သည် ဝတ္ထုအာရုံကာမဂုဏ်တို့ဖြင့်လည်း အောင်း၊ ကိလေသာအာရုံကာမဂုဏ်တို့ဖြင့် လည်းကောင်း မရောင့်ရဲ မတင်းတိမ်ဘဲလျှင် (၉၆) ပါးသော ရောဂါ တို့ဖြင့် သေမင်းခေါ်ရာသို့ လိုက်ပါရသည်"

ဘုရားရှင်က ဤသို့မိန့်ကြားပြီးလျှင် အောက်ပါဆုံးမစကား ကို မိန့်ကြားတော်မူလေသည်။

"ပွင့်ငုံဖူးချပ်၊ ရွက်ထပ်ညွန့်ကောင်း၊ ပန်းအပေါင်းတို့ကို၊ အာသာမပြယ်၊ သွယ်သွယ်ကိုင်းညွတ်၊ သွက်ယူသောသူတို့ ကဲ့သို့ ငါးပါးအာရုံ၊ ကာမဂုဏ်ကို၊ ခုံမင်တပ်ညွတ် အမြန်ဖန် ဆွတ်ထသော၊ မရသေးသည်ကိုတောင့်တ၊ ရပြီးသည်ကို တွယ်တာ၊ လွန်စွာကပ်ငြိသော စိတ်ရှိထသော၊ ဝတ္ထုကိလေ သာ နှစ်တွေသော ကာမတို့၌ ရှာမှီးရခြင်း၊ ခံစားရခြင်းတို့ ဖြင့်သာလျှင် မီဝမရောင့်ရဲသည်သာလျှင်ဖြစ်သော သတ္တဝါ ကို ကိုးဆယ့်ရှစ်ဖြာ များစွာသင်းပင်း သေမင်းမိုက်သည် မိမိအလိုကို ပြုလေသည်"

(ဓမ္မပဒ၊ ပုပ္ဖဝဂ်၊ ပတိပူဇိကာ ဥပါသိကာဝတ္ထု)

www.dhammaransi.com

# ထမင်းတစ်နပ် ဟင်းတစ်ဖတ်ဖြင့် တဒဂ်စေတနာ၏ ကောင်းကျိုး

ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ်ဖြစ်သည်။

မထင်ရှားသော ရဟန်းတစ်ပါးသည် အဝေးရှည်သော ခရီးတစ်ခုသို့ကြွတော်မူစဉ် မောပန်းလာသဖြင့် လည်းကောင်း၊ ဆွမ်းခံချိန် ရောက်လာသဖြင့် လည်းကောင်း ရွာတစ်ရွာထိပ်ရှိ အိမ်တစ်အိမ်သို့ ဝင်၍ ဆွမ်းရပ်လေသည်။

ထိုအိမ်ဝယ် အိမ်ရှင်အမျိုးသားသည် ထမင်းစားအံ့ဟု ဆိုကာ လက်ဆေးပြီး ထမင်းပွဲထိုင်ကာစပင် ရှိသေးသည်။ ထိုအချိန်တွင် ရဟန်းကို မြင်၍ အမျိုးသားသည် တဒဂ်ခဏပင် ကြည်ညိုဝမ်းမြောက်သောစိတ် ဖြစ်ပေါ်လာ၍ စားမည့်ဆဲဆဲ ထမင်းတို့ကို ရဟန်းတော်၏ သပိတ် ထဲသို့ လောင်းလှူလိုက်သည်။ ရဟန်းက တချို့တစ်ဝက်သာ လောင်းလှူရန် မိန့်ကြားသော်လည်း အမျိုးသားသည် အကုန်ပင် လောင်းလှူလိုက်သည်။

ရဟန်းက ဆွမ်းအနုမောဒနာ တရား ဟောပြီး ကြွသွားသည်။

"ငါသည် ခရီးပန်းသဖြင့် ဆွမ်းဆာနေသောရဟန်းကို ငါစားမည့် ထမင်းကို လောင်းလှူလိုက်ရပေပြီ"

အမျိုးသားသည် ဤသို့သော ဝမ်းသာကြည်နူးမှုကို တသိမ့်သိမ့် ခံစားရသည်။

အမျိုးသားသည် နောင်အခါ ကွယ်လွန်သည့်ရှိသော် တာဝတိံသာနတ်ပြည်ဝယ် (၁၂)ယူဇနာရှိသော ရွှေဗိမာန်၌ အဆင်း

www.dhammaransi.com



တန်ဆာ ရွှေငွေရတနာတို့ဖြင့် ထွန်းလင်း တောက်ပသော "ဘိက္ခာဒါယိကာ" နတ်သားအဖြစ် ထင်ရှားဖြစ်လေသည်။

တဒင်္ဂစေတနာဖြင့် ရုတ်တရက်ရောက်လာသော အာဂန္တုကရဟန်း အပေါ်၌ လှူလိုက်ရသော ထမင်း တစ်နပ် အကျိုးကား အလွန်ပင် ကြီးကျယ်သော အကျိုးကို ရခဲ့လေသည်သာ။

(ဘိက္ခာဒါယိကာဝိမာနဝတ္ထု)

## လင်စုံမယား၏

## အာဂန္တုကရဟန်းအား လှူဒါန်းရအကျိုး

ဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် ဖြစ်သည်။

တောကျောင်းနေ မထင်ရှားသော ရဟန်း တစ်ပါးသည် ဝါတွင်း ဝါဆိုပြီးနောက် ဝါကျွတ်သောအခါ ပဝါရဏာပြုပြီးလျှင် ဘုရားရှင်အား ဖူးမြော်ရန် ရာဇဂြိုဟ်မြို့သို့ မိမိနေရာ ရွာမှ ကြွရောက်ခဲ့သည်။

လမ်းခရီးကြားတွင် နေဝင်သွားသဖြင့် ရွာတစ်ရွာသို့ဝင်၍ တည်းခိုရန် နေရာကို ရှာသည်။ ရွာထိပ်တွင် ဒါယကာတစ်ဦးနှင့် တွေ့၍ ထိုဒါယကာထံ တည်းခိုခွင့် တောင်းခံ မေတ္တာရပ်သည်။

ထိုဒါယကာသည် ရဟန်းတော်ကို ဖူးမြင်ရလျှင် ဖူးမြင်ရခြင်း ကြည်ညိုသော စိတ် ရှိသည်ဖြစ်၍ ရဟန်းကို ခေတ္တဆိုင်းငံ့စေပြီး မိမိအိမ်သို့ ပြန်ဝင်ကာ မယားကို တိုင်ပင်သည်။

www.dhammaransi.com



မယားကပါ သီဘောတူပေဖြင့် မဇထေရ်မြတ် သီတင်းသုံး တည်းခိုနေနိုင်ရန် မိမိအိမ်ကို တစ်ပိုင်း-ပိုင်းခြား ကန့်သတ်၍ ထို နေရာကို စင်ကြယ်အောင် သန့်ရှင်း သုတ်သင်သည်။ အိပ်ရာနေရာ တို့ကို ပြင်ဆင်သည်။ ခြေဆေးရေ၊ လက်ဆေးရေတို့ကို ထားပေး သည်။

ထိုနောက် မထေရ်မြတ်ကို ပင့်ဖိတ်၍ သီတင်းသုံးစေသည်။ မထေရ်၏ ခြေတို့ကို မိမိကိုယ်တိုင် ဆေးကြော သုတ်သင် ပေးပြီး ဆီမီးတိုင်ကိုပါ ပေးလှူလေသည်။

နောက်နေ့တွင် ဆွမ်းပါဖိတ်၍ နံနက်မိုးသောက် အလင်း ရောက်သော် မထေရ်မြတ်ကို ရိုသေစွာ ဆွမ်းဖြင့်လုပ်ကျွေး လှူဒါန်း လေသည်။ ဖျော်ရည်အလို့ငှာ ထန်းလျက်ခဲကိုလည်း ပေး၍လှူဒါန်း လေသည်။

ထို လင်မယားသည် သက်တမ်းကုန်သောအခါ တာဝတိံ သာ နတ်ပြည်ဝယ် လမင်းအသွင် တောက်လွင်သော ဘုံဗိမာန်၌ နတ်သား နတ်သမီးအစုံ ဖြစ်ကြရလေသည်။

အာဂန္တုက ရဟန်းအပေါ်၌ ကြည်ညိုသော သဒ္ဓါစိတ်ဖြင့် ပြုရသော ကုသိုလ် အကျိုးသည်ကား အံ့မခန်းသော စည်းစိမ်မျိုး တို့ကို ခံစားရလေသည်သာ။

(သကပဥပဿယဒါယကာဝိမာနဝတ္ထု)

www.dhammaransi.com

# အခန်း (၆)

## ပထမဝိသုဒ္ဓါရုံ (ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီး၏) လှူဖွယ်အမျိုးမျိုးနှင့် အကျိုးများ

ထိုထို အလှူဒါနကိုပြုက "သီလေပတိဋ္ဌိတဿဒါနံ မဟပ္ဖလတရံ" ကျမ်းဂန်လာတိုင်း လွန်စွာအကျိုး ဖွံ့ဖြိုးသည်ဖြစ်၍ ကိုယ်ကျိုးကို လိုလားကုန်သော အမျိုးကောင်းသမီး-သား တို့၏ မှတ်သားရန် အလို့ငှာ ထိုထိုကျမ်းဂန်လာ၊ ထိုထိုဒါနဝတ္ထု၏အကျိုးတို့ကို ပြဦးအံ့။

(၁) ဆွမ်းလှူရကျိုး ငါးပါး-ဆယ်ပါး

ဒီဃာယုက၊ သုဝဏ္ဏနှင့်
ဗလကြီးမား၊ ချမ်းသာများလျက်
လျင်လျားပညာ၊ ငါးဖြာမယုတ်
ဆွမ်းကျိုးကုတ်၍၊ အင်္ဂုတ္တရ
ပဉ္စနိပါတ်၊ မိန့်လတ်တဝ
ပိလိန္ဒဟု၊ ဝတ္ထုပဒါန်
အလိုပြန်သော်၊ နှစ်တန်ပါန
ဆွမ်းလှူရမူ၊ ပုဗ္ဗနိသင်
ကျိုးငါးအင်ဝယ်၊ ပြုစင်သန့်ရှင်း
ထမင်းအဖျော်၊ ပူဇော်များလှ

www.dhammaransi.com



လို့လရိပ်ခြွေ၊ ကုန်ခြွေနှင့်
ငါးထွေတည်ငြား၊ ကျိုးဆယ်ပါးဟု
ပိုင်းခြားမိန့်ဆိုလေသတည်း။ ။

## (၂) ယာဂုလှူရကျိုး (၁၀) ပါး

ရောဂါကင်းရှင်း၊ ချမ်းသာခြင်းနှင့်
ထမင်းအဖျော်၊ ပူဇော်လည်းများ
ဆင်းရှောင်ပွား၏။
တရားအမိပွာယ်၊ သိစွမ်းလွယ်ဟု
ငါးသွယ်ကျိုးစု၊ ယာဂုပဒါန်
လာဟန်ဖွဲ့ထုတ်၊ ဒသဂုတ်ကား
ဆွမ်းကျိုးငါးမှာ၊ ထည့်ပါမှတ်ကင်း
ပတွင်းသန့်စင်၊ လေလျှင်နိမ့်လေ
အစာကြေသည်
ဆယ်ထွေယာဂုလှူကျိုးတည်း။ ။

## (၃) အခိုးထုံနံ့လှူကျိုး (၁၀) ပါး

တိက္ခဟာသ၊ ဇဝနနှင့်
ဒဋ္ဌဘူရိ၊ ဂမ္ဘီပညာ
ကောင်းစွာကိုယ်နံ့၊ ကျော်ပျံ့ထင်ရှား
ခြွေရံများ၏၊ ဆယ်ပါးအကျိုး
ပြည့်စုံဖြိုးသည်
အခိုးထုံနံ့ လှူကျိုးတည်း။ ။

www.dhammaransi.com



### (၄) ကရား၊ ရေဘူးလှူကျိုး (၁၀) ပါး

ကြီးကဲဖြစ်ရ၊ သုခတိုးပွား
ခြွေရံများလျက်၊ ညွှံ့တွားကိုယ်လက်
ဂုဏ်နက်ပြန့်ပြော၊ ညီမောလက္ခဏာ
ဏင်းကွာထိတ်လန့်၊ ပယ်ဟန့်ဥပဒ်
လေးမှတ်ဆင်ပြား၊ ဘူးကရားနှင့်
ယာဉ်များမြင်းဆင်၊ စုံလှင်ရလာ
ထိုရတနာ့လည်း၊ မကွာတည်ငြား
ဤဆယ်ပါးသည်
ကရား၊ ရေဘူးလှူကျိုးတည်း။ ။

### (၅) ဆေးလှူရကျိုး (၁၀) ပါး

အာယုဝဏ္ဏ၊ စသည်ပဉ္စကံ
ခြွေရံများလှ၊ လုံ့လကြီးထွေ
သူရှိသေလျက်၊ မကွေ့ချစ်သူ
ဘေးမပြုသည်
ဆေးလှူအကျိုး ဆယ်ပါးတည်း။ ။

### (၆) သစ်သီး၊ ကောက်ဦးလှူရကျိုး (၈) ပါး

စည်းစိမ်ကြီးမား၊ ခြွေရံများ၏
ပယ်ရှားရန်ဘေး၊ ရုပ်သွေးလှပ
ဓနပြန့်ပြော၊ မြဲသောရံခြွေ
ရှိသေညွတ်ကြ၊ လက်ဦးရသည်
အဋ္ဌသစ်သီး ကောက်ဦးလှူကျိုးတည်း။ ။

www.dhammaransi.com



## (၇) သက်န်းလှူရကျိုး (၈) ပါး

ရွှေသို့အဆင်း၊ မြူကြေးကင်း၍
ရောင်ဝင်းစုံဝ၊ ထွန်းလင်းပ၏
မကသိန်းဘိုး ပုဆိုးရလေ့
ညို ရွှေ ဖြူ နီ၊ ဤရှစ်လီသည်
ကျမ်းညီသင်္ကန်း လှူကျိုးတည်း။ ။

## (၈) ကျောင်းလှူရကျိုး (၈) ပါး

ရွှေဘုံပေါက်ပေါက်၊ ထိကြောက်လန့်ကင်း
ဘေးရန်ရှင်း၏၊ ခြောက်ခြင်းယက္ခ
ပါပမမက်၊ ဘဝဆက်သိ
မြဲသတိသည်
ကုဋိကျောင်းလှူ ရှစ်မျိုးတည်း။ ။

## (၉) ထီးလှူရကျိုး (၈) ပါး

ပူချမ်းမသိ၊ ကြေးညှိမတင်
လင်းစင်ရန်ဘေး၊ ကင်းဝေးနှောင့်ယှက်
မပျက်ရှိသေ၊ အာမေနှုန်နှယ်
စင်ကြယ်နှလုံး၊ ဆောင်သုံးရိပ်ဖြူ
ဤရှစ်ဆူသည်
ထီးလှူခြင်း၏ အကျိုးတည်း။ ။

www.dhammaransi.com



## (၁၀) ပွဲခွပ်သင်တုန်းလူရကျိုး (၈) ပါး

သာမန်ရဲခြင်း၊ တွန့်တိုကင်း၏
ရဲခြင်းလွန်ထ၊ တည်ပငြိမ်သက်
မပျက်လုံ့လ၊ သစ်တ္တကို
နိစ္စချိုပြုံ၊ ပုထုဂမ္ဘ
ဉာဏ်နှစ်လီထပ်၊ ဤရှစ်ရပ်သည်
ပွဲခွပ်သင်တုန်း လူကျိုးတည်း။ ။

## (၁၁) ခားလူရကျိုး (၈) ပါး

ခင်ပွန်းကောင်းရ၊ လုံ့လလည်းရှိ
ခံချိသဲ့ညံ၊ လက်စွဲမေတ္တာ
တကျာဖြတ်ရန်၊ မဂ်ဉာဏ်လေးပါး
ဤရှစ်ပါးသည်
ခားလူဒါနအကျိုးတည်း။ ။

## (၁၂) ယပ်ခပ်လှူရကျိုး (၈) ပါး

ချမ်းပူခွာရှဲ၊ အိုက်အဲကင်းပ
စိတ်အေးမြ၏၊ ရာဂ ဒေါသ
မောဟ ဒိဋ္ဌိ၊ မာနဂ္ဂကင်း
ဤရှစ်ခင်းသည်
လေညှင်း ယပ်ခပ် လှူကျိုးတည်း။ ။

## (၁၃) မျက်စဉ်းလှူရကျိုး (၈) ပါး

သင့်ရာ သင့်ရာ၊ ဖြူနီဝါလျက်
ကျယ်စွာမျက်စိ၊ ကြည်လင်ဘို၏

www.dhammaransi.com



မရှိနေသောကနက်၊ နတ်မျက်စိသွင်
နှာမျိုးစင်သည်
ရှစ်အင်မျက်စဉ်း လှူကျိုးတည်း။ ။

## (၁၄) ရေလှူရကျိုး (၇) ပါး

သစ်ပင် ခတောင်ဖျား၊ နေလှေပြေးလည်း
မရှားရေရ၊ တောင့်တ မိုးရွာ
ပူဆာအိုက်ကင်း၊ ရှင်းသည့်အနာ
ကိလေသာဝေး၊ ညစ်ကြေး မရစ်
နံ့သာစစ်သို့၊ ခုနစ် ရေလှူအကျိုးတည်း။

## (၁၅) ခါးပန်းလှူရကျိုး (၆) ပါး

တုန့်လှုပ်ထင်းကွာ၊ ဈာန်သမာလေ့
စုံစေ့ ခြွေရွေ၊ ဆိုလေခုံတည်
မေ့သည်မရှိ၊ ထင်ပေါ်ဘိသည်
သတိနှစ်မွှန်း၊ ဉာဏ် ခြောက်ခန်း
ခါးပန်းလှူကျိုးတည်း။ ။

## (၁၆) တောင်ဝှေး လှူရကျိုး (၆) ပါး

ချွတ်ချော် ပယ်ရှင်း၊ ကြောက်ခြင်းမရှိ
လုံဘိအစောင့်၊ မနှောင့်စိတ်စက်
ရန်ဘက်ပယ်ရှား၊ သွားကောင်းများသည်
ခြောက်ပါး တောင်ဝှေးလှူကျိုးတည်း။ ။

www.dhammaransi.com



(၁၇) မွေးညှပ်လှူကျိုး (၆) ပါး

ထားငယ်လှူနက်၊ ကျိုးငါးချက်၌
နှုတ်ဖျက်ကိလေ၊ ထည့်သွင်းချေက
ခြောက်ထွေ မွေးညှပ်လှူကျိုးတည်း။ ။

(၁၈) နှာနှပ်တံလှူရကျိုး (၆) ပါး

ပညာကြီးလျက်၊ သဒ္ဓါထက်၏
ကြောက်ရှက်ပါပ၊ ကျန ကျမ်းဂန်
စွန့်ဟန်မှတူ၊ ကျိုးခြောက်ဆူ
ပေးလှူနှာနှပ်တံ။ ။

(၁၉) ဘုံလျှိလှူရကျိုး (၆)ပါး

စေ့စပ်သောကိုယ်၊ နူပျိလှဝ
ခင်းကူးလာ၏၊ လိမ္မာ ညွှံပျောင်း
ချာန်ညောင်စောင်းစက်၊ ဤ ခြောက်ချက်သည်
ဟောမြွက်ဘုံလျှိ လှူကျိုးတည်း။ ။

(၂၀) ခားငယ်လှူရကျိုး(၅)ပါး

ဆင် မြင်း ကျွဲ နွား၊ တခြားကျေးကျွန်
တမန်စေပါ၊ တန်ဆာဆင်သူ
ချက်သူ ခဲ့ဖွယ်၊ ငါးမျိုးကြွယ်သည်
ခားငယ်လက်သည်း လှီးလှူကျိုးတည်း။ ။

www.dhammaransi.com



## (၂၁) ရေစစ်လှူရကျိုး (၅)ပါး

သက်ရှည်သူထက်၊ ရန်မဖျက်တည်း
လက်နက်မရှ၊ ဆိပ်ပျောက်ပလျက်
သူ့လက်မသေနိုင်၊ ဤငါးဆိုင်သည်
ကရိုဏ်းရေစစ် လှူကျိုးတည်း။ ။

## (၂၂) ထေ၀ပတ်ဆီကြည်လှူရကျိုး(၅)ပါး

လုံးရပ်ညီညာ၊ ဆင်းဝါလျောက်ပတ်
တည့်မတ်ကူနွံ၊ ဘောခွဲစိတ်စက်
မပျက်မစောင့်ကြပ်၊ ဤငါးရပ်သည်
ထေ၀ပတ်ဆီကြည်၊ လှူကျိုးတည်း။ ။

## (၂၃) အပ်လှူရကျိုး(၅)ပါး

ထက်မြက်ပညာ၊ ဆင်းဝါတင့်တယ်
ဥစ္စာကြွယ်၏၊ ဖျောက်ပယ် နှစ်ဖြာ
ငါသက်ာသူ၊ ဤငါးဆူ
အပ်လှူအကျိုးတည်း။ ။

## (၂၄) သပိတ်ခြေ လှူရကျိုး(၅)ပါး

ဓိပ္ပာယ် ကျနု၊ ထင်လှသည့်ဉာဏ်
ကျမ်းဂန်မြင်သိ၊ သတိမပျက်
နှောင့်ယှက်သူတွေ၊ သပိုတ်ခြေ
ငါးထွေလှူကျိုးတည်း။ ။

www.dhammaransi.com



(၂၅) ခြေသုတ်လှူရကျိုး(၅)ပါး

မြို့ကြေးမုတ္တာ၊ ချောမြေ့သားရေ
အဆင်း ရွှေတည်း၊ ထွန်းလေဝန်းကျင်
ကိုယ်ရောင် ရှင်သည်၊ ငါးအင် ခြေသုတ်လှူးကျိုတည်း။ ။

(၂၆) အာယောဂပတ်လှူရကျိုး(၅)ပါး

သမာဓိဈာန်၊ နှစ်တန်လေလာ
မကွာ ခြေများ၊ စတားယုံကြည်
စည်းစိမ်တည်မော၊ ငါးမည်ဟောသည်
အာယောဂပတ် လှူကျိုးတည်း။ ။

(၂၇) လက်သုတ်ပဝါလှူရကျိုး(၅)ပါး

ကိုယ်မပူဆာ၊ လက္ခဏာစုံလင်
ဉာဏ်မြင် သမာဓိ၊ ဇီဝိမယုတ်
ငါးချက်ထုတ်သည်
လက်သုတ်ပဝါ လှူကျိုးတည်း။ ။

(၂၈) ပလ္လင်လှူရကျိုး(၅)ပါး

မြတ်သည့်မျိုးရိုး၊ ကြွယ်ဖြိုးဉစ္စာ
ကြော်ညာပေါ်ထင်၊ မြင်တရိုသေ
ဖြစ်လေသမျှ၊ ပလ္လင်ရသည်
ပီဌပလ္လင် ငါးကျိုးတည်း။ ။

www.dhammaransi.com



(၂၉) ခေါင်းအုံကျိုးလှူရ (၅) ပါး

သိုးမွေးနုဖြင့်၊ ဖြူသည့်အုံးနှီး
သုံးရပြီးတည်း၊ ရမ္မိဝိဂမ
ပေးနိစ္စဟု၊ စောင်မကိုယ်ကို
ဗြဟ္မစိုရ်နှင့်၊ ထိုထိုကျင့်ဝတ်
ဂုဏ်ထူးမြတ်သည်၊ အပတ်တကုတ်
အားထုတ်မရှိ၊ ဗောဓိပက္ခိယ
ပြည့်စုံဝ၏။

(၃၀) နယ်ဆီလှူကျိုး (၅) ပါး

အာယုဝဏ္ဏ၊ အာရောဂျနှင့်
ဉာဏလက်ငင်း၊ ထမင်းအဖျော်
ပူဇော်လည်းပွား၊ ဤငါးပါးသည်
ဟောကြားနယ်ဆီ လှူအကျိုးတည်း။

(၃၁) ဆီ၊ ထောပတ်လှူကျိုး (၅) ပါး

ခွန်အားကြီးခြင်း၊ အနာကင်းလျက်
အဆင်းယဉ်ကျေး၊ အမွေးကြည်ရှင်
သန့်ရှင်းစင်သည်၊
ငါးအင်ဆီနှင့် ထောပတ်တည်း။

(၃၂) ဒန်ပူလှူရကျိုး (၅) ပါး

လည်ချောင်းစင်သန့်၊ ချောင်းဆိုးတန့်၏
မွှေးပျံ့ခံတွင်း၊ ကုတ်ဟိကင်း၍

www.dhammaransi.com



သံညှင်းရင့်ယူ၊ ကျုံငါးဆူသည်
ဒန်ပူလှူခြင်း အကျိုးတည်း။ ။

( ၃၃ ) ပျဉ်းရည်လှူကျိုး (၄) ပါး

ရှောက်လေဆမျှ၊ အတ္တပါနာ
ပျားမိုးရွာ၏၊ ရှုသာမဂ်ဖိုလ်
သုံးရဆိုသည်၊
ပျားချိုလှူကျိုး လေးပါးတည်း။ ။

( ၃၄ ) ဟင်းလျာလှူရကျိုး (၃) ပါး

ရတနာမျိုး၊ မစိုးပြည့်စုံ
မျှားလူပုံကို၊ အုပ်ချုံစိုးငြား
ရေသားနှံ့စွာ၊ ဤသုံးဖြာသည်
ဟင်းလျာမှသ လှူကျိုးတည်း။ ။

( ၃၅ ) အပ်အိမ်လှူရကျိုး (၃) ပါး

ကင်းပညောင်းညာ၊ ကိုယ်ချမ်းသာ၏
ရိယာပုထ်ငြိမ်၊ ဤသုံးကြိမ်
အပ်အိမ်လှူကျိုးတည်း ။

( ၃၆ ) အိုးခွက်လှူရကျိုး (၃) ပါး

ရွှေဖက်ပတ္တမြား၊ ခွက်များမယုတ်
အလုပ်အကျွေး၊ မနှေးစုံလင်

www.dhammaransi.com



ဗေဒင်ကျမ်းဂန်၊ မကျွန်တတ်လျက်
ဤသုံးချက် အိုးခွက်လူကျိုးတည်း။

## (၃၇) ထွမ်းစားခွက်လူ့ရကျိုး (၃) ပါး

ရွှေဖလ်ပတ္တမြား၊ သုံးစားခွက်ရ
လိုကမကြွင်း၊ ခရုသင်းကြေးခွက်
မပျက်ဖြူဆွတ်၊ ကျင့်ဝတ်တရား
ဤသုံးပါးသည်၊
ထွမ်းစားခွက် လူကျိုးတည်း။

## (၃၈) မှိုအုံးလူ့ရကျိုး (၃) ပါး

မျိုးနွယ်မြတ်စွာ၊ အင်္ဂါပြည့်ညီ
ဉာဏ်ရှိပြီ၊ သုံးလီမှိုအုံးလူကျိုးတည်း။

## (၃၉) သံကောက်အိမ်လူ့ရကျိုး (၂) ပါး

ဒေါ်သမရောက်၊ စိုးရိမ်ပျောက်
သံကောက်အိမ်ကျိုး နှစ်။ ။

## (၄၀) ခြေဆေးအင်ပျဉ်လူ့ကျိုး (၂) ပါး

မယားကျွန်ကျေး၊ ယာဉ်မျိုးဒွေး
ခြေဆေးအင်ပျဉ် လူကျိုးတည်း။ ။

www.dhammaransi.com



(၄၁) ဖိနပ် (၃) ပါး၊ ခြေနင်း (၁) ပါး

ထမ်းစင်သံလျင်း၊ ဆင်မြင်းယာဉ်ရ
ခြေလှမ်းကလည်း၊ ပေါ်ရခြေနင်း
သန့်ရှင်းစိတ်ဇော၊ စော၍ထပ်ထပ်
ဤသုံးရပ်မှာ၊ ဖိနပ်လှူကျိုး
တန်ခိုးဖြင့်သာ၊ ပါဒုကာကို
လိုရာစီးသွား၊ ဤတစ်ပါးကား
မှတ်သား ခြေနင်း လှူကျိုးတည်း။ ။

(၄၂) နို့ဓမ်းလှူရကျိုး

ကာယဂတာ၊ မြိုက်သုခာ
ဘုရား နို့ဓမ်း လှူကျိုးတည်း။ ။

တက္ကသိုလ် သျှင်သီရိ

www.dhammaransi.com

# တဒင်္ဂကုသိုလ်၏ကောင်းကျိုးရလဒ်

## တဒင်္ဂကုသိုလ်ပြုပြီးချက်ခြင်းကောင်းကျိုးရယူလိုလျှင်

- လှူဖွယ်ဝတ္ထုကစင်ကြယ်ပါ၊
- စေတနာသုံးတန်ပြဋ္ဌာန်းထားပါ၊
- အလှူခံပုဂ္ဂိုလ်ကရဟန္တာ၊အနာဂါမ်ဖြစ်ပါစေ၊
- အလှူခံပုဂ္ဂိုလ်က နိရောဓသမာပတ်ထပြီး ကာစဖြစ်ပါစေ၊

## အလှူအကျိုးကြီးကြီးရလိုလျှင်

- ပေးလှူသူကလည်း သီလရှိပါ၊
- အလှူဝတ္ထုကလည်း စင်ကြယ်ပါ၊
- စေတနာသုံးတန်ပြဋ္ဌာန်းထားပါ
- ကံ–ကံ၏အကျိုးယုံကြည်ပြီးလှူပါ၊
- အလှူခံပုဂ္ဂိုလ်ကလည်း သီလရှိပါစေ၊